www.burmeseclassic.com

# ဂုဏ်

## မင်းမရှိရင်

BURMESE CLASSIC .com



DESIGN: T[illegible] SHWE KYI

www.burmeseclassic.com

www.burmeseclassic.com

ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စု မပြိုကွဲရေး ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး ဒို့အရေး
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး

ပြည်သူ့သဘောထား

ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

နိုင်ငံရေးဦးတည်ချက် (၄) ရပ်

နိုင်ငံတော် တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
အမျိုးသားစည်းလုံးညီညွတ်မှုခိုင်မာရေး
စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး
ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက် (၄) ရပ်

စိုက်ပျိုးရေးကို ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံထူထောင်ရေးနှင့် အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏လက်ဝယ်တွင် ရှိရေး

လူမှုရေးဦးတည်ချက် (၄) ရပ်

တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

# လုံမ

## မင်းမရှိရင် ကိုယ့်ဘဝမရှိ

www.burmeseclassic.com

www.burmeseclassic.com

ပုံနှိပ်မှတ်တမ်း

ထုတ်ဝေသူ
ဒေါ်မြင့်မြင့်ရီ (မြ-၀၄၅၀၆) (ချူစာပေ)
အမှတ် (၅၁)၊ အခန်း (၃၀၁)၊ ဆရာစံလမ်း၊ ဗဟန်းမြို့နယ်။
အတွင်းနှင့်မျက်နှာဖုံးပုံနှိပ်
ဦးကျော်ရင် (မြ-၀၅၄၁၈) (ရွှေခြင်္သေ့ပုံနှိပ်တိုက်)
အမှတ် (၁၂)၊ သရဖီလမ်း၊ တော/အနောက် ရပ်ကွက်၊
အလုံမြို့နယ်၊ ရန်ကုန်မြို့။
မျက်နှာဖုံးပန်းချီ
သိန်းဇော်ကြည်
အတွင်းဖလင်
ကိုပေါက် (Image Art Work)
ပုံနှိပ်ခြင်း
ပထမအကြိမ်
၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီလ
တန်ဖိုး - ၁၀၀ ကျပ်၊ အုပ်ရေ - ၅၀၀
ဖြန့်ချိရေး
ဖိုးမိုးစာပေ
ဖုန်း - ၀၁- ၂၉၀၉၉၉

၈၉၅ . ၈၃
လှမ
မင်းမရှိရင် ကိုယ့်ဘဝမရှိ / လှမ ။ - ရန်ကုန်။
ချူစာပေ ၊ ၂၀၁၃ ။
၂၅၆ - စာ ၊ ၁၂ x ၁၈ စင်တီ။
(၁) မင်းမရှိရင် ကိုယ့်ဘဝမရှိ

BURMESE CLASSIC .com

## အခန်း (၁)

"နေ့သစ်ပြန်ရောက်နေပြီ အဘွား"

"ဘာ၊ သူက အဘွားဆီကို အရင်တန်းမလာဘဲနဲ့ ဘယ်ကို
[…]နေတာလဲ"

"သူ့အမေကို ဝင်တွေ့ပြီးမှ လာမှာပေါ့ အဘွားရယ်၊ အဘွား
[…]ဘ် သူ့အမေက သူ့အတွက် အရေးကြီးတာ အဘွားအသိဆုံးပဲဥစ္စာ"

ဒေါ်တင်မျိုးနွယ်မျက်နှာ တည်တင်းမှုန်မှိုင်းသွားသည်၊ နေ့သစ်
[…]ိုတာ မြေးဦးမို့ သားငယ်ကမွေးခဲ့သော ဖုန်းသက်ပိုင်ထက် အချစ်ပိုရပါ
[…]ည်။ ငယ်စဉ်တည်းက မိမိရင်ခွင်မှာ ပွေ့ပိုက်ကြီး တယုတယ မွေးမြူခဲ့

"အဘွား"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်"

"စိတ်မကောင်းဖြစ်သွားလား"

"အင်း စိတ်တော့မကောင်းဘူး၊ ဒါပေမဲ့ ငါ့မြေးက ငါ့ဆီပဲ လာမှာပါ၊ သူ့အမေက ဘယ်လိုမိန်းမလဲဆိုတာ သူသိပါတယ်"

"သူ့အမေကြောင့် အဘွားကိုခွဲထားခဲ့ပြီး အဝေးကြီးကိုထွက် သွားခဲ့တာ ခုနစ်နှစ်ပဲကျော်ပြီနော် အဘွား"

ဖုန်းသက်ပိုင် ဘာကိုပြောချင်တာလဲ ဒေါ်တင်မျိုးနွယ် သိပါ သည်။

နွေသစ်အမေကို ဒေါ်တင်မျိုးနွယ် အိမ်ပေါ်ကနေ မောင်းချ လိုက်လို့ နွေသစ်ဦး နိုင်ငံခြားကို အလုပ်သွားလုပ်ဖို့ ကြိုးစားပမ်းစား လုပ်ခဲ့တာ။

"ကျွန်တော် ကျောင်းဆက်မတက်ချင်တော့ဘူး အဘွား၊ ဟိုမှ ပဲ အလုပ်လုပ်ရင်းနဲ့ ကျောင်းဆက်တက်ဖြစ်ချင်တက်မယ်"

"မြေးရယ်၊ ဒီမှာ အဘွားက လိုလေသေးမရှိ ပြည့်စုံအော တားပေးတာပဲ၊ အဝေးကြီးမှာ အလုပ်သွားလုပ်ပြီး ကျောင်းတက်ရမ လား၊ ပညာက ဆယ်တန်းအောင်ရုံပဲ ရှိသေးတယ်၊ ဘွဲ့ရပြီးမှ ဘွဲ့လွ လေး ဘာလေးတက်ချင်လို့ဆို ဟုတ်သေးတယ်၊ နောက်သုံးလေးနှစ်

"အသက်အရွယ်ရွယ်တာနဲ့ အသိဉာဏ်ရင့်ကျက်တာ တ စီပါ အဘွား၊ ကျွန်တော် ကိုယ့်ကိုယ်ကိုယ် ထိန်းကျောင်းနိုင်ပါတ ငယ်ငယ်တည်းက အဘွားရွှေဆိုင်ကို ဝါသနာမပါဘူး၊ မက်လည်းမမ ဘူး၊ ကျွန်တော်လိုချင်တာ မိသားစုနွေးထွေးမှုပါ"





"မြေးအမေကို အိမ်ပေါ်က နှင်ချလိုက်လို့လား၊ မြေးအဖေ အဘွားရဲ့သားက ဘယ်သူ့ကြောင့် သေရတာလဲ၊ သားရော ဖေဖေ့ကို သတ်တဲ့မေမေကို စိတ်မနာဘူးလား"

"အဲဒီကိစ္စတွေကြောင့် ကျွန်တော်ထွက်သွားမှာမဟုတ်ပါဘူး အဘွား၊ ကိုယ့်ဘဝအတွက် ဘွဲ့လေးတစ်ခုရဖို့ သုံးလေးနှစ်အချိန်ကို နှစ်မြှုပ်မထားချင်လို့ပါ၊ ဘွဲ့ရရုံလေးနဲ့ အလုပ်ကောင်းကောင်းတစ်နေရာ ရဖို့ လွယ်လို့လား၊ အလုပ်နဲ့နီးစပ်တဲ့ပညာရပ်ဆိုင်ရာတွေကို လေ့လာမှ အောင်မြင်ဖို့ဆိုတာ နီးစပ်မှာပါ"

"အဲလိုဆိုရင်လည်း မြေးလိုချင်တဲ့ ပညာရပ်တွေကို အဘွားက ငွေကုန်ခံပြီး သင်ပေးနိုင်ပါတယ်၊ မြေးလေး ဟိုမှာ အလုပ်မလုပ်ပါနဲ့ ကွယ်"

"အဘွားတတ်နိုင်တာကို ကျွန်တော်သိပါတယ်၊ ဒါပေမဲ့ ကျွန် တော့်လုပ်အားနဲ့ရတဲ့ငွေကိုပဲ ကျွန်တော်သုံးပါ့မယ်၊ အဘွားထောက်ပံ့မှု တွေ ကျွန်တော်အသုံးမပြုပါရစေနဲ့၊ ဒီအရွယ်ထိ အဘွားကျွေးမွေး စောင့်ရှောက်လာတာကို ကျေးဇူးတွေများနေပါပြီ၊ ကျွန်တော်က အဘွား ဆီက ဘာမှမမျှော်လင့်ဘူး၊ ကျေးဇူးဆပ်ခွင့်ပဲ ရချင်တာ"

ထိုသို့ပြောပြီး ထွက်သွားခဲ့တာ အခုဆို ခုနစ်နှစ်။

ဒီကြားထဲမှာ ဖုန်းအဆက်အသွယ်လုပ်ချင်မှလုပ်သလို ဒီဘက် က ဖုန်းဆက်စုံစမ်းဖို့ ကြိုးစားခဲ့သော်လည်း ဖုန်းနံပါတ် အတည်တကျ ကိုင်ခဲ့ပေ။

လူအဆက်အသွယ်ရှာတော့လည်း အဆင်ပြေပါသည်ဆိုသော



www.burmeseclassic.com

www.burmeseclassic.com



သတင်းလောက်သာသိရပြီး တကယ်ကို ဖုံးဖုံးဖိဖိ သိုဝှက်နိုင်လွန်း၏။ အခု ပြန်ရောက်လာတော့ရော ဒီအဘွားဆီ ဘာကြောင့်အရင်မလာခဲ့တာလဲ။

ခုနှစ်နှစ်လောက် ဒီမြေးကို လွမ်းရင်း တမ်းတရင်း နေလာခဲ့ရတာ။

"အဘွား"

အတန်ကြာသည်အထိ ငြိမ်သက်နေသောအဘွားကို ဖုန်းသက်ပိုင် လှုပ်ခတ်ကာ ခေါ်လိုက်ရသည်။ အဘွားက အတွေးမှလန့်နိုးသွားသလို ဆတ်ခနဲ မျက်လွှာပင့်ကြည့်၏။

"ဘာတွေ တွေးနေတာလဲ အဘွား။ စိတ်ထိခိုက်ရင် အဘွား သွေးတိုးလာမယ်နော်၊ သွေးပေါင်တိုင်းကြည့်မှ ဖြစ်တော့မယ်"

"ရပါတယ်၊ အဘွား ဘာမှမဖြစ်ပါဘူး။ မင်း စာကျက်ရမှာ မဟုတ်လား။ မနက်ဖြန်ကစပြီး ဟောက်(စ်)ဆင်းရတော့မှာ မဟုတ်လား"

"ညမှ ကြည့်လို့ဖြစ်ပါတယ်၊ သားက အဘွားကို စိတ်မချလို့"

ဖုန်းသက်ပိုင်ရဲ့ ဂရုစိုက်မှုကြောင့် ဒေါ်တင်မျိုးနွယ် ကြည်နူးမဆုံး ဖြစ်ရသည်။ ဖုန်းသက်ပိုင်က မိမိအနားက ဘယ်မှမခွာပေ။ မအေဖြစ်သူက ပြီးခဲ့တဲ့သုံးနှစ်လောက်ကမှ ဆုံးပြီး သူ့အဖေ အောင်ဖုန်းကျော်က မိမိရတနာဆိုင်မှာ ဦးဆောင်၍ တာဝန်ယူပေးထားသည်။

ဖုန်းသက်ပိုင်ကတော့ ဆယ်တန်းမှာ ဂုဏ်ထူးငါးဘာသာနှင့် ဆေးကျောင်းတက်ခွင့်ရပြီး အခုလို ဆရာဝန်ဖြစ်ဖို့ ဟောက်(စ်)ဆင်းနေပြီဖြစ်သည်။





"အဘွား သွေးပေါင်ချိန်ရအောင်"

"ရပါတယ်ဆိုကွယ်၊ အဘွားဘာမှမဖြစ်ပါဘူး"

"နွေသစ်ကြောင့် အဘွားစိတ်ထိခိုက်သွားတာ သားသိပါတယ်၊ ကိုယ်ကအသက်ကြီးပြီ ဘယ်သူ့အတွက်မှ စိတ်မကောင်းဖြစ်မနေနဲ့"

"အေးပါမြေးရယ်၊ မြေးဆရာဝန်က ဂရုစိုက်လို့ အဘွား ကျန်းမာရေးက ဒေါင်ဒေါင်မြည်ပါပဲ၊ ကဲ ချိန်ကြည့်၊ အဘွားသွေးပေါင်မတက်စေရဘူး"

ဖုန်းသက်ပိုင် စိတ်ကျေနပ်အောင် ပြောလိုက်ရပေမယ့် ရင်ထဲမှာတော့ တကယ်မကောင်းလှပေ။ သွေးဆိုတာ ဖြတ်တောက်ရခက်တာအမှန်ပဲ ဖြစ်လိမ့်မည်။

သူ့အမေ မြတ်ကေသွယ်ဆီ ဝင်နေတာပဲဖြစ်မှာ။

ဘယ်လောက် တော်တဲ့ ကောင်းတဲ့အမေမို့လို့လဲ။

သားကြီးအောင်ဖုန်းမော်သေရတာ မြတ်ကေသွယ်ကြောင့်။

ဘယ်တော့မှ ခွင့်မလွှတ်ဘူး မြတ်ကေသွယ်။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂)

ဒေါ်မြတ်ကေသွယ် ဒီနေ့ ဝမ်းသာမဆုံး၊ ကြည်နူးမဆုံး ဖြစ်နေမိသည်။

သားက မြန်မာပြည်ပြန်ရောက်ရောက်ချင်း မိမိဆီကို အရင်ရောက်လာခဲ့သည် မဟုတ်လား။ ထိုသို့ မိမိဆီလာတွေ့လိမ့်မည်ဟု ထင်မထားပါ။

နိုင်ငံခြားသွားတုန်းကတောင် အသိပေးခဲ့တာမှ မဟုတ်တာ။

"သားလေး ထမင်းစားလိုက်ဦးနော်၊ သားလာမယ်မှန်း မသိလို့ ရှိတာလေးနဲ့ပဲ ပြင်ဆင်လိုက်ရတယ်"

"ကျွန်တော်ထမင်းစားချင်လို့ ဝင်လာတာမဟုတ်ပါဘူး၊ အဘွားဆီရောက်ပြီးရင် မေမေ့ဆီ ဘယ်တော့မှသွားခိုင်းတော့မှာ မဟုတ်လို့"





"သား အဘွားစကားတွေကြောင့် သားလည်း မေမေ့ကို စိတ်နာနေခဲ့တာလား၊ သားအပေါ် စွပ်စွဲမှုတွေကြောင့်"

"ပြဿနာဆိုတာ ဖန်တီးတဲ့သူရှိလို့ ဖြစ်မှုအသေးအကြီး ဖြစ်သွားကြတာပါ မေမေ၊ မေမေသာ ဘာမှမဟုတ်ခဲ့ရင် ဒီလိုပြဿနာတွေ ဖြစ်ခဲ့ပါ့မလား"

"အဲဒီအကြောင်းတွေ သားနားလည်အောင် ရှင်းပြရင် သား အဖေလို ဆင်ခြေပေးတယ်လို့ အပြစ်တင်ဦးမှာလား"

"ကျွန်တော် ဘာမှမသိချင်ပါဘူး မေမေ၊ အခုလာတွေ့တာ ဟိုမှာ မေမေ့ကို သတိရခဲ့တဲ့အချိန်တွေ ရှိလို့ပါ၊ ပြီးတော့ ဖေဖေစွပ်စွဲခဲ့တဲ့ ဟိုလူနဲ့ အိမ်ထောင်ပြုလိုက်တာမျိုးလည်း မရှိလို့"

"သားရယ်"

ဒေါ်မြတ်ကေသွယ်ရင်မှာ နင့်သီးထိခိုက်သွားရသည်။ သား ဒီလိုခံစားနေရတာကိုလည်း စိတ်မကောင်းဖြစ်မိ၏။

ဘာကြောင့် ဒီလိုတွေ ဖြစ်သွားရတာလည်းဆိုတာ မိမိကိုယ်တိုင်ပင် အိပ်မက်လို ဖြစ်နေခဲ့သည်။ မိမိဘဝရဲ့ အိမ်ထောင်ရေးကို ပျက်စီးအောင် လုပ်ခဲ့သူက ဆောက်လုပ်ရေးလုပ်ငန်းရှင် ကိုအောင်မင်း။

"အောင်ဖုန်းမော်နဲ့က သူငယ်ချင်းဆိုတော့ သူ့အကြောင်းကို ကျွန်တော်သိတယ်၊ အပြင်မှာ အေးတိအေးစက်နဲ့ သိမ်သိမ်မွေ့မွေ့ နေတတ်တယ်ဆိုပေမယ့် မိန်းမနဲ့ပတ်သက်ရင် လူပျိုကတည်းက သူ ရှိတယ်ဗျ၊ အခု မိန်းကလေးတစ်ယောက်နဲ့ ငြိနေတယ်"

"ရှင်"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်ပြောတာမယုံရင် စုံစမ်းကြည့်ပါ"

"အိမ်ထဲကအိမ်ပြင် မထွက်ရတဲ့ ကျွန်မက သူ ဘယ်နေရာမှာ ဘာလုပ်နေတယ်ဆိုတာ ဘယ်လိုလုပ်သိမှာလဲ"

"ကျွန်တော် အားလုံးသိနေတာပဲ၊ မကောသွယ်သိချင်တယ်ဆိုရင် ကျွန်တော် လိုက်ပို့ပါ့မယ်၊ အောင်ဖုန်းမော် ဘယ်နေရာမှာရှိနေမယ်ဆိုတာ ဖုန်းအဆက်အသွယ်လုပ်မယ်လေ၊ တစ်ခုရှိတာက အဲလို ကျွန်တော် စုံစမ်းပေးမှာကို သူ့အမေနဲ့ အောင်ဖုန်းမော် မသိဖို့ဘဲ၊ ဘာဖြစ်လို့လဲ ဆိုတော့ မကောသွယ်ကို သနားစာနာမိလို့ သတိပေးတာဆိုပေမယ့် အောင်ဖုန်းမော်နဲ့က သူငယ်ချင်းလည်းဖြစ်တယ်၊ ဒေါ်တင်မျိုးနွယ်က လည်း ကျွန်တော့်အပေါ် ကျေးဇူးရှိတယ်၊ စောင့်ရှောက်မှုရှိတယ်၊ အဲဒါကြောင့် ဒီပြဿနာ ကျွန်တော့်ကြောင့် ပေါ်သွားတယ်ဆိုပြီး အဖြစ်မဖြစ်ချင်ဘူး"

ပြောခဲ့တုန်းက စားမဝင်အိပ်မပျော်နှင့် စိတ်တွေချောက်ချားထိခိုက်ခဲ့ရသည်။ ဒီယောက်ျားကို အချစ်တစ်ခုတည်းနှင့် တစ်ဘဝလုံး ပုံအပ်ခဲ့တာပါ။

ယောက္ခမရဲ့ ငြိုငြင်မှု၊ မကြည်ဖြူမှု၊ မလိုလားမှုတွေကို အံကြိတ်တင်းခံရင်း သူ့တစ်မျက်နှာ တစ်ရွာထင်ပြီး အိမ်ထဲက အိမ်ပြင် မထွက်ဘဲ ပေးဆပ်ခဲ့တာ။ ဘာကြောင့် မိမိမျက်နှာကိုမထောက်ထားဘဲ ဖောက်ပြားခဲ့ရတာပါလဲ။

"ကျွန်မ ဒီကိစ္စကို အတိအကျသိချင်တယ်၊ ကျွန်မ သူ့ကို ချစ်လွန်းလို့ ပေးဆပ်သည်းခံခဲ့တာ အလကားတော့ အဖြစ်မခံနိုင်ဘူး





ကိုအောင်မင်း၊ သူ ဒီလိုဖြစ်နေတယ်ဆိုရင် ကျွန်မ လုံးဝ ခွင့်မလွှတ်ဘူး၊ ကျွန်မကို ကူညီပါ၊ သတင်းတစ်ခုခုသိရရင် ကျွန်မကို ဖုန်းဆက် အကြောင်းကြားပါနော်၊ ဘာဖြစ်ဖြစ် ပြောပါ၊ သူ့ကို လက်ပူးလက်ကြပ် မိမိနိုင်မယ်ဆိုရင် အိမ်ကနေ ကျွန်မ ခိုးထွက်လာခဲ့ပါ့မယ်"

ဒီကိစ္စကို စုံစမ်းဖို့အတွက် မိမိစွန့်စားခဲ့ရသည်ဆိုက မများပေ။ ဒေါ်တင်မျိုးနွယ်နှင့် အောင်ဖုန်းမော် မသိအောင် တိတ်တဆိတ် ကိုအောင်မင်းနှင့် အဆက်အသွယ်လုပ်၍ အပြင်မှာ ခဏခဏ တွေ့ဆုံဖြစ်သည်။ မသိနိုးနား ဖုန်းဆက်၍ ရင်ဖွင့်ခဲ့ဖူးသည့်အခါမျိုးတွေလည်း ရှိ၏။

ခံစားရတာ ရင်နဲ့မဆံ့တော့တာကြောင့်ပင်။

"ကျွန်တော် ပြန်တော့မယ်"

"ဟင်"

ရုတ်ခနဲထရပ်ရင်း ပြောလိုက်သောသားအသံကြောင့် အတွေးစ တွေပြတ်၍ အထိတ်တလန့်ပင် ဖြစ်သွားရ၏။ မစားမသောက်ဘဲ ထားသည့် ထမင်းပွဲက ဒီအတိုင်း အေးစက်နေပြီ မဟုတ်ပါလား။

"ထမင်းလေးတော့ စားပြီးမှ သွားပါလားသားရယ်၊ မေမေက သားစားစေချင်လို့ ကပျာကယာ ဟင်းနွှေးပြီး ပြင်ကျွေးတာပါ၊ သား အဘွား သူဌေးမကြီးလိုတော့ ဟင်းကောင်းကောင်း ဖွယ်ဖွယ်ရာရာတော့ မရှိဘူးပေါ့"

"ဟင်းကောင်းစားရမှ စိတ်ချမ်းသာရတာမျိုး မဟုတ်ပါဘူး မေမေ၊ ဒါကို အဆင့်အတန်းလို့လည်း မခေါ်ပါဘူး၊ ကိုယ်ကျင့်တရားကောင်းမှ မိသားစုယုံကြည်မှုရပြီး အိမ်ထောင်ရေးသာယာတာမျိုးပါ"



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



''သားရယ်၊ မေမေ့ကို စကားနာတွေမထိုးပါနဲ့၊ ဒီအပြစ် ကျူးလွန်ပါတယ်လို့ လူအများ ဝိုင်းပြီးစွပ်စွဲကြပေမယ့် မေမေ စိတ်အရင်းခံနဲ့ ပြစ်မှားမိတာ မရှိပါဘူး၊ ဒါကို သားအဖေ မယုံဘူး၊ သားအဘွားကလည်း မယုံဘူး၊ ဖုန်းသက်ပိုင်တို့မိသားစုကလည်း မယုံကြဘူး၊ သားကပါ မေမေ ဘာပြောပြော မယုံနိုင်ဘူးဆိုတော့ မေမေပိုပြီး စိတ်ထိခိုက်ရပါတယ်''

''ဖေဖေသေတော့ မေမေ မျက်ရည်မကျခဲ့ဘူးနော်''

''ငိုစရာမျက်ရည်တွေ ကုန်ခန်းသွားခဲ့လို့ပါ သားရယ်၊ သူနဲ့လက်ထပ်ပြီးတည်းက ငိုခဲ့ရတဲ့ အဲဒီမျက်ရည်တွေက အဲဒီအချိန်မှာ နာယ်လို့မှ ညှစ်ထုတ်လို့မရအောင် မကျန်တော့လို့ပါ၊ မေမေ သစ္စာတရားကြောင့် ခန်းခြောက်သွားခဲ့တာလည်း ဖြစ်ပါလိမ့်မယ်''

နေ့သစ်ဦး နာကျင်စွာပြုံးလိုက်မိသည်။ ဖေဖေ့ကို သိပ်ချစ်လို့ တစ်ဘဝလုံး ပုံအပ်ခဲ့ပါသည်ဆိုသော မေမေ၊ ဖေဖေသေသောအချိန်မှာ မျက်ရည်တောင်မကျခဲ့တာ အံ့ဩဖို့ မကောင်းဘူးလား။

''လင်ငယ်နဲ့အတူနေရမှာ သေချာသွားပြီဆိုတော့ လင်ကြီးသေတာ ဘယ်မျက်ရည်ကျပါတော့မလဲ၊ စိတ်ထဲက ကျိတ်ပြီးတော့တောင် ဝမ်းသာနေဦးမှာ၊ ဒီမှာ မိကေသွယ်၊ ညည်း ငါ့သားကိုသတ်တာ၊ ငါ့သားသေရတာ ညည်းကြောင့်၊ ညည်းအိမ်ထောင်ရေးဖောက်ပြန်ပြီး မိသားစုကို ဂရုမစိုက်တော့လို့ ငါ့သား စိတ်ကျရောဂါရသွားတာ၊ အရှက်လွန် စိတ်ထိခိုက်ပြီး သေတာ၊ ညည်း ငါ အိမ်ပေါ်ကဆင်း၊ ညည်းမျက်နှာ မမြင်ချင်ဘူး၊ ခု ဆင်းသွား''





အဘွားရဲ့ပေါက်ကွဲမှုတွေ အခုထိ ပြန်ကြားယောင်သည်။ အဲဒီအချိန်က သူ ဆယ်တန်းဖြေပြီးစအရွယ်။ ရှက်တတ်၊ ဝမ်းနည်း၊ နာကျင်ခံစားတတ်သည်။ ပတ်ဝန်းကျင်က မေမေ့ကို မေးငေါ့အထင်သေးသောမျက်လုံးတွေကို သူ ရင်မဆိုင်ရဲပေ။ ဘယ်သူ့ကိုမှ မော်မကြည့်ရဲဘဲ သိမ်ငယ်စွာနေခဲ့မိတာ။

''အဲဒီတုန်းက မေမေသာ မှုမှန်ခဲ့ရင် အားလုံးကို ဖြေရှင်းမှာပဲလို့ ကျွန်တော်ထင်ခဲ့တယ်၊ အပြစ်ကိုဝန်ခံသလို မေမေ ရှောင်ထွက်သွားတော့ ကျွန်တော် ဘယ်သူ့ကိုမှ ရင်မဆိုင်ရဲခဲ့ဘူး၊ အဲဒါကြောင့် နိုင်ငံခြားကို ထွက်သွားခဲ့တာ၊ အဲဒီအချိန်တုန်းက အရွယ်ရောက်နေတဲ့ သားတစ်ယောက်ရင်ထဲ ဘယ်လိုခံစားရမယ်ဆိုတာ မေမေ မတွေးခဲ့ဘူးမဟုတ်လား''

''မတွေးဘဲနေပါ့မလား သားရယ်၊ ဒါပေမဲ့ ဘယ်သူမှ မေမေ့ကို မယုံကြည်ဘူး, ဖြေရှင်းခွင့်မပေးကြဘူးလေ သားရယ်၊ သားအဘွားက သားကို မေမေ့လို ကိုယ်ကျင့်တရားပျက်တဲ့ စာရိတ္တတွေ ကူးစက်မှာစိုးလို့ဆိုပြီး သားနဲ့တောင် စကားပြောခွင့်, အတူနေခွင့် ပေးလို့လား၊ မေမေ ရင်နာနာနဲ့ ထားရစ်ခဲ့ရတာပါ၊ သားကိုမချစ်လို့ မဟုတ်ပါဘူး၊ ခွဲနိုင်လို့ ဥပေက္ခာပြုခဲ့ရတာ မဟုတ်ပါဘူး သားရယ်''

မေမေ့ငိုရှိုက်သံကိုကြားတော့ ရင်ထဲမကောင်းလှပေ။ ဟိုအရင်တည်းက မေမေ့ကို မကြည်ဖြူကြတာ မသိလို့မှ မဟုတ်ဘဲ။ တစ်အိမ်လုံးရဲ့ ဝေယျာဝစ္စအလုပ်တွေ ဘယ်လောက်ပဲ ပင်ပန်းအောင်လုပ်လုပ် ဘယ်သူမှ သနားညှာတာစိတ်နှင့် အကောင်းမမြင်ကြတာ။



www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်တွေက မေမေ့ကို သူသနားခဲ့သည်။ ဘွားဘွားတို့ ကွယ်ရာမှာ မေမေ့ကို တိုးတိုးတိတ်တိတ် နှစ်သိမ့်ဖျောင်းဖျခဲ့၏။ ဒါပေမဲ့ မေမေ အိမ်ထောင်ရေးဖောက်ပြန်သည့်အချိန်မှာတော့။

"ဟိုလူရဲ့ ဖြောင့်ချက်ရပြီးမှ ဘယ်သူက ယုံကြည်ပေးမှာလဲ၊ မေမေကိုယ်တိုင်ကရော ပြတ်ပြတ်သားသား ငြင်းနိုင်ခဲ့လို့လား"

"အဲဒီအိမ်ကြီးမှာ ဘယ်သူမှ အရေးတယူ မျက်နှာသာပေး မခံရလို့ မွန်းကျပ်ပိတ်လှောင်ပြီး ဝေဒနာရတဲ့အချိန်မှာ အဲဒီလူရဲ့ ဖေးမ ဖျောင်းဖျမှုတွေကြောင့် စိတ်သက်သာရာရခဲ့တယ်ဆိုတာ မေမေ ဝန်ခံ ပါတယ်၊ ဒါပါပဲ၊ ဒီကက် သူ့အပေါ် စိတ်ခံစားမှုမပေါ်ခဲ့ပါဘူး၊ ဒါကို သူက ဘယ်လိုနားလည်ပြီး ဝန်ခံလိုက်တယ်ဆိုတာ ခုချိန်ထိ မေမေ နားမလည်နိုင်ပါဘူး သားရယ်"

"သူစိမ်းယောကျ်ားက သူခေါ်တိုင်း ချိန်းတိုင်း လွယ်လွယ် သွားလာတွေ့နေတဲ့ မိန်းမကို သူ့ကို စိတ်ဝင်စားနေလို့ လင်ယောကျ်ား အပေါ် သစ္စာဖောက်ချင်လို့၊ သာယာမှုရှာချင်လို့လို့ တွေးတာ မှားနိုင် မလား မေမေ၊ အများအမြင်မှာလည်း အိမ်ထောင်ရေးဖောက်ပြန်ပြီး အပျော်ရှာတာပဲလို့ ယူဆသွားနိုင်တဲ့သက်သေတွေ ခိုင်လုံနေမှတော့ အပြစ်မရှိပါဘူးလို့ မေမေ ငြင်းဆန်နေလို့ ရပါဦးမလား"

အဲဒီလိုဖြစ်တာ သားဖေဖေ အငယ်အနှောင်းထားတာ စုံစမ်း ချင်လို့ပါလို့ သားကို ဘယ်လိုဖြောင့်ချက်ပေး ဖြေရှင်းရမလဲ။ သားက ဖြောင့်မတ်တည်ကြည် ခံ့ညားသော သူ့အဖေကို အရမ်းကို လေးစား ကြည်ညိုယုံကြည်နေခဲ့တာ။





မအေဖြစ်သူက ဒီလိုပုံစံမျိုးနှင့် အများရဲ့ အထင်သေးခံပြီး နှင်ထုတ်ခံလိုက်ရချိန်မှာ သူ့အဖေက ဒီလိုပါလို့ သိသွားလျှင် ဘယ် ယောက်များ ရင်နာရက်စွဲကြောက်လန့်သွားလိုက်မလဲ။ သွားလေသူကို အပြစ်ပုံချတာမျိုးလည်း မလုပ်ချင်တော့ပါ။

သားမျက်နှာကို မငုံ့မရဲလေးကြည့်ကာ–

"မေမေ ကိုယ့်လိပ်ပြာ ကိုယ်လုံပေမယ့် အများက အပြစ်ကျူး လွန်တဲ့သူကို ကြည့်နေပြောနေကြပြီး ကျဉ်ဖယ်ခံရတာ မေမေ ဝမ်းမနည်း တော့ပါဘူး သား။ ဒါပေမဲ့ တစ်နေ့နေ့ သားနားလည်လာပါစေလို့တော့ မေမေ ဆုတောင်းပါတယ်၊ မေမေ့ဘက်က ရပ်တည်ပေးမယ့်သူဆိုလို့ သားတစ်ယောက်ပဲရှိတာပါ"

"အစကတည်းက အပြစ်မကျူးလွန်မိအောင်နေရမှာ မေမေ နည်း"

ရင်ထဲမကောင်းစွာ ဆို့နင့်စွာနှင့် ညည်းညူလိုက်မိသည်။ ကိုယ့် အပေါ် ကြင်နာနွေးထွေးခဲ့သည့် မိခင်တစ်ယောက်မို့ သူများတွေလို တစ်ပစ်ခါခါ မလုပ်ရက်ပေ။

သူ တကယ်ကို နိုင်ငံခြားမှာ ရှိနေစဉ်အတွင်း မေမေ ဘယ်လို နေ ဘယ်လိုစားနေရသလဲ သတိရလို့ ဝင်လာခဲ့ခြင်းပင်။ နောက်ထပ် တမ်းတမ်းတတ သတိရမိသူတစ်ယောက်လည်းရှိသေးသည်။

ငွေစင်သွန်း။

တစ်ကျောင်းတည်း အတူတက်ကြသည့် ငယ်သူငယ်ချင်းလို့ ပြောနိုင်သလို သူများတွေထက် ခင်မင်မှုပိုလျက် သံယောဇဉ်လည်း



www.burmeseclassic.com

www.burmeseclassic.com



ကြီးကြသည်။ ကော်ပတ်ရုပ်လေးလို ဖြူဖြူဖွေးဖွေး အသားအရောင်
သော ငွေစင်သွန်းက ရှိုးသားပွင့်လင်း ဖြူစင်သူလေးပင်။

ဒါပေမဲ့ ကိုယ့်စိတ်တွေ မရိုးသားခဲ့တာ ရှစ်တန်းနှစ်ကတည်းက
ပြောရရင်တော့ ဆယ်တန်းအောင်လို့ နိုင်ငံခြားထွက်လာခဲ့သည့်တိုင်
အောင် ဖွင့်မပြောရသေးပေ။

ကိုယ့်အိမ်ရဲ့ ပဋိပက္ခတွေကြောင့် ဒီကိစ္စကို အရေးတယူ
အလေးအနက် အချိန်မပေးနိုင်ခဲ့တာလည်း ဖြစ်မှာပါ။ အခုတော့ ရင်ထဲ
လှိုက်လှိုက်လှဲလှဲ နင့်နင့်သီးသီးကို သတိရနေခဲ့တာ။

ငါ နင့်ဆီကို ရောက်အောင်လာခဲ့မှာပါ ငွေစင်သွန်း။

✿ ✿ ✿



## အခန်း (၃)

အိမ်ရှေ့မှာ တက္ကစီကားလေးထိုးရပ်လာတော့ ဘယ်သူဖြစ်မလဲ
ဟု မျက်ခုံးတွန့်ချိုးကာ စူးစမ်းစပ်စု၍ လှမ်းရှိုးလိုက်သည်။ ဖုန်းသက်ပိုင်
ဆိုလျှင်တော့ ကိုယ်ပိုင်ကားနှင့် လာတတ်တာ မဟုတ်လား။

"သမီးငွေစင်၊ အိမ်ရှေ့မှာ ကားသံကြားတယ်၊ ဘယ်သူလဲ
ထွက်ကြည့်ပါဦး"

"သမီးလည်း ကြည့်နေတာပဲ မေမေ၊ နက်(ခ်)တိုင်နဲ့ ကုတ်နဲ့
နိုင်ငံခြားသားလား မသိဘူး"

"ပြောတော့မယ် ပေါက်တီးပေါက်ရှာ၊ မေမေတို့မှာ ဘယ်က
နိုင်ငံခြားသား အဆက်အသွယ်ရှိမှာလဲ၊ ဟော အိမ်ထဲတောင် ဝင်လာပြီ
သမီးအဖေမိတ်ဆွေများ ဖြစ်နေမလား၊ မေးစမ်းကြည့်စမ်းပါဦး"



www.burmeseclassic.com

www.burmeseclassic.com



အမေပြောမှ ထိုင်ရာကထကာ အိမ်ဝင်ပေါက်လှေကားကနေ ကြည့်မိ၏။ တကယ်ဆို အရပ်အမောင်းက မြင့်မားပြီး အသားအရေက ဝင်းမိုနေသည်။ အနောက်တိုင်းဝတ်စုံက စတိုင်လ်ကျကြည့်ကောင်းလျက်။ ထူတန်းသော မျက်ခုံး၊ စူးရှည့်ရှိနေသည့်မျက်ဝန်းများက သူမနှင့် ရင်းနှီးဖူးသလိုလို။

"ငွေစင်"

"ဟယ် နင် နင် နွေသစ်"

နှစ်ထစ်လောက်လိုသေးသော လှေကားပေါ်က ခုန်ဆင်းလျက် ငွေစင်သွန်း တအံ့တသြဖြစ်နေသည်။ သွယ်တန်းဖြူဖွေးနေသည့် သွားလေးတွေပေါ်အောင် ကွေးညွှတ်စွာ ပြုံးလိုက်တာကြောင့် သူမ မှတ်မိသွားခဲ့တာ။

"နွေသစ်"

"အေး၊ ငါပါဟ၊ နင်ကလည်း သရဲတစ္ဆေကိုတွေ့တာ ကျနေတာပဲ၊ ပြူးပြဲနေလိုက်တာ"

"သေရာက ထလာတာလားလို့ပေါ့ဟဲ့၊ နင် ဘယ်အချိန်တုန်းက နိုင်ငံခြားက ပြန်ရောက်တာလဲ"

"အခုပဲ"

"ဟင် နင် ငါ့ဆီကို အရင်ဆုံးလာတာပေါ့၊ ဝမ်းသာလိုက်တာဟယ်"

"သမီး ဘာတွေ ဝမ်းသာနေတာလဲ၊ ညှေ့သည်ကို အိမ်ပေါ်ခေါ်လေ"





"ဟုတ်ပါရဲ့ မေ့နေလိုက်တာ၊ လာ နွေသစ်"

မေမေ သတိပေးမှ နွေသစ်ကို အိမ်ပေါ်ခေါ်ဖို့ သတိရသည်။ ဆက်တီခုံတန်းလေးမှာ ဝင်ထိုင်ပြီး နွေသစ်က တစ်အိမ်လုံးကို ဝေ့ဝဲကြည့်နေသည်။

"နင် ဒီအိမ်ကို ဘယ်လိုလုပ်သိတာလဲ"

"နင်တို့ အရင်နေတဲ့နေရာကို သွားမေးတာဟ၊ ဒီဘက်ကို ပြောင်းသွားတယ်ဆိုလို့"

"ဩော် အေး၊ ဖေဖေဆုံးသွားတော့ အဲဒီအိမ်ကိုရောင်းပြီး ဒီကိုပြောင်းလာကြတာ"

"ဟုတ်လား၊ အဲဒါကြောင့် ဖြစ်မယ်၊ လွန်ခဲ့တဲ့ သုံးနှစ်လောက်က မြန်မာပြည်ပြန်တဲ့လူကြုံနဲ့ သတင်းစုံစမ်းခိုင်းတော့ နင်တို့ မရှိဘူး၊ မသိတဲ့လူတွေမို့ ဘာမှ မပြောခဲ့တာတဲ့၊ ဩော် အန်တီ နေကောင်းတယ်နော်"

"အေး နွေသစ်နော်၊ မင်းက အရမ်းထွားပြီး ချောလာတော့ အန်တီ မမှတ်မိဘူးဖြစ်နေတာ၊ မင်းထွက်သွားတာ နှစ်တွေကြာပေါ့ ဟုတ်လား"

"ဟုတ်ကဲ့၊ ခုနစ်နှစ်ရှိပါပြီ အန်တီ၊ ကျွန်တော် ဆယ်တန်းအောင်ပြီးကတည်းက ထွက်သွားတာ"

"အင်း မှတ်မိတာပေါ့၊ သမီးနဲ့အတူ စာလာကျက်တာလေ၊ တစ်ခါတလေ ဖုန်းသက်ပိုင်ပါ ပါလာတတ်တာပဲ၊ အဲဒီတုန်းက ဖုန်းသက်ပိုင်က အန်တီတို့ကို သိပ်မရင်းနှီးသလိုဘဲ၊ အခုမှ"



www.burmeseclassic.com

www.burmeseclassic.com



"မေမေ နွေသစ်အတွက် တစ်ခုခုလုပ်ပေးပါလား၊ သမီးက သူ့ဆီက နိုင်ငံခြားပြန်လက်ဆောင်တောင်းချင်လို့"

ငွေစင်သွန်း ဘာကြောင့် သိသိသာသာ စကားလမ်းကြောင်း လွှဲလိုက်တာလဲ မသိပါ။ ငွေစင်သွန်းအမေကာ ချက်ချင်းပင် ထသွားပြီး ငွေစင်သွန်းက သူ့ဘက်ကနံမှာ ပြောင်းထိုင်သည်။ မျက်လုံးများ ဟိုအရင်ကလို ပြုံးဝိုင်းဝိုင်းလေးဖြင့် ရှိုးသားနေဆဲပင်။

"နွေသစ် နင် ချောလာတယ်"

"နင်ရောပဲ၊ အရင်က ဖြူဖြူဖပ်ဖပ် ကြွက်စုတ်လေးနဲ့တူတယ်၊ အခု မိန်းကလေးလို့ မြင်ရလောက်အောင် တည်တည်ငြိမ်ငြိမ် လှလာသလိုပဲ"

"ဟဲ့ အိမ်မှာရှိတာပဲ ညှော်ခံနိုင်မှာနော်၊ မြှောက်မနေနဲ့"

"တကယ်ပြောတာပါ၊ ဟိုမှာ အိပ်မက်မက်တုန်းက အိပ်မက်ထဲမှာ နင် ဒီလောက်မလှသေးဘူးဟာ၊ ကဲ ပြောပါဦး၊ နင် ဘာတွေလုပ်နေလဲ၊ နင့်အဖေဆုံးသွားပေမယ့် ကျောင်းပြီးအောင်တော့ တက်လိုက်ရသေးတယ် မဟုတ်လား"

"အင်း ကုမ္ပဏီတစ်ခုမှာ သတင်းထောက်လုပ်နေတယ်၊ ငါ့ဝင်ငွေလေးနဲ့ပဲ သားအမိနှစ်ယောက် လောက်ငအောင်စားနေရတာပေါ့၊ နင်ရော ငွေတော်တော်များများ စုမိခဲ့တယ်မဟုတ်လား"

"ဒီနိုင်ငံပညာနဲ့ ဟိုမှာ ပညာသင်ခဲ့တာဆိုတော့ ရုံးခန်းဖွင့်ပြီး လုပ်ကြည့်ဖို့အတွက် အရင်းအနှီးနည်းနည်းပါးပါး စုဆောင်းမိရုံပါပဲ"

"အဲဒါလည်း သူဌေးပေါ့ဟာ၊ နင်တို့ညီအစ်ကိုတွေများ တကယ်





ဘာလုပ်လုပ် ကံကောင်းနေကြတာပဲ၊ နင် ငါ့ကို ဟိုကနေ တကယ် သတိရတယ်ပေါ့"

နွေသစ်ဦး နှုတ်ခမ်းလေး ကွေးညွတ်သွားအောင်ပြုံး၍ ခေါင်းညိတ်ပြလိုက်၏။ ငွေစင်သွန်းက ကျေနပ်သွားသလိုဖြင့် –

"ဒါဆို ငါ့အတွက် လက်ဆောင်တွေပါမှာပေါ့"

"ဟင့်အင်း"

"ဟယ် သတိရတယ်ပြောပြီး ဘာလက်ဆောင်မှလည်း မပါဘူး"

"ငါ ဘာပစ္စည်းမှကို တကူးတက သယ်မလာခဲ့တာ၊ ဟိုမှာသည်း ဒီမှာရှိတဲ့ပစ္စည်းတွေပဲ ရှိတာလေ၊ နောက်နေ့မှ ဘယ်ကုန်တိုက်ကဖြစ်ဖြစ် နင်လိုချင်တာကို ငါ လိုက်ဝယ်ပေးပါမယ်"

"ဝယ်ပေးလိုက်ပါကွယ်၊ သူက သူများပေးတဲ့လက်ဆောင်ဆို သေးသေးကြီးကြီး အရမ်းတန်ဖိုးထားပြီး သိမ်းထားချင်တယ်"

ငွေစင်သွန်းအမေကာ ကော်ဖီခွက်လေး သူ့ရှေ့ချပြီး ဝင်ပြောပြန်သည်။ အလိုက်ကန်းဆိုးမသိတာတော့ မဟုတ်ဘဲ ဟိုအရင်ကတည်းက အကျက်သည့်အနားမှာ စားစရာတွေယူလာပေးပြီး စကားတွေ ထိုင်ပြောနေကျပါ။

"နင် နောက်တစ်ပတ်ဆန်းဒေး အလုပ်ပိတ်တယ်မဟုတ်လား၊ အန်တီ့အတွက်ပါ ငါ ဝယ်ပေးပါ့မယ်၊ နာရီချိန်းလိုက်လေ"

"အဲဒီနေ့က အလုပ်ပိတ်ပေမယ့် သန့်ရှင်းရေးလုပ်ဖို့အတွက် အချိန်ပိုဆင်းရသေးတယ်ဟာ၊ နေ့လယ်နှစ်နာရီလောက် ငါ့ဖို့ကို



www.burmeseclassic.com

www.burmeseclassic.com



လာခဲ့လေ၊ ငါ လိပ်စာပေးလိုက်မယ်''

"အင်း၊ အဲဒါ အဆင်ပြေတာပေါ့၊ နှစ်နာရီနော်၊ ငါလာခဲ့မှာ မယ်''

"အေး၊ ငါမျှော်နေမယ်''

"သမီး အဲဒီနေ့က''

မေမေ ဘာပြောချင်သည်ဆိုတာ သိနေသည်မို့ ငွေစင်သွန်း လက်တုတ်၍ တားလိုက်ရသည်။ ဒီအချိန်မှာ နေ့သစ်ကို ဘာမှမသိစေချင် သေးပါ။

နေ့သစ်ရောက်လာတာ ရင်ထဲ ဘယ်လိုပျော်မှန်းမသိပေ။ တို့ အရင် ကျောင်းတက်ခဲ့ကြစဉ်က တခြားအပေါင်းအသင်းသူငယ်ချင်း မထားဘဲ နှစ်ယောက်သား တတွဲတွဲရှိခဲ့ကြသည်။

တစ်ယောက်ယောက် ကျောင်းနောက်ကျလျှင် ကျန်တစ်ယောက် စည်းဖောက်ပြီး အတန်းတက်လိုက်တာမျိုးမရှိဘဲ ကျောင်းပျက်လိုက်တာပဲ ဖြစ်သည်။ တစ်ယောက်ကိုတစ်ယောက် အကာအကွယ်တွေပေးရင်း ဘယ်သူ့အစော်ကား၊ အနိုင်ကျင့်တာမှ မခံခဲ့ကြပေ။

ထိုအချိန်တွေက ဖုန်းသက်ပိုင်ဆိုတာ သူမတို့ကို အရေးတယူ ဆက်ဆံခဲ့တာပင် မဟုတ်။ ဆရာဝန်ဖြစ်ဖို့အတွက် စာတွေကိုပဲ အသည်း အသန် ကြိုးစားနေခဲ့တာ။ အခုမှ –

"နေ့သစ် နင့်အဘွားရော ကျန်းမာရေးကောင်းတယ် မဟုတ် လား''

"ဟင် ဟြော်၊ ငါ အိမ်မရောက်သေးတော့ ဘယ်လိုနေလဲ





ဓါမသိသေးဘူး''

အကြောင်းအရာပြောင်းကာ မေးခွန်းထုတ်လာတာမို့ ကြောင် တောင်တောင်ဖြစ်ကာ ဖြေလိုက်ရ၏။

ငွေစင်သွန်း ဘာတွေဖြစ်နေမှန်း မသိပေ။

"အိမ်မရောက်သေးဘူးဆိုတော့ လေယာဉ်ကွင်းကနေ တန်းလာ တာလား၊ နင့်အိတ်တွေရော''

"တက္ကစီကားပေါ်မှာလေ၊ ငါ နင့်ဆီကို ခဏဝင်လာတာ၊ မေမေ့ဆီလည်း ဝင်ခဲ့တယ်''

"ဟင် နင့်အမေနဲ့ပတ်သက်တာ နင့်အဘွားက မကြိုက်ဘူး မဟုတ်လား''

"အဲဒါကြောင့် အဘွားဆီမရောက်ခင် ဝင်ခဲ့တာပေါ့''

"နေ့သစ်၊ နင် အကြာကြီးကို ပျောက်သွားတာနော်၊ ဒီအချိန် ကာလအတောအတွင်းမှာ ဘာတွေ ဘယ်လိုပြောင်းလဲသွားလဲ နင်သိ လား''

"နိုင်ငံတော်ကြီးကတော့ တော်တော်တိုးတက်လာတာပဲနော်၊ ဒီလိုဖြစ်လာလိမ့်မယ်လို့ ဘယ်လိုမှ မျှော်မှန်းမထားဘူး''

"မင်းနှယ်ကွယ် နိုင်ငံရေးအကြောင်း လာပြောနေတယ်၊ ဝါသ နာပါတယ် ထင်တယ်၊ ဟုတ်လား''

"ဝါသနာရယ်တော့ မဟုတ်ပါဘူး၊ ဒီနိုင်ငံသားဖြစ်တဲ့အတွက် မျိုးချစ်စိတ်တော့ရှိတာပေါ့။ အဓိကက ကျွန်တော်တို့ပြည်သူတွေကို ပြင်ပြောင်းလဲရင် ပိုပြီး မြန်မြန်အောင်မြင်မယ်လို့ထင်တယ်၊ စည်းကမ်း



www.burmeseclassic.com

www.burmeseclassic.com



ပေါ့၊ ကွမ်းတံတွေး မထွေးနဲ့၊ လမ်းမှာ အမှိုက်မပစ်နဲ့၊ မျဉ်းကြားကကူး ဆိုပြီး ဒီလိုအသေးအမွှားကအစ အသိပညာကို တာဝန်ကြီးတစ်ခုလို ပြောနေရတာကိုက မဟုတ်တာ၊ ပြောချင်တာပြော၊ စည်းကမ်းထုတ်ချင်တာထုတ်, ကိုယ်လုပ်ချင်တာ လုပ်မယ်၊ ဒီလောက်လေးနဲ့ ဘာဖြစ်သွားမှာမို့လို့လဲဆိုတဲ့ အတွေးက နိုင်ငံကြီးသားမပီသတာတဲ့''

''ပြောတော့မယ် နွေသစ်က''

''ဟုတ်တယ်၊ ဟိုမှာ အင်တာနက်ကနေ ကြည့်တာ၊ နယ်စပ်မှာ စစ်ပွဲတွေဖြစ်နေတယ်၊ ဘာကြောင့်ဖြစ်တာလဲ၊ စစ်ပွဲတွေရပ်ပါလို့ ပြည်သူတွေ ဘာလို့တောင်းဆိုနေရတာလဲ၊ ဘာကြောင့် မရပ်ကြတာလဲ၊ ပြည်သူကို ချစ်တယ်, ပြည်သူအတွက်ဆိုပြီး ပြည်သူတွေ ဒုက္ခရောက်အောင် ဘာလို့လုပ်နေကြတာလဲ၊ အဲဒီဒုက္ခရောက်တဲ့သူတွေကို မကြည့်ရက်တဲ့သူတွေက ရန်ပုံငွေရှာပြီး အပင်ပန်းခံပြီး ကူညီနေရတယ်၊ အဲဒီတော့ သူတို့ကို ထောက်ပံ့နေရတဲ့ လုပ်ငန်းရှင်တွေ, ရန်ပုံငွေရှာဖို့ အချိန်နဲ့ လုပ်အားပေးနေရတဲ့ အနုပညာရှင်တွေ, ပြေရှင်းညှိနှိုင်းဆွေးနွေးနေရတဲ့ အဖွဲ့အစည်းတာဝန်ရှိသူတွေ၊ နိုင်ငံတော်အကျိုးလုပ်ဖို့ ဘယ်လောက်တောင် နှောင့်နှေးလဲ''

''မင်းမှ အပြောကောင်းတယ်ကွယ်၊ သူတို့ဘာသာ လုပ်စရာရှိတာ လုပ်နေတာ တို့နဲ့ဘာဆိုင်လဲ၊ တို့တော့ ကိုယ့်ဘဝ ဘယ်လို ရပ်တည်ရမလဲဆိုတာပဲ တွေးတယ်၊ နိုင်ငံရေးကို နိုင်ငံရေးသမားပဲ လုပ်လိမ့်မပေါ့''

''ကဲပါ အဲဒါတွေပြောမနေကြနဲ့၊ နွေသစ် နှင် ထမင်းစားသွား





ပါလား၊ နှင် အရင်တုန်းက လက်ဖက်ထမင်း ကြိုက်တယ်မဟုတ်လား။ အခုရော''

''ကြိုက်တယ်၊ နှင်အရင်တုန်းက နယ်ကျွေးခဲ့တာကို အမြဲ အမှတ်ရနေတာ၊ မေမေဆီက ဘာမှမစားခဲ့တော့ ဗိုက်ဆာနေပြီ၊ ဗ''

''အဟင်း ကောင်စုတ်၊ လာခဲ့ မီးဖိုချောင်ထဲကို''

ငွေစင်သွန်း ပျာပျာသလဲ အရေးတယူလုပ်နေတာကို ဒေါ်မေသော် မျက်မှောင်ကြုတ်ကြည့်ရင်း သက်ပြင်းတွေချနေမိသည်။

ဘာကြောင့် နွေသစ် ပြန်ရောက်လာတာလဲ။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄)

ဒီအိမ်ထဲကို ခြေချဖို့ ဘာကြောင့် တွန့်ဆုတ်တွေဝေနေမိမှန်း မသိပေ။

စိတ်ကို အကျဉ်းချခံရမှာစိုးလို့လား။

ပဋိပက္ခအသံတွေ ကြားရမှာ စိုးလို့လား။

မိဘတွေက အပြစ်မကင်းခဲ့တာမို့ ဖုန်းသက်ပိုင်တို့မိသားစုကို ရင်ဆိုင်ရမှာလည်း မဝံ့မရဲပင်။

"မြေး မြေးကြီးနေ့သစ်"

သူ့ကိုမြင်သွားသော အဘွားက ဝမ်းသာအားရ ဖက်တွယ်လာသည်။

"အဘွား"





သူလည်း ပြန်လည်ဖက်တွယ်ကာ မျက်ရည်ဝဲမိ၏။ သူများတွေထက် သူ့ကို အဘွားအချစ်ပိုမှန်း သူသိပါသည်။ ငယ်စဉ်ကတည်းက ဖုန်းသက်ပိုင်ထက်တောင် ဦးစားပေးခံခဲ့ရတာ။

"မြေးရယ်၊ မြေးကြီးက ချောလာလိုက်တာ၊ မြေးက အဘွားကို မလွမ်းလို့ အဘွားဆီ အရင်မလာတာလား၊ အဘွားက"

"မဟုတ်ပါဘူး အဘွားရယ်၊ သားက အဘွားဆီရောက်ရင် ဘယ်မှ သိပ်သွားချင်တော့တာ မဟုတ်ဘူး၊ အလုပ်လုပ်ဖို့ကိစ္စတွေကလည်း ရှုပ်လာမှာဆိုတော့"

"ဘာပဲဖြစ်ဖြစ်ပေါ့ကွယ် မြေး ဒီလိုပြောတာ ဝမ်းသာပေမယ့် အဘွားက မြေးကို အရင်ဆုံး မြင်ချင် တွေ့ချင်တာပေါ့၊ အခု အဘွား တကယ်စိတ်မကောင်းဘူး မြေး၊ မအေက အဘွားထက် သွေးနီးသလား၊ သံယောဇဉ် ပိုကြီးသလားလို့"

"အဘွား လာပါ၊ ခုံမှာထိုင်ပြီး ပြောပါ"

သူပြန်ရောက်တာ အဘွား ဘယ်သူသတင်းပေးလိုက်လဲဟု တွေးနေချိန်မရဘဲ အဘွားကို ဆိုဖာခုံဆီ ဖက်တွယ်၍ ခေါ်လာခဲ့ရသည်။ ဆတ်ခနဲ မြင်လိုက်ရသော ဖုန်းသက်ပိုင်က မျက်နှာချင်းဆိုင်ခုံမှာ ဝင်ထိုင်လိုက်သည်။

"မင်းကတော့ တကယ့်ကို အလိုက်ကန်းဆိုးမသိတာဘဲ၊ မင်းကို အမြဲသတိရပြီး လွမ်းနေတဲ့အဘွားဆီကို ဘာအကြောင်းပြချက်မှမပေးဘဲ အရင်လာသင့်တယ်၊ အဘွားမှာတော့ မင်းမလာလို့ သွေးတောင်တိုးတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ငါလည်း လာမလို့ပါကွာ၊ နိုင်ငံခြားက လူကြုံပါဆယ်ပါလာတာ တွေ ပို့ရင်းနဲ့မို့ ဝင်လိုက်တာ၊ ပြီးတော့ ကိုအောင်မင်းဆိုတဲ့လူကြီးနဲ့ လက်ထပ်ဖြစ်,မထပ်ဖြစ်လည်း သေချာသိချင်လို့"

"အဲဒီကိစ္စအတွက် မြေး ဘာစုံစမ်းစရာလိုလို့လဲ၊ လက်ထပ်ပြီး တစ်အိမ်တည်းအတူနေတာ မဟုတ်လည်း၊ သားအဖေက လွန်ခဲ့တဲ့ ခုနစ် နှစ်ကျော်က သေသွားခဲ့ပြီလေ၊ အဘွားသားကို အဘွားဆုံးရှုံးပြီးပြီ၊ သူ့ အခုမှ ဆင်ခြင်လိုက်တော့ရော မြေးအဖေက အသက်ပြန်ရှင်လာဦး မှာလား၊ ဘာတွေက ပြောင်းလဲလာမှာလဲ၊ ပြောစမ်းပါဦး မြေး"

အဘွားပြောတာ မှန်နေတာမို့ နှေသစ် ခေါင်းငိုက်စိုက်ကျကာ ဘာမှပြန်မပြောနိုင်ပေ။ မေမေ့ရဲ့အမှားကြောင့် သားတစ်ယောက်လုံး ဆုံးရှုံးရတာ အဘွားနာကြည်းနေပေမပေါ့။ ဖုန်းသက်ပိုင်က နှုတ်ခမ်း တစ်ချက် မဲ့လိုက်ပြီး –

"အဘွားက သူ့အမေကို အဲလိုပြောလို့ နှေသစ်က အဘွားကို မုန်းနေပါဦးမယ်"

"ငါက ဘာလို့ အဘွားကိုမုန်းရမှာလဲ သက်ပိုင်ရာ၊ မေမေ့ အပြစ်အတွက် အဘွားမှာ မုန်းခွင့်ရှိပါတယ်၊ အဘွား နေကောင်းတယ် မဟုတ်လားဟင်"

"အင်း ကောင်းပါတယ်၊ မြေး အဲလိုလေး မေးတတ်တာကို အဘွားက သတိရနေတာ၊ ကဲပါ မြေးရောက်လာတဲ့နေ့မှာ စိတ်မချမ်းသာ စရာတွေ မပြောချင်တော့ပါဘူး၊ မြေး လာ ထမင်းစားရအောင်"

"သား စားခဲ့ပြီ အဘွား"





"ဘာ၊ မြေးအမေဆီက ထမင်းစားပြီးမှ ပြန်လာခဲ့တာပေါ့"

"မဟုတ်ပါဘူး အဘွားရယ်၊ သူငယ်ချင်းက သားကြိုက်တဲ့ လက်ဖက်ထမင်းသုပ် ကျွေးလိုက်လို့ပါ"

"နှေသစ် မင်း ငွေစင်"

အဘွားမျက်နှာကို တစ်ချက်လှမ်းကြည့်ပြီး ဖုန်းသက်ပိုင် စကား တိုးလိုးတန်းလန်းဖြင့် ရပ်သွား၏။ အဘွားက ဘာမှန်းနားမလည်လိုက် သလို ထရပ်လိုက်ချိန်မှာ ဖုန်းသက်ပိုင်က နှေသစ်လက်ကို ဆွဲထားသည်။

"အဘွား သားတို့ ပြီးမှလာခဲ့မယ်၊ နှေသစ်ကို အတွေ့အကြုံ လေး နည်းနည်းမေးချင်လို့"

"အောင်မယ်လေး၊ ညအိပ်ရာဝင်မှမေးတော့ ဘာဖြစ်လို့လဲ၊ အခန်းချင်းကပ်လျက် အိပ်ကြမယ့်ဟာကို"

"ပူပူနွေးနွေး စပ်စုရတာ ပိုကောင်းတာပေါ့ အဘွားရဲ့"

"အေးပါ၊ မင်းတို့ညီအစ်ကိုကတော့ တွေ့လိုက်တာနဲ့ စကားတွေ ဖောင်ဖွဲ့တော့မယ် မဟုတ်လား၊ ပြောကြ ပြောကြ၊ ခင်မေကို ထမင်းပွဲ ပြင်ခိုင်းလိုက်မယ်"

ထမင်းစားခန်းထဲ အဘွားဝင်သွားချိန်မှာ နှေသစ်လက်ကို ဖုန်းသက်ပိုင် ပြန်ဆွဲ၍ ထိုင်ခိုင်းလိုက်သည်။

"ငွေစင်သွန်းနဲ့ တွေ့ခဲ့တာလား နှေသစ်"

"အေးလေ၊ သူ့အိမ်မှာ ထမင်းဝင်စားခဲ့တာ၊ ဘာဖြစ်လို့လဲ၊ နိုင်ငံခြားက အတွေ့အကြုံများ မေးမလားမှတ်တယ်"

"ဟို မဟုတ်ပါဘူး၊ မင်းသိပ်ချစ်ပါတယ်ဆိုတဲ့ အဘွားဆီကို



www.burmeseclassic.com

www.burmeseclassic.com



တော့ တန်းမလာတဲ့ အမေဆီကို ဝင်တယ်၊ ငွေစင်သွန်းဆီကို ဝင်တယ်၊ ဘယ်သူတွေက မင်းစိတ်ထဲမှာ ရှိနေတာလဲ''

''ဘယ်သူတွေက စိတ်ထဲမှာရှိနေလို့ အဲလိုတော့ မဟုတ်ဘူးကွ၊ ဘယ်လိုပြောရမလဲ၊ မေမေ့ကိုတော့ ခုနက ငါပြောသလိုပဲ၊ ငွေစင်သွန်းကတော့ မတွေ့ရတာ အရမ်းကြာနေပြီဖြစ်တဲ့ ငါ့ရဲ့သူငယ်ချင်းလေး သူ့ဆီကို ဟစ်ခါမှ အဆက်အသွယ်မလုပ်မိလို့ ဝင်ခဲ့တာ၊ မင်းက''

''သိချင်လို့ မေးတာပါ၊ အဘွားမေတ္တာကို အလေးအနက်မထားဘဲ''

''တလွဲတွေးပြီး အဘွားစိတ်မကောင်းအောင် ဟိုလိုဒီလိုတွေ ထင်ယောင်ထင်မှား မပြောပါနဲ့၊ အဘွား ငါ့ကို ချစ်သလောက် ငါလည်း အဘွားကိုချစ်တယ်၊ အဲဒါကြောင့် မေမေနဲ့လိုက်မသွားဘဲ ငါ ကျန်ခဲ့တာ''

''မင်းအမေက သူ့ဘာသာ လွတ်လွတ်လပ်လပ်နေချင်လို့ မင်းကိုခေါ်မသွားတာပါ၊ ငါ့အထင်တော့ အခုချိန်မှာ ဦးအောင်မင်းနဲ့ အတိအလင်း ပေါ်ပေါ်ထင်ထင် မဟုတ်တောင် တိတ်တိတ်ပုန်းတွဲနေတယ်လို့''

''သက်ပိုင်''

သားတစ်ယောက်ရှေ့မှာ ဒီလိုမျိုးမပြောသင့်ဘူးလို့ သက်ပိုင်တွေးမိပုံမပေါ်။ တမင်တကာ သိစေချင်နေတာ ကိုယ်ကို ဘယ်လိုလူမျိုးရဲ့ သားဆိုတာ သတိပေးချင်နေတာများလား။

''ငါပြောတာ ဘာမှားလို့လဲ၊ လေးလေးက ဒီစိတ်နဲ့သေသွားတာ အခုမှ နောင်တရပြီး ဆင်ခြင်နေလိုက်တာလည်း ဖြစ်မှာပဲ၊ ဒါပေမဲ့





ခြင်ဆင်ချိန်မရတော့ဘူးလေ၊ အဘွားပြတ်ပြတ်သားသားလုပ်လိုက်တာမှားဘူး''

''ဘာခံစားခွင့်မှ မပေးလိုက်တာ အဘွားမှားတယ်လို့ ငါ တစ်ခါမှ တွေးခဲ့ဘူး။ မေမေ အနေဆင်းရဲ၊ အစားဆင်းရဲနဲ့ တစ်ယောက်တည်းနေရတာ အပြစ်ဒဏ်ခတ်ခံရတာလို့ပဲ ငါတွေးတယ်''

''ဟိုကလည်း မင်းကို သားလိမ္မာတစ်ယောက် မဟုတ်ဘူးလို့ တွေးနေမှာပါ''

''ဘာ ငါက ဘာဖြစ်လို့လဲ''

''တကယ်ဆို အခုလို အချိန်မျိုးမှာ မင်းအမေကို နှစ်သိမ့်အားပေးသင့်တာပေါ့၊ မင်းသာ အနားမှာ မားမားမတ်မတ် ကာကွယ်စောင့်ရှောက်နေမယ်ဆိုရင် အမှားတွေလို ကျူးလွန်ဖြစ်ချင်မှ ကျူးလွန်မိမှာလေ''

''အဘွားမကြိုက်တာကို ငါက ဘာလို့လုပ်ရမှာလဲ၊ မိဘမေတ္တာကို အသိအမှတ်ပြုနိုင်းတာ မင်းကို ကျေးဇူးတင်ပါတယ်၊ ဒါပေမဲ့ အဘွားစိတ်မချမ်းသာအောင် ငါမလုပ်ဘူး''

ဖုန်းသက်ပိုင် မျက်နှာတစ်ချက်ပင့်ကာ အသံတိတ်သွား၏။ အဘွားပိုင်ဆိုင်မှုတွေ မက်မောလို့ တွယ်ကပ်နေတာ မဟုတ်လားလို့ မေးလိုက်လျှင် နေ့သစ်ဦး ပေါက်ကွဲတော့မှာ သေချာသည်။

အခုချိန်မှာ သာသာလေးနေလိုက်တာ ကောင်းပါသည်။ နောက်ဘာမှ ပိုင်ဆိုင်ခွင့်ရှိမှာ မဟုတ်ဘူးဆိုတာ သိသွားအောင်။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၅)

"မောင်နဲ့ပတ်သက်မှုကို နွေသစ်ကိုပြောလိုက်သေးလား ငွေစင်"

"ဟင့်အင်း၊ မပြောရသေးဘူး။ မောင်ပဲ သူ့ကိုမသိစေချင်သေးဘူးဆို"

"ဟုတ်တယ်၊ ဒီကောင် အဘွားကို ပြန်တိုင်လိုက်ရင် မောင့်ပညာရေးက ရောက်တဲ့နေရာမှာ ဖြတ်တောက်ခံရမှာ ငွေစင်၊ အဘွားက မောင့်ကို သေသေချာချာ သတိပေးထားပြီးသား။ နိုင်ငံခြားမှာ ဘွဲ့လွန်တက်ပြီး အထူးကုဆရာဝန်တစ်ယောက်ဖြစ်ပြီးမှ အိမ်ထောင်ရေးကို စိတ်ဝင်စားရမယ်တဲ့၊ ဒါတောင်မှ မောင်ချစ်တဲ့မိန်းကလေးကို ကိုယ်တိုင်ရွေးချယ်ခွင့် မရှိဘူး။ အဆင့်အတန်း၊ မျိုးရိုးကအစ သူကိုယ်တိုင်





သွားလာဦးမှာ"

ငွေစင်သွန်း နှာခေါင်းလေးရှုံ့ကာ မျက်နှာတစ်ဖက်လှည့်သွားသည်။ လူနှစ်ဦးရဲ့ပတ်သက်မှုကို ဘယ်လိုအရာတွေနဲ့ တိုင်းတာဖို့ စိတ်ကူးထားတာများလဲ။

"မောင့်အဘွားက အဆင့်အတန်းခွဲပြီး မောက်မာတတ်တဲ့သူမျိုးဆိုရင် ငွေစင်တို့ ရှေ့ဆက်လို့ဖြစ်ပါ့မလား"

"အဲလိုမျိုးကြီးလည်း မဟုတ်ပါဘူး ငွေစင်၊ အဘွားက မောင့်ကို အရမ်းမျှော်လင့်ထားလို့ပါ၊ ပြောရရင် အဘွားဆန္ဒကို နွေသစ်က ဘာမှ လုပ်ပေးနိုင်ဘူးလေ၊ သူ့အမေအိမ်ထောင်ရေးဖောက်ပြန်လို့ သူ့အဖေ ဆုံးသွားတဲ့အချိန်မှာ သူလည်း စိတ်ဓာတ်တွေကျ၊ အရက်ချပြီး နိုင်ငံခြား ထွက်သွားတယ်၊ မောင်တို့မိသားစုကပဲ အဘွားကို စိတ်ချမ်းသာအောင် ထားခဲ့ရတာပေါ့၊ နွေသစ်ကြောင့် စိတ်ထိခိုက်ခံစားနေရတဲ့ အဘွားကို စိတ်ချမ်းသာစေချင်လို့ပါ"

"အခုရော နွေသစ်ပြန်လာတာကို ကြည်ကြည်ဖြူဖြူ ရှိရဲ့လား မောင်၊ နွေသစ် စိတ်ပင်ပန်းနေရလား"

"ဘာလို့ သူ့အတွက် စိတ်ပူနေတာလဲ ငွေစင်"

"သူက ငွေစင့်သူငယ်ချင်းလေ၊ သူ့ရဲ့ ဖေးမအားပေးတတ်၊ နစ်နာခံတတ်တဲ့ စိတ်ကလေးကြောင့် ဟိုအရင်တည်းက နွေသစ်ကို ငွေစင် အရမ်းခင်ခဲ့တာ"

"သူငယ်ချင်းနဲ့ ချစ်သူရည်းစား ဘယ်သူက ပိုအရေးပါလဲ ငွေစင်"



www.burmeseclassic.com

www.burmeseclassic.com



"ဆန္ဒနဲ့ကတ္တာတွေ ကွဲပြားပါတယ်မောင်၊ ငွေစင် စည်းဖောက်ပြီး သူ့ဘက်က ရပ်တည်လောက်အောင်လည်း အကျင့်မပျက်ပါဘူး။ ဒါပေမဲ့ နွေသစ်က ငယ်သူငယ်ချင်းပါ၊ သူသာ နိုင်ငံခြားကို ထွက်မသွားရင် ဒီအချိန်ထိ တတွဲတွဲရှိနေကြမှာ"

နွေသစ်ကို အရေးတယူ အလေးအနက်ရှိသော စကားတွေ နားမထောင်ချင်ပေ။ တန်ဖိုးရှိသောအရာမှန်သမျှ နွေသစ်မရအောင် ထိန်းချုပ်ကြိုးစားရမှာက ကိုယ့်ရဲ့ အပြင်းပြဆုံးဆန္ဒပင်။

"မောင့်ဘက်ကတော့ သူငယ်ချင်းပါဆိုပြီး ယောကျ်ားလေး တစ်ယောက်အပေါ် ငွေစင် အရမ်းတရင်းတနှီးနေမှာမျိုး သိပ်သဘော ထားမကြီးနိုင်ဘူးနော် ငွေစင်"

"ဩော် မောင်သဝန်တိုနေတာလား"

"အင်း"

ခေါင်းညိတ်ပြတော့ တစ်ချက်ပြုံးလိုက်မိရင်း ရင်မှာ ကြည်နူး သွားမိသည်။ ဒါဟာ သူမအပေါ် ဖုန်းသက်ပိုင် အလေးအနက် တန်ဖိုး ထားတတ်လာခြင်းလား။

အရင်ကတော့ ဆေးကျောင်းကစာတွေ ဝန်ပိတာကို အကြောင်း ပြရင်း သူမအတွက် အချိန်ပေးနိုင်ခြင်းတောင် သိပ်မရှိပါ။

"နွေသစ်က မောင့်ရဲ့ တစ်ဝမ်းပဲကွဲတဲ့ အစ်ကိုတော်တယ်လေ နွေသစ်နဲ့ငွေစင်က မောင် သဝန်တိုရလောက်တဲ့ အနေအထားမျိုး မဟုတ်ပါဘူး။ သူငယ်ချင်းသံယောဇဉ်ကို စည်းတွေဘောင်တွေ ခတ်ပြီး အရောင်စွန်းထင်းအောင် သံသယဝင်တာမျိုးတော့ မဖြစ်စေချင်ဘူး"





"ဒါက ငွေစင့်ဘက်က စိတ်ခံစားမှုလေ၊ သူ့ဘက်က သူ့ခံစားမှု ကို ငွေစင်သိနိုင်မလား၊ မောင်ပြောချင်တာက"

"ငွေစင့်ကို အ,သုံးလုံးကြေအောင် သင်တန်းပေးသလို သင်ပြ နေပါနဲ့မောင်၊ နွေသစ်စိတ်ထဲ ဘယ်လိုဖြစ်နေနိုင်လဲ ခန့်မှန်းပြီး ချုပ်ချယ် ...န့်သတ်တာမျိုးလည်း မလုပ်ပါနဲ့၊ လိုအပ်လာရင် မောင်နဲ့ချစ်သူဖြစ်နေ ...ကို ဖွင့်ပြောပြီး စည်းခြားလိုက်လို့ ဖြစ်ပါတယ်၊ အဲဒါကိုမှ အဘွားကို ...ိုင်တာတောတာတွေလုပ်ပြီး အောက်တန်းကျတာမျိုးဖြစ်လာရင် အဲဒီ ...ချိန်မှာပဲ"

"အဲဒီကိစ္စကို ငွေစင် အာမခံတယ်ပေါ့"

မေးပုံကိုက မယုံသင်္ကာနှင့်မို့ စိတ်ထဲမှာ ကသိကအောက် ...ချိုမခံသာ ဖြစ်သွားသည်။ နွေသစ်နှင့်မှ ဘာလို့ ဒီလောက်တောင် ...သံသယတွေ ဖြစ်နေမှန်းမသိပေ။

ကိုယ့်စိတ်က ရိုးသားနေတာမို့ နွေသစ်နှင့်ပတ်သက်ပြီး ဆင်ခြင် ...ယ်လို့ မဝံ့မရဲပုံစံမျိုး ကတိမပေးနိုင်။ တကူးတက အိမ်အထိရောက် ...ပြီး ဒီစကားတွေပြောနေတာ တကယ်ကို နွေသစ်နှင့် စိတ်မချနိုင် ...နေတာကြောင့်လား။ ကြည်နူးနေတာလေးတွေ ပျောက်ပြီး မောင် ...ဖြစ်နေတာလဲဟု ရန်တွေ့ဖို့ ပြင်လိုက်စဉ်မှာပဲ ဈေးကပြန်ရောက်လာ ...တာ မေမေက ဆက်တီခုံတစ်ခုမှာ ဝင်ထိုင်လိုက်ကာ –

"မောင်သက်ပိုင် ရောက်နေတာ ကြာပြီလား"

"ခုနလေးပဲ ရောက်တာပါ၊ အန်တီ ဈေးကပြန်လာတာလား"

"အေးကွယ်၊ ဟယ် သမီးရယ်၊ မောင်သက်ပိုင်ကို လက်ဖက်...



www.burmeseclassic.com

www.burmeseclassic.com



ရည်လေး၊ ကော်ဖီလေးတောင် ညှော်မခံပါလား၊ သွား တစ်ခုခုလုပ်ချည်
ပါဦး''

''နေပါစေအန်တီ၊ ငွေစင်က လုပ်ပေးမယ်ပြောပါတယ် ကျွန်
တော်က အိမ်က မနက်စာစားလာလို့ပါ''

''ဟုတ်လား၊ အားနာနေမှာစိုးလို့ပါ၊ ဒါနဲ့ မင်းအဘွားရော
ကျန်းမာရေးကောင်းရဲ့လား''

''ဟုတ်ကဲ့၊ အဘွားက နလုံးနဲ့သွေးတိုးရောဂါရှိပေမယ့် စိတ်မ
တော့ ကျန်းမာရေးက ဒေါင်ဒေါင်မြည်လို့ပါပဲ၊ နေ့သစ်ရောက်လာတော့
ပိုတောင် သွက်လက်ဖျတ်လတ်နေသေးတယ်''

''အင်း မင်းပြောပုံအရဆို မင်းအဘွားက နေ့သစ်ကို မင်းထက်
ပိုချစ်ပုံရတယ်''

''ဟို ဘယ်လိုပြောရမလဲ၊ မြေးချင်းတော့ အတူတူပါပဲ၊ ဒါပေ
နေ့သစ်က မြေးဦးဖြစ်နေတော့ အချစ်ပိုချင်လည်း ပိုမှာပေါ့၊ ပြီးတော့
စရိုက်မကောင်းတဲ့မအေနဲ့ တူမှာစိုးပြီး အဘွားက သူပဲ ထွေးပိုက်ယုယ
မြှုရလာခဲ့တာလေ''

''သူ့အမေက ဘယ်လိုစရိုက်မကောင်းတာလဲကွဲ့''

ဒေါ်မေသော်က မိန်းမပီပီ စပ်စုသည်။ ဖုန်းသက်ပိုင်ကလည်း
စိတ်လိုလက်ရ အဟာင်းပြောချင်နေတာမို့ ငွေစင်သွန်း မျက်နှာပျက်နေတာ
တောင် ဂရုမစိုက်မိပေ။

''အိမ်ထောင်ရေးဖောက်ပြန်တယ်ပြောရမှာပေါ့၊ ယောကျ်ား
သူငယ်ချင်းနဲ့မှဖြစ်တော့ ကျွန်တော့်ဦးလေးက ပိုပြီးအရှက်ကြီးသွားတာ





အဲဒီမှာ ကိုယ့်စိတ်ကိုယ်မနိုင်ဖြစ်ပြီး အိပ်ဆေးတွေ အလွန်အကျွံသောက်
ပစ်ရာက ဆုံးသွားတာ''

''ကြော် စိတ်မကောင်းစရာပဲကွယ်၊ အဲဒါကြောင့် နေ့သစ်
အမေ နှင်ထုတ်ခံလိုက်ရတာနေမှာပေါ့''

''ဟုတ်တယ်၊ ရက်လည်တဲ့အထိတောင် ပေးမနေဘူး၊ မြေချပြီး
တာနဲ့ ဆွဲထုတ်တာ၊ နေ့သစ်က အဲဒါကိုလည်း စိတ်ထိခိုက်၊ ဖအေ
အတွက်လည်း စိတ်မကောင်းနဲ့ နိုင်ငံခြားကို အဘွားတားနေတဲ့ကြားက
ထွက်သွားတာ''

''အရွယ်ရောက်နေပြီဆိုတော့ ရှက်ရှာမှာပေါ့၊ အဲဒါကို သင်ခန်း
စာယူပြီး ဆင်ခြင်ထိန်းသိမ်းနေနိုင်ရင်တော့ ကောင်းတာပေါ့လေ၊ မအေ
အကျင့်စရိုက်မီဖပါလာလို့ကတော့ သူယူမယ့်မိန်းမကတော့ ကံဆိုးမှာပဲ''

''မေမေကလည်း သူများကို မှိုချိုးမှိုစ်ချိုး ဘာလို့ပြောနေတာ
လဲ၊ သူတို့မှာ သူတို့အကြောင်းနဲ့သူတို့ ရှိနေတာ၊ တစ်ဖက်သားနစ်နာ
အောင် မဝေဖန်ပါနဲ့ မေမေ''

ငွေစင်သွန်း ဆတ်ဆတ်ခါသွားတာကို ဖုန်းသက်ပိုင် မျက်မှောင်
ကြုတ်သွားသလို ဒေါ်မေသော်က နှုတ်ခမ်းမဲ့လိုက်ကာ –

''ညည်းကရော ဘာဝင်နာနေတာလဲ၊ ဟုတ်လို့ကျော် ပုပ်လို့
ပေါ်တာချည်းပဲ၊ ကောင်းတာလုပ်တဲ့သူကို ကောင်းတာ ဝေဖန်ခံရမှာပေါ့၊
မကောင်းရင် အပြစ်ပြောခံရမှာ သဘာဝပဲ၊ သူငယ်ချင်းဆိုပေမယ့် မိဘကို
နှုတ်လှန်ထိုးတဲ့အထိတော့ ကာကွယ်မပေးသင့်ဘူးနော်၊ မေမေ မကြိုက်
ဘူး''



www.burmeseclassic.com

www.burmeseclassic.com

"ဟုတ်ကဲ့ သမီးက သူများအတင်းပြောတာမျိုး ဖြစ်မှာစိုးလို့ပါ"

ဒေါ်မေသော် လေသံမာသွားတော့ ငွေစင်သွန်း မျက်လွှာလေး ချကာ ငြိမ်သက်သွားရသည်။ မိဘကို ပမာမခန့်အပြုအမူမျိုးတော့ မဖြစ်ချင်ပါ။

စိတ်ကတော့ ဟိုအရင်ကလိုပင် နေ့သစ်ဘက်က သူ့ရဲကောင်း ဖြစ်ချင်တာပါ။ ပြောမနာ ဆိုမနာ သံယောဇဉ်ကြီးခဲ့သောသူငယ်ချင်း အပေါ်မှာ ဘယ်လိုအမည်းစက်မှ စွန်းထင်းမခံချင်ဘဲ။

✿ ✿ ✿



## အခန်း (၆)

"နင်လိုချင်တာယူ ငွေစင်၊ ငါ့ကို အားမနာနဲ့ ဟိုကဝယ်လာရင် နင် တစ်မျိုးတည်း, တစ်ခုတည်း ရမှာ၊ အခု နင်လိုအပ်မယ်ထင်တာ အကုန်ဝယ်"

အရင်ကထက် နိမ့်ပါးသွားသော ငွေစင်သွန်းအတွက် ဖြည့်ဆည်းပေးချင်သောဆန္ဒများဖြင့် နေ့သစ် တိုက်တွန်းလိုက်သည်။ ပစ္စည်းတွေကိုကိုင်ကြည့်ရင်း ဈေးနှုန်းကို မြင်လိုက်သည်နှင့် ပြန်လွှတ်ချနေတာမို့ သူ ပိုပြီးစာနာမိ၏။

အရင်က ငွေစင်သွန်းတို့စီးပွားရေးအခြေအနေက ဒီလောက်ထိ မှုံမှုံပန်းပျက် မဟုတ်ပါ။ အခု သူမတို့အဖေ ဆုံးသွားမှ အိမ်ကြီး အိမ်ကောင်းကိုရောင်းပြီး ဒီလို အိမ်သေးသေးမှာ ချို့ချို့တဲ့တဲ့ နေနေရ



www.burmeseclassic.com

www.burmeseclassic.com



တာ ဖြစ်မည်။

"အကျႌ အဲဒီအရောင်လေးနဲ့ လိုက်သားပဲ၊ ယူလိုက်လေ ငွေစင်"

"အောင်မယ်လေး နှစ်သောင်းကျော်တန်ကြီး မယူချင်ပါဘူး။ အကျႌက ဘာမှလည်း ဟုတ်တာမဟုတ်ဘဲနဲ့၊ ဈေးကြီးလိုက်တာ"

"ဟမ် နင်က နှစ်သောင်းကျော်ရုံလေးကို ဈေးကြီးတယ်လုပ်နေတယ်၊ နင်ကြိုက်တဲ့အရောင် သုံးလေးထည်လောက် ယူစမ်းပါ၊ သတင်းထောက်လုပ်နေတဲ့သူအတွက် အဝတ်အစားကောင်းကောင်း လိုတာပေါ့၊ မြန်မြန်လုပ်၊ အလှပြင်ပစ္စည်းတွေ သွားကြည့်ရအောင်"

"နွေသစ်"

"ဘာလဲ"

"နင် ငါ့ကို အဲလောက်ပိုက်ဆံအများကြီးကုန်အောင် ဝယ်ပေးမလို့လား"

"ပါးပါးလေးပါ၊ ဟိုမှာ တစ်ပတ်တစ်ရက် အလုပ်ပိတ်လို့ ငါ ရှော့ပင်းထွက်ရင်တောင် အဲလောက်မကဘူး၊ သူငယ်ချင်းတွေနဲ့ ပါတီလုပ်ရင် အဲဒီထက်မကတောင် ကုန်တာဟ၊ ကဲပါ ရွေးစမ်းပါ၊ ငါ့ သူငယ်ချင်းလေးကို လှလှပပ ဒီဇိုင်းမိုက်မိုက်အဝတ်အစားလေးတွေနဲ့ မြင်ချင်လို့"

နွေသစ်က စိတ်မရှည်သလို အဝတ်အစားတွေ သူကိုယ်တိုင် ရွေးပေးပြီး အလှပြင်ပစ္စည်း အသုံးအဆောင်တွေလည်း ဈေးကြီးတာ ဈေးနည်းတာ တွက်မနေဘဲ တန်ဖိုးကြီးတာ၊ အသုံးဝင်တာတွေချည်း





ဝယ်ပေးသည်။ အားလုံးပြီးသွားတော့ အပေါ်ဆုံးထပ်က ကော်ဖီဘားကို ခေါ်လာခဲ့၏။

"ဘာသောက်မှာလဲ, ဘာစားမှာလဲ၊ ကြိုက်တာမှာ"

"အပျော်လုံးဆို့နေတာနဲ့ ဘာမှတောင်မစားချင်တော့ဘူး"

"ဘာလို့ အပျော်လုံးဆို့နေတာလဲ"

"ဒီလို တန်ဖိုးကြီးတာတွေ ဝတ်ဖူးသုံးဖူးတာမှ မဟုတ်ဟာ၊ ဖေဖေမဆုံးခင်ကလည်း စီးပွားရေးက သိပ်အဆင်ပြေလှတယ် မဟုတ်ပါဘူး၊ ဝန်ထမ်းဆိုတဲ့အတိုင်း တစ်လစာတစ်လ လောက်ငအောင် မနည်းသုံးခဲ့ရတာ၊ ဖေဖေ ကျန်းမာရေးမကောင်းတော့ အိမ်ပါရောင်းလိုက်ရတာပေါ့"

"စိတ်မကောင်းစရာတွေ မပြောနဲ့ဟာ၊ ငါနဲ့တွေ့တုန်းအချိန်လေးမှာ စိတ်ချမ်းသာအောင် ပျော်အောင်နေ၊ သိလား၊ ငါက သူဌေးပါဟ၊ နင်လိုအပ်တာရှိရင် ငါ့ကိုပြော"

"ဟင် နင်ချမ်းသာတိုင်း ငါ အကူအညီမတောင်းချင်ပါဘူး၊ ကိုယ့်မှာရှိတာလေးနဲ့ ရောင့်ရဲတင်းတိမ်တာ ကောင်းပါတယ်၊ မပြည့်စုံတဲ့သူဟာ မာနတော့ရှိရတယ်တဲ့"

"နင်နဲ့ငါကြားမှ မာနထားဖို့လိုသလား၊ တစ်ယောက်အကြောင်း တစ်ယောက်သိနေကြတာပဲ၊ နင် ငါ့ကို အရင်တုန်းကလိုရော ခင်သေးရဲ့လား ငွေစင်"

ကလေးလိုမေးနေတာမို့ သူမ ရယ်ချင်သွားသည်။ ကျောင်း အတူတက်စဉ်ကလည်း ထိုသို့ ခဏခဏ မေးတတ်သူပါ။



www.burmeseclassic.com

www.burmeseclassic.com



ဘယ်သူနှင့်မှ အပေါင်းအသင်းမလုပ်ဘဲ အတွဲညီခဲ့ကြပြီး တကယ့်ကို သံယောဇဉ်ကြီးခဲ့ကြသည်။

ခွဲခွာခဲ့ရသည့် အချိန်ကာလအတွင်းမှာ ဘာကြောင့်များ ဖုန်းသက်ပိုင်နှင့် ချစ်သူဘဝ ရောက်ခဲ့ရသည်မသိပေ။

"နင် ဟိုမှာ ရည်းစားဘယ်နှယောက်တောင် ထားခဲ့လဲ နွေသစ်"

"ငါလား။ ဟား ဟား ဟား"

"အယ်တော် ဘာလို့ရယ်တာလဲ"

"နင် ငါ့ကို အထင်ကြီးနေသလားလို့ပါ၊ အင်း ဘယ်လိုပြောရမလဲ၊ ထားမယ်ဆိုရင်တော့ မိန်းကလေးတွေ ဝိုင်းဝိုင်းလည်လို့ပါ၊ ဒါပေမဲ့ ငါ အပျော်ရှာဖို့ထွက်သွားခဲ့တာ မဟုတ်ဘူးဆိုတာ နင်လည်း သိသားနဲ့ မေမေ့ဥပါဒါန်နဲ့ ဖေဖေသေရတယ်ဆိုပြီး အဘွားက မေမေ့ကို အိမ်ထဲက ခွဲထုတ်တဲ့အချိန်မှာ သားတစ်ယောက်ဖြစ်တဲ့ ငါ့ရင်ထဲ ဘယ်လိုခံစားရမလဲ နင်တွေးကြည့်စမ်းပါ"

"အေးပါ အဲဒီသတင်းတွေ နင် နိုင်ငံခြားထွက်သွားပြီးမှ ငါ ကြားရတာ"

"နင့်ကို ဘယ်သူပြောတာလဲ"

"ဟင်၊ အဲဒါကလေ ဒီ ဒီလိုပဲ ကြားတာပေါ့ဟာ"

ဖုန်းသက်ပိုင်ဆီကကြားတာလို့ ပြောမထွက်အောင် သတိနဲ့ ထိန်းလိုက်ရသည်။ ညီအစ်ကိုချင်း ရန်တိုက်ပေးသလို ဖြစ်သွားမှာစိုးလို့ပါ။





နွေသစ်က စားပွဲထိုးလေးလာချပေးသော ကော်ဖီခွက်ကို တစ်ငှိုက်လောက် ငုံသောက်ပြီး စားပွဲပေါ်ပြန်ချကာ –

"အေးလေ၊ ဒီလိုကိစ္စက ဖုံးဖိထားလို့မှ မရတာ၊ အကြောင်းအရာသေးသေးကိုတောင် ပုံကြီးချဲ့တတ်ကြသေးတာပဲ၊ ဒါလည်း ဘယ်သူ့မှအပြစ်ပြောလို့ မရပါဘူးလေဟာ"

"နွေသစ် အခုရော အဲဒီလူကြီးနဲ့ နင့်အမေ ပေါင်းသင်းနေသား"

"ဟင့်အင်း တစ်ယောက်တည်းပါပဲ၊ မေမေကတော့ ဒီကိစ္စနဲ့ ပတ်သက်ပြီး သူ့ကိုယ်သူ လိမ်ပြောလုံတယ်လို့ပြောတယ်၊ အပြစ်ကျူးလွန်တာမဟုတ်ဘဲ သံသယနဲ့ စွပ်စွဲခံရတဲ့ပုံစံမျိုးပေါ့၊ ဘယ်ဟာကမှန်ပြီး ဘယ်ဟာက မှားနေလဲ မသိတော့ပါဘူး"

"အကြောင်းတစ်ခုခုတော့ ရှိလို့နေမှာပေါ့ နွေသစ်ရယ်၊ နင့်အမေကို အရမ်းကြီးတော့ ဥပေက္ခာပြုမထားပါနဲ့"

"အဘွားနဲ့နေရမယ်ဆိုရင်တော့ မေမေ့အတွက် အချိန်ပေးဖို့ ခဲယဉ်းလိမ့်မယ်၊ အဘွားက မကြိုက်ဘူးလေ၊ မေမေနဲ့ သွားနေရင်လည်း ငါ့ကို အရမ်းချစ်တဲ့အဘွားကို စိတ်နာအောင်လုပ်သလိုဖြစ်သွားမှာ၊ ပြီးတော့ ဖေဖေသေရတာ မေမေ့ကြောင့်လေ၊ အဲဒီအတွက် ပေးဆပ်ဖို့ ငါ့မှာ ဝတ္တရားရှိတယ်"

"နင် အရမ်းလိမ္မာသိတတ်တာပဲ နွေသစ်ရယ်"

နွေသစ်ဦးစိတ်ကလေးကို လေးစားအသိအမှတ်ပြုမိသည်။ အဖြစ်သူကို အပြည့်အဝ အပြစ်တင်ချင်ပုံမရသလို အဘွားကျူးရှု



www.burmeseclassic.com

www.burmeseclassic.com



ကိုလည်း မမေ့ပေ။

ဒါကြောင့် ဖုန်းသက်ပိုင်က နွေသစ်ကို အကောင်းတစ်ချက်မှ မမြင်ဘဲ မေမေ့ရှေ့မှာ အတင်းလိုပြောနေတာက အဆိုးဆုံးပင်။

"ဖုန်းသက်ပိုင်နဲ့ တစ်အိမ်တည်းနေရတာရော အဆင်ပြေလား တင် နွေသစ်"

"ဘာမပြေစရာရှိလဲ၊ သူလည်း သူ့ပညာရေးအတွက် တစ်ချိန်လုံး ကြိုးစားနေတာပဲ၊ လေးလေးအောင်ဖုန်းကျော်က အဘွားရှေ့ဆိုင်မှာ တာဝန်ယူနေရတာ၊ ငါလည်း ငါ့လုပ်ငန်းလေး အကောင်အထည်ဖော်ဖို့ လက်လှမ်းမီသမျှ အခက်အခွယ်ရှာနေတယ်၊ အချိတ်အဆက်မိတာနဲ့ ရုံးခန်းဖွင့်မယ်၊ အဲဒီအချိန်ကျရင် နင့်ကို အခုလို အချိန်ပေးနိုင်မှာ မဟုတ်ဘူး"

"အံမယ် နင့်ရုံးခန်းကို လာမှာပေါ့"

"အေးပါ ငါကလည်း နင့်ဂျာနယ်တိုက်နဲ့ အနီးဆုံးမှာ ကွန်ဒို ရှာပြီး ရုံးခန်းဖွင့်နိုင်အောင် လုပ်မှာပါ"

"ဟုတ်လား၊ ရပါစေဟယ်၊ နေဦး မြေညီထပ်မှာ ငှားနေတဲ့ ဆေးခန်းက ဒီတစ်ခါစာချုပ်ပြည့်ရင် တခြားနေရာပြောင်းမယ်လို့ ကြားတယ်"

"ဟာ အဲဒါဆို အိုကေပေါ့၊ သေချာအောင် စုံစမ်းထားလိုက်ဟာ၊ ဈေးဘယ်လောက်ကြီးကြီး ငါရအောင်ငှားမယ်"

"နင် တကယ်နော်"

"အေးပါဆို၊ အဲဒါရရင် နင် ရုံးတက်ရုံးဆင်း လိုင်းကားတိုးမစီး

...အောင် ငါ့ကားနဲ့ အကြိုအပို့လုပ်ပေးမယ်"

လိုက်ခဲ့ ပျော်ရွှင်သွားပေမယ့် ငွေစင် အပြည့်အဝ ဝမ်းမသာနိုင်ပေ။ ဒီလိုသာ နွေသစ်နှင့် အနေရင်းနှီးသွားလျှင် ဖုန်းသက်ပိုင် ဘယ်လိုနေပါ့မလဲ။ နွေသစ်နှင့်မတွေ့ရ မပြောရဆိုတာတွေနှင့် ချုပ်ချယ်ကန့်သတ်လာနိုင်သည်။

သူမ ဘာကြောင့်များ ဖုန်းသက်ပိုင်နှင့်ချစ်သူတော်လိုက်ရတာကို နောင်တရသလို ဖြစ်မိမှန်းမသိပေ။

အနှောင်အဖွဲ့ကင်းသော အခြေအနေမျိုးမှာ နွေသစ်နှင့် လွတ်လွတ်လပ်လပ် သူငယ်ချင်းဖြစ်ခွင့်ရလျှင် ဘယ်လောက်များကောင်းမည်နည်း။

"ငွေစင်"

"ဟင်"

"ဘာဖြစ်သွားတာလဲ၊ ငါပြောတာ နင်လက်ခံတယ် မဟုတ်လား"

"ငါ့အတွက် အဆင်ပြေအောင် လုပ်ပေးတာ ကျေးဇူးတင်ပါတယ်၊ ဒါပေမဲ့ နင့်အတွက် အခက်အခဲ"

"ငါက နင့်အတွက်ဆို အပင်ပန်းခံချင်နေတာပါ၊ နှစ်တွေ အကြာကြီး ကွဲကွာနေခဲ့တဲ့အချိန်တွေအတွက် နင့်အပေါ် ပျက်ကွက်ခဲ့တာတွေ ပြန်ပေးဆပ်တယ်လို့ သဘောထားလိုက်ပါနော်"

ထိုစကားကြားရချိန်မှာ နွေသစ်ရဲ့ သံယောဇဉ် အတိမ်အနက်ကို ငွေစင် ခန့်မှန်းမိသွားသည်။ ရင်ထဲ တလှိုက်လှိုက် ကြည်နူးသွားသည်







www.burmeseclassic.com

www.burmeseclassic.com



ရှိသော်လည်း ဘာကို နောက်ဆံတင်းမိမှန်းမသိဘဲ လေးပင်နင့်သီးနေမိ သည်။

ငါလည်း နင့်ကိုခင်ပါတယ် နွေသစ်ရယ်။

✿ ✿ ✿



## အခန်း (၇)

"ဟဲ့ ပစ္စည်းတွေ တနင့်တပိုးနဲ့ အဲဒါက ဘယ်လိုဖြစ်လာတာလဲ၊ ဘယ်သူဝယ်ပေးလိုက်တာလဲ၊ ပြော် မောင်နွေသစ်"

နွေသစ်ပါ နောက်ကနေ အထုပ်တွေဆွဲဝင်လာတာမို့ ဒေါ်မေ ဆော် ပါးစပ်ပိတ်သွားသည်။ နွေသစ်နှင့်ငွေစင်က အထုပ်တွေချပြီး ဧက်တီခုံမှာ ဝင်ထိုင်လိုက်ကြသည်။

"အန်တီ့ဖို့လည်း အဝတ်အစားနဲ့ အသုံးအဆောင်နည်းနည်း ပါတယ်၊ နိုင်ငံခြားပြန်လက်ဆောင်တော့ မဟုတ်ဘူးပေါ့ အန်တီရယ်"

"ရပါတယ်ကွယ်၊ ပေးတဲ့သူက စေတနာနဲ့ပေးတာ အန်တီက ကျေးဇူးတင်ပါတယ်၊ ဒါနဲ့ ညနေစာတစ်ခါတည်းစားသွားပါလား၊ အန်တီ ဒယ်မင်းပွဲပြင်လိုက်မယ်"



www.burmeseclassic.com

www.burmeseclassic.com



"နေပါစေအန်တီ၊ မိတ်ဆွေတစ်ယောက်နဲ့ လုပ်ငန်းကိစ္စပြော
ညာစာရေး ချိန်းထားလို့ပါ၊ ငွေစင် ငါ ပြန်တော့မယ်၊ မနက်ဖြ
ကိုးနာရီ ရုံးတက်မှာမဟုတ်လား၊ ငါလာခေါ်မယ်"

"အေး အေး၊ ကားကို ဖြည်းဖြည်းမောင်းနော်"

"အေးပါ၊ အန်တီ ခွင့်ပြုပါဦး"

"ကောင်းပါပြီကွယ်"

နွေသစ်ကို အိမ်ရှေ့ရောက်အောင်လိုက်ပို့ပြီးမှ ငွေစင် အိမ်
ပြန်ဝင်လာသည်။ အပြုံးမပြယ်သေးသော ငွေစင့်မျက်နှာကို အကဲခတ်
ဒေါ်မေသော် လေးလေးပင်ပင် သက်ပြင်းချ၏။

"သမီး"

"ရှင် မေမေ"

"ဒီလက်ဆောင်ပစ္စည်းတွေ ဘယ်လောက်ဖိုးတောင်လဲ"

"သူရှင်းလိုက်တာ ငါးသိန်းကျော်မယ် ထင်တယ်"

"အဲလောက်ငွေအမောက်တန်ဖိုးကို သမီး ဘာလို့လက်ခံလို
တာလဲ သမီး"

"သမီးက အဲလောက်ကြီး ဝယ်မပေးဖို့ ငြင်းပါသေးတ
သူက အစကတည်းက သမီးတို့အခြေအနေကို နားလည်တယ်၊ နေ
လိုအပ်တာရှိရင်တောင် သူ့ကိုပြောလို့ ပြောနေတာ"

"သူငယ်ချင်းလိုခင်တာမှ ဟုတ်ရဲ့လားသမီး"

"ဟင် သမီးတို့က ရိုးရိုးသားသားပါ၊ ဟိုအရင်တည်းက အ
ခင်ကြတာ မေမေလည်း သိရဲ့သားနဲ့"





"အဲဒီငယ်ရွယ်တဲ့အချိန်ကတော့ ကိစ္စမရှိဘူးသမီး။ အခု သမီး
မှာ ဆရာဝန်လောင်း ဖုန်းသက်ပိုင်ဆိုတဲ့ချစ်သူ ရှိတယ်၊ ဒီလို တွဲသွား
တွဲလာလုပ်တာ မသင့်တော်ဘူး"

"သက်ပိုင်ကို သမီး ပွင့်ပွင့်လင်းလင်း ပြောပြထားပါတယ်၊
ပြီးတော့ နွေသစ်က သူ့အစ်ကိုပဲလေ၊ သူ မကြည်ဖြူစရာ မရှိပါဘူး။
သမီးတို့ ဟိုးအရင်ကတည်းက သံယောဇဉ်ကြီးကြီးနဲ့ ခင်ခဲ့ကြတာ သူသိပါ
တယ်"

"ဘာပဲဖြစ်ဖြစ် ယောကျ်ားဆိုတာ အတူတူတတ်တာပဲ သမီး၊
မေမေ့အနေနဲ့ပြောရရင် နွေသစ်ကို သမီးနဲ့မောင်သက်ပိုင်အကြောင်း
ပွင့်ပွင့်လင်းလင်း ဖွင့်ပြောထားသင့်တယ် ထင်တယ်"

"ရှင်"

"ဒါမှ သူလည်း ဆင်ခြင်သွားမှာပေါ့၊ ဒီလိုအတိုင်းသာဆိုရင်
ဘက်က သူငယ်ချင်းအဆင့်နဲ့ ရပ်နေမှာမဟုတ်ဘူးသမီး"

"မေမေ ဟို"

ငွေစင် ဘာပြောမည်ဆိုတာ သိနေသလို ဒေါ်မေသော် လက်
၍ -

"ဘာမှ မဟုတ်သေးပါဘူး။ ရိုးရိုးသားသားပါလို့ သူ့ဘက်က
ကွယ်ပေးချင်လို့လား၊ အဲဒီရိုးသားတဲ့စိတ်ကို သမီး ဘယ်အချိန်
ထိုင်းအတာလောက်အထိ အာမခံနိုင်သလဲ၊ သမီးရော သူ့ရဲ့လိုက်လျော
တွေကို ဘယ်လောက်ထိ တောင့်ခံနိုင်မလဲ၊ မေမေ့အမြင်ပြောရရင်
ရဲ့ချစ်သူဖြစ်တဲ့ မောင်သက်ပိုင်ထက် မောင်နွေသစ်က သမီးအပေါ်



www.burmeseclassic.com

www.burmeseclassic.com



ပို့ပြီး နွေးထွေးမှု၊ နားလည်မှုရှိသလိုပဲ၊ အဲဒါကို သမီးလည်း ခံစားမိတာ မဟုတ်လား''

''ဟုတ်ကဲ့''

''အေး လင်ရှိမယားတောင် သူစိမ်းယောကျ်ားတစ်ယောက် ကြင်နာနွေးထွေးမှုကို သာယာတတ်ကြတာပဲသမီး၊ ကိုယ့်ရဲ့စိတ်က ဘဲ လောက်ရိုးသားပါတယ်ပြောပြော အသွေးအသားက ဆာလောင်တော တလာရင် လင်ကြီးကိုပစ်ဖို့ ချစ်သူရည်းစားကို သစ္စာဖောက်ဖို့ ဝန်မလေ တတ်ကြတော့ဘူး''

''မေမေကလည်း လူတစ်ယောက်ရဲ့ ကိုယ်ကျင့်တရားက

ဒေါ်မေသော် နှုတ်ခမ်းလေးတစ်ဖက်တွန့်ကွေးပြုံး၍ ဟန့် လိုက်ပြန်သည်။

''မျိုးရိုးဗီဇပါလာရင် အဲဒီလူဟာ ပိုပြီး မဆင်ခြင်နိုင်တော့ သမီး၊ မောင်နွေသစ်အမေက ဘယ်လိုမိန်းမစားလဲ၊ သူ့အဖေ ဘာကြော သေသွားရတာလဲ၊ မအေတူသားဖို့ မိန်းကလေးတစ်ယောက်ကို ဘယ် သိမ်းသွင်းရမလဲဆိုတာ နားလည်နေတာပေါ့''

''အာ မေမေရယ်၊ နွေသစ်က အဲလိုကြီးမဟုတ်ပါဘူး။ အဲ လူစားမျိုး လုံးဝဖြစ်မလာနိုင်ပါဘူး မေမေ''

''အဲဒီလို ပျာပျာသလဲ ကာကွယ်ပေးတာကို မေမေ မကြိုက် သမီး၊ အမြဲတမ်း သူ့ဘက်က ဆတ်ဆတ်ထိမခံနိုင်သလို ဖြစ်နေတ မိခင်တစ်ယောက်မေတ္တာနဲ့ လုံးဝ အမှားအယွင်း အဖြစ်မခံနိုင်ဘူး

''မေမေ နွေသစ်ကို မုန်းနေတာတော့ မဟုတ်ပါဘူးနော်





''ဟင့်အင်း မမုန်းပါဘူး။ မောင်သက်ပိုင်ထက် နားလည်မှု တတ်မှုရှိတဲ့ မောင်နွေသစ်ကို မေမေလည်း တူသားတစ်ယောက်လို ချစ်ခင်ပါတယ်၊ ဒါပေမဲ့ သူလိုလူမျိုးကို သမီးရဲ့အိမ်ထောင်ဘက်ဖြစ်လာ တော့ မေမေ လက်မခံနိုင်ဘူး သမီး''

''ရှင်''

''ဘာဖြစ်လို့လဲဆိုတဲ့ အဖြေကတော့ ခုနက မေမေပြောသလို မိဘရဲ့အမည်းစက်က သူ့ကို ရိုက်ခတ်နေတယ်၊ အဲဒါက ခြွင်းချက် ရင်တောင် သမီးနောင်ရေးအတွက် စိတ်မအေးရဘဲ မေမေ နောက်ဆံ နေရမယ်၊ မောင်သက်ပိုင်ကတော့ ဆရာဝန်ဂုဏ်ပုဒ်နဲ့ အနေအေး တည်ငြိမ်တဲ့သူတစ်ယောက်မို့ သားစဉ်မြေးဆက် မေမေ စိတ်ချနိုင် ပါတယ်''

မေမေ့မေတ္တာကို နားမလည်လို့မဟုတ်ပါဘဲ သက်ပြင်းငွေ့ငွေ့ နွေသစ်နှင့် သံယောဇဉ်ဖြတ်တောက်ပစ်ရန်လည်း စိတ်မကူးမိပေ။ မေမေ နားလည်လက်ခံပေးအောင် သူမ ဘယ်လိုကုတိမျိုးပေးရင် ကောင်းမလဲ။

မေမေကို မျက်လွှာလှန်ကြည့်လိုက်ပြီး –

''နွေသစ်ကို သမီးတို့အကြောင်း ဖွင့်ပြောလိုက်ရင်ရော မေမေ လက်ချနိုင်မလားဟင်၊ ရိုးရိုးသားသားဆိုရင်တော့ ခင်လို့ရတယ် မဟုတ် လား''

''သူနဲ့ ခင်မင်မှုမဖြတ်နိုင်ရင်တော့ ဖွင့်ပြောလိုက်တာက အကောင်းဆုံး စည်းခြားလိုက်တာပဲဆိုတာ သူနားလည်မှာပါ၊ ဒါမှ မောင်



www.burmeseclassic.com

www.burmeseclassic.com



သက်ပိုင်ဘက်ကလည်း သမီးကို ယုံကြည်နိုင်လိမ့်မယ်၊ တကယ်
မောင်နေ့သစ်စိတ်က ရိုးသားမနေရင် သူ့ဘာသာ နောက်ဆုတ်သွားမှာ
သမီး''

''သက်ပိုင်က အဘွားကို တွန်းတိုက်ပြီး ယုတ်မာမှာကို စိုး
နေတာ''

''အဲလိုတော့ မောင်နေ့သစ် ယုတ်မာမယ်မထင်ပါဘူး။ ဘာ
လို့လဲဆိုတော့ သူ့မှာ ရိုးသားဖြူစင်တဲ့စိတ်ကလေး ရှိတယ်၊ တကယ်
သူ့ဘက်က အဲလိုစိတ်ဖြစ်ရင် ပိုပြီးတော့ ဖြတ်တောက်လို့ကောင်း
ပေါ့ကွယ်၊ အဲဒါဆိုရင် သမီး သံယောဇဉ်ဖြတ်နိုင်တယ် မဟုတ်လား''

''ဟုတ်ကဲ့၊ အဲလိုဖြစ်လာခဲ့ရင် သူ့ကို သူငယ်ချင်းစာရင်း
ဖြတ်လိုက်မယ်လို့ သမီးကတိပေးနိုင်ပါတယ် မေမေ''

အခုမှ ဒေါ်မေသော် ပြုံးနိုင်တော့သည်။ သမီးအတွက် အသ
တော်ခဲ့။ အိမ်ထောင်ဘက်ရွေးချယ်ထားပြီးပြီမို့ တခြားကိစ္စများ
အမှားအယွင်းမခံနိုင်တာ မိခင်တစ်ယောက်ရဲ့မေတ္တာဆိုတာ သမီး
လည်းမှာပါ။

ဒါဟာ အတ္တမဟုတ်ပါဘူး သမီး။

✿ ✿ ✿



## အခန်း (၈)

''မြေးကြီးရေ နေ့သစ်၊ ထတော့လေကွယ်၊ အဘွားက မနက်
အဆို မြေးကိုစောင့်နေတာကွဲ့၊ အောက်မှာ လှုံနေပြီနော်၊ မျက်နှာသစ်
ပြီး မြန်မြန်ဆင်းလာခဲ့''

''ဟုတ်ကဲ့ အဘွား၊ ခဏလေးပဲ''

စောင်ကို ဆွဲခွာပြီး နိုးမှ နေ့သစ် လူးလဲထကာ ရေချိုးခန်းဝင်
သွားသည်။ ပြီးမှ သတိတရဖြင့် ဘွားအေပါးကို ကပျာကသီ လာနမ်းသေး
သည်။

''ဟင်း ဟင်း၊ ကလေးကျနေတာပဲ''

ကြည်နူးပြုံးများဖြင့် ဒေါ်တင်မျိုးနွယ် အောက်ထပ်ထမင်းစား
ခန်းထဲ ဆင်းလာခဲ့သည်။ စားပွဲဝိုင်းမှာ ဦးအောင်ဖုန်းကျော်နှင့် ဖုန်းသက်



www.burmeseclassic.com

www.burmeseclassic.com



ပိုင်တို့ သားအဖက ရောက်နှင့်နေ၏။

"ဟဲ့ စားနေသောက်နေကြပြီလား။ လူစုံအောင် စောင့်ပါဦး
တော့လားကွယ်၊ မိသားစုဆိုတာ အဲဒါမှ မွေးထွေးမှုရှိတော့မှာပေါ့"

"သားက ပရောဂျက်တီကယ်နိုင်တယ်၊ စောစောသွားရမှာ၊ မေမေ
လည်း မိတ်ဆွေတစ်ယောက်နဲ့ ချိန်းထားလို့ပဲ၊ အဘွားက နွေသစ်ရော
လာမှ အကဲကိုပိုတယ်၊ သူ့ဘာသာ အပျင်းကြီးအိပ်နေတာကို သားတို့
ဘာလို့စောင့်ရမှာလဲ"

"ဩော် မြေးရယ်၊ ကိုယ့်အစ်ကိုကို အဲလိုပြောရလား။
ညက လုပ်ငန်းကိစ္စအတွက် ဧည့်သည်တွေနဲ့တွေ့ပြီး အိမ်ပြန်နောက်
လို့ပါ၊ အရင်နေ့တွေက အဲလောက်အိပ်ရာထ နောက်ကျတဲ့ကလေ
မဟုတ်ပါဘူး"

"မေမေကလေ နွေသစ်ဘက်ကဆို အမြဲတမ်းကာကွယ်ဖာထေ
နေတော့တာပဲ၊ အဲဒါကြောင့် သားက အဘွားကတဲ့ သူ့ကို နွေသ
လောက်မချစ်ဘူးလို့ ပြောပြောနေတာ"

"အဲ့မယ်လေး မချစ်ဘဲနေပါ့မလား။ ငါ့မှာ ဒီမြေးနှစ်ယောက်
ရှိတာ၊ အသည်းထဲက တုန်နေအောင်ကိုချစ်တယ်၊ ဒါပေမဲ့ ကြင်ကြ
နာနာမနေတတ်တဲ့ သားကြီးကြောင့် နွေသစ်လေးကိုတော့ အသနား
တယ်၊ သူ့ခမျာ သက်ပိုင်လေးလို မိဘတွေက ထွေးပိုက်ယုယခဲ့တာ
မရှိဘူးမဟုတ်လား"

"ကိုကိုက သူနေတတ်သလို နေတာပဲ မေမေရဲ့၊ သူ့မိန်းမ
သာ အဲဒါကိုအကြောင်းပြပြီး သာယာမှုရှာလို့ သားသမီးနဲ့ အနေ





သွေးစိမ်းတာ"

"အဲလို ပြောကြေးဆို နွေသစ်ကို သားထက်ပိုပြီး အဘွားက ရွှေစိုက်တော့ သားလည်း ဝမ်းနည်းရတာပဲ"

ဖုန်းသက်ပိုင်က ကြေးတန်းနှိုင်းရင်း မကျေနပ်ချက်ကို ရင်ဖွင့်နေ၏။ ဦးအောင်ဖုန်းကျော်ကတော့ နွေသစ်ဝင်လာတာမြင်၍ ချက်ချင်း ထထွက်သွားသည်။

ဒါကို ဒေါ်တင်မျိုးနွယ် မျက်မှောင်ကြုတ်သွားပေမယ့် နွေသစ်ကို မြင်လိုက်သည်နှင့် မျက်နှာလေးပြုံးသွားပြီး –

"မြေးကြီး ထိုင်၊ ဘာစားမှာလဲ, ဘာသောက်မှာလဲ၊ ဒီမှာ မြေးကြီးကြိုက်တာတွေ အကုန်ပြင်ဆင်ထားတယ်"

"ဟုတ်ကဲ့၊ အဘွားရော စားပြီးပြီလား"

"ဘယ်စားရသေးမှာလဲကွယ်၊ မြေးကို စောင့်နေတာပေါ့၊ မြေးကြီး ဘာစားမှာလဲ၊ မုန့်တီသုပ်လား, ရွှေတောင်ခေါက်ဆွဲလား"

"မုန့်တီသုပ်စားမှာ၊ အဘွားလက်နဲ့ နယ်ပေးနော်၊ ဖွန်းနဲ့နယ် စားရမှာ အားမရဘူး"

"ဟုတ်ပါပြီတော်၊ မြေးလေးအကြိုက် လုပ်ပေးမှာပါ"

နွေသစ်အတွက် သေသေချာချာလုပ်ပေးနေတာမို့ ဖုန်းသက်ပိုင်ရင်ထဲ ကျလိကျလိ ဖြစ်နေသည်။ နွေသစ် အဲလိုတွေအချွဲပိုလို့ အဘွား သည်းသည်းလှုပ်နေတာ ဖြစ်မည်။ ဟိုအရင်တည်းက ကိုယ့်ထက် အဘွား နှင့်နွေသစ်က အနေရင်းနှီးမွေးထွေးမှု ပိုခဲ့သည်။

ကိုယ်က အဖေ အမေရင်ခွင်မှာဆို နွေသစ်က အဘွား ခွင်မှာ



www.burmeseclassic.com

www.burmeseclassic.com



တိုးခွေ့ ချွဲနွဲ့နေတတ်ပြီး ညအိပ်လျှင်လည်း အဘွားအခန်းမှာပဲ အိပ်သည်။

ထိုအချိန်မျိုးမှာ မိဘတွေရင်ခွင်ထဲမှာနေရင်းက နွေသစ်ကို ဒေါသတွေ ဖြစ်နေမိ၏။ မနာလိုစိတ်လို့ ပြောရမလားမသိဘဲ နွေသစ်ကို အဘွားမုန်းသွားရင်ကောင်းမှာပဲလို့ တွေးခဲ့ဖူးသည်။ အဘွားဝယ်ပေးထားသော နွေသစ်အခန်းထဲမှာရှိသမျှ အရုပ်တွေ၊ လက်ဆောင်ပစ္စည်းတွေ အားလုံး ခိုးဖွက်လွှင့်ပစ်၊ သူများတွေကို ပေးပစ်တာမျိုးတွေလည်း လုပ်ခဲ့သည်။ အရွယ်လေးရောက်ကာ အသက်ကြီးလာတော့ အာဃာတတွေပါ ပိုကြီးလာသည်။

ဘာကြောင့် အဘွား ကိုယ့်ကိုမချစ်တာလဲ။ နွေသစ်လို မချွဲနွဲ့တတ်လို့လား။ ပွတ်သီးပွတ်သတ် မနေတတ်ခဲ့လို့လား။

"ဟဲ့ ခင်မေ၊ ဟင်းခါးချွေးထားတာ ရလောက်ပါပြီ၊ ဒီမှာလာချလေ၊ မြေးကြီးက အသုပ်စားနေပြီ၊ ဟင်းရည်က ရောက်မလာသေးဘူး၊ ကော်ဖီပါ တစ်ခါတည်း ဖျော်နော်၊ သိပ်မခါးစေနဲ့"

အဘွားရဲ့ လှိုင်လှိုင်တက်အောင် နွေသစ်ကို ဂရုစိုက်နေသံကြောင့် ဖုန်းသက်ပိုင် နားကြားပြင်းကတ်သလို ထရစ်လိုက်သည်။

"ဟင် မြေးသက်ပိုင် ထော်ပြီလား"

"သား ကျောင်းသွားဖို့ နောက်ကျနေမှာစိုးလို့"

"နာရီကြည့်ပါဦး၊ စောပါသေးတယ်ကွယ်၊ မြေးရော မုန့်တီသုပ်စားဦးမလား၊ အဘွားနယ်ပေးမယ်နော်"

"ဟင့်အင်း၊ ကော်ဖီနဲ့ကိတ်ကလွဲရင် သား ဘာစားတာ မြင်





ဖူးလို့လဲ၊ သွားပြီအဘွား"

အချိုးမပြေစွာ ထထွက်သွားသော ဖုန်းသက်ပိုင်ကျောပြင်ကို ကြည့်၍ ဒေါ်တင်မျိုးမွယ် လေးပင်စွာ သက်ပြင်းချမိသည်။ တစ်ခါတစ်ရံသာ စကားပြော အဆင်ပြေ၍ ဂရုတစိုက်ရှိတတ်သော်လည်း အနေတည်တာ အေးစက်စက်နေတတ်သည့် ဖုန်းသက်ပိုင်က နွေသစ်လောက် နွေးထွေးမှု မပေးတတ်တာတော့ အမှန်ပင်။

နွေသစ်က အမြဲလို စကားချိုချိုလေးဖြင့် ချွဲနွဲ့တတ်ပြီး မျက်နှာမငြိုအောင် ပျော်ရွှင်မှုတွေလည်း ပေးတတ်သည်။ ခွဲခြားချစ်တာမျိုး မဟုတ်ပေမယ့် နိုင်ငံခြားမသွားခင်ကလည်း နွေသစ်နဲ့ပဲ အနေရင်းနှီးခဲ့တာပါ။

ဖုန်းသက်ပိုင်က ပညာရေးကိုပဲ အာရုံစိုက်ပြီး ပညာဂုဏ်မောက်နေတာလား၊ မိဘမာန်တက်နေတာလား မသိနိုင်။ နွေသစ်မိဘတွေလို အပြစ်အနာအဆာ မရှိခဲ့ဘူး မဟုတ်လား။

"အဘွား"

"ဟင် မြေး ဘာဖြစ်လို့လဲ၊ ရှေတ်သီးစပ်လို့လား။ ရေသောက်မလားဟင်"

"မဟုတ်ပါဘူး အဘွားရဲ့ သက်ပိုင်ကို ဘာတွေလိုက်ကြည့်ပြီး တွေးနေတာလဲလို့"

"မဟုတ်ပါဘူးကွယ်၊ အဘွား ဘာမှမတွေးပါဘူး၊ ဒါနဲ့ မြေး ထုပ်ငန်းကိစ္စရော အကောင်အထည်ဖော်တော့မှာလား။ အဘွား အငှားအနီး ဘယ်လောက်ထုတ်ပေးရမလဲ"



www.burmeseclassic.com

www.burmeseclassic.com



"သားမှာပါလာသလောက်ပဲ အရင်းအနှီး မ,တည်မှာပါ၊ သား အလုပ်က အရင်းအနှီးလည်း အများကြီး မြှုပ်နှံစရာမလိုဘူးလေ၊ ရုံးခန်းအတွက်နဲ့ ကြော်ငြာစရိတ်ပဲ အဓိကပါ"

"လုပ်မယ့်လုပ်ရင်း ကြီးကြီးမားမားနဲ့ အကောင်အထည်ဖော် ပါကွယ်၊ အဘွားမြေးဖြစ်ပြီး ချွတ် ချောလေးတော့ မဖြစ်စေချင်ဘူး"

"သားစုဆောင်းလာတဲ့ငွေနဲ့ လောက်ပါတယ်၊ လိုအပ်ရင်တော့ အဘွားကို ပြောမှာပါ"

"အဲဒါက ထားပါဦး၊ ဒီကြားထဲ အပြင်ခဏခဏထွက်နေတာ မြေးအမေဆီ သွားသွားနေတာလား"

စားလက်စကိုရပ်ပြီး အဘွားကို မျက်လွှာလှန်ကြည့်လိုက်မေး ကျန်တာတွေ လိုက်လျောနားလည်ပေးပေမယ့် ဒီတစ်ခုကိုတော့ ခွင့်လွှတ် ချင်ပုံမရပေ။

"သား မသွားပါဘူး အဘွား၊ ဒီကိုရောက်တဲ့နေ့ တစ်ရက်ပဲ ဝင်ရသေးတာပါ"

"အဲဒီတစ်ရက်ကိုတော့ အဘွားစိတ်ဆိုးတယ်ဆိုတာ မြေးသိ ထားပါ၊ လွမ်းနေခဲ့ရတဲ့ အချိန်တွေကြာလို့ အဲဒီတစ်ရက်ကို အဘွား ခွင့်လွှတ်ပေးလိုက်တာ၊ မြေးအမေရဲ့အသံကြားရင် အဘွားရင်တွေ တဆတ်ဆတ်နာတယ်၊ သားကြီး မချိမဆံ့ခံစားပြီး သေသွားရတာကို အဘွား ဘယ်လိုမှ မေ့လို့မရဘူး"

"အဲဒါတွေကို သတိရပြီး စိတ်ဆင်းရဲမနေပါနဲ့တော့ အဘွား ရယ်၊ သားလည်း အခု သွားလာနေတာမှ မဟုတ်တာ"





"အင်းပါ၊ မြေးသာ အဘွားအနားမှာရှိရင် အဘွားက ကျန်တာ တွေ မေ့ထားနိုင်ပါတယ်"

"တစ်ခုတော့ တောင်းဆိုချင်တယ် အဘွား"

"ဘာများလဲ မြေး၊ ပြောလေ"

"မေမေ့ကို လုပ်ငန်းလေးတစ်ခုလုပ်ဖို့ ငွေကြေးထောက်ပံ့ပေး လိုက်ရရင် ကောင်းမလားလို့ပါ၊ အခု အိမ်စက်ကလေးချုပ်ပြီး ရပ်တည် နေတာ မလောက်မငနဲ့၊ ဟို ကျန်းမာရေးကလည်း ရှိသေးတယ်"

"မြေးက အဲလောက်ထိတောင် အသေးစိတ်စုံစမ်းထားတာ လား၊ ဒါမှမဟုတ် မြတ်ကေသွယ်က တောင်းဆိုတာလား"

"အဲလို မဟုတ်ပါဘူး၊ အဲဒီနေ့ကသွားတော့ အခြေအနေကို ခန့်မှန်းခဲ့ရုံပါ၊ သားကိုကျွေးတဲ့ ထမင်းပွဲတောင် ဖွယ်ဖွယ်ရာရာမရှိဘူး၊ တဲသာသာအိမ်လေးထဲမှာ အနေအစား ဆင်းရဲပြီး"

"အဲဒါ သူပြုခဲ့တဲ့ကံ သူခံရတာလေ မြေးရဲ့၊ ဒီအိမ်ကြီးမှာ သူ ဘယ်လိုနေခဲ့စားခဲ့ရလဲ၊ ဆင်းရဲချို့တဲ့တဲ့သူမို့ အဘွား သဘောမတူခဲ့ဘူး ဆိုပေမယ့် သူတို့ကို အဘွား အိမ်ခွဲထုတ်ခဲ့သလား၊ ဒီအိမ်မှာပဲ ခေါ်ထားခဲ့ တာ"

အိမ်ဖော်တစ်ယောက်လို ကျိုးနွံခယပြီး နေခဲ့ရတာပါလို့ ရင်ထဲ က ပြောနေမိသည်။ အဘွားက နှိမ့်ချစွာဆက်ဆံခဲ့လို့ ဖုန်းသက်ပိုင်တို့ မိသားစုကလည်း လေးစားမှုမှ မရှိခဲ့တာ။

အဘွားက သူ့ရင်ထဲက တုံ့ပြန်စကားတွေကို မသိဘဲ—

"သားကြီး မအေကို အတိုက်အခံလုပ်ပြီး သူ့ကို ယူထပ်ခဲ့



www.burmeseclassic.com

www.burmeseclassic.com



တာပါ၊ မြေးကို ကိုယ်ဝန်လွယ်မထားရသေးဘူးဆိုရင် အဘွား လုံးဝ လက်ခံဖြစ်ခဲ့မှာ မဟုတ်ဘူး။ မြေးကို ဝမ်းဗိုက်ထဲမှာကတည်းက အဘွား ဘယ်လောက်ချစ်တယ်ဆိုတာ မြေးသိပြီလား''

''ဟုတ်ကဲ့''

''အေး မြေးမျက်နှာကြောင့် အဘွားစိတ်တွေကို လျှော့ခဲ့ရတယ်၊ မြတ်ကေသွယ်က တကယ်ဆို မျိုးရိုးမြတ်ခဲ့တာ မဟုတ်ဘူး၊ သူ့အမေက နောက်အိမ်ထောင်နဲ့၊ သူ့ညီမက မယားကြီးငုတ်တုတ်ရှိတဲ့သူကို အငယ် အနှောင်းအမည်ခံပြီး ယူထားတာ''

''အဲဒါကြောင့် မေမေလည်း အဲလိုလုပ်ခဲ့တယ်လို့ ပြောချင်တာ လား''

''မျိုးရိုးဗီဇဆိုတာ အဲဒါပဲလို့ မြေးသိအောင်ပြောပြတာပါ။ အဲဒါကြောင့် သူတို့အကျင့်ဗီဇတွေ မကူးစက်အောင် မြေးကို အဘွားပဲ ပြုစုစောင့်ရှောက်ခဲ့တာပေါ့၊ အခု မြေးက သူ့ဆီကို အဝင်အထွက်လုပ် သွားလာနေမယ်ဆိုရင် ပတ်ဝန်းကျင်က အထင်သေးတာ, အမြင်စောင်း တာကို အဘွားလို စိတ်မနာနိုင်ဘူးလို့ ပြောချင်တာလား''

''သားတစ်ယောက်အနေနဲ့ ဝတ္တရားရှိတယ်ထင်လို့ပါ''

''တော်ပြီ''

ဒေါ်တင်မျိုးနွယ် လေသံမာသွားကာ ပန်းကန်တွေ ခွက်တွေကို အသံမြည်အောင် တစ်ဖက်တိုးရွှေ့ပြီး ထရပ်သည်။

''အဘွား''

''မြေးနဲ့ ခုနစ်နှစ်လောက် ခွဲနေအောင်လုပ်တာလည်း မြတ်





ကေသွယ်က တရားခံပဲ၊ သားကြီးနဲ့လည်း သေကွဲကွဲအောင်လုပ်တယ်၊ ဒီလိုမိန်းမရဲ့အကြောင်းကို ဒီအိမ်မှာ နောက်ထပ် မကြားပါရစေနဲ့၊ မြေးကို အဘွားချစ်တယ်၊ မြေးကြောင့် အဘွား အသက်ရှင်နေတာ၊ အဘွားသေ သွားတာကို မမြင်ချင်ရင် မြေးအမေအကြောင်း ဘာမှမပြောပါနဲ့''

''အဘွားရယ်''

အဘွားရဲ့ လှည့်ထွက်သွားသော ခြေသံပြင်းပြင်းက သူ့ရင်ကို ဆောင့်ခါဆွဲရမ်းသွားသလို ခံစားရသည်။ သူက အဘွားအတွက် မြေး သီမှာတစ်ယောက်အဖြစ် နေခဲ့လျှင် မေမေ့အတွက် သားဆိုးတစ်ယောက် ဖြစ်နေမှာ သေချာသည်။

သား ဘာလုပ်ရမှာလဲ မေမေ။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၉)

"လုပ်တော့မယ်ဆိုရင် ကြော်ငြာအားကောင်းကောင်းနဲ့ ထို
ဖောက်မှ အောင်မြင်မှာ၊ ကိုယ့်ဒီဇိုင်းတွေကို စိတ်ဝင်စားလာဖို့အတွက်
အင်တာနက်မှာလည်းတင်ရမယ်၊ ဒါမှ လုပ်ငန်းရှင်တွေကို ကျယ်ကျယ်
ပြန့်ပြန့် အသိပေးသလို ဖြစ်မှာလေ၊ အထိရောက်ဆုံးကတော့ အဲဒါပဲ"

"ဟုတ်ကဲ့၊ အခုလို အကြံပေးတာ ကျေးဇူးတင်ပါတယ်၊ ကျွန်
တော်လည်း ဟိုတယ်တစ်ခုမှာ အနုပညာရှင်တွေနဲ့ ကျွန်တော့်လက်ရာကို
မိတ်ဆက်ပေးနိုင်းဖို့ စီစဉ်ထားတာ၊ ဒီအတိုင်းက မြန်မြန်ထင်ပေါ်မှာ
မဟုတ်ဘူးလေ"

"ကိုယ်ပြောတာလည်း အဲဒါပဲ၊ အနုပညာရှင်တွေရဲ့ မက်ဆေ့
က ပြည်သူတွေအပေါ်မှာ အများဆုံး လွှမ်းမိုးနိုင်တယ်၊ သူတို့လက်ခံသွား





ရှင် အနုပညာရှင်လည်းပေါက်၊ လုပ်ငန်းရှင်လည်း ပေါက်သွားတာပဲ"

"အဲလိုသာ အောင်မြင်သွားရင် ကျွန်တော့်ကို ဒီနေရာလေး
င်းပါဗျာ၊ သူများဆီ ရောက်သွားမှာစိုးလို့"

"စိတ်ချ၊ အခုစာချုပ်ချုပ်ရတာ အဆင်ပြေသွားတဲ့အတွက်
ကိုပဲ ဦးစားပေးမှာပါ၊ ရောင်းဖို့က အစီအစဉ်ရှိတယ်၊ တခြား
င်နီးတစ်ခု ဆက်သွယ်ထားလို့လေ၊ စရန်ချမနေဘဲ တစ်ခါတည်း
အောင်လုပ်ပေးတဲ့အတွက် ကျေးဇူးပဲ၊ ငွေစင် ညည်းက ဆက်သွယ်
တာဆိုတော့ ညည်းကို မုန့်ဖိုးပေးရဦးမှာပေါ့"

"ဟာ အစ်ကို မပေးပါနဲ့၊ ကျွန်တော် သူ့ကိုပေးမှာပါ"

တိုက်ခန်းပိုင်ရှင် ငွေထုတ်ရေနေတာကို နွေသစ် မျှာမျှာသလဲ
တားလိုက်သည်၊ ငွေစင်ကို သူများပေးတာကမ်းတာ လက်ခံယူရတာ
မဖြစ်စေချင်လို့ပါ။

တိုက်ခန်းပိုင်ရှင်က သော့တွဲကို လက်ကမ်းပေးပြီး –

"ကဲ ဒီတိုက်ခန်း မင်းပိုင်သွားပြီဆိုတော့ အစ်ကိုကိုခွင့်ပြုဦး။
သုံ့ကိစ္စ ချိန်းထားတာလေးတွေ ရှိလို့ကွ"

"ဟုတ်ကဲ့၊ ကျေးဇူးတင်ပါတယ် အစ်ကို"

တိုက်ခန်းပိုင်ရှင်ထွက်သွားသည်နှင့် တစ်ခန်းလုံးကို ငေးငဲ
ခဲတ်ပြီး နွေသစ် သဘောကျနေသည်။

"နင့်ကျေးဇူးကြောင့် ငါနဲ့အံဝင်ခွင်ကျတဲ့ တိုက်ခန်းရတာ ကျေး
ငွေစင်၊ မှန်အကြည်တွေတပ်ထားတော့ အပြင်ကနေ ကြည့်ရှု
န်းရဲ့ ဒက်ကရေးရှင်းကို ရှင်းရှင်းလင်းလင်း ကွက်ကွက်ကွင်းကွင်း



www.burmeseclassic.com

www.burmeseclassic.com

မြင်ရတာပေါ့၊ ငါခွဲခဲ့တဲ့ အဆောက်အအုံဒီဇိုင်းပုံတွေကို မြင်သာ ထင်ရှားအောင် ချိတ်ထားတာကောင်းမယ်"

"ကက်တလောက်ထဲက အကောင်းဆုံးပုံတွေ ပုံကြီးချဲ့ မှန်ဘောင်နဲ့ချိတ်ပေါ့၊ ရှုခင်းပုံတွေလည်း ဝယ်ဦး။ ဘယ်လိုရှုခင်း ဘယ်လိုအိမ်မျိုး၊ အဆောက်အအုံမျိုးနဲ့ လိုက်ဖက်တယ်ဆိုတာ ရွေးလို့ ရတာပေါ့"

"ဂွတ် နင်လည်းပညာရှင်ပဲ၊ ငါ့အနားမှာ ဘော်ဒီဂတ်ဒီဇိုင် လုပ်ပေးပါလား"

"နင်က ငါ့ကို လစာဘယ်လောက်ပေးမှာမို့လဲ"

"နင်လိုသလောက်ပေါ့ဟာ၊ နင်နဲ့ငါ့ကြားမှာ ငွေရေးကြေး အကြောင်း ပြောစရာလား"

"အလကားစတာပါ။ ငါ့အလုပ်ပဲ ငါစိတ်ဝင်စားပါတယ်"

"ဟိုပြေးလိုက် ဒီလျှောက်နဲ့ မပင်ပန်းဘူးလားဟာ၊ စတူဒီယိုလုပ်မလား ငွေစင်"

"ဟင့်အင်း မ မလုပ်တော့ဘူး။ ဒီလိုပဲ ဘေးကနေ အကြံပေးပါ့မယ်၊ နော် နွေသစ်"

သူမ ဒီလိုမငြင်းလို့တော့ မဖြစ်ပေ။ သူမတို့ရုံးခန်းနှင့် အထပ် အောက်ထပ်ဖြစ်သွားတာကို ဖုန်းသက်ပိုင် မကျေမနပ် ဝင်ဦးမှာ သူမသိနေသည်။

ဒီကိစ္စ ဒီအကြောင်းက ဆင်ခြေပေးရုံ၊ ဖြေရှင်းရုံနှင့် ပြီးသွား မဟုတ်။ ဖုန်းသက်ပိုင်နှင့် နည်းနည်းတော့ အချေအတင် ဖြစ်ရဦး





"ငွေစင်"

"ဟင်"

"ဝေါင်သွားတာ ဘာဖြစ်လို့လဲ၊ မလုပ်ချင်ရင် ဇွတ်မလုပ်ခိုင်းပါဘူး ဩော် ဒီမှာ အခန်းရအောင် လုပ်ပေးတဲ့အတွက် ပွဲစားခ"

"အောင်မယ်၊ သူငယ်ချင်းချင်းကို ပွဲစားခတွေ ဘာတွေ ပေးရမလိုသလား။ နင့်ကို စေတနာနဲ့ကူညီတာ"

"ငါကလည်း အဲဒီစေတနာကို တုံ့ပြန်တာပေါ့ဟာ၊ ဒါပေမဲ့ ခြားပွဲစားတွေဆို ဒီလို ဈေးကြီးတဲ့အခန်း တချုပ်ချုပ်ရင် အနည်းဆုံး ယ်သိန်းလောက်ပေးရမှာ၊ နင့်ကို ငါးသိန်းလောက်ပေးတာဆိုတော့ တာ တန်တာပေါ့ဟာ၊ အေး ဒီအတိုင်းတော့မရဘူးနော်၊ ဒီအထဲက ကို နေ့လယ်စာတော့ ဝယ်ကျွေးဦး"

မယူတဲ့နေမှာစိုး၍ နွေသစ် စကားကို လှည့်ပတ်ပြောကာ ငွေစင့် တ်ထဲကို တစ်ထောင်တန်ငါးအုပ် ဖွတ်ထည့်ပေးသည်။ ဒီလောက် ဆိုလျှင် သူမရဲ့ လေးလစာဝင်ငွေလောက် နီးပါးရှိသည်။

သူမတို့သားအမိနှစ်ယောက် အဆင်ပြေအောင် နွေသစ် နည်း မျိုးနှင့် ကူညီနေတာ ကျေးဇူးတော့တင်ပါသည်။ ဒါပေမဲ့ ဖုန်းသက် သိလျှင်လည်း ပြဿနာရှာမှာသေချာနေသည်။

မေမေ့ကိုရော ဘယ်လိုပြောရမလဲ။ သူမ အလုပ်ခန်းနှင့်နီး အောင် ဒီလိုလုပ်လိုက်တာဆိုလျှင် မေမေရော ဘယ်လိုအပြစ်တင်ဦးမလဲ။

"ငွေစင့် ဗိုက်ဆာနေပြီ၊ သွားရအောင်"

"ဟင် အေး အေး။ အပေါ်ကိုသွားပြီး ခွင့်ယူလိုက်ဦးမယ်၊


www.burmeseclassic.com

www.burmeseclassic.com



အယ်ဒီတာကြီးနဲ့ သူငယ်ချင်းတွေကိုလည်း တစ်ခုခု ဝယ်ကျွေးလို
မယ်ဟာ''

''အေး အဲလိုကျွေးပြီး ငါနဲ့ပါ မိတ်ဆက်ပေး၊ နီးနီးနား
မိတ်ဆွေအပေါင်းအသင်း ရတာပေါ့''

''နင်နဲ့အတူ တွဲလုပ်မယ့်တစ်ယောက်ကရော''

''လုပ်ငန်းအဆက်အသွယ်တစ်ခုရလို့ သူ့လိုစုံစမ်းနိုင်း
တယ်၊ အဆင်ပြေရင် ပထမဆုံးလက်ခံရမယ့်အလုပ်ပဲ''

''ဟယ် နင်က အလုပ်ရုံးခန်းတောင် မကိုင်ရသေးဘူး။ ဟု
လို့ပါလား''

''မြန်မာပြည်ကိုပြန်ရောက်ကတည်းက အဆက်အသွယ်
လိုက်ရှာနေတာပဲဟာ၊ ဒီလောက်တော့ ရှိမှာပေါ့၊ ငါက ဘယ်သူ့
မမှီခိုချင်ဘူး၊ ကိုယ့်အရည်အချင်းအစွမ်းအစကို အသုံးချချင်တာ''

''နင် အရမ်းတော်နေပါလား''

ချီးမွမ်းတာလား။ အရွဲ့တိုက်စကားလားမသိပေမယ့် နွေး
ကော်လံစကို လက်နှစ်ဖက်ဖြင့် ဟန်ပါပါ ဆွဲမလိုက်သေးကာ -

''အရမ်းတော်လို့ အားကိုးချင်စိတ်ပေါက်လာရင် ပြော သိ
စဉ်းစားပေးမယ်''

''ကောင်စုတ်၊ မဟုတ်တရုတ် ပြောတော့မယ်၊ ငါ့မှာ''

ချစ်သူရှိတယ်လို့ ပြောထွက်ဖို့ ဘာကြောင့် ဆွံ့အသွားလ
မသိပေ။ မပြောမဖြစ်တော့သည့် အခြေအနေမို့ သက်ပြင်းငွေ့ငွေ့
သည်။





ရင်ထဲမှာ တစ်တောင့်ငါးရောက်လေသောအချစ်နှင့် ငါးရာနှစ်ခေယ့်
... အမြှုရောင်သံယောဇဉ်ကြိုးတို့ ဘာအတွက်လွန်ဆွဲနေမှန်းမသိနိုင်ဘဲ
...ဆစ်အမြှုးကြောင့် ဒီနေ့ပျော်နေသလိုလို။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၀)

"ကဲ နင်ကြိုက်သလောက်သာ စားပေတော့၊ ရုံးပေါ်ကလူတွေ
အတွက်တော့ ပါဆယ်ပို့လိုက်ပြီ၊ နင် ဆိုင်ဖွင့်တဲ့နေ့မှ သူတို့နဲ့ မိတ်ဆက်
ပေးတော့မယ်"

စားပွဲပေါ်က အစားအသောက်တွေကို မေးငေါ့ပြပြီး ငွေစင်
ပြောတော့ နေ့သစ် နှာခေါင်းရှုံ့ မျက်နှာမဲ့သွား၏။

"နင်ကလည်း ဘီယာလေးတောင်မှ မပေးဘူး၊ မဂွတ်ပါဘူး
ဟာ"

"အောင်မယ်၊ ဘီယာမသောက်ရပါဘူးနော်၊ မိန်းကလေးတ
ယောက်ရှေ့မှာ သောက်စရာလား၊ အပြန်ကားလည်း မောင်းရဦးမယ်"

"ကားမမောင်းနိုင်လောက်အောင် ဘယ်သောက်မလဲဟ





သို့ သောက်လို့ကောင်းအောင် နည်းနည်းပါးပါး"

"သက်ပိုင်ဆို ငါ့ရှေ့မှာ အရက်,ဘီယာ လုံးဝမသောက်ဘူး"

"ဘာ သက်ပိုင်နဲ့ နင်နဲ့က ဘယ်လောက်ရင်းနှီးလို့"

"သက်ပိုင်က ငါ့ချစ်သူလေ"

"ငွေစင် နင်"

အံ့သြလွန်း၍ စကားပင် ဆက်မပြောနိုင်။ ငွေစင့်မျက်နှာက
ပြောင်အပျက်ပြောနေသလိုမျိုး မဟုတ်တာမို့ ထိတ်လန့်တုန်လှုပ်သွား
သည် အထိပင်။

ငွေစင်က အစားအသောက်တွေကို စိတ်မဝင်စားတော့သလို
ခုံကျောကပ်မှီလိုက်ပြီး –

"နင် အံ့သြသွားသလား နေ့သစ်"

"တကယ်ဆိုရင်တော့ အံ့သြရုံဘယ်ကမလဲ ငွေစင်၊ အခု
ပြောနေတာ တကယ်မဟုတ်ဘူး မဟုတ်လား"

"ပေါ့ပေါ့တန်တန်ပြောသင့်တဲ့စကားမှ မဟုတ်တာ၊ တကယ်
ည်ပြောတာပါ၊ သူနဲ့ တရားဝင်ချစ်သူတွေဖြစ်ပြီး တွဲဖြစ်တာ နှစ်နှစ်
ပြီ၊ သူ ငါ့ကို ပရိုပို့စ်လုပ်ခဲ့တာကတော့ ဆေးကျောင်း ပထမနှစ်
ကတည်းကပဲ"

"ဪ"

"သူ ငါ့ကို စိတ်ရှည်ရှည်နဲ့ ချဉ်းကပ်ခဲ့တယ်၊ နင်မရှိတဲ့အချိန်မှာ
ရောက်ရမယ့် ဝတ္တရားရှိလို့လားတော့ မသိဘူး၊ အရင်က အဲ
ရှိခဲ့တဲ့သူက နင် နိုင်ငံခြားသွားပြီး နှစ်နှစ်လောက်အကြာကတည်း

www.burmeseclassic.com



က အိမ်ကို အဝင်အထွက်လုပ်တယ်၊ မေမေနဲ့ရင်းနှီးအောင်နေတယ်
သိပ်မကြာဘူး ငါ့ကိုချစ်ခွင့်ပန်တယ်''

"နင် နင် သူ့ကို လက်ခံလိုက်တာပေါ့''

"အလွယ်တကူလက်ခံလိုက်တာတော့ မဟုတ်ပါဘူး။ သူ
အနေတည် မာနကြီးတော့ ဖြစ်ပါ့မလားဆိုပြီး တော်တော်လေး စဉ်းစ
သေးတယ်၊ ဒါပေမဲ့ ငါ့မှာ အနီးကပ် အပေါင်းအသင်း ဘော်ဒါဆို
မရှိဘူးလေ၊ အဆင်မပြေဖြစ်နေတဲ့အချိန်မှာ တိုင်ပင်ရမယ့်သူလည်း
မရှိဘူး။ အဲဒါနဲ့ပဲ''

"ငွေစင်ရယ်''

မျက်နှာတစ်ခုလုံး ရေနွေးနှင့်အပက်ခံရသလို ပူရှိန်းစပ်
နေပြီး ရင်တွေထဲက ကလီစာတွေလည်း ပြောင်းဆန်နေသလို ခံစား
သည်။

ခုံးရှုံးလိုက်ရပြီဆိုသော နာကျင်မှုဝေဒနာထက် သူမကို
မိတာက ပိုနေ၏။

"ငွေစင်၊ နင် သက်ပိုင်နဲ့ ဘယ်လိုမှမဖြစ်ဘူးဆိုတာ နင်
ဘူးလား''

"ဘာလို့မဖြစ်တာလဲ''

"အဘွားကြောင့်ပေါ့၊ အဘွားက နင့်ကို မြေးချွေးမအဖြ
လက်ခံမယ်ထင်လား။ အဘွား ဘယ်လောက်အဆင့်အတန်းခွဲတယ်
တာ''

"နင်မပြောရင် အဘွား ဘယ်လိုလုပ်သိမှာလဲ၊ ငါတို့ သိုသို





သိပ် ချစ်လာခဲ့တာ နှစ်နှစ်တောင်ကျော်နေပြီ''

"ငွေစင်ရယ်၊ နင်တို့ ဘယ်လောက်ထိ ဖုံးကွယ်ထားနိုင်မှာလဲ၊ အဘွားအသိအမှတ်ပြုမှ နင်တို့ လက်ထပ်လို့ရမှာ မဟုတ်ဘူးလား၊ အဘွားက သက်ပိုင်ပညာရေးအတွက် အရမ်းကို ဂုဏ်ယူနေတာ၊ အားကိုးနေတာ''

"လက်ထပ်ဖို့က ကျောင်းပြီးမှ စဉ်းစားကြမှာပါ၊ သူ ဘွဲ့လွန်တက်ချင်လည်း တက်မယ်၊ အဲဒီကပြန်လာမှ အဘွားကိုရအောင် ပြောပြီး လက်ထပ်မယ်လို့ သူ ကတိပေးထားတယ်''

"ငွေစင်ရာ နင် သက်ပိုင်ပြောတာကို ယုံနေတာလား၊ သူ ဘယ်လိုမှ အဘွားကို ရအောင်ပြောနိုင်မှာမဟုတ်ဘူး၊ ဒီကြားထဲမှာ သိသွားရင် လမ်းစပြတ်ပြီ၊ ဆေးကျောင်းတောင် ပြီးအောင်တက်လိုက်ရမှာ မဟုတ်ဘူး။ သက်ပိုင်ကရော သူ့အနာဂတ်ကို လက်လွှတ်ဆုံးရှုံးခံပြီး နင့်ကို လက်ထပ်မှာတဲ့လား''

"နွေသစ်''

ခပ်ရူးရူးတားမြစ်သံမှာ ဒေါသကြောင့် အဖျားခတ်တုန်ယင်သွား၏။ နွေသစ် ဒီလိုတားဆီးမှာတွေသိလို့ သက်ပိုင်က ပြောမပြစေချင်ခဲ့တာလား။ မရိုးမသားစိတ်နဲ့ ကန့်ကွက်ပိတ်ပင်မှာမျိုးဆိုလျှင်တော့ ငွေစင် လက်မခံနိုင်ပေ။ သူမ အော်လိုက်တာကို နွေသစ် မယုံနိုင်သလို မျက်ခုံးတစ်ချက်ပင့်သွားပြီး –

"ဘာဖြစ်လို့လဲ ငွေစင်၊ နင် စိတ်ဆင်းရဲရမှာစိုးလို့ ငါ သတိ
ပေးနေတာ၊ အပေအတေလိုနေတဲ့ ငါ့လိုကောင်ကို မေမေ့ကိစ္စ...ရင်



www.burmeseclassic.com

www.burmeseclassic.com



သိပ်ပြီး စည်းကမ်းတင်းကျပ်မထားပေမယ့် သက်ပိုင်ကိုတော့ ပညာရေးနဲ့ ပတ်သက်ပြီး အများကြီး မျှော်လင့်ထားလို့ အမှားအယွင်းခံမှာမဟုတ်ဘူး ငွေစင်''

''အဲဒါ သူဖြေရှင်းရမယ့်ကိစ္စပါ၊ သူ ကျောင်းပြီးရင် လက်ထပ်မယ်လို့ ပြောတယ်၊ ဒီကြားထဲမှာ အဘွားသာမသိရင် ဘာပြဿနာမှ တက်စရာအကြောင်းမရှိဘူး''

''နင် သက်ပိုင်ကို အရမ်းချစ်တာပဲလား ငွေစင်''

''အပျော်ချစ်ရအောင် ငါက မိန်းမပေါ့တစ်ယောက် မဟုတ်ဘူး နွေသစ်၊ စိတ်အလိုလိုက်ခဲ့မိရင်တောင် သစ္စာတော့ရှိရမှာပဲ''

''လက်ထပ်ဖို့အထိ ရည်ရွယ်ခဲ့တာလား။ ဘာမဆို ရင်ဆိုင်မယ် ဆိုတဲ့ ဆုံးဖြတ်ချက်တွေနဲ့''

''နွေသစ်၊ နင့်မေးခွန်းတွေ ငါ အရမ်းဒေါသဖြစ်လာပြီနော်၊ နင် ဘယ်လိုရည်ရွယ်ချက်တွေနဲ့ ငါ့ကို မေးနေတာလဲ၊ ငါတို့အချစ်တွေ အပိုင်းအစတွေဖြစ် ပြိုကွဲသွားအောင် အဘွားကို အခုသွားပြောဖို့ စိတ်ကူးနေတာလား၊ နင့်မှာ အဲလို ယုတ်ညံ့မယ့်စိတ်မျိုး ရှိလိမ့်မယ်လို့ ငါ ထင်မထားဘူး၊ အဲဒါကြောင့် သက်ပိုင်က နင့်ကို လုံးဝမပြောပါနဲ့၊ မသိချင်ယောင်ဆောင်နေပါလို့ မှာထားတာ''

''ဘာ''

''အဘွားကိုကိုင်ပြီး ငါတို့ကို ပြိုကွဲအောင် လုပ်လိမ့်မယ်တဲ့လေး မေမေကလည်း သူငယ်ချင်းအဆင့်ထက် ပိုတဲ့စိတ်ခံစားမှုရှိနေရင် ငါတို့ ကြားမှာ နင် ဒီလို ကတ်ဖဲ့ယတ်ဖဲ့ အနှောင့်အယှက်ပေးလိမ့်မယ်ဆိုတာ





ကြိုသိနေတယ်''

''ဟာ ငွေစင်ရာ၊ နင် နင် ပြောရက်တယ်ဟာ၊ နင့်အမေရော သက်ပိုင်ရော ငါ့အပေါ် အဲလိုထင်နေကြတာလား''

ရင်ဘတ်တစ်ခုလုံးတောင် အောင့်တက်လာသည်။ ဒီလိုမျိုးကိစ္စ အခု ဖြစ်နေမှန်းမသိဘဲ သူက ငွေစင်အနားမှာ တွယ်ကပ်သလို ဖြစ်နေခဲ့တာပါလား။

ဘာကြောင့် ဘယ်လိုဆိုတာ ရင်ထဲမှာ ရှင်းပြချင်တာ။ ထိမ်ချင်တာတွေဖြင့် ဗလောင်ဆူနေသည်။

ငွေစင်က သူ့မျက်နှာကို ခပ်စိန်းစိန်းကြည့်ပြီး —

''ငါ့မှာတော့ သက်ပိုင်နဲ့မေမေကို အတိုက်အခံလုပ်ပြီး နင်နဲ့ ဆက်ဆက် ပတ်သက်နေမိတာ နွေသစ်၊ နင့်ကို သူငယ်ချင်းသံယောဇဉ် ဖြတ်နိုင်လို့ ကတိတွေပေးထားရတာ၊ နင်ကတော့''

''ငါ ဘာတွေ အမှားလုပ်လို့ နင်အပြစ်တင်ချင်နေတာလဲ ငွေစင်၊ နင့်အပေါ် မရိုးသားဘူးလို့ ဘယ်လိုသက်သေနဲ့ စွပ်စွဲနေတာလဲ၊ ငါလည်း နင့်ကို သူငယ်ချင်းလိုပဲခင်တာပါ''

''ဟင်''

''ဟုတ်တယ်၊ ငါ ဒီလို ဝန်ခံတာ ရိုးသားချင်မှရိုးသားလိမ့်မယ်၊ ဒါပေမဲ့ အခုပြောနေတာ နင့်ကို စေတနာနဲ့ သတိပေးတာပါ''

''ငါက ဘယ်လိုယုံရမှာလဲ''

''နင်တစ်ယောက်တည်း မဟုတ်ဘူး၊ နင့်အမေရော သက်ပိုင် ရော ယုံကြည်အောင် နင်သာ ငါ့ကို သူငယ်ချင်းကောင်းတစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



အဖြစ် လက်ခံမယ်ဆိုရင် ငါ သက်သေပြမှာပါ''

ဘယ်လိုမျိုးလဲလို့ မေးခွန်းထုတ်ချင်သည့် မျက်ဝန်းများဖြင့် နေ့သစ်ကို ခပ်စူးစူးကြည့်၏။ နာကျင်မှုတွေကို မျိုသိပ်၍ နေ့သ အားယူကာ ပြုံးလိုက်သည်။

''အဘွားသိသွားခဲ့ရင်တောင် နင်နဲ့သက်ပိုင် လက်ထပ်လို့ရတဲ့ အထိ အဆင်ပြေအောင် ငါကူညီပါ့မယ်''

''ဘာ နင်က''

''ငါ့အမေကို ဆင်းရဲလို့ နိမ့်ကျတဲ့အသိုင်းအဝိုင်းကမို့ အဘွား က ဖေဖေနဲ့ သဘောမတူခဲ့ဘူး။ ဖေဖေက အဘွားဆန္ဒကို အတိုက်အခံ လုပ် ဆန့်ကျင်ပြီး ရအောင်လက်ထပ်ခဲ့တယ်၊ အဘွားကလည်း သားကို မစွန့်လွှတ်နိုင်လို့ လက်ခံပေးခဲ့တယ်၊ ငါ့ကို ကိုယ်ဝန်လွယ်ပိုးထားရတယ် ဆိုတဲ့ အကြောင်းပြချက်လည်း ပါတာပေါ့ဟာ''

ဘာတွေ နာကျင်ခံစားပြီး ရင်ဖွင့်နေတာလဲ။ ငွေစင် နားမလည် နိုင်သေးပေ။ ဒါပေမဲ့ နေ့သစ်မျက်ဝန်းအိမ်မှာ မျက်ရည်ရိပ်တွေ တွေ့ရတာ မို့ သူမ ငြိမ်ငြိမ်သက်သက်ပင် နားထောင်ပေးလိုက်သည်။

''ဒါပေမဲ့ အဲဒီအိမ်ကြီးမှာ ငါ့အမေ ဘယ်လိုပုံစံမျိုးနဲ့ နေခဲ့ရ တယ် ထင်လဲ''

ငွေစင် ယောင်တောင်တောင် ခေါင်းယမ်းပြလိုက်ချိန်မှာ နေ့ သစ် နာကျင်စွာ ပြုံးလိုက်ပြီး –

''အစေခံတစ်ယောက်နဲ့ ဘာမှ မထူးပါဘူး။ ဖေဖေ့ဝေယျာဝစ္စ တင် မဟုတ်ဘူး တစ်အိမ်လုံးအလုပ်တွေ သိမ်းကျုံးလုပ်ရတယ်၊





သက်ပိုင်တို့မိသားနဲ့ အဘွားရဲ့ပြုစုစောင့်ရှောက်မှုတွေကို နေ့တိုင်း မျက်ရည် နဲ့ မျက်ခွက် သည်းခံခဲ့ရတယ်၊ ရင်ကလွယ်မွေးခဲ့တဲ့ငါ့ကို ပွေ့ဖက် နမ်း ရှုံ့ခွင့်မရဘူး''

''ဟင်''

''အဲဒါ အဘွားရဲ့ရာဇသံပဲ၊ မေမေတို့မျိုးရိုးရဲ့ အကျင့်စရိုက်တွေ ကူးစက်ခံရမှာစိုးလို့တဲ့၊ ဒါပေမဲ့ အဘွားလုပ်တာမှန်တယ်လို့ ပြောရမှာ လား မသိဘူး။ မေမေက ဖေဖေ့သူငယ်ချင်းနဲ့ ဖောက်ပြန်ခဲ့တယ်၊ အခု နောက်ပိုင်း အခြေအနေကတော့ နင်သိပြီးတဲ့အတိုင်းပဲ''

''အဲဒီကိစ္စတွေက ငါနဲ့သက်ပိုင် ပတ်သက်မှုနဲ့ ဘယ်လိုမျိုး''

''နင် ဆင်းရဲတယ်လေ၊ မပြည့်စုံဘူး ချို့တဲ့တယ်၊ မျိုးရိုးသန့် တာ, ကိုယ်ကျင့်တရားမပျက်ပြားတာနဲ့ အဘွားက ကြည်ကြည်ဖြူဖြူ လက်ခံပေးလိုက်မှာမဟုတ်ဘူး။ သက်ပိုင်အမေက မျိုးရိုးဂုဏ်မြင့်တဲ့ သား ချွေးမလောင်းအတွက်ဆရာဝန်မကြီး။ အဘွားကိုယ်တိုင် ရွေးချယ်ပေးစား ခဲ့တာ၊ သက်ပိုင်အဖေကလည်း သက်ပိုင်ကို အဘွားလိုပဲ အဲဒီလိုအဆင့် အတန်းထဲက မိန်းကလေးနဲ့ပဲ ပေးစားမှာ''

''နင် ငါ့ကို ခြိမ်းခြောက်နေတာလား။ စိတ်ဓာတ်ကျ စိတ်အား ငယ်ပြီး ထွက်ပြေးသွားစေချင်နေတာလား နေ့သစ်''

အမြင်ကတ်စွာမေးလိုက်တော့ နေ့သစ်မျက်နှာ ညိုမည်းရှုံ့မဲ့ သွားသည်။

''အဲလိုကိစ္စတွေဖြစ်မလာအောင် နင့်ကို ငါ အားပေးကူညီမှာပါ ငွေစင်၊ နင် သက်ပိုင်ကိုချစ်တယ်ဆိုရင် နင်လက်ထပ်စေရပါ့မယ် တစ်ခု



www.burmeseclassic.com

www.burmeseclassic.com



တော့ရှိတယ် ငါ့ဘက်က ရိုးရိုးသားသား ကူညီမှုကို နင် နား
လက်ခံတတ်ရဲ့"

"ဒီ နင့်ကို ခင်ပါတယ်၊ သူငယ်ချင်းသံယောဇဉ်ကို
မြှုပ်တောက်ပစ်တာမျိုး မလုပ်ပါဘူး။ အဲဒါကလည်း ငါ့ဘက်က ရိုး
ရောလှိုက်နေသစ်၊ နင်သာ ကူညီမယ်ဆိုရင် ဘယ်သူနဲ့ ဘယ်လိုပဲ အ
အခံလုပ်ချပါစေ ငါ ဝန်မလေးဘူး"

"ငွေစင်ရယ်"

ရင်ထဲမှာ နင့်နင့်သီးသီး ထိရှသွားရပါသည်။ သက်ပိုင်နှင့်
ဖို့ ကူညီမှ သူငယ်ချင်းပါလို့ အသိအမှတ်ပြုမည့် သဘောမျိုးမဟုတ်
လား။ အဖြစ်ချင်ဆုံးဆန္ဒတွေကို မျိုသိပ်ရုံပဲ ရှိတော့တာပေါ့။

သူငယ်ချင်းလေးအဖြစ်နဲ့ပဲ ငါ ကျေနပ်နေပါတော့မယ် ငွေစ

✿ ✿ ✿



## အခန်း (၁၁)

"ငွေစင်ဆိုတဲ့ ဘယ်သူလဲ သက်ပိုင်၊ သား ညက ဖုန်းဆက်
တာကို ဖေဖေကြားတယ်"

"ဗျာ အဲဒါ"

"သားတို့ အတူတူ ဟောက်(စ်)ဆင်းနေတဲ့ သူငယ်ချင်းလား၊
ချစ်သူရည်းစားလား"

"မဟုတ်ပါဘူး ဖေဖေ၊ ဟိုလေ ကျွန်တော်နဲ့သူနဲ့က"

"ခင်မင်သံယောဇဉ်ဖြစ်ရင်းကနေ ချစ်သူရည်းစားဖြစ်လာနိုင်
တယ် ဒီလိုလား။ မဆုံးဖြတ်ရသေးဘူးဆိုရင် ဖေဖေနဲ့အသွား အကဲခတ်
လို့ရအောင် အိမ်ကိုခေါ်လာခဲ့ဦး သား။ လက်ခံနိုင်လောက်တယ်ဆိုရင်တော့
ဖေဖေတို့ သဘောတူမှာပါ၊ အဆင်မပြေရင်တော့ ဖေဖေတို့ ဒီဘက်မှာ



www.burmeseclassic.com

www.burmeseclassic.com



လူကြီးချင်း ပြောဆိုထားတာကိုပဲ သားလက်ခံရမယ်"

"ဟုတ်ကဲ့"

"ဘာကို ဟုတ်ကဲ့တာလဲ၊ ရှင်းအောင်ပြော၊ ဖေဖေတို့ပြောတာ
ကို လက်ခံမှာလား။ ငွေစင်ကို တွေ့ပေးမယ်ပြောတာလား"

ဖုန်းသက်ပိုင် ဘာပြောရမှန်းမသိပေ။ ငွေစင်ကိုခေါ်လာပြီ
တွေ့ပေးလိုက်တော့ ဖေဖေရော အဘွားရော ဘယ်လိုမှ လက်ခံမှာ
မဟုတ်ပေ။ ငွေစင်ကို ကိုယ့်လို ဆရာဝန်တစ်ယောက်မှတ်နေတာတော
အကဲခတ်ဦးမယ်ဆိုတော့ ဂျာနယ်လစ်တစ်ယောက်သာဆိုလျှင် အခုချ
ချင်း အမိန့်အာဏာသုံး၍ ဖြတ်တောက်ခိုင်းတော့မှာပင်။

"လေးလေး"

"ဩော် နေ့သစ် ထိုင်လေ"

ညနေခန်းထဲ ဝင်လာသောနေ့သစ်ကြောင့် သက်ပိုင်တို့သားအဖ
စကားစပြတ်သွားသည်။ နေ့သစ်က သက်ပိုင်နှင့် အနီးဆုံးဆိုဖာခုံမှာ
ဝင်ထိုင်လိုက်ပြီး –

"သက်ပိုင်ကို ဘာတွေကျပ်နေတာလဲ လေးလေး"

"ဒီကောင်လေ၊ ညက ငွေစင်ဆိုတဲ့ကောင်မလေးနဲ့ ဖုန်းဆက်
နေတာကြားလို့ သူငယ်ချင်းလား၊ ရည်းစားလား မေးနေတာ၊ ဆေး
ကျောင်းအတူတက်တာလား မေးနေတာလည်း ဝေ့လည်ကြောင်ပတ်နဲ့
မဖြေသေးဘူး"

"အာ ဘယ်ကလာ ဆေးကျောင်းတက်ရမှာလဲ"

"နေ့သစ်"





ဖုန်းသက်ပိုင် အလန့်တကြားဖြစ်သွားကာ နေ့သစ်ပေါင်ကို
...တ်ကျိတ် လှမ်းကုတ်၏။ နေ့သစ်က ဖုန်းသက်ပိုင်လက်ကို ဖိဆုပ်
...၍ သတိပေးကာ –

"ငွေစင်ကို ကျွန်တော်လည်းသိတာပေါ့ လေးလေးရ၊ အရမ်း
...တာပဲ၊ ဒါကြောင့် ဒီကောင်ကြွေနေတာ"

"ဆေးကျောင်းကမဟုတ်ရင် သူနဲ့ ဘယ်လိုတွေ့"

"ငွေစင်က ပညာလည်းတတ်၊ ချမ်းလည်းချမ်းသာတော့ မာန
...တယ်လေ၊ အဲဒါကို သက်ပိုင်က စိတ်ဝင်စားသွားတာ"

"နိုင်ငံခြားပြန်ရောက်တာ မကြာသေးတဲ့မင်းက ဒီအကြောင်း
... ဘယ်လိုလုပ်သိနေတာလဲ"

"ဆယ်တန်းတုန်းက ကျွန်တော်တို့နှစ်ယောက်လုံး ငွေစင်နဲ့
...ကျောင်းအတူတူ တက်ခဲ့ကြတာလေ လေးလေးရဲ့၊ ဟုတ်တယ်နော်
...က်ပိုင်"

"အင်း အင်း ဟုတ်တယ်"

ပခုံးချင်းတိုက်ကာပြောလိုက်မှ သက်ပိုင် အလိုက်အထိုက်ဖြစ်
...သွားသည်။ ဦးအောင်ဖုန်းကျော်က ခေါင်းတညိတ်ညိတ်ဖြင့် –

"သားက ငွေစင်နဲ့ အခု ချစ်သူရည်းစားဖြစ်နေပြီ ဆိုပါတော့"

"ဟုတ် ဟုတ်ကဲ့"

"သူက အခု ဘာလုပ်လဲ၊ သူ့မိဘတွေကရော"

"ဟို အဲ"

"သက်ပိုင်ရာ လေးလေးစိတ်မရှည်အောင် လုပ်နေတယ်...လို



www.burmeseclassic.com

www.burmeseclassic.com



လေးလေးရေ ငွေစင်က အဖေမရှိတော့ဘူး။ အမေနဲ့ သားအမိနှစ်ယောက် [illegible]
တည်းနေတာ၊ သူ့အဖေက အမွေပစ္စည်းချန်ခဲ့တာတော့ မနည်းဘူ[illegible]
မင်္ဂလာဈေးမှာ လက်လီလက်ကားဖြန့်တဲ့ အထည်ဆိုင်ကြီး ရှိတယ်[illegible]
အဲဒီမှာ ငွေစင်ဦးစီးနေတာပေါ့၊ သူ့အမေကတော့ အိမ်မှာပဲ အေးအေး[illegible]
သက်သာနေတယ်''

''မျိုးရိုးကရော''

''အဲဒါကတော့ သက်ပိုင်အကြောင်းလည်း သိရဲ့သားနဲ့ [illegible]
ကောင်က တော်ရုံဒါန်ရုံမိန်းကလေးဆို စိတ်ဝင်စားတာမဟုတ်ဘူး၊ အဲ[illegible]
အရာရာ လေးလေးနဲ့အဘွား လက်ခံနိုင်လောက်လို့ ငွေစင်ကို ဒီကော[illegible]
ရွေးချယ်လိုက်တာပေါ့၊ ဟုတ်တယ်မဟုတ်လား သက်ပိုင်''

''ဟုတ် ဟုတ်တယ်၊ အမှန်ပါပဲ ဖေဖေ''

ပေါင်ကိုကုတ်လိုက်မှ ဖုန်းသက်ပိုင် ထစ်ငေါ့စွာ ပြောထွက်[illegible]
နေ့သစ် ဘာကြောင့် ဒီလိုတွေပြောပေးနေသည်ဆိုတာ အခုထိ နားမလ[illegible]
နိုင်သေးပေ။ ဒါပေမဲ့ ဖေဖေ့ရှေ့မှာ ဒီလိုဖြေရှင်းလိုက်နိုင်တာ နေ့သစ်[illegible]
ကျေးဇူးတော့တင်မိသည်။

ဖေဖေက နှစ်ယောက်လုံးကို တစ်ချက်ကြည့်ပြီး -

''မင်းတို့လက်ခံနိုင်လောက်လို့ ရွေးချယ်ထားတယ်ဆိုပေ[illegible]
အဘွားဆန္ဒကလည်း အရေးကြီးတယ်နော်၊ ဖေဖေကတော့ သိပ်မ[illegible]
လိုပါဘူး။ မျိုးရိုးဇာတိကောင်းတယ်၊ ပြည့်စုံချမ်းသာ ပညာတတ်တယ်ဆို[illegible]
တစ်ဖက်ကို ထိန်းထားပြီး အဘွားကို နားလည်အောင်ပြောပေးမှာ[illegible]
ဒါပေမဲ့ ကိုယ်မျှော်လင့်ထားတဲ့ အထူးကုဆရာဝန်တစ်ယောက် မဖြစ်[illegible]



[illegible]ခဲ့တော့ လက်ထပ်ဖို့ မလောစေချင်သေးဘူး''

''ဟုတ်ကဲ့ သားနားလည်ပါတယ် ဖေဖေ''

''အေး အေး၊ ဒါဆို ဖေဖေ အပေါ်တက်တော့မယ်၊ နေ့သစ်
[illegible]ဘွားဘုရားရှိခိုးနေတယ်၊ သိပ် ဆူဆူညံညံ မလုပ်နဲ့''

''ဟုတ်ကဲ့ လေးလေး''

အဘွား ကွယ်ရာမှာဆို နည်းနည်းလေးတော့ ဟောက်လိုက်ရမှ
[illegible]လေး စားဝင်အိပ်ပျော်သည်ထင်သည်။ နေ့သစ် ထရပ်လိုက်ချိန်မှာ
[illegible]သက်ပိုင်က လက်ကို လှမ်းဆွဲလိုက်ပြီး -

''ထိုင်ဦး နေ့သစ်၊ မင်းကို မေးစရာရှိတယ်''။

ခြောက်လလောက်ငယ်သော ဖုန်းသက်ပိုင်က နေ့သစ်ကို
[illegible]ကိုတွေ ဘာတွေ တစ်မခေါ်ပါ။ လေးစားမှုဆိုတာတော့ ဝေလာဝေး။

''ဘာလဲ၊ ငါ ဘောလုံးပွဲကြည့်မလို့''

''ဘောလုံးပွဲထက် အရေးကြီးတယ်၊ ငါနဲ့ငွေစင်ကိစ္စ မင်း
[illegible]ယ်လိုလုပ်သိတာလဲ၊ ပြီးတော့ ဖေဖေ့ကို ပြောလိုက်တာတွေကရော''

''ငါက ဘယ်ဟာကို အရင်ဖြေရမှာလဲ''

''မင်းဖြေချင်တာ ဖြေကွာ၊ ရစ်မနေနဲ့''

''အေး ငါမဖြေခင် မင်းကို အရင်မေးမယ်၊ ငွေစင်ကို အဘွား
[illegible]မှာ မင်းအဖေရော လက်မခံနိုင်မှန်းသိရဲ့နဲ့ ဘာလို့ချစ်ခဲ့တာလဲ''

''ဒါကတော့''

''ငွေစင့်အဆင့်အတန်းကို လက်မခံနိုင်လို့ ခါးခါးသီးသီး [illegible]
[illegible]ကျင်းဆန်ရင်၊ စွန့်လွှတ်ခဲ့ရင် မင်း ထွက်သွားရဲလား။ ငွေစင်နဲ့



www.burmeseclassic.com

www.burmeseclassic.com



နှစ်ယောက်တစ်ဘဝ ထူထောင်ဖို့ သတ္တိရှိလား"

**နေ့သစ်**မေးခွန်းတွေကို တစ်ခွန်းမှ တုံ့ပြန်မဖြေဘဲ ဖုန်းသ
ငိုင်တွေသွားသည်။ ခုံးဖြတ်ချက်ချပြီး ကြိုတင်ပြင်ဆင်ထားတာ
**ဖုန်းသက်ပိုင်** ဘာကြောင့်များ ငွေစင်ကို လက်ထပ်ပါမည်ဟု မျှော်
**ချက်**ပေးထားလည်း မသိပေ။

"ဟိတ်ကောင် ဖြေလေ"

"ငါ့ကိုယ်ရေးကိုယ်တာပါ၊ မင်းသိစရာမလိုဘူး"

"မသိလို့ရမလားကွ၊ ငွေစင်က ငါ့သူငယ်ချင်း၊ သူ ထိ
နစ်နာရမှာမျိုး အဖြစ်မခံနိုင်ဘူး။ ပြီးတော့"

မေမေ့လို အနှိမ်ခံဘဝနှင့် ငြိုငြင်ခံရမှာစိုးလို့လို့ ထည့်မ
ဖြစ်။ မင်းအမေက ဘယ်လောက်တောင် တော်လို့ ကောင်းလို့
တိုက်ခိုက်လာနိုင်သည်။ ဖုန်းသက်ပိုင်က မျက်မှောင်ကြုတ်ကြည့်

"မင်းက ငွေစင်ဘက်က ဆတ်ဆတ်ထိမခံနိုင်ဖြစ်နေ
သူငယ်ချင်း သံယောဇဉ်နဲ့ရော ဟုတ်ရဲ့လား နေ့သစ်"

"သက်ပိုင် မင်း ငါ့ကို မစော်ကားနဲ့၊ ငါသာ ငွေစင်အ
မရိုးမသားစိတ်ရှိမယ်ဆိုရင် ခုနက မင်းအဖေကို အမှန်အတိုင်း
လိုက်တာနဲ့ ပွဲပြတ်ပြီဆိုတာ မင်းသိပါတယ်"

"အေး အဲဒီအကြောင်းအရင်းပြော၊ မင်း ဘာလို့ အဲလို
လိုက်တာလဲ"

"အဲလို ပြည့်စုံချမ်းသာပြီး ပညာတတ်အဆင့်အတန်းမြင့်
အသိုက်အဝန်းကလို့ ပြောမှ အဘွားရော မင်းအဖေရော လက်ခံမှာ





ရဲ့ လက်ရှိအခြေအနေအတိုင်းဆိုရင် မင်းကို သူတို့သဘောတူတဲ့
စီစဉ်လိုက်မှာ"

"ထားပါတော့၊ ငွေစင့်နောက်ကြောင်းကိုစုံစမ်းပြီး အမှန်တရား
သွားရင် အလိမ်ပေါ်မှာ ပြဿနာကြီးတက်မှာ၊ အဲဒါ မင်း ဘယ်လို
လဲ"

"မင်း ဖြေရှင်းရခက်နေတာကို ငါ တာဝန်ယူလိုက်တာ ငွေ
အဆင်ပြေစေချင်လို့ပါ၊ အဲဒီအတွက် ငါကြည့်လုပ်သွားမယ်၊ မင်းသာ
ကို ပေးထားတဲ့ကတိကို မဖျက်နဲ့"

"ဘာကတိလဲ"

"မင်း အထူးကုဆရာဝန်ကြီးဖြစ်ရင် လက်ထပ်မယ်ဆို၊ ဒီကြား
အဘွားတို့လက်ခံအောင် ငွေစင်တို့ဘဝကို မြှင့်တင်ပေးလိုက်ရင်
တယ်၊ အဲလိုမှ မလုပ်ရင် ငွေစင်ကို မင်း ပိုင်ဆိုင်ရမှာမဟုတ်ဘူး"

ထိုစကားကိုကြားတော့ ဖုန်းသက်ပိုင်မျက်နှာ မှဲ့သွား၏။ သူ့ရင်
ဘယ်လိုဆန္ဒတွေရှိနေလဲဆိုတာ သူပဲသိပေလိမ့်မည်။

သေချာတာ တစ်ခုက –

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၂)

"သေချာလုပ်နော်၊ ရုံးခန်းရဲ့ဒက်ကရေးရှင်းက ဆွဲဆောင်မှုရှိ
လုပ်ငန်းက တစ်ဝက်အောင်မြင်ပြီးသားပဲ၊ အောင်မြင်နေတဲ့သူတွေ
ကြည့်လိုက်၊ အရည်အချင်း, အစွမ်းအစတစ်ခုခု ပိုလို့ သူများထ
အောင်မြင်နေကြတာ၊ ကျရှုံးတဲ့သူတွေကိုကြည့်ရင် ဆင်ခြေပေး
သူများအောင်မြင်တာကို မနာလိုစိတ် ရှိတာကြောင့်ပဲ"

"ဪ ဆရာမကြီး၊ တော်တော်တတ်နေရင်လည်း ငါ့ရုံးခန်း
လာထိုင်ပါလား၊ ဗျူဟာထရီလုပ်မယ်ဆိုရင် လခကောင်းကောင်းပေး
ဆိုလည်း မဟုတ်ဘူး"

"အဲဒါက ငါ့အကြောင်းနဲ့ငါပါ"

"ဖုန်းသက်ပိုင်ကြောင့်မဟုတ်လား၊ ငါနဲ့ အထင်လွဲမှာစိုးလို့လေ"





ငွေစင် ဘာမှမပြောဘဲ မျက်နှာလွှဲသွားသည်။ ရုံးခန်းကို
…ဆင်နေသော အလုပ်သမားတွေဘက် အာရုံရောက်နေဟန်ဖြင့် –

"ရုံးခန်းကို အရောင်ပြောင်းပစ်မယ့်အစား အိမ်ဒီဇိုင်းတွေ,
…င်းပုံတွေ နံရံမှာ ကပ်လိုက်ပါလား နွေသစ်"

"အဲဒါတွေ အစီအစဉ်ရှိပြီးသားပါ၊ အားလုံးပြီးသွားရင် ငါ့
…ဒီယာကို နင် အံ့ဩသွားမယ်"

"ဖွင့်ပွဲလုပ်ဦးမှာလား"

"လုပ်ငန်းရှင် နည်းနည်းပါးပါးတော့ ဖိတ်ထားတယ်၊ ဟိုတယ်
… အစားအသောက်မှာထားလို့ သိပ်အလုပ်မရှုပ်လောက်ဘူးဆိုပေမယ့်
…င် လာရဦးမှာနော်"

"အဲဒီလူတွေကို ဧည့်ခံပေးရဦးမှာလား"

"မဟုတ်ဘူး၊ နင်လည်း လုပ်ငန်းရှင်တစ်ယောက်လို မိတ်ဆွေ
…ပေါင်းအသင်းကို လာပြီးအားပေးရမှာ"

"ဒါက"

သူမကိုယ်သူမ လက်မနှင့်ထိုး၍ ငွေစင် စပ်ဖြဲဖြဲရယ်သည်။
…သစ်က ခေါင်းကို ဖတ်ခနဲ ပုတ်ပစ်လိုက်ပြီး –

"နင် ရယ်မနေနဲ့၊ အဲဒီနေ့ အဘွားတို့လည်း လာမှာ၊ နင်နဲ့
…တ်ဆက်ပေးမယ်"

"နွေသစ်၊ နင် ဘာယုတ်မာမလို့လဲ၊ ငါတို့ကမသိအောင် သို
…သိပ်သိပ် နေနေရပါတယ်ဆိုမှ"

"နင်တို့ အဲလိုနေလည်း ဟိုကသိသွားပြီ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာ ဘယ်လိုသိ"

"ဟိုနေ့ညက သက်ပိုင် နင့်ဆီဖုန်းဆက်တယ်မဟုတ်လား။ အဲ

သူ့အမေက ငွေစင်ဆိုတာ ဘယ်သူလဲ၊ ဘာလဲ စစ်ဆေးနေတယ်"

"ဟင် သက်ပိုင်က ဘာပြောလိုက်လဲ"

"ဒီကောင် ဘာမှမပြောဘူး။ အမှန်အတိုင်း ပြောလိုက်ရ

လည်း ကျိုင်ပြီ၊ အဲဒါကြောင့် ငါကြားဝင်လိုက်တာ"

"နင်က"

"ဟုတ်တယ်၊ ငွေစင်က အဆင့်အတန်းရှိတဲ့အသိုင်းအဝိုင်း

မင်္ဂလာဈေးမှာ အထည်အလိပ်တွေ လက်လီလက်ကားဖြန့်တဲ့လုပ်ငန်း

ရှင်၊ ဘာညာပေါ့ဟာ၊ အဲလို ပစ်ထည့်လိုက်တယ်"

"ဟယ် ဟုတ်လည်းမဟုတ်တဲ့ဟာ"

"မဟုတ်တာက အရေးမကြီးဘူး၊ အဲဒါက ဖြေရှင်းလို့ရတယ်

လက်ရှိအခြေအနေကိုသိမှ ကျိုင်တက်ပြီး သက်ပိုင်ကို သူတို့သဘောတူ

သူနဲ့ စီစဉ်လိုက်မှာ"

"ထားပါတော့၊ ဖြေရှင်းမယ်ဆိုတာက ဘယ်လိုဖြေရှင်းမှာလဲ

သူတို့ အတိအကျစုံစမ်းပြီးဆို ငါ့အခြေအနေကို မသိဘဲနေမလား"

နေ့သစ်ဘက်လှည့်ထိုင်ကာ ငွေစင် စိုးရိမ်တကြီးဖြစ်သွား

နေ့သစ်က သက်ပြင်းငွေ့ငွေ့ချပြီး –

"မင်္ဂလာဈေးမှာ ဆိုင်ကိစ္စ ငါ နောက်မှ စုံစမ်းလိုက်မယ်

အခုက ငါ့ရှုံးခန်းကိစ္စ လုံးပန်းနေရလို့ပါ"

"ဘာလဲ၊ ငါ့ကို မင်္ဂလာဈေးမှာ ဆိုင်ထောင်ပေးမလို့လား





သူများနာခေါင်းပေါက်နဲ့ အသက်မရှူချင်ဘူး နေ့သစ်၊ အဲလိုမျိုးလုပ်မှ သက်ပိုင်အဘွားနဲ့အမေက လက်ခံမယ်ဆိုရင် သက်ပိုင်နဲ့လက်ထပ်ဖို့ ငါ ပြန်စဉ်းစားတော့မယ်"

"အဲလိုမဟုတ်ဘူးလေ ငွေစင်ရဲ့၊ နင့်ကို အရင်းထောင်ပေးလိုက်သည်း အဲဒါ အလကားပေးမှာမှ မဟုတ်တာ၊ နင် ငါ့ကို အရစ်ကျနဲ့ ပြန်ဆပ်ရမှာ၊ အိမ်လည်း လက်ရှိအိမ်ကိုရောင်းပြီး အဲလိုလုပ်ရမှာပဲ ငွေစင်၊ နင် သက်ပိုင်ကိုချစ်တယ်၊ လက်ထပ်ချင်တယ်ဆိုရင် အဲလို လုပ်လို့ မရဘူး"

"စိတ်ရှုပ်လိုက်တာဟာယ်၊ ဒီလိုမျိုး အခက်အခဲဖြစ်မယ်ဆိုရင် သက်ပိုင်ကို ငါချစ်ခဲ့မိမှာ မဟုတ်ဘူး"

အခုနေ နောက်ဆုတ်ရင်လည်း အဆင်ပြေပါတယ်ဟု တိုက်တွန်းချင်လှသည်။ ဒါပေမဲ့ ပွဲလန့်တုန်း ဖျာဝင်ခင်းတာမျိုး အထင်မခံနိုင်ပါ။ သူငယ်ချင်းအဖြစ်က ရပ်စဲခံရမှာစိုးရိမ်လို့ပင်။

"လူ့ဘဝဆိုတာ အပြောင့်အတိုင်းသွားတာမှ မဟုတ်တဲ့ ငွေစင်ရယ်၊ သက်ပိုင်ကိုချစ်တယ်ဆိုရင် နည်းနည်းတော့ အပင်ပန်းခံရမှာပေါ့၊ ပြီးတော့ ဒီကိစ္စတွေက သက်ပိုင်နဲ့လက်ထပ်ပြီးရင် အားလုံး အဆင်ပြေသွားမှာပါ"

"နင် ငါ့အပေါ် ဘာလို့ ဒီလောက်ကောင်းတာလဲ နေ့သစ်"

"နင်က ငါ့သူငယ်ချင်းဖြစ်နေလို့ပေါ့ဟာ၊ ငွေစင်ဆိုတဲ့ ငယ်သူငယ်ချင်းလေးကို ငါ အရမ်းခင်လို့ပါ၊ အရောင်အဆင်းမဲ့ပါတယ်၊ နင် ယုံတယ်မဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



မလုံမလဲနှင့် အားတင်းပြောလိုက်တော့ ငွေစင် ချစ်စဖွယ် ခေါင်းလေးညိတ်ပြ၏။ မချင့်မရဲဖြင့် ပါးလေးကို ဆွဲဖျစ်လိမ်ပစ်လိုက်ချင် သော်လည်း လက်တွေ့မှာတော့ –

"နင်ယုံတယ်ဆိုရင် အခု ပလာဇာသွားရအောင်"

"ဘာဝယ်ဖို့လဲ"

"နင့်အတွက် အကောင်းစားဝတ်စုံတစ်စုံလောက် သွားဝယ်ရ မယ်လေ၊ အဘွားတို့နဲ့ မိတ်ဆက်ပေးတဲ့အခါ နင့်မှာ အရှိန်အဝါရှိနေ ဖြစ်မယ်"

"နင် ဝယ်ပေးထားတဲ့ အဝတ်အစားတွေ ရှိတာပဲ"

"ပွဲတက်ဝတ်စုံမှ မပါတာ၊ ဒီအသိုက်အဝန်းထဲ ဝင်ဆံ့ဖို့ အဲ လောက်နဲ့ မဖြစ်ဘူး ငွေစင်၊ နေနဲ့လ ရွှေနဲ့မြ လိုက်ဖက်နေမှ နင့်ကို သံသယမရှိ လက်ခံကြမှာ၊ စိတ်ချလက်ချဖြစ်ပြီး သိပ်လည်း စုံစမ်းကြမှာ မဟုတ်ဘူး"

"ဟင်း မှန်းကျပ်လိုက်တာ နွေသစ်ရယ်"

ငွေစင်သက်ပြင်းချသံကြားတော့ ကိုယ့်ရင်ထဲလည်း လေးလံ ကာ စိတ်မကောင်းဖြစ်ရသည်။

နင့်ကို စိတ်ချမ်းသာပြီး ပျော်နေတာပဲ မြင်ချင်တာပါ ငွေစင် ရယ်။

✿ ✿ ✿



## အခန်း (၁၃)

"ဟင်"

ကုန်တိုက်အပေါ်ထပ်ကို စက်လှေကားကနေ တက်နေစဉ်မှာ အဆင်းစက်လှေကားဘက်က တွန်းတွန်းတိုက်တိုက် ရယ်မောကာ ဆင်း သွားသော နွေသစ်နှင့်ငွေစင်ကို မြင်လိုက်ရ၍ ဖုန်းသက်ပိုင် တအံ့တဩ ဖြစ်သွားသည်။

ပတ်ဝန်းကျင်ကို မေ့လောက်အောင် ရယ်မောပျော်ရွှင်နေလိုက် ကြတာ။ မသိသူဆိုလျှင် အရမ်းကိုလိုက်ဖက်သည့် ချစ်သူစုံတွဲဟု ထင် သွားချင်စရာ။

ဘာကြောင့် နှစ်ယောက်အတူ ဒီကိုလာကြတာလဲ။ ဘယ်လိုနီး စကြိုအစည်တွေနှင့် ချိန်းဆိုတွေ့ကြတာလဲ။



www.burmeseclassic.com

www.burmeseclassic.com



ငွေစင် ကိုယ့်ကို သစ္စာဖောက်တာလား။ နွေသစ် ဘယ်ထဲ စည်းရုံးသိမ်းသွင်းပြီး မျှော်လင့်ချက်တွေ ပေးနေတာလဲ။

တစ်ခုခုသာဆိုလျှင်။

အတွေးများနှင့် နွေသစ်ကား နောက်က နောက်ယောင်ခံကာ လိုက်လာခဲ့သည်။

"ဟာ ဒါက"

နွေသစ်နှင့်ငွေစင် ဝင်သွားသောအခန်းကိုမြင်တော့ မျက်လုံး မျက်ဆန်ပြူးလောက်အောင် ပိုပြီး အံ့သြရ၏။

နွေသစ် ရုံးခန်းက ငွေစင်တို့ဌာနယ်တိုက်ရဲ့မြေညီထပ်မှာလား ဒီကောင် ငွေစင်ကို အပိုင်ချုပ်ဖို့ အနီးကပ်ဆုံးမှာ အကြံဆိုးနှင့် နေနေ တာဖြစ်မည်။

မှန်ကနေ ထွင်းဖောက်ပြီး မြင်နေရတာမို့ သူတို့နှစ်ယောက်ရဲ့ ရင်းနှီးမှုကို သံသယဖြစ်သွားသည်။

"တောက်"

ကားကို လမ်းဘေးထိုးရပ်ခဲ့ပြီး စိတ်မထိန်းနိုင်စွာ ရုံးခန်းတံခါး ကို ဆွဲဖွင့်ဝင်လာခဲ့သည်။

"ဟာ သက်ပိုင်"

"သက်ပိုင်"

နှစ်ယောက်လုံး သက်ပိုင် ရုတ်တရက်ဝင်လာတာကို အံ့အား သင့်သွားကြသည်။ တရှူးရှူး မျက်နှာနီနီဖြင့် ဒေါသဖြစ်နေတာကိုတော့ နားမလည်နိုင်ပေ။





"သက်ပိုင် ထိုင်လေ၊ ဘယ်ကလှည့်ဝင်လာတာလဲ"

"ဒီနေရာကို ဘယ်လိုသိပြီး ရောက်လာတာလဲလို့ အရင်မေး ...လား"

"သက်ပိုင်၊ မင်း ဘာဖြစ်နေတာလဲ၊ ရောက်လာရင်လည်း ...အေးအေးဆေးဆေး ထိုင်ပြော"

"ထိုင်ပြောတာ, ထပြောတာက အရေးမကြီးဘူး။ မင်းရုံးခန်းက ဘာဖြစ်လို့ ငွေစင့်အလုပ်တိုက် မြေညီထပ်မှာ ဖြစ်နေတာလဲ"

"အဲဒါကို သိချင်တာလား။ ငါက အလုပ်လုပ်ဖို့ အခန်းရှာတယ်၊ ငွေစင်က သူတို့အောက်ထပ်မှာ အခန်းလွတ်နေလို့ ပြောတယ်၊ အဲဒါ ကြောင့် ငှားဖြစ်တာ"

"ပြောလိုက်တော့လည်း လွယ်လိုက်တာ၊ ဒါဆို နှစ်ယောက် ...တူ သွားလာပြီး တတွဲတွဲ ဖြစ်နေတာကရော"

"ဟာ မင်း သဝန်တိုနေတာလား။ ငါ့ကို ယုံကြည်ပေးဖို့ ပြော ...တယ်လေ၊ မင်းတို့နှစ်ယောက် အဆင်ပြေဖို့ ငါ့ရဲ့တန်ဖိုးရှိတဲ့ အချိန် ...တွေကို အသုံးချနေရတာ"

"ဘာ"

"ဟုတ်တယ်လေ၊ မင်းအဖေနဲ့အတွား လက်ခံအောင် ငွေစင့် ...ကြိုအနေကို ပြောင်းလဲပေးနေတာ၊ ငါ့ဘက်က မရိုးသားရင် အဲလောက် ...ဆင်ပန်းခံစရာလား။ မင်းချစ်သူဆီမှာ နည်းနည်းပါးပါး စုံစမ်းလေ့လာ ...ကြည့်ပြီး"

ထိုသို့ပြောလိုက်တော့ ဖုန်းသက်ပိုင်အကြည့်တွေ ငွေစင့်မျက်နှာ



www.burmeseclassic.com

www.burmeseclassic.com



လေးဆီ ရွေ့လျားသွား၏။ ငွေစင့်မျက်နှာလေးက မှုန်မှုန်တင်းတင်း။

"မောင် နေ့သစ်ကို အထင်မလွဲသင့်ဘူး၊ သူက ငွေစင်တို့ကို ကူညီနေတာ"

"သူ့ရုံးခန်း ဒီနေရာလာဖွင့်တာ ဘာညာလောက်တော့ မောင့်ကို ကြိုပြောသင့်တာပေါ့။ အခု ငွေစင်တို့နှစ်ယောက်တည်း ပလာဇာသွားတော့ ရော ပတ်ဝန်းကျင်က ဘယ်လိုမြင်မလဲ"

"ငွေစင်တို့ ရှိုးသားနေတဲ့အတွက် ဘယ်သူတွေ ဘယ်လိုမြင်မြင် ငွေစင် ဂရုမစိုက်ဘူးမောင်"

"မောင် ငွေစင့်ကို ချစ်လို့ သဝန်တိုလို့ အပြစ်မြင်နေတာလား"

"ငွေစင့်ကို တကယ်ချစ်တယ်ဆိုရင် ငွေစင်တို့ကို ကူညီနေတဲ့ နေ့သစ်ကို မောင် ကျေးဇူးတင်ရမှာ"

"ဘာ"

"ငွေစင် အမှန်အတိုင်းပြောနေတာ မောင်၊ ငွေစင့်ဘက်က မောင် ဘာတွေရပ်တည်ပေးလို့လဲ၊ နီးစပ်ဖို့ရော ကြိုးစားနေလို့လား လက်ထပ်ဖို့က မောင်ကျောင်းပြီးမှဆိုတာ ငွေစင်နားလည်တယ်၊ ဒါပေမဲ့ အခက်အခဲဖြစ်လာရင်ဆိုပြီး မောင် ဘာတွေ ပြင်ဆင်ထားလို့လဲ"

"ငွေစင်"

"ဒီလိုအတိုင်းနေရင်းက သဘောမတူဘူးဆိုရင် မောင် လွှတ်လိုက် လွယ်လေးပဲ ငွေစင်ကို ထားခဲ့မှာမဟုတ်လား"

"ကျွတ် ငွေစင်ရာ"

"ကဲ တော်ကြပါတော့၊ ဘာမှလည်း မဟုတ်တာနဲ့ နှစ်ယောက်စလုံး





ပြဿနာတက်တော့မယ်၊ သက်ပိုင် ထိုင်ပါကွာ၊ အေးအေးဆေးဆေး ဆွေးနွေးကြပါ"

ပေါက်ကွဲမှုတွေ ပြင်းထန်လာပြီမို့ ဖုန်းသက်ပိုင်လက်ကို ဆွဲကာ ထိုင်ခိုင်းရသည်။ ထသွားမည်လုပ်နေသော ငွေစင့်လက်ကိုလည်း ဆွဲထားရ၏။

"ဘာဖြစ်နေတာလဲ ထိုင်စမ်းပါဟာ၊ ကလေးတွေကျနေတာပဲ"

"မဟုတ်ဘူး၊ သူ သဝန်တိုလောက်အောင် ငါတို့က ဘာတွေ အနေအထိုင် မှားယွင်းနေလို့လဲ"

"အေးပါ၊ ပြောလိုက်တော့လည်း ဒီကောင် နားလည်မှာပေါ့၊ သက်ပိုင် မင်းကကွာ၊ ငါတို့က သူငယ်ချင်းမို့ တရင်းတနှီးနေဖြစ်တာပါ၊ ဒါက မင်းအစ်ကိုလေ၊ မင်း ငါ့ကို မယုံကြည်ဘူးလား"

"မသိဘူးကွာ၊ ငွေစင် ငါ့ကို အလေးအနက်မရှိတာတော့ ခံရ ခက်တယ်"

"ကြော်၊ ကဲ သူ့ဘက်လည်း သူရိုးသားနေပါရဲ့နဲ့ မင်းက အထင်လွဲနေတော့ ပေါက်ကွဲတာပေါ့ကွာ၊ ဒီလိုလုပ်၊ အယုံအကြည်မရှိရင် ငါတို့ထဲက ငါထွက်လိုက်မယ်၊ အဲဒါဆို ဖြစ်မလား"

"ဟင် အဲဒါဆို"

"ငါ့ကိုအားမနာနဲ့ ငါ ဘာမှမဖြစ်ဘူး၊ ငါက ငွေစင် မပင်ပန်းအောင်, မင်းတို့ချင်း အဆင်ပြေအောင် စေတနာနဲ့ ကူညီနေတာသက်သက်ပဲ၊ ငါ့ကြောင့် စိတ်အနှောင့်အယှက်ဖြစ်တယ်ဆိုရင်"

ဒါကျတော့ ဖုန်းသက်ပိုင် ခေါင်းယမ်းသည်။ ငွေစင်ကလည်း



www.burmeseclassic.com

www.burmeseclassic.com



တစ်ချက်ကြည့်လိုက်သေးကာ –

"အဲလိုလုပ်လိုက်ရင်လည်း အဘွားနဲ့ဖေဖေက ငွေစင်ကို ကြည့် ကြည့်ဖြူ လက်ခံပေးကြမှာမဟုတ်ဘူး၊ ငါကိုယ်တိုင်က ရပ်တည်ပေ ကလည်း ပညာရေးက တစ်ဖက် ဖြစ်နေတယ်"

"ယောကျ်ားပဲကွာ၊ မဖြစ်ဘူးဆိုလည်း ပွင့်ပွင့်လင်းလင်း အ အညီတောင်းစမ်းပါ၊ မင်းကိုချစ်ရတာ မှန်းကျပ်တယ်ဆိုပြီး ငွေစင်ကို နောင်တရနေတာမျိုး မဖြစ်စေချင်ဘူး"

"ဟင် ငွေစင်က အဲလိုတောင် ညည်းညူနေပြီလား"

"ကျွတ် မောင်ကလေ သူများကိုပဲ အပြစ်မြင်ချင်နေတာ လား။ မောင် တကယ် အဲလိုလုပ်နေလို့ကတော့ တကယ် ငွေစင်မှန်းကျ မိမှာ၊ မောင် နောင်တရမယ့်အဖြစ်မျိုး ဖြစ်လာရင်လည်း အဲဒါ မော ကြောင့်ပဲ"

"ဟော ညီနှိုင်းပေးနေရင်းက ဘယ်လိုဖြစ်ကြပြန်တာ သက်ပိုင် မင်းက ယောကျ်ားလေး၊ ခနီးခနဲ့ တိုက်ခိုက်တာတွေ၊ မ သက်ဘသံသယဝင်တာတွေ မလုပ်စမ်းပါနဲ့ကွာ၊ ငွေစင့်ကိုယ့်ကြည့် သူ့အချစ်ကို တန်ဖိုးထားပြီး အချိန်အခါတစ်ခုထိ စောင့်ကြည့်လိုက်ပါကွ ငွေစင် သစ္စာမပျက်ဘူးဆိုတာ ငါ အာမခံပါတယ်"

နွေသစ်စကားကြောင့် ဖုန်းသက်ပိုင်မျက်နှာအမူအရာ ပြော သွားပြီး ငွေစင့်ပခုံးလေးကို လှမ်းဖက်လိုက်၏။

"ငွေစင်"

"ဘာလဲ"





"မောင့်ကို စိတ်ကောက်နေလား"

"စိတ်ဆိုးတာ"

"မဆိုးပါနဲ့ကွာ၊ မောင်က ငွေစင်ကို ချစ်လို့ပါ၊ ငွေစင်ကို ချစ်တော့ နွေသစ်နဲ့မှမဟုတ်ဘူး၊ ဘယ်သူနဲ့မှကို စိတ်မချတာ"

"သွားပါ အပိုတွေ၊ အရင်က နည်းနည်းမှ ဂရုစိုက်ခဲ့တာ တ်တဲ့နဲ့"

"အခုမှ ပိုချစ်လာလို့နေမှာပေါ့"

"ဟယ် နွေသစ်ရှေ့မှာ"

ပါးကိုနမ်းမည်ပြင်တော့ ငွေစင် ရှက်ရွံ့ဟန်ဖြင့် မျက်နှာလေး ာ ရှောင်ထွက်သွားသည်။ နွေသစ်မျက်နှာလွှဲသွားတာလည်း မြင် က်၏။

ဖုန်းသက်ပိုင် နှုတ်ခမ်းလေးတစ်ဖက် တွန့်ကွေးသွားအောင် ိုက်သည်။ နွေသစ်ကို ဒီထက်နာကျင်ခံစားစေချင်တာ။ ရင်နာနာနှင့် ဆပ်နေတာကို မြင်ချင်တာ။

တန်ဖိုးကြီးတာတွေမှန်သမျှ မင်းမပိုင်ဆိုင်စေရဘူး နွေသစ်။ လုံးကို ငါ ရအောင်ယူမှာ။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၄)

"ယူပါတော် ယူပါ၊ အဘွားက ငါ့မြေး ဘာတောင်းတောင်း ပေးချင်နေတာပါ၊ အရင်းအနှီးမယူတာတောင် အဘွားက စိတ်မကောင်း ဖြစ်နေတာ၊ အိမ်မှာပိုနေတဲ့ ဆက်တီစုံကို ယူချင်တာများ ခွင့်တောင်းနေ စရာလား"

"ပိုနေတယ်ဆိုပေမယ့် အလှူအတန်းလုပ်ရင် ဂိုဒေါင်ထဲက ထုတ်သုံးနေတာမဟုတ်လား၊ သားက အားနာလို့ပါ"

"အောင်မယ်လေး၊ အားနာတဲ့စကား ဒီအဘွားကို ပြောရ လား၊ မြေးလေးလိုအပ်ရင် အဘွားက ဒီအိမ်ကြီးကို ရောင်းပေးဆိုရင် တောင် ရောင်းပေးဦးမှ၊ အဘွားကလေ မြေးကြီးအတွက် အားလုံးစီစ ပြီးသားပါ၊ ထိုက်သင့်တဲ့အမွေကို အဘွားမသေခင် မြေးကို အပြီးအပိုင်





ပေးခဲ့မှာ"

"ဟာ အဘွား အဲလိုမလုပ်ပါနဲ့၊ အဘွားကျန်းမာရေးက ခိုင်ခိုင်မြဲမြဲပဲ ဥစ္စာ၊ တော်တော်နဲ့ သေဦးမှာမဟုတ်ဘဲနဲ့၊ အမွေလွှဲ မှာတွေ ဘာတွေ မစီစဉ်ပါနဲ့ဦး၊ အဘွားအသက်ရှင်နေပေးရင်ပဲ အတွက် ပြည့်စုံလှုံလောက်နေပါပြီ"

မြေးအဘွားနှစ်ယောက် ပြောနေသော စကားတွေကို ဖုန်းသံက သို့သားအဖ ကြားသွားပြီး တစ်ယောက်နှင့်တစ်ယောက်ကြည့်ကာ ပ်နှံ့ပင့်သွားကြ၏၊ ဖုန်းသံပိုင်က ဦးအောင်ဖုန်းမော်လက်ကို လသာ ောင်ဘက်ထိ ဆွဲခေါ်လာခဲ့သည်။

"ဘယ်လိုဖြစ်တာလဲ ဖေဖေ၊ အဘွားက ကျွန်တော့်ကိုတော့ မွေအကြောင်း တစ်ခွန်းမှ မပြောဖူးဘဲနဲ့၊ မဟက်မောပါဘူးလို့ ငြင်းနေ နေ့သစ်ကိုတော့ ပေးမယ်ဆိုတာကြီးပဲ ဖွတ်ပြောနေပါလား"

"ဒီလောက်ဉာဏ်သုံးနေတာ၊ မလိုချင်ဘူးပြောလေ ဟိုက ပေးချင်လေ ဖြစ်အောင်လုပ်နေတာ၊ နောက်မှ အကုန်သိမ်းကြီးယူ မှာ"

"အဲလိုတော့ မဖြစ်ဘူး ဖေဖေ၊ အဘွားပိုင်ဆိုင်မှုတွေက အိမ် ောင်ရေးဖောက်ပြန်တဲ့ မိန်းမရဲ့သားနဲ့ တန်လို့လား၊ ဒီကောင့်ကို အဘွား သွားအောင် အပြစ်ကြီးကြီးမားမား လုပ်စေချင်တယ် ဖေဖေ"

"တခြားအပြစ်က သူ့ကိုချစ်တဲ့စိတ်နဲ့ သားအဘွား ခွင့်လွှတ် ည်ပေးနေမှာပဲ၊ သူ့အမေနဲ့ အဆက်အသွယ်လုပ်နေရင် သား ဘွားက နာကြည်းသွားမှာ"



www.burmeseclassic.com

www.burmeseclassic.com



"ကွယ်ရာမှာ သွားလာပြီးတွေ့နေတော့ရော အဘွားဘာသိမှာ လဲ"

"အဲဒါ သားက နည်းနည်းပါးပါး စုံစမ်းကြည့်ပြီး အဘွားကို ပြန်ပြောပေ့။ ဒါမှမဟုတ် မအေနဲ့အဆက်အသွယ်ရှိလာအောင် မအေ သံယောဇဉ်ရှိလာအောင် သနားအောင် တိုက်တွန်းတာမျိုး လုပ်ကြည့်ပေ ကွာ"

"အဲဒါ သားတစ်ယောက်တည်းတော့ မဖြစ်ဘူး။ ဖေဖေ နားချ ဖျောင်းဖျသင့်တယ်၊ အဘွားမသိအောင်ပေ့၊ အဲဒါမှ အဘွား ငါ့ထက် မင်းအမေကို ပိုရမလား၊ အဖေကိုသတ်တဲ့သူကို သံယော ထားရမလားဆိုပြီး ဒီကောင့်ကို အပြစ်တွေမြင်လာမှာ အိမ်ဖော်က နှင့်ချ, အမွေဖြတ်တဲ့အထိ ဖြစ်သွားရင် ပိုတောင်ကောင်းသေးတယ်"

ဖုန်းသက်ပိုင်ပြောတာကို ဦးအောင်ဖုန်းမော် လေးလေးနက်နက် အကြာကြီးစဉ်းစားနေသည်။ အစ်ကိုဖြစ်သူ အောင်ဖုန်းကျော် မရှိမှ အမေရဲ့ပိုင်ဆိုင်မှုမှန်သမျှ ကိုယ့်သားအဖနှစ်ယောက်ပဲ ပိုင်ဆိုင်သင့်သ မဟုတ်လား။

ဒီလိုအခြေအနေက အိမ်ပေါ်က ဆွဲထုတ်နှင်ချခံရကတည်း နွေသစ်ကို မြတ်ကေသွယ်ခေါ်သွားလျှင် အားလုံးပြီးပြီ။ အခု နွေသစ်က ဒီအိမ်ကြီးမှာ သောင်တင်နေသည်။

နိုင်ငံခြားထွက်သွားတုန်းက စိတ်ချမ်းသာခဲ့ပေမယ့် တစ်နေ့ ပြန်လာနိုင်တာကိုသိနေတာမို့ ကိုယ့်မှာလည်း ကိုယ့်အစီအစဉ်နှင့်ကိုယ်

ဒါပေမဲ့ အမေက နွေသစ်ဆို သည်းသည်းလှုပ်။ အမြင်က





လောက်အောင် ဦးစားပေးတာမို့ သားမခံချင်ဖြစ်တာလည်း အပြစ်မဆို သာ။

"ဒီလိုလုပ် သား။ ပညာရေးကိုချည်း အာရုံမစိုက်ဘဲ အဘွားကို ခြဲနှိုးနှိုးလေး သိမ်းသွင်းကြည့်ပါ၊ ဒီကောင်က လူကကျားကိုးစီး စား ောက်နေမယ့် အဘွားကိုတော့ ကလေးလို ခေါင်းတိုးဖွေပြီး ချွဲတတ်တယ်"

"ကျွန်တော်မှ အဲလိုမလုပ်တတ်တာ၊ ကိုယ့်အသက်အရွယ်, ကိုယ့်ပညာဂုဏ်နဲ့ အဲလိုမျိုး ဖားလျားပြီး မနေတတ်ဘူး ဖေဖေ"

"သားအဘွားကို မချစ်ဘူးလား သားရယ်"

"အမှန်အတိုင်းပြောရရင် ငယ်ငယ်တည်းက နွေသစ်ကိုပဲ က်နှာလိုက်ယုယ ဂရုစိုက်လာတဲ့အဘွားကို ကျွန်တော်မုန်းတယ်၊ ကျွန်တော့် ပေါ် မြေးတစ်ယောက်ဆိုတဲ့ အသိလောက်နဲ့ပဲ ဝတ္တရားကျေ ဆက်ဆံ ယ်ထင်လို့ပါ"

"အဲဒီခံစားမှုမျိုး ဖေဖေမှာလည်း ရှိတာပဲ၊ အစ်ကိုကြီးကိုတော့ မေ့ အမိန့်တွေမသုံးဘဲ ချစ်သူလက်ဆွဲ အိမ်ပေါ်တက်လာတာကို ယ်ဝန်ပါလာလို့ဆိုပြီး လက်ခံထားတယ်၊ ဖေဖေ့ကိုတော့ ချစ်သူနဲ့ ေါင်းဖက်ခွင့်မပေးဘဲ သားအမေနဲ့ လူကြီးချင်းသဘောတူပြီး ဖွတ်ပေး တယ်၊ ဂုဏ်ရည်တူအဆင့်အတန်းတူတဲ့သူကိုပဲ ယူရမယ်တဲ့လေ"

"အဲဒါကြောင့် နွေသစ်အဖေနဲ့အမေ ကွဲအောင် ဖေဖေလုပ် တာ မဟုတ်လား"

"လုပ်သင့်လို့ လုပ်လိုက်တာ နောင်တမရဘူး၊ ဒါပေမဲ့ အစ်ကို သေသွားလောက်တဲ့အထိ ဖြစ်သွားတာတော့ စိတ်မကောင်း



www.burmeseclassic.com

www.burmeseclassic.com



တယ်၊ အဲလိုမျိုးဖြစ်ပါစေလို့ မရည်ရွယ်ခဲ့ဘူးလေ၊ အဲဒါ သစ္စာတရား
နေ့သစ်အမေကိုပဲ အိမ်ထောင်ရေးဖောက်ပြန်တဲ့သူဆိုပြီး ပြတ်ပြတ်
ဒီအိမ်ကြီးကနေ နှင်ထုတ်စေချင်တာ''

ပြောရင်းနှင့် ဦးအောင်ဖုန်းမော် သက်ပြင်းတွေ ရှိုက်ထုတ်
သည်။ သားသမီးချင်းတွေပါလျက် တစ်ယောက်ယောက်ကို ဦးစားပေး
ကျန်တစ်ယောက်က နာကြည်းမှုတွေ၊ အာဃာတတွေ ဖြစ်တည်သွားတ
တာ မိဘတွေ သိနားလည်ဖို့ကောင်းသည်။ အခုတော့ မဖြစ်သင့်တာ
ဖြစ်ပြီး အစ်ကိုတစ်ယောက် ဆုံးရှုံးလိုက်ရ၏။ ဒီအစ်ကိုရင်းကို ဆုံးရှုံး
မှတော့ ဘူတစ်ယောက်ကို မစွန့်လွှတ်နိုင်စရာ မရှိပေ။

ထို့အတွက် ဘာတွေလုပ်ရမယ်ဆိုတာ ဆန္ဒတွေလည်း ဖြ
ထန်လျက်။

✿ ✿ ✿



## အခန်း (၁၅)

''သမီးဆန္ဒက အဲလိုဆိုရင် မေမေက ဘာပြောရမှာလဲ၊ နေ့သစ်
အရင်းခံနဲ့ကူညီပါစေလို့ပဲ ဆုတောင်းရမှာ''

''မရှိသားရင် သူ့ဘက်က အနေသာကြီးပါ မေမေ၊ ဒီလို
ရင်းအနှီး စိုက်ထုတ်ပြီး ကူညီစရာ မလိုပါဘူး။ အခုက သက်ပိုင်နဲ့
ဘာစိုးလို့ သမီးတို့ဘဝကို မြှင့်တင်ပေးဖို့ ကြိုးစားနေတာ''

''အေးလေ၊ သူတို့က ညီအစ်ကိုချင်းမို့လို့နေမှာပါ၊ ဒါနဲ့ မောင်
က်ပိုင်အဖေနဲ့အဘွားက အဲလောက်ကြီး အဆင့်အတန်းခွဲတတ်တာ
ာ့ တစ်မျိုးပဲကွယ်၊ မောင်သက်ပိုင်က ချစ်တယ်ဆိုရင်လည်း မေမေတို့
ခြေအနေကို သိတာနဲ့ လက်ခံမပေးဘူးဆိုတာက''

ရင်ထဲ လေးလံသွားသလို ဒေါ်မေသော် စကားဆုံးအောင်



www.burmeseclassic.com

www.burmeseclassic.com



မပြောနိုင်။ သမီးအတွက် လင်ကောင်းသားကောင်း ရစေချင် ဒီလောက် မျှော်သိပ်နေရတာပါ။

ယောက်ျားလေးရှင်ဘက်က ဒီလိုအခြေအနေမျိုး ရှိနေတာ နည်းနည်းတော့ ကသိကအောက်နိုင်လှသည်။ တကယ်တော့ သက်ပိုင် နေ့သစ်လောက်တောင် အလိုက်ကန်းဆိုးသိသည့်လူတစ်ယောက် မ ပေ။ မိမိအပေါ်လည်း နေ့သစ်လောက် ကျိုးနွံလေးစားမှုမရှိဘူးဟု မိသည်။

"မေမေ"

"အင်း ပြောသမီး"

"နေ့သစ်ရုံးခန်းဖွင့်ပွဲနေ့ကျရင် သူတို့အဘွားနဲ့ မိတ်ဆက် မယ်တဲ့"

"ဟင် အဲလောက်မြန်မြန်ကြီးလား။ မောင်သက်ပိုင်က အ ဆရာဝန်တစ်ယောက်ဖြစ်ဖို့ဆိုရင် နောက်ထပ်သုံးနှစ်လောက်လို ဒီကြားထဲမှာ ပြဿနာတက်တော့"

"နေ့သစ် အကောင်းဆုံးဖြစ်အောင် တာဝန်ယူနေတာပါ နေ့မှာ ဝတ်ဖို့ဝတ်စုံလည်း ဝယ်ပေးထားတယ်၊ အလှပြင်ဆိုင်မှာ မိတ်ဆက်ပေးထားတယ်၊ သူတို့ဘာသာ စုံစမ်းရင် ဖစ်မြစ်သိသွာ ဆိုးမှာစိုးလို့တဲ့၊ ဟန်ဆောင်တယ်ဆိုတာ ကြာရှည်ခံပါ့မလား။ သက်ပိ အိမ်ထောင်ဖက်အဖြစ် ရွေးချယ်မိတာ မှားပြီထင်တယ်"

"အရိပ်လိုချင်ရင် နေပူက စောင့်ရမှာပေါ့၊ မေမေတို့ အ အတန်းနဲ့ ဒီအသိုက်အဝန်းထဲ ဝင်ဖို့ နည်းနည်းတော့ ပင်ပန်းနိုင်





ပြီးတော့ မောင်သက်ပိုင်ကို သမီးချစ်တယ် မဟုတ်လား"

"ချစ်တယ်ဆိုတာထက် သင့်တော်မယ်ထင်လို့ ရွေးချယ်ခဲ့တာပါ၊ သူလိုလူမျိုးက စိတ်ရှည်ရှည်နဲ့ ချဉ်းကပ်ခဲ့တာကိုလည်း အားနာခဲ့တယ်၊ အခုတော့ ကိုယ်ချစ်တယ်လို့ ပြောခဲ့တဲ့လူတစ်ယောက်အပေါ် သစ္စာရှိရ မယ်ဆိုတဲ့အသိ ဝင်တယ်၊ သူ့ဘက်က မပြောင်းလဲသရွေ့ သမီး ဘယ် သူ့ကိုမှ မချစ်ပါဘူး မေမေ"

"သမီးမှာ အဲလိုစိတ်လေးရှိတာ လင်ကောင်းသားကောင်းရ မှာပါကွယ်၊ မေမေတို့သားအမိမှာ ယောက်ျားသားအားကိုးစရာတော့ ဘဝက နှိမ့်ကျလွန်းတယ် သမီး။ အဲဒီ အားကိုးရာလိုက်တဲ့ယောက်ျားသား ကလည်း ပြည့်စုံချမ်းသာရင် ဘဝအဲ့တွက် ဘာလိုအပ်တော့လို့လဲကွယ်၊ မေမေကတော့ မောင်သက်ပိုင်နဲ့ဆိုရင် သမီးနောင်ရေး စိတ်အေးရမယ်လို့ ယုံကြည်တယ်"

"မေမေ စိတ်ချမ်းသာစေရမှာပါ၊ ကဲ မေမေ၊ ဒီနေ့ သန်လျင် ဘက်ကို သတင်းလိုက်စရာရှိလို့ စောစောသွားရမယ်၊ အပြန်လည်း နောက်ကျမယ်ထင်တယ်၊ စိတ်မပူနဲ့နော် မေမေ"

"အေး အေး။ သမီးလေး သွား"

စကားပြောနေတာနှင့် အချိန်နောက်ကျနေပြီမို့ ကားမှတ်တိုင် ကို သုတ်ခြေတင်ရတော့သည်။ သူမရဲ့ သတင်းထောက်ရာထူးနှင့် အဆောင်အယောင်က ဘာမှ ထူးခြားခြင်းမရှိပါ။

အပေါ်စားဝေါးလွယ်အိတ်တစ်လုံး၊ ဟင်းကောင်းပါချင်မှပါ သော ထမင်းဘူးထည့်သည့် ပလတ်စတစ်ခြင်းလေး တစ်လုံး၊



www.burmeseclassic.com

www.burmeseclassic.com



“ငွေစင်၊ ဟိတ် ငွေစင်”

“ဟင်”

ရေးကြီးသုတ်ပျာလိုက်လာသောခြေသံကို မကြား။ ခပ်ကျုယ် ကျုယ်အော်လိုက်မှ ငွေစင် လှည့်ကြည့်သည်။

“နွေသစ်”

“အေး လက်ဖက်ရည်ဆိုင်ထဲကခေါ်နေတာ မကြားလို့ နောက် ကနေ ပြေးလိုက်ရတာ မောနေတာပဲ၊ ဘာလို့ ဒီလောက်တောင် ငြေး နေတာလဲဟ”

“သန်လျင်ဘက်ကို သတ္တင်းသွားယူရမှာ နောက်ကျနေလို့ ဒါနဲ့ နင်က ငါတို့ရပ်ကွက်ထဲ ဘာလို့ရောက်နေတာလဲ”

“ငါ့ဘော်ဒါက ကားမှတ်တိုင်ဘေးက လမ်းထဲမှာနေတာ ငါးလှာမှာဆိုတော့ မတက်တော့ဘဲ ဖုန်းဆက်ကြည့်လိုက်တော့ တက္ကစီနဲ့ သွားပြီတဲ့၊ အဲဒါနဲ့ တစ်လက်စတည်း နင်ထွက်လာရင်ခေါ်ရအောင် ဆိုပြီးစောင့်နေတာ၊ နင် လိုင်းကားခ သက်သာတာပေါ့၊ ဂျာနယ်တိုက် ဝင်ဦးမှာ မဟုတ်လား”

“ဟင့်အင်း မဝင်တော့ဘူး။ သန်လျင်ကို တစ်ခါတည်းသွားမှာ လို့ မနေ့ကတည်းက ပြောခဲ့ပြီ”

“အဲဒါဆိုလည်း သန်လျင်ကို လိုက်ပို့မယ်လေ၊ အဲဒီဘက်ကို နင် တစ်ယောက်တည်းဖြစ်ပါ့မလား”

“အောင်မယ်လေး ဒီထက်ဝေးတဲ့နေရာကိုတောင် တစ်ယောက် တည်း သွားနေရတာ၊ သတင်းထောက်ဘဝက အချိန်အခါ နေရာရွေးနေ





…င် ထမင်းငတ်သွားမှာပေါ့၊ နင်က မနက်ဖြန် ရုံးခန်းဖွင့်ဖို့အတွက် …လုပ်ရှုပ်နေမှာ မဟုတ်လား။ လိုက်မပို့ပါနဲ့ဟာ”

“ရပါတယ်၊ တိုင်းမောင် ကြည့်စီစဉ်ထားလိမ့်မယ်၊ ငါ နင့်ကို …တ်မချလို့ပါ၊ လာ ကားပေါ်တက်၊ စကားမများနဲ့”

နွေသစ်ရဲ့ ဂရုစိုက်မှုများကြောင့် ငွေစင့်ရင်မှာ နွေးထွေးရှိန်းမြ …နေသည်။ နွေသစ်ကားပေါ်ကိုသာ ခဏခဏစီးခွင့်ရပြီး သက်ပိုင်ကတော့ …ကားပေါ်ကို တစ်ခါမှ တင်မစီးဖူးပေ။ ချိန်းဆိုသည့်နေရာရောက် …အောင် သွားဖို့လည်း လိုင်းကားကိုပဲ သူမ တိုးစီးခဲ့ရတာ။

အသွားနဲ့အဖေတင် မဟုတ်ဘဲ၊ ဖုန်းသက်ပိုင်ကပါ အဆင့် …တန်း ခွဲချင်နေတာများလား။

ဒါဆို သူမကို ဘာကြောင့်များ သက်ပိုင်ချစ်ခဲ့ပါလိမ့်။ သက်ပိုင် …က သူမကိုမချစ်ခဲ့ဘူးဆိုလျှင် နွေသစ်နှင့် ဒီလိုမျိုး နှစ်ယောက်အတူ …ချိန်မျိုးမှာ သူမ ရင်ခုန်ပျော်ရွှင်မိမလားမသိပေ။

အခုတော့ –

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၆)

"အခုတစ်လော မြေးကြီး အိမ်ပြန်တာ နောက်ကျတယ်နော်

"ရုံးခန်းဖွင့်ဖို့ကိစ္စနဲ့ အလုပ်ရှုပ်နေလို့ အဘွားရဲ့၊ ဒီနေ့ဖွင့်ပွဲ အဘွားလာမှာမဟုတ်လား"

ကော်ဖီခွက်ကို မော့သောက်ရင်း ဒေါ်တင်မျိုးနွယ် ခေါင်းညိတ် ၏။ ဦးအောင်ဖုန်းမော်က မျက်နှာတည်တည်နှင့် –

"ငါတော့ မလာဖြစ်ဘူးနော်၊ ဒီနေ့ ရွှေလုပ်ငန်းရှင်များအသင်း အစည်းအဝေး ရှိတယ်၊ မေမေက မင်းဆီလာမှာဆိုတော့ ငါက အစည်း အဝေးမတက်လို့ မဖြစ်ဘူး"

"အစည်းအဝေးက နေ့လယ်မှမဟုတ်လား၊ သားရဲ့၊ နေ့သစ်ရဲ့ဖွင့်ပွဲက ဆယ်နာရီလောက် စမှာပဲဥစ္စာ။ ခဏတစ်ဖြုတ်





လိုက်ပါဦးလား"

"ရပါတယ် အဘွားရယ်၊ လေးလေး မအားလို့နေမှာပါ။ သက်ပိုင်ကတော့ လာမှာမဟုတ်လား။ ငွေစင့်ကိုလည်း ဖိတ်ထားတယ်လေ"

"အင်း နည်းနည်းတော့နောက်ကျမယ်၊ ပါမောက္ခဆီ သွားစရာ ရှိ"

"ဪ မြေးသက်ပိုင်က ချစ်သူလာမှာကို စောရောက်သင့်တာ ပေါ့ကွဲ၊ ပါမောက္ခဆီ နောက်နေ့မှသွားလို့ မရဘူးလား"

"နိုင်ငံခြားပညာသင်အတွက် စာတမ်းပြုစုရမှာမို့ပါ၊ အခုက ည်းက လိုအပ်တာတွေ စုဆောင်းနေရတာ အဘွားရဲ့"

"အေးပါ၊ ကိုယ့်အလုပ်နဲ့ကိုယ်ဆိုတော့ ဘယ်အားကြမလဲ၊ ဘွားက အခုတစ်ခါတည်း လိုက်ခဲ့ပေးရမလား မြေး"

ဖုန်းသက်ပိုင်တို့သားအဖကို ဘာမှမပြောတော့ဘဲ နေ့သစ်တက် ည်ကာ ဒေါ်တင်မျိုးနွယ် မေးလိုက်သည်။ နေ့သစ်က ဒေါ်တင်မျိုးနွယ် နံ့လေးပေါ် မေးတင်ကာ နွဲ့လိုက်ပြီး –

"သားက အဘွား အခုလိုက်ရင် ပိုကြိုက်တာပေါ့၊ ဒါပေမဲ့ ည့်သည်တွေနဲ့ ပြောဆိုနေရင် အဘွားကို ဂရုစိုက်နိုင်မှာမဟုတ်ဘူး၊ ည်းနည်း ဧည့်သည်တွေရှင်းလောက်တဲ့အချိန်မှပဲ လာခဲ့ပါ၊ သက်ပိုင် ည်း ရောက်လောက်တဲ့အချိန်ဆိုတော့ သက်ပိုင်က သူ့ချစ်သူနဲ့ မိတ် ဆက်ပေးလိမ့်မယ်"

"အင်း အဲလိုဆိုလည်း ကောင်းတာပဲ၊ ဒါနဲ့ မြေးသက်ပိုင် မြေးက အဲဒီကောင်မလေးကို လက်ထပ်ဖို့အထိ ရည်ရွယ်ထားတာလား"



www.burmeseclassic.com

www.burmeseclassic.com



''ဟုတ် ဟုတ်ကဲ့အဘွား၊ အဘွား လေ့လာအကဲခတ်ကြည့်ပါ''

''အင်း မြေးစိတ်ကြိုက် ရွေးချယ်ထားတယ်ဆိုပေမယ့် အဘွားကတော့ အပေါ်ယံ အကဲခတ်ရုံတင် လုပ်မှာမဟုတ်ဘူးနော်''

''ဗျာ''

''အိမ်မှာ အလည်အပတ်ခေါ် ထမင်းဖိတ်ကျွေးတာတွေ ဘာတွေလုပ်ပြီး အနီးကပ်လေ့လာကြည့်မယ်၊ တချို့က ဂုဏ်နေပစ္စည်းဥစ္စာတွေ ပြည့်စုံပေမယ့် စိတ်တွေက ရိုးသားကြတာ မဟုတ်ဘူး။ အဓိကကတော့ ကိုယ်ကျင့်တရားကောင်းတဲ့ မျိုးရိုးကို ပိုပြီး တန်ဖိုးထားတယ်။ ဆင်းရဲတာက အပြစ်မဟုတ်ဘူး။ အဘွားပြောတာ နားလည်လား''

ဖုန်းသက်ပိုင်တို့သားအဖ နားလည်လားမသိပေမယ့် နွေသစ်ကတော့ ဇဝေဇဝါဖြင့် အတွေးဝင်သွားသည်။ အဘွားက ဆင်းရဲတာကို အပြစ်မမြင်ဘူးဆိုလျှင် မေမေ့ကို ဘာကြောင့်သဘောမတူခဲ့တာလဲ။

မေမေရဲ့အမေက နောက်အိမ်ထောင်ပြုပြီး မေမေ့ညီမကမယားကြီးရှိသော ယောကျ်ားကို အငယ်အနှောင်းအမည်ခံယူခဲ့တာကမေမေ့ကိုယ်ကျင့်တရားနှင့် မဆိုင်ဘူးထင်သည်။ ဒါဆို ဦးအောင်မင်းနှင့်အိမ်ထောင်ရေးဖောက်ပြန်ခဲ့တာတစ်ခုတည်းကြောင့်လား။

အဲဒီအချင်က နှိမ့်ချစွာ ဆက်ဆံခဲ့တာရော။

''မြေးကြီး''

''ဗျာ''

''ဘာတွေတွေးနေတာလဲကွဲ့''





''ဘာ ဘာမှ မဟုတ်ပါဘူး အဘွား၊ လုပ်စရာတွေများလို့ ား စောစောသွားတော့မယ်''

''အေြာ် ကော်ဖီတွေတောင် ကုန်အောင်သောက်မသွားတော့ဘူး ပေါ် သွား သွား၊ အဘွား နောက်မှလာခဲ့မယ်နော် မြေး''

''ဟုတ်ကဲ့''

စာရွက်စာတမ်း မှတ်စုတွေပါသော လက်ကိုင်ဖိုင်ကိုဆွဲပြီး ထွက်လာချိန်မှာ ကားနားရောက်တော့ ဖုန်းသက်ပိုင်က ရှေ့ကနေ ပိတ်ပ်လိုက်၏။

''နွေသစ်''

''ဘာလဲ''

''ငွေစင့်ကိုမြင်ပြီး အဘွားလက်မခံရင် မင်းနဲ့ငါနဲ့ ကွိုင်နော်၊ ပြဿနာရှာလိုက်တာလို့ ငါ အောက်မေ့မှာ''

''မင်းစိတ်ပူမှာကို ငါ ဂရုစိုက်လို့တော့ မဟုတ်ဘူး။ ငွေစင် ဆင်ပြေအောင် ငါကူညီမှာပါ၊ တကယ်လို့ ငွေစင် အခြေအနေမှန် သွားရင်တောင် ခုနက အဘွားပြောတာ ကြားလိုက်တယ်မဟုတ်လား။ ဆင်းရဲတာက အပြစ်မဟုတ်ဘူးတဲ့၊ ငွေစင့်ကိုယ်ကျင့်တရားက မင်း စိုးရိမ်စရာမလိုတဲ့ အခြေအနေဆိုတာ မင်းသိတယ် မဟုတ်လား''

''အဲဒါကိုတော့ ယုံကြည်ပါတယ်''

''အဲဒါကို ယုံကြည်တယ်ဆိုတော့ တခြား ဘာကို မယုံကြည်တာ လဲ''

ဘာမှမပြောဘဲ မျက်လုံးလှန်ကြည့်လိုက်ပုံက မခံမရပ်နိုင်



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သွားစေသည်။ ဒါပေမဲ့ ဖုန်းသက်ပိုင်က ပန်းကို ဆုပ်ဖက်လိုက်တာ
စိတ်ကို လျှော့ချလိုက်ရ၏။

"မင်းကူညီနေတာကိုလည်း ယုံကြည်ပါတယ်၊ ဒါနဲ့ ဒီနေ့ မင်း
နှီးခန်းဖွင့်ပွဲကို မင်းအမေကို ခေါ်မထားဘူးလား။ သူလည်း သားတစ်
ယောက်ရဲ့ အောင်မြင်မှုကို ကြည့်ရှုချင်မှာပေါ့"

"ငါလည်း ဆန္ဒရှိပါတယ်၊ ငါ့အနားမှာထားပြီးလည်း ပြု
စောင့်ရှောက်ချင်တယ်၊ ဒါပေမဲ့ သားတစ်ယောက်ဆုံးရှုံးထားရတဲ့ အသွား
ကို ပိုပြီးစာနာသင့်တယ်လို့ ထင်တယ်၊ မေမေသာ အမှားတွေ မလုပ်
ရင်"

"ဘယ်လောက်ပဲမှားမှား မအေက မအေပဲကွ၊ အသွား
ငါ့လိုမြေးကို အစားထိုးချစ်လို့ရတယ်၊ မင်းအမေက ဘယ်သူ့ကို အစား
မှာလဲ၊ တကယ်လို့ အသွားကျန်းမာရေးတစ်ခုခု ဆိုးဆိုးဝါးဝါးဖြစ်
ငါတို့သားအဖက အရေးပေါ်ပြုစုယုယလို့ ရတယ်၊ ငွေဘယ်လော
ကုန်ကုန် ကုပေးနိုင်တယ်၊ မင်းအမေက အခု ဟိုလူကြီးနဲ့ မပေါင်းသင်
ဘဲ တစ်ယောက်တည်းနေတာဆို"

"အဲ အဲဒါတော့ ဟုတ်တယ်"

"အေး မင်းက ရွှေဘုံပေါ်မှာစံလို့ မင်းအမေက ချို့တဲ့ပင်ပ
ဆင်းရဲနေတယ်၊ မင်း ဘာမှမခံစားရဘဲ စားဝင်အိပ်ပျော်နေတာ တော်
တော်အံ့သြစရာကောင်းတာပဲ"

ဖုန်းသက်ပိုင် လှောင်နေတာလား။ သရော်နေတာလား။ တကယ်
စေတနာနှင့် သတိပေးနေတာလား။





အရင်ကတော့ ဒီအကြောင်း အလေးအနက် ဖြစ်မိရင်တောင်
သွားကို သွေးထိုးစကား ပြောတတ်တာမျိုးပါ။

"မင်း ငါ့ကို အဲလိုတော့ မပြောပါနဲ့ကွာ၊ ငါ မေမေ့ကို မမုန်း
ဘူး ဒါပေမဲ့ ဖေဖေသေလောက်အောင် ခံစားသွားရတာကိုတော့
သွားလောက် မဟုတ်ပေမယ့် နည်းနည်းတော့ စိတ်နာမိတယ်၊ ငါ
လို ဥပေက္ခာပြုထားတာ"

"အသွား စိတ်တိုင်းကျဖို့ မဟုတ်လား။ မင်း အပြစ်လုပ်လည်း
ကိုအရမ်းချစ်တဲ့အသွားက မင်းရသင့်ရထိုက်တဲ့ အမွေကိုတော့ ပေးမှာ

"ဟာ သက်ပိုင်၊ မင်းက ငါ အမွေလိုချင်လို့ အသွားမငြိုငြင်
အောင် နေနေတယ်လို့ထင်နေလား။ ငါက"

"ဆော ဆောရီး၊ ငါက အဲလိုသဘောပြောတာ မဟုတ်ပါဘူး။
သွားစိတ်တိုင်းကျအောင်နေရင်းနဲ့ မင်းအမေနဲ့ပတ်သက်ပြီး ငဲ့ကျှမှာ
ပို၊ မင်းအမေအတွက် တကယ်ကို စိတ်မကောင်းလို့"

ဖုန်းသက်ပိုင် ပျာပျာသလဲရှင်းပြတော့ စေတနာနှင့်ဖြစ်မှာပဲဟု
ကြည့်လိုက်သည်။ ရင်ထဲမှာလည်း တကယ်မကောင်းနိုင်တာပါ။

ဒီလိုအချိန်၊ ဒီလိုနေ့မျိုးမှာ သူ့အတွက် မေမေ့ဂုဏ်ယူပြီး
ပါနေသင့်သည်။ ဧည့်သည်တွေရှေ့မှာလည်း ကျွန်မသားက ဒီလိုတော်
သဟု ကြွားဝါခွင့်ရစေချင်၏။

အခုတော့ သူ ဘာတွေလုပ်နေသည်ဆိုတော မေမေသိတောင်
သိရသေးပါလား။



www.burmeseclassic.com

www.burmeseclassic.com

မယ်သီဆို ဒီဘက်မှာ ကိစ္စတွေ ရှုပ်ယှက်ခတ်နေတာနှင့် ပြောမှ
ရသေးတာ။

ပြောခွင့်ကြုံချင်ပါတယ် မေမေ။

✿ ✿ ✿



အခန်း (၁၇)

"ငါတော့ မကြုံချင်ဘူးဟယ်၊ ခဏနေ ပြန်မယ်နော်"

"ငွေစင် နှင် ဘာတွေ သွေးကြောင်နေတာလဲ၊ ဒီနေ့ ထည် ...ည်ဝါဝါ မိတ်ဆက်ပေးပြီးရင် နှင့်အကြောင်းကို အဘွားစုံစမ်းတော့မှာ ...ာ့တ်ဘူး၊ သက်ပိုင်လည်း လာမှာ၊ နင် အားရှိသွားမှာပါ ငွေစင်ရာ၊ ...ိုးရိမ်နဲ့နော်"

ခေါင်းလေးဖွဖွပုတ်ကာ နှစ်သိမ့်တော့ ငွေစင် မျက်ရည်တောင် ...ချင်သည်။ နေ့သစ်တို့အဘွားရဲ့အရှိန်အဝါကို ကြားပြီးတော့ကို လူက ...ိမ်ငယ်အားငယ်နေမိတာ။

အရှိကိုအရှိအတိုင်း လွှတ်လွှတ်လပ်လပ် လုပ်ကိုင်ပေး ...ည်း ...ရတာလောက်ဆို တော်သေးသည်။



www.burmeseclassic.com

www.burmeseclassic.com



အခုက ကိုယ်နဲ့လိုက်ဖက်မှုမရှိသော အဆောင်အယောင်များနှ
မွမ်းမံထားရတာမို့ စိတ်တွေ မွန်းကျပ်လှ၏။

"ငွေစင်"

"ဟင်"

"ဘာတွေ တွေးနေဟာလဲဟား နေပါဦး နင့်မျက်နှာ မိတ်ကပ်
နည်းနည်းများနေသလားလို့ နင့်အသားအရေက လှပြီးသားကို အရော
အရမ်းတင်လို့မရဘူး။ နှုတ်ခမ်းနီအရောင်လည်း ရင့်သေးတယ်"

"နင်ကလည်း မိတ်ကပ်ဆရာက အင်္ကျီအရောင်နဲ့ လိုက်အော
လုပ်ပေးလိုက်တာကို"

"မဟုတ်သေးပါဘူး။ လာပါ နောက်ခန်းထဲမှာ သေချာပြန်လု
ပေးမယ်၊ မိန်းကလေးတစ်ယောက်ရဲ့အလှကို ယောကျ်ားလေးတွေ
တကယ်အစစ်အမှန် ခံစားတတ်တာ"

"အား နွေသစ်"

အသံစူးစူးကလေးနှင့်အော်ရင်း နွေသစ်ဆွဲခေါ်ရာ ပါလာခဲ့
သည်။

နွေသစ်က ဒီဇိုင်နာတစ်ယောက်လိုပင် သူမကို ရှေ့ကကြည့်
နောက်က ကြည့်နှင့် မိတ်ကပ်ကအစ ပြန်ညှိပေးသည်
ကြိုးသိုင်းဒေါက်မြင့်ဖိနပ် လေးကိုလည်း သေချာစီး၍ ဝတ်ပေး၏။

"ငါ ရွေးပေးတဲ့ဖိနပ်က မိုက်တယ်မဟုတ်လား၊ အခုခေတ်
လုပ်ငန်းရှင်အမျိုးသမီးတွေ ဒါမျိုးတွေ စီးကြတာဟ၊ ဒါမှ ပွဲတက်ရတာ
ခံ့ညားတာတဲ့၊ ဆလင်းဘက်(ခ်)ကို သေချာလွယ်နော်၊ ဂျာနယ်လ





တစ်ယောက်လို ပျာယာခတ်ပြေးလွှားနေရလို့ ဖိုင်ဖိုဖတ်သိပ်ပုံစံမျိုးနဲ့ မလွယ်
နဲ့"

"ငါသိပါတယ်၊ ဆရာ မလုပ်ပါနဲ့၊ ဒါနဲ့ နင် ဒါမျိုးတွေလုပ်တတ်
တာ နင့်ချစ်သူရည်းစားတွေကို လုပ်ပေးနေကျမို့လား"

"နီး နီး၊ မိန်းကလေးသူငယ်ချင်းတောင် နင်တစ်ယောက်ပဲ
ရှိတာ၊ ချစ်သူရည်းစားတော့ မူးလို့တောင် ရှူစရာမရှိဘူး"

"ကြည့်ရတာတော့ သမ္မာရင့်နေသလိုပဲ"

"အထင်မကြီးပါနဲ့ဟာ၊ နင့်ကို စိတ်ပါလက်ပါ ကူညီချင်လို့
ဒီလိုပဲ လေ့လာထားတာပါ၊ ဩော် နင့်ဂျာနယ်တိုက်ကလူတွေကို စားစရာ
တွေ ပို့ခိုင်းလိုက်မယ်နော်၊ ဒီကို မဖိတ်တာက အဘွားလာတုန်းနဲ့တိုးရင်
အစပေါ်သွားမှာစိုးလို့"

"ငါနားလည်ပါတယ်၊ ငါ့အကြောင်းသိနေတဲ့သူတို့ကလည်း
နားလည်ကြပါတယ်၊ အဲလိုသူငယ်ချင်းကောင်းကို သူတို့နဲ့ အောင်သွယ်
ပေးပါလားလို့ စနောက်နေကြသေးတာ"

"မလုပ်ပါနဲ့၊ လူပျိုကြီးဘဝနဲ့ အေးအေးဆေးဆေး နေပါရစေလို့
ပြောလိုက်ပါ"

နွေသစ်အပြောကြောင့် ပေါ့ပေါ့ပါးပါး ပြုံးရယ်မိသည်။ နွေသစ်
က သူမမျက်နှာလေးကို လက်မလေးနှင့် ပင့်မော့ကြည့်ပြီး –

"အခုမှ အရမ်းလှသွားတာ၊ မှန်ကြည့်လိုက်"

ကိုယ်လုံးပေါ်မှန်ဘက်ကို သူမပခုံးလေးကို လှည့်ကိုင်ကာ
ကြည့်စေ၏။ နွေသစ်ပြောသလိုပင် သူမလည်း အခုမှ ကိုယ့်ကိုယ်ကိုယ်

www.burmeseclassic.com

www.burmeseclassic.com



စိတ်တိုင်းကျသွားသည်။

ပန်းဆီရောင် သူမနှုတ်ခမ်းလေးကို နေ့သစ် မျက်ဝန်းညိုများဖြင့် ကြည့်နေစဉ်မှာတော့ သူမ ဖျတ်ခနဲ မျက်နှာလွှဲလိုက်မိသည်။

"ဟဲ့ ဧည့်သည်တွေနဲ့ စကားသွားပြောချည်လေ၊ ငါ နောက်မှ လိုက်လာခဲ့မယ်"

"ဪ အေးပါ၊ ရှက်လို့ သိမ်ငယ်လို့ ပုန်းနေတာမျိုးတော့ မလုပ်နဲ့နော်၊ အဘွားလာတဲ့အချိန်မှာ နင် အနောက်ခန်းထဲ ရှိနေတာမျိုး ဆိုရင်တော့ မကောင်းဘူး။ ကိုယ့်ကိုယ်ကိုယ် လုပ်ငန်းရှင်တစ်ယောက် ပုံစံမျိုးနဲ့ ဝံ့ဝံ့ကြွားကြွား နေစမ်းပါ"

"ဟုတ်ပါပြီ ငါလာခဲ့ပါ့မယ်ဆို"

ငွေစင်တွန်းလွှတ်တာကြောင့် နေ့သစ် ရှေ့ထွက်ပြီး လုပ်ငန်းရှင် ဧည့်သည်တွေကို သူ့ရဲ့ဒီဇိုင်းပညာရပ် ဒက်ကရေးရှင်းတွေအားလုံး ရှင်း ရှင်းပြရသည်။ နိုင်ငံခြားက တတ်မြောက်လာခဲ့သည့်ပညာမို့ အားလုံးက စိတ်ဝင်တစား အားပေးကြသည်။ တချို့က တစ်ခါတည်း အလုပ်အပ်ခဲ့တာမျိုးလည်း ရှိ၏။

ဒီအတိုင်းသာဆိုလျှင် သူ့ရဲ့အလုပ်က ခဏလေးနှင့် အောင်မြင်ပေလိမ့်မည်။ ဧည့်သည်တွေအားလုံးနီးပါး ပြန်ကြသည့်အချိန်မှာတော့ အဘွားရောက်လာသည်။

"အဘွား"

"အင်း မြေးကြီး"

"လာ ထိုင် အဘွား။ ဪ ငွေစင် ဒီဘက်စားပွဲမှာ လာထိုင်





ဘွား"

နေ့သစ်ပြောလိုက်တော့ ဟိုဘက်စားပွဲဝိုင်းကနေ ငွေစင် ထလာသည်။ အဘွားက ငွေစင်ဆိုတာနှင့် မျက်စိတစ်ဆုံး အကဲခတ်၏။

"အဘွား သူက သက်ပိုင်ချစ်သူ ငွေစင်တဲ့၊ ငွေစင် ဒါ ငါ့အဘွား၊ သက်ပိုင်အဘွား"

"ဟုတ်ကဲ့၊ အခုလိုတွေ့ခွင့်ရတာ ဝမ်းသာပါတယ်အဘွား"

ငွေစင်က တလေးတစား ဦးညွှတ်ဂါရဝပြုတော့ အဘွားက မြေးကြီး ခေါင်းညိတ်လျက် အသိအမှတ်ပြု၏။

"မြေးသက်ပိုင်က ရွေးတတ်သားပဲကွယ်၊ အချောအလှလေးပဲ"

"ဟုတ်ကဲ့ ကျေးဇူးတင်ပါတယ်"

"ထိုင်လေ ငွေစင်"

အရမ်းကို အသိအမှတ်ပြုခံချင်နေသည့် ပုံစံမျိုးဖြင့် ဦးညွှတ်ပြီမို့ အမြင်ကတ်စွာ လက်မောင်းကိုဆွဲ၍ ထိုင်ခိုင်းလိုက်သည်။

အဘွားက သူတို့နှစ်ယောက်ရဲ့ ရင်းနှီးမှုကိုကြည့်ကာ –

"မြေးနေ့သစ်နဲ့လည်း ခင်ကြတာပေါ့"

"ဟုတ်ကဲ့အဘွား။ သားတို့က ကျောင်းနေဘက်တွေပါ၊ သား ခြားကပြန်ရောက်တော့ သက်ပိုင်နဲ့ ချစ်သူဖြစ်နေပြီလေ၊ သက်ပိုင်ကို သူ့အဖြစ် လက်ခံလိုက်တာ သက်ပိုင်ကံကောင်းတယ် ပြောရမယ် ဘွားရဲ့၊ ငွေစင်က ကျောင်းမှာ အရမ်းမာနကြီးတာ"

"ဟုတ်လားသမီး။ မိန်းကလေးဆိုတာ အဲလိုမာနရှိရမှာပေါ့ ယ်။ ဒါနဲ့ မြေးသက်ပိုင်ကို ဘာလို့ သဘောကျခဲ့တာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ရှင်"

"ဩော် သူ့ရဲ့ဂုဏ်ဖြစ် အဆင့်အတန်း၊ စည်းစိမ်ဥစ္စာ အား
ပေါ့။ အဲဒီအထဲက သမီးကို ဘယ်အရာကဆွဲဆောင်နိုင်တာလဲ၊ အ
အဘွားသိချင်တယ်"

ကျည်းထဲကျပ်ထဲ ရောက်သွားသလို ငွေစင် ချွေးပြန်သွားသ
ကိုယ်စကားမှားသွားလို့ကတော့ ဒီနေရာကနေ ဘုရားတပြေးရလိမ့်
ထင်သည်။ ဒါပေမဲ့ နေ့သစ်က -

"အဘွားကလည်း ဘာတွေ မေးနေတာလဲ၊ အဘွားပြော
ဟာတွေအားလုံး ပိုင်ဆိုင်ထားတဲ့ငွေစင်က သက်ပိုင်ဆီက ဘာ
မက်မောမှာလဲ၊ သက်ပိုင်ကို ချစ်လို့ပဲရှိမှာပေါ့ အဘွားရဲ့၊ ဟုတ်တ
မဟုတ်လား ငွေစင်၊ အဘွားကို ဖြေလိုက်လေ"

"အင်း ဟိုလေ သက်ပိုင်က ဖွဲ့ရှိရှိနဲ့ ချဉ်းကပ်ခဲ့တော့ ငွေ
မလွန်ဆန်နိုင်တော့တာပါ အဘွား၊ သူ့ပညာရေးထိုက်မှာလည်း မ
လားလို့ပါ"

"အမြေမပေးရင် ကျောင်းဆက်မတက်တော့ဘူး၊ ဘာညာ
ခြိမ်းခြောက်ခဲ့တယ် ဆိုပါတော့၊ အဲဒါပဲ သမီးရဲ့ ယောက်ျားတွေက
မရရင် ဖျာလိပ်ထိပ်ပေါ်တင်ပြီးတောင် ကိုးကွယ်မတတ်ဘဲ၊ ရလို့
တော့ ဖျာလိပ်ခင်၊ နင်းချေရမှာ ဝန်မလေးကြဘူး"

"ဟုတ်လားအဘွား၊ ငွေစင် ကြောက်လိုက်တာ၊ သက်
အဲလို ထားခဲ့ရင်ဒုက္ခပဲ"

ငွေစင် ပန်းလေးတွန့်ကာ ပြောတော့ အဘွားက သဘော





ကျကာ ရယ်သည်။ ငွေစင်မှာလည်း မိန်းမတို့တတ်အပ်သည့် အဋ္ဌာရသ ပညာတွေ အပြည့်ပါလား။

အဘွားကို တစ်ခဏအတွင်းမှာ စည်းရုံးသိမ်းသွင်းနိုင်တာ တော်တန်ရုံ အရည်အချင်းလောက်နှင့် မဟုတ်ပေ။

"ကဲ အဘွားဘာစားမလဲ၊ ဘာသောက်မလဲ"

"နေစမ်းပါကွယ်၊ အဘွားက စားချင်သောက်ချင်လို့လာတာ မဟုတ်ပါဘူး၊ အဘွားမြေးကြီး ဘယ်လောက်တောင် ကြိုးစားထားလဲ သိချင်လို့ပါ၊ အခု မြေးမလေးနဲ့ တွေ့ရတော့ ပိုတောင်တန်သွားပြီ"

"အဘွားက ပြောတော့မယ်၊ သားထက် အခုမှတွေ့တဲ့မြေးမကို ပိုချစ်သွားပြီပေါ့လေ"

"အောင်မယ်လေး စိတ်မကောက်လိုက်ပါနဲ့ကွယ်၊ ဒီကမ္ဘာပေါ်မှာ မြေးထက်ချစ်ရမယ့်သူ ဘယ်သူမှမရှိဘူး၊ ဟောဒီအဘွားမြေးကို အဘွားက အချစ်ဆုံး"

နေ့သစ်နဖူးကို ရွတ်ခနဲ နမ်းရှုပ်ရင်း ပြောနေတာမို့ ဖုန်းသက်ပိုင်ရောက်လာတာကို ဘယ်သူမှ သတိမထားမိလိုက်ကြပေ။

"အဘွားတို့များ လူမြင်ကွင်းမှာတောင် အကဲပိုတယ်"

"ဟင် မြေးလေး"

"သက်ပိုင်"

နေ့သစ်က ကပျာကယာပင် ဖုန်းသက်ပိုင်လက်ကိုဆွဲပြီး အဘွားနားမှာ နေရာပေးလိုက်၏။

"မြေးကြီး ဘယ်လဲ"



www.burmeseclassic.com

www.burmeseclassic.com



"ကြော် အဘွားတို့စကားပြောကြဦးလေ၊ သား ကွန်တက်တစ်ခု ရထားလို့ ဖုန်းပြန်ဆက်လိုက်ဦးမယ်"

နေ့သစ် ရှောင်ထွက်သွားတာမှန်း ငွေစင်သိလိုက်သည်။ ဖုန်းသက်ပိုင်မျက်နှာက သုန်မှုန်တင်းမာနေသည် မဟုတ်လား။ အဘွားက ဘာမှ သိပုံမရဘဲ –

"မြေးလေးက နောက်ကျလိုက်တာကွယ်၊ ဒီမှာ မြေးချစ်သူ မိန်းကလေး စောင့်နေတာ ကြာပြီထင်တယ်"

"ဟုတ်လား ငွေစင်၊ ငွေစင်က ဘာလို့ အစောကြီး ကြိုရောက် နေတာလဲ"

"ဟင် မ မကြာသေးပါဘူးမောင်၊ အဘွားရှေ့လေးတင် ငွေစင် ရောက်တာပါ၊ မောင်လည်း ဒီကို စောရောက်နေမယ်ထင်လို့"

"ဟုတ်သားပဲကွယ်၊ မြေးက ကိုယ့်အစ်ကိုပွဲကို ကြိုရောက်နေ သင့်တာ၊ ကဲပါ အခု အဲဒါတွေမပြောနဲ့၊ အဘွားက ငွေစင်လေးကို မေးစရာရှိတယ်"

"ဟုတ်ကဲ့အဘွား"

"ငွေစင်က မင်္ဂလာဈေးမှာ အထည်အလိပ်ဖြန့်ချိရေးလုပ်တယ် ဆို"

"ဟုတ်ကဲ့"

"တစ်ခါတလေ အဘွား အဲဒီဘက်ရောက်ရင် ဝင်ခဲ့ဦးမယ်ကွဲ့"

"ရှင်"

"လက်ဆောင်ပေးချင်ရင် ချိတ်အကောင်းစားမှ အဘွားက





ကြိုက်တာနော်၊ ကြိုးကြီးချိတ် သိလား"

"အဘွားကလည်း သူများစီးပွားရေးလုပ်နေတာကို"

မနေသာလို့ ဖုန်းသက်ပိုင် ဝင်ပြောတော့ အဘွား မျက်စောင်း ရှယ်သည်။

"အံမယ် မရခင်ကတည်းက သိတတ်နေပါလား သက်ပိုင်၊ အဘွားက ရွှေစင် စီးပွားပျက်လောက်အောင် တောင်းနေလို့လား၊ လက်ဆောင်ပဏ္ဏာဆိုတာ နှစ်ဦးနှစ်ဖက် ရင်းနှီးမှုပြယုဂ်ကွဲ့၊ အဘွားက ချိတ်လုံချည်တစ်ထည်လောက်ကို ဝယ်မဝတ်နိုင်တဲ့သူမို့လို့လား"

"သားက အဲလို သဘောပြောတာမဟုတ်ပါဘူး၊ ငွေစင်က ပေးချင်လား မပေးချင်လား မသိဘဲ"

"ပေး ပေးမှာပါ၊ အဘွား ဘာအရောင်ကြိုက်လဲပြောပါ"

"အသက်က ကြီးပြီဆိုတော့ အရောင်တောက်တောက် အဆင် တွေ မဝတ်ရဲပါဘူးကွယ်၊ လူကြီးဆင်လောက်ပေါ့၊ ငွေစင်ဆိုင်ကိုရောက်မှ ဲ အဘွားရွေးပါ့မယ်"

"ဘုရား ဘုရား"

အကျပ်အတည်းထဲရောက်နေပြီမို့ တိုးသဲ့စွာ ဘုရားတမိလိုက် ည်။ ဖုန်းသက်ပိုင်လည်း မျက်စိမျက်နှာပျက်နေသည်။ ဆိုင်ကိစ္စက စကား ပြောလွန်ထားပေမယ့် ဘာမှ မပြင်ဆင်ရသေးပေ။

ဖုန်းသက်ပိုင်တို့အဘွားက သူမဆိုင်ကို လာချင်သည်ဆိုတာ င်မင်ရင်းနှီးမှုရချင်လို့ မဟုတ်ဘဲ၊ အခြေအနေမှန်သိအောင် လေ့လာ ချင်တာ ဖြစ်လိမ့်မည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်မှာ နွေသစ်ပြန်ရောက်လာပြီး –

"အဘွားကလည်း ဒီလောက်ပိတ်လှောင်မွန်းကျပ်နေတဲ့ ငွေစင်ဆိုင်ကို သွားမယ့်အစား အိမ်ကိုအလည်ခေါ်ပါလား၊ အဘွားရဲ့ သက်ပိုင်ကို ငွေစင် ဘယ်လောက်အလေးအနက် တန်ဖိုးထားလဲဆိုတာ သိရတာပေါ့၊ မျက်စိရှေ့မှာ မြင်တွေ့နေတော့ မြေးချွေးမအဖြစ် ရွေးချယ်သင့်မသင့် ဆုံးဖြတ်ရတာ ပိုပြီး အဆင်ပြေမယ်"

"မြေးကြီးက သဘောပေါက်လွယ်လိုက်တာကွယ်၊ အဘွားက ငွေစင်ကို မြေးချွေးမတော်ဖို့ လေ့လာကြည့်ချင်တာ၊ မြေးက ဘယ်လိုလုပ်သိလဲ ပြောစမ်းပါဦး"

"အဘွားမြေးပဲလေ၊ အဘွားဘာဖြစ်ချင်တယ်ဆိုတာ သားသိတာပေါ့၊ ငွေစင် ငါတို့အဘွားလက်မခံရင် နှင်တော့ မလွယ်ဘူးနော်"

"အောင်မယ် ကောင်စုတ်၊ စကားပြောတာကိုက"

နွေသစ်လက်မောင်းကို လှမ်းရိုက်ကာ မျက်စောင်းဝင့်၍ ပြောတော့ အဘွားက မျက်ခုံးပင့်၍ အကဲခတ်နေ၏။ ဖုန်းသက်ပိုင်နှင့် တရင်းတနှီးမရှိတာကို သတိထားမိလို့နေမှာ။

ဘာဖြစ်ဖြစ် ထိုတစ်နေ့ကို ကျော်ဖြတ်ပြီးလျှင်တော့။

✿ ✿ ✿



## အခန်း (၁၈)

"ငါတော့ တကယ်စိတ်ညစ်တာပဲ နွေသစ်ရယ်၊ ဘာတွေမှန်းကို မသိဘူး"

အဘွားနှင့် ဖုန်းသက်ပိုင်ပြန်သွားချိန်မှာ ငွေစင် စိတ်ရှုပ်စွာ ညည်းညူနေသည်။

နွေသစ်က ရေခဲသေတ္တာထဲက ရေတစ်ဘူးယူကာ ဒီအတိုင်းဖွင့်ဖောက်မော့သောက်ပြီး စားပွဲပေါ်ပြန်ချ၍ –

"ရော့ ရေသောက်လိုက်၊ နည်းနည်းအမောပြေသွားလိမ့်မယ်"

"မသောက်ချင်ပါဘူး၊ မောနေတာမှ မဟုတ်တာ၊ စိတ်ရှုပ်ပြီး မွန်းကျပ်နေတာဟ့်၊ သိပြီလား"

"ဘာလို့ ခက်ခက်ခဲခဲတွေ တွေးနေတာလဲဟာ၊ အားလုံး



www.burmeseclassic.com

www.burmeseclassic.com



အဆင်ပြေသွားမှာပါ"

"ငါ့ကိုယ်ငါတောင် အဆင်ပြေချင်စိတ်ရှိသေးရဲ့လား မသေချာတော့ဘူး နေ့သစ်"

"ဘာဖြစ်လို့လဲ"

"ငါ အမုန်းဆုံးက ဘာလဲသိလား"

"ဟင့်အင်း"

"ဟန်ဆောင်တာနဲ့ မုသာဝါဒပြောရတာပဲ၊ ယောကျ်ား တစ်ယောက်ရဖို့ ငါ အဲလိုတွေ လုပ်စရာလိုလို့လား"

"နှင် ဖုန်းသက်ပိုင်ကိုချစ်တယ်ဆို၊ မစွန့်လွှတ်နိုင်ရင် မာနတစ်ခုတော့ စတေးသင့်ရင် စတေးရမှာပဲ ငွေစင်"

"အဲဒီလို အားပေးစကားမျိုး သက်ပိုင်ဆီကကြားရရင် သိပ်ကောင်းမှာပဲ၊ အခုတော့ဟာ သူ့အသွားရှေ့မှာ ဝါတော်ရစ်ဆယ်ရဲ့ဘုန်းကြီးလို ကျွန်ကြီးတစ်ခွဲသားနဲ့ သူက ဘာကိုကြောက်နေတာလဲ"

"သူ့ အစကတည်းက အေးအေးနေတတ်လို့ပါ၊ အသွားမျက်နှာရိပ် မျက်နှာကဲလည်း အမြဲအကဲခတ်ပြီး သိတတ်တယ်၊ သူ့ဘက်က အမှားအယွင်းဖြစ်သွားရင် အသွားစွန့်လွှတ်လိုက်မှာ စိုးရိမ်တာပေါ့"

"အသွားက ငါ့ကို လေ့လာရင်းနဲ့ သဘောမတူဘူးဆိုရင် သူ ငါ့ကို ထားခဲ့မှာပေါ့နော်၊ အဲဒီအတွက် ငါက ဆင်ခြင်သတိထားပြီး နေရမယ်ပေါ့"

အသံတုန်တုန်လေးဖြင့် မေးလိုက်မိတာ ဖုန်းသက်ပိုင်ကို နှမြောတသလို့တော့ မဟုတ်ပေ။ ကုန်ပစ္စည်းတစ်ခုလို ဈေးဖြတ်ခံရမှာကို





စောင့်ဆိုင်းနေရတာ မာနကို ထိခိုက်လို့ပါ။

နေ့သစ်က အပြုံးတစ်စနှင့် –

"နင့်ကို သက်ပိုင်လက်ထပ်မှာပါ၊ အခု အသွားကလည်း နင့်ကို လက်ခံနေတာပဲ၊ အိမ်လည်လာဖို့ ထမင်းစားဖိတ်ထားတယ် မဟုတ်လား၊ နောက်လည်း အချိန်မရွေး ဝင်ပါ ထွက်ပါလို့ တံခါးဖွင့် ထားတာပဲဟာ"

"အဲဒါက မင်္ဂလာဈေးမှာ ငါ့ဆိုင်မရှိတာနဲ့ ပွဲပြတ်ပြီလေ"

"အသွား မင်္ဂလာဈေးမသွားအောင် နင် အိမ်ကိုလာတဲ့အခါ အသွားမှာတဲ့ ချိတ်လုံချည်ယူခဲ့လိုက်ပေါ့ဟ၊ အသွားက တော်ရုံတန်ရုံ အဲလိုနေရာတွေ သွားခဲပါတယ်"

"နင်ပြောလိုက်ရင် လွယ်လွယ်လေးတွေချည်းပဲ နေ့သစ်ရယ်၊ နင့်အသွားက သူ့မြေးသက်ပိုင်အတွက် ငါ့အခြေအနေကို ကိုယ်တိုင်ကိုယ်ကျ စုံစမ်းသိကျွမ်းချင်နေတာလေ၊ နောက်ဆက်တွဲပြဿနာတွေ နင် ဘယ်လိုရှင်းပေးမှာလဲ"

"ငါ ဆိုင်နေရာစုံစမ်းနေပါတယ်၊ ရပြီဆိုရင် နင်နဲ့သွားကြည့်မယ်၊ နောက်တစ်နေ့ အထည်အလိပ်တွေ လက္ကားယူတင်လိုက်ရင် အဆင်ပြေသွားပြီပဲ"

"နေ့သစ်"

"ဟင်"

"နင် ငါ့ကို သက်ပိုင်နဲ့ အရမ်းကို လက်ထပ်စေချင်နေတာလား"

"ဘာ"



www.burmeseclassic.com

www.burmeseclassic.com



မေးခွန်းက အရှိက်ကို ထိသွားသလို ဆတ်ခနဲတောင် ခါသွားသည်။ ဖုန်းသံမြည်နေတာကို ဂရုမစိုက်နိုင်ဘဲ –

"ငါ ကြိုးစားပမ်းစားကူညီနေတာ နင့်ကို စိတ်ချမ်းသာစေချင်လို့ပါ၊ နင်ချစ်တဲ့သူနဲ့လက်ထပ်ပြီး နင့်ကိုပျော်စေချင်လို့ပါ၊ ငါမျှော်လင့်တာ နင့်ဆီက ခင်မင်မှုသံယောဇဉ်ကြိုးတစ်ချောင်းပါပဲ၊ ပြီးတော့ ငါတို့အသိုက်အဝန်းထဲကို နင်ရောက်လာရင် နင့်ကို အမြဲမြင်တွေ့ခွင့်ရမယ်၊ နင်တို့မွေးလာမယ့် သားသားမီးမီးလေးတွေကို ငါ ထိန်းကျောင်းပေးမယ်၊ ကြီးလာရင် ကျောင်းလိုက်ပို့"

"နွေသစ်"

ဘာကြောင့် ဟန့်တားသလို ခေါ်လိုက်မိမှန်းမသိပါ။ ပြီးရယ်က အားပါးတရ ပြောနေသော်လည်း မျက်ဝန်းအိမ်မှာ ရစ်ဝိုင်းနေသော မျက်ရည်စက်များကို သူမ မြင်တွေ့လိုက်သည်။

နွေသစ် နင် ဘာတွေ နာကျင်နေတာလဲဟု မေးလိုက်ချင်ပါသည်။ ဒါပေမဲ့ –

"နွေသစ်၊ နင် နားရှက်စရာတွေ လျှောက်ပြောမနေနဲ့၊ နင့်အဘွား သဘောမတူရင် သက်ပိုင်နဲ့ငါ လက်ထပ်ရမှာမဟုတ်ဘူး"

"ဘာလို့ လက်မထပ်ရမှာလဲ၊ နင်သာဆန္ဒရှိရင် အဘွားကို ငါ ရအောင်ပြောပေးနိုင်တယ်၊ အဘွားက ငါ့ကို သိပ်ချစ်တာဟ၊ မေမေ့ဆီ ဆင်းသွားမယ်လို့ ခြိမ်းခြောက်လိုက်တာနဲ့ အခုချက်ချင်းတောင် နင်တို့ လက်ထပ်ပွဲ ဖြစ်မြောက်သွားဦးမယ်"

"တော်ပါ အဝိုတွေပြောမနေနဲ့၊ ဒါနဲ့နွေသစ် နင့်အမေကို ငါ





တွေ့ဖူးချင်လိုက်တာ၊ ငါ့ကို လိုက်ပို့ပါလားဟင်"

"ဘာ အဲဒါက ဟိုလေ"

"နင် ရုံးခန်းပိတ်တော့မှာမဟုတ်လား။ ငါလည်း ရုံးဆင်းလာပြီ သွားရအောင်ဟယ်နော်၊ လိုက်ပို့ပါ"

လက်ကို ဖွတ်အတင်းဆွဲထားကာပြောတော့ နာရီလုံးကြည့်လိုက်သည်။ ပြီးမှ ကောင်တာထိုင်နေသော ကိုမြင့်ဆွေအနားသွားကာ–

"ခင်ဗျားမပြန်နဲ့ဦး ကိုမြင့်ဆွေရာ၊ တကယ်လို့ အဘွား ရုံးဖုန်း ဆက်လာရင် အလုပ်တွေမပြတ်သေးလို့ မပြန်ရသေးတာလို့ပြော ...န်တော့်ကိုမေးရင် ဧည့်သည်နဲ့စကားပြောနေလို့ ဖုန်းမကိုင်တာ၊ ဟုတ် ...နော် ကိုမြင့်ဆွေ"

"စိတ်ချပါ ငါ့ကောင်ရာ၊ သွား သွား"

ကိုမြင့်ဆွေကို သေချာမှာခဲ့ပြီးမှ ထွက်လာနိုင်သည်။ ဘာကြောင့် ...း ငွေစင်က မေမေနဲ့ ရုတ်တရက် တွေ့ချင်လာရတာလဲ။

ကိုယ်လည်းသွားချင်သောဆန္ဒတွေ ရှိနေပေမယ့် အဘွားစိတ်ထိ ...ခိုသွားမလား နောက်ဆံတွေတင်းရင်း မရောက်ဖြစ်ခဲ့တာ။ အခုတော့ ...ဘွားထက် ငွေစင့်ဆန္ဒကို ဦးစားပေးသလို ဖြစ်သွားပါရောလား။

"ဟဲ့ စကားလည်း မပြောဘူး။ နင့်အမေဆီကို မသွားချင်လို့ ...လား"

"မဟုတ်ပါဘူး၊ ငါလည်း သွားချင်တယ်၊ အလုပ်တွေရှုပ်နေ ...တာနဲ့ မရောက်ဖြစ်တာ"

"ကိုယ့်အမေဆီကို သွားမှာပဲဟယ်၊ အလုပ်ရှုပ်တာ အကြောင်း



www.burmeseclassic.com

www.burmeseclassic.com



ပြုနေရလား၊ ဘယ်လိုပဲဖြစ်ဖြစ် ရောက်အောင်သွားသင့်တာပေါ့"

"အဘွားသိရင်လည်း စိတ်မကောင်းဖြစ်မှာစိုးလို့ပါ၊ မေမေ
မေမေ့ကြောင့် သေရတာလေ၊ အဘွား ဘယ်ခွင့်လွှတ်နိုင်ပါ့မလဲ"

"အဘွား ခွင့်မလွှတ်လည်း နင့်မှာတော့ သားတစ်ယော
တာဝန်ရှိတာပဲ၊ ဘာလဲ နင်လည်း ခွင့်မလွှတ်နိုင်အောင် စိတ်နာနေ
လား"

နေသစ် မပြောဘဲ ရှေ့ကကားကို ကျော်တက်ဖို့ ဟွန်းသံ
လိုက်၏။ စိတ်မရှည်တော့ လမ်းဘေးက ကပ်၍ ကျော်တက်ပစ်လို
သည်။

"ဟဲ့ နေသစ်"

ကားက ချိုင့်ထဲစောင်းကျသွားတာမို့ နေသစ်ရင်ခွင်ထဲ ငွေ
ပြိုကျသွားသည်။ စတီယာရင်ကို လက်တစ်ဖက်နှင့် ထိန်းကိုင်
ကျန်လက်တစ်ဖက်က ငွေစင့်ပခုံးလေးကို ထိန်းပွေ့ထားသလို ဖြစ်သွား

"ရပြီ ဖယ်"

လမ်းမတည့်တည့်ရောက်တော့ ငွေစင် ရုန်းထွက်လိုက်၏။
သစ်မျက်နှာက မလုံမလဲ နီရဲနေသလို ငွေစင့်မျက်နှာလေးလည်း ပန်း
ရောင် ပြေးနေသည်။

"ဘာမှန်းမသိဘူး၊ ကားကို စွတ်စက်မောင်းနေတာပဲ၊ တိုး
ကုန်ရင် ဘယ်လိုလုပ်မလဲ"

"မတိုက်ပါဘူးဟာ၊ ငါ အဲလောက်တော့ ကျွမ်းပါတယ်၊
လန့်သွားလား"





"မလန့်ပါဘူး၊ ကြောက်ချင်ယောင်ဆောင်တာ"

အရယ်အပြုံးနှင့်ပြောမှ ပေါ့ပေါ့ပါးပါး ပြန်ဖြစ်သွား၏။ ကိုယ့်ရင်ခုန်သံတွေ ငွေစင်မကြားလိုက်လို့ တော်ပါသေးသည်။ ရင်ထဲကဆန္ဒတွေသည်း နင် ဘယ်တော့မှ မမြင်မသိစေရပါဘူး ငွေစင်။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၉)

"ငွေစင်တဲ့လား။ သမီးလေးက ချစ်စရာကောင်းလိုက်တာကွယ် သားနဲ့ ချစ်သူဖြစ်နေကြတာ ကြာပြီလားသမီး"

"ရှင်"

"ဟာ မေမေ၊ သားတို့က အဲလိုမဟုတ်ဘူး။ ဆော ဆော ငွေစင်"

နွေသစ်မျက်နှာတစ်ခုလုံး ထူပူသွားကာ ငွေစင်ကိုလည်း အား အားနာ တောင်းပန်လိုက်ရသည်။ ဒါပေမဲ့ ငွေစင်က မျက်နှာပျက်သွ တာ၊ ရှက်ရွံ့သွားဟန်တို့မရှိဘဲ –

"ရပါတယ်ဟာ၊ အန်တီက မသိလို့ပြောတာပဲ"

"ဪ် သားနဲ့သမီး ချစ်သူတွေမဟုတ်ဘူးပေါ့"





"သူငယ်ချင်းတွေပါ အန်တီ၊ ကျောင်းနေဖက်တွေပါ"

"အားနာလိုက်တာကွယ်၊ အန်တီက မသိလို့ပါနော်။ အခု အန်တို့ဆီ အလည်လာကြတာလား"

"နွေသစ် သွားချင်တယ်ဆိုလို့ အဖော်လိုက်လာတာပါ"

"သားက အန်တို့ဆီလာချင်တာတဲ့လား"

ငွေစင့်စကားအတိုင်း သူ့ ယောင်ယမ်းကာ ခေါင်းညိတ်ပြလိုက်သည်။ ငွေစင် ဘာကြောင့် ဒီလိုပြောလိုက်မှန်းမသိပေမယ့် သူ့စိတ်ထဲက နေ ကျေးဇူးတင်မိသည်။ မေမေ့နှုတ်ခမ်းလေး ကျေနပ်စွာ ပြုံးနေလို့ပါ။

"အခုလို သတိရပေးတဲ့အတွက် ကျေးဇူးတင်ပါတယ် သား၊ သားအဘွားရော နေကောင်းရဲ့လား"

"ကောင်း ကောင်းပါတယ် မေမေ"

"ဒီလိုလာတာတော့ အဘွားမသိဘူး မဟုတ်လား သား"

"ဟုတ်ကဲ့"

"သား အခက်အခဲဖြစ်မယ်ဆိုရင် မေမေ့ဆီ မလာပါနဲ့သား"

"မေမေ အဆင်ပြေရဲ့လား"

မြင်နေရတာ မပြည့်စုံမှန်းသိရဲ့နဲ့ မေးမိပေမယ့်လည်း မေမေက ပြုံးလျက်ပင် –

"မေမေ့တစ်ယောက်စာအတွက် ဘယ်လိုပဲ ရှာစားစား၊ ဝမ်းတော့ ဝပါတယ် သား"

"ဘာလိုအပ်တာရှိလဲ"

"ရောင့်ရဲတင်းတိမ်တတ်တဲ့သူအတွက် လိုအပ်တာ ဘာရှိမှာလဲ



www.burmeseclassic.com

www.burmeseclassic.com



သားရယ်၊ စက်ချုပ်လို့ရတာလေးက မေမေ့တစ်ဝမ်းတစ်ခါးအတွက်တော့ အဆင်ပြေပါတယ်၊ မေမေ့အတွက် ဘာမှ တွေးမပူနဲ့သား၊ နော် သား''

ခေါင်းလေးကို ပွတ်သပ်ပြောနေတာမို့ သူ မျက်ရည်ဝဲမိသည်။ သူ လူမှန်းသိတတ်စအရွယ်ကတည်းက မေမေနှင့် ထိုသို့ တရင်းတနှီး ပွတ်သီးပွတ်သပ် မနေဖူးခဲ့ပေ။ မေမေ ကြင်နာတတ်လား၊ ဂရုစိုက်တတ်လားဆိုတာလည်း မသိခဲ့ရ။ အဘွားနှင့်သာ အတူနေ၊ အတူစား၊ အတူအိပ်။

''ဟဲ့ မြတ်ကေသွယ်''

''ဟင်''

အပြင်ဘက်က အော်သံကြောင့် မေမေရော သူတို့နှစ်ယောက်ရော လန့်ဖျပ်သွားကြသည်။ မေမေက မျက်လုံးမျက်ခံနှံပြူးလျက် ကပျာကသီပင် အိမ်ရှေ့ ထွက်သွား၏။

''ညည်း ဘယ်လိုလုပ်နေတာလဲ မြတ်ကေသွယ်၊ အိမ်လခက တစ်လ မပေးနိုင်၊ တစ်လ နေပါဦးနဲ့ ညည်းဆီကရမယ့်အိမ်လခစာသာ မျှော်စားရရင် ကျွဲ ဝတ်သေတာကြာပြီ''

''ပေး ပေးမှာပါ ဒေါ်ခင်ဝင်းရယ်၊ သုံးရက်လောက်နေရင် မြို့ထဲကို အထည်တွေ သွားအပ်ပြီးတာနဲ့ ဆက်ဆက်ပေးပါ့မယ်ရှင်၊ အခု အိမ်မှာဧည့်သည်တွေရှိနေလို့ မအော်ပါနဲ့နော်၊ ကျွန်မ တောင်းပန်ပါတယ်''

''ဪ ရစရာရှိတဲ့သူက အလိုက်တသိ ထွက်သွားရမယ်ပေါ့ ညည်းလိုမိန်းမအိမ်ရှေ့မှာ ကားအကောင်းစားကြီးက ရပ်လို့ အံ့ဩပါရဲ့





အေး အဲလို ချမ်းသာတဲ့မိတ်ဆွေအပေါင်းအသင်းရှိရင်လည်း သူတို့ဆီက ချေးငှားပြီး ငါ့ကို အိမ်လခပေးပါလား''

''အဲ အဲလိုလုပ်လို့ ဘယ်ဖြစ်မလဲ မခင်ဝင်းရယ်၊ ရှင့်အိမ်လခကို ကျွန်မ ပေးဖြစ်အောင် ပေးမှာပါ''

''အေး သုံးလစာရှိပြီနော်၊ မပေးလို့ကတော့ ဒီတစ်ပတ်အတွင်း ညည်းဆင်းဖို့ပြင်ထား''

အသံတွေကို မကြားရဲတာလား၊ မကြားရက်တာလား။ လက်ဝါးကို ဆုပ်၊ အံကိုကြိတ်ထားလျက်မှ မျက်ရည်တို့က အလိုလို စီးကျလာသည်။

ထိုနေရာကို သွားပြီး ပြဿနာကို စိတ်လိုက်မာန်ပါ ဖြေရှင်းပစ်လိုက်ချင်ပေမယ့် ခြေထောက်က မတ်မတ်ပင် မရပ်နိုင်။

''နေသစ်''

ဆက်တီခုံလေးပေါ် အရုပ်ကြိုးပြတ်ကျသွားသောသူ့ကို ငွေစင်ခိုတကြီး အနားကပ်ကာ ခေါ်၏။ ထိုအချိန်မှာ မေမေလည်း အိမ်ထဲ ပြန်ဝင်လာသည်။

''သား သား ဘာဖြစ်တာလဲ၊ သားလေး သား''

ဆိုနေပြီး အသံမထွက်နိုင်ဖြစ်နေသည့် သူ့ကိုယ်ကြီးကို ဖက်မွေ့ကာ မေမေ ပျာယာခတ်သွားသည်။ နဖူးကိုနမ်း၊ ပါးကိုနမ်းနှင့် လက်တွေကို ဆုပ်ညှစ်ကာ –

''သမီးလေးငွေစင်၊ သား သား ဘာဖြစ်သွားတာလဲ၊ ကြည့်ပါဦး ခုနက အသံတွေကြားပြီး သား စိတ်ထိခိုက်သွားတယ်ထင်တယ်၊



www.burmeseclassic.com

www.burmeseclassic.com



သား သားလေး"

"မေမေ"

"ဟင် သား သား ဘာမှမဖြစ်ဘူးနော်၊ မေမေ ဆရာ
သွားပင့်ရမလား သား"

"ဟင့်အင်း"

"မေမေ့မှာ ဆေးဆေးလေးရှိတယ်၊ အဲဒါလေး သောက်မလား

"မလိုပါဘူး၊ ကျွန်တော် ဘာမှမဖြစ်ပါဘူး၊ မေ မေ
အဲလောက်ဒုက္ခရောက်နေတာ ကျွန်တော့်ကို ဘာလို့မပြောတာလဲ"

"မေမေက အပြစ်ရှိခဲ့တဲ့သူပဲ၊ မေမေ့ဒုက္ခ မေမေခံနိုင်ပါတယ်
သားစိတ်မကောင်းမဖြစ်နဲ့နော်၊ မေမေကလေ အဲဒီအိမ်ကြီးမှာ သ
ချမ်းချမ်းသာသာနေရတာနဲ့တင် ဘယ်လိုဘဝမျိုးပဲရောက်ရောက် ကျေ
နိုင်ပါတယ်"

"မေ မေမေရာ၊ ဟိုလူကြီးနဲ့ ဘာလို အဲလိုဖောက်ပြန်ခဲ့တာ
ဗျာ၊ ဖေဖေနဲ့ သစ္စာရှိရှိသာ နေခဲ့မယ်ဆိုရင် ကျွန်တော်တို့မိသား
ဘယ်လောက်တောင် ပျော်စရာကောင်းလိုက်မလဲ၊ ဒီ ဒီလိုတွေ ဖြစ်
မဟုတ်ဘူး၊ ဒီလို ခွဲခွာရမှာ မဟုတ်ဘူး"

"သား သားလေးရယ်"

သားအမိနှစ်ယောက်ရဲ့ မျက်ရည်များက ငွေစင့်ရင်တစ်ခုလုံး
ပူလောင်နင့်သီးစေသည်။ မချစ်လို့ ခွဲခွာနေရတာလည်း မဟုတ်
ဘယ်လောက်တောင် ရင်နာစရာကောင်းလိုက်သလဲ။

ဘယ်လိုအကြောင်းတရားတွေပဲရှိရှိ မိခင်တစ်ယောက်





ဥပေက္ခာပြုမထားဖို့ နေသစ်ကို တိုက်တွန်းမှုဖြစ်မည်။

နေသစ် မျက်ရည်တွေက သူမရင်တစ်ခုလုံး ပူပြင်းလောင်မြိုက်
စေတာ ဘယ်လိုအကြောင်းတရားကြောင့်ပါလဲ။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၈)

အိမ်ပြန်ချိန်နောက်ကျနေပြီဖြစ်ပေမယ့် ကားရဲဦးတည်ရာ အိမ်ဘက်ကိုမဟုတ်ပေ။ စိတ်နဲ့ကိုယ် မကပ်သော နေ့သစ်က တစ်လမ်းလုံး တိတ်ဆိတ်ကာ သူမကို အိမ်ပြန်ပို့ရမှာတောင် သတိရပါရဲ့လားမသိ။

"နေ့သစ်"

ခေါ်တာကို မကြားသလို နေ့သစ် ပြန်မထူးတာကြောင့် ပခုံးကို ဆုပ်ညှစ်ကာ သတိပေးရသည်။ ထိုအခါမှ သူမဘက် လှည့်ကြည့်လာပြီး ကားလည်း အရှိန်လျော့သွား၏။

"တစ်နေရာရာမှာ ကားခဏရပ်လိုက်ပါလား"

နာခံသလိုနှင့် အမှောင်ရိပ်ကျကျမှာ ကားလေးထိုးရပ်သွားသည်။





"နင့်အမေကို ငွေ လုံလုံလောက်လောက်ပေးခဲ့တယ် မဟုတ်လား။ ဘာတွေကို စိတ်မကောင်းဖြစ်နေသေးတာလဲ"

"ဒီနေ့ ငါသာ ရောက်မသွားရင် မေမေ ဘယ်လောက်များ ူများအပြောအဆိုခံနေရမလဲ မသိဘူး"

"ခုတစ်ကြိမ်ကိစ္စကိုပဲ နင်တွေးမိတာ မဟုတ်လား။ မပြည့်စုံတဲ့ ဘဝက အရာရာတိုင်းကို သိမ်ငယ်မှုတွေနဲ့ ရင်ဆိုင်နေရတာပါပဲ၊ ထမင်း နပ်မှန်အောင် စားချင်မှလည်း စားရမယ်"

"ဘာ"

"ဒီလိုဘဝနဲ့နေရတဲ့သူအဖို့ အဲဒီလိုနေ့မျိုးကိုလည်း ကျော်လွှား ိုမှာပဲ နေ့သစ်၊ ငါတို့အခြေအနေနဲ့ နှိုင်းယှဉ်ပြီး ငါပြောတာ"

"ငွေစင် နင် နင်မပြောနဲ့တော့ဟာ"

"နင် မခံစားနိုင်တာကို ခုနကတည်းက ငါသိလိုက်ပါတယ်၊ ိနဲ့များ နင့်အမေကို ဘာလို ဥပေက္ခာပြုထားတာလဲ နေ့သစ်ရယ်၊ ်င့်အမေကို အဲလိုအခြေအနေဆိုးထဲမှာ ထားရက်တာ အံ့ဩပါရဲ့"

စတီယာရင်ပေါ် မျက်နှာအပ်၍ နေ့သစ် တစ်ချက်ရှိုက်လိုက်၏။ ေနေတော့ မျက်ရည်တွေကို လက်ဖမိုးဖြင့် ကြမ်းတမ်းစွာပွတ်သုတ် ်။ –

"မေမေသာ မမှားခဲ့ရင် ဒီနေ့လိုအခြေအနေမျိုး ဖြစ်စရာ ကြောင်းရှိလာမှာ မဟုတ်ဘူး"

"နင့်အမေ အိမ်ထောင်ရေးဖောက်ပြန်ခဲ့တာကို ပြောတာ ဟုတ်လား၊ အဲဒီကိစ္စ တကယ်ဖြစ်ခဲ့တယ်ဆိုရင် အဲဒီလူနဲ့ အခုချိန်မှာ



www.burmeseclassic.com

www.burmeseclassic.com



ပျော်ပျော်ကြီး လက်ထပ်ပေါင်းသင်းနေလောက်ပြီ၊ အဲဒီကိစ္စတကယ်
ဖြစ်ခဲ့တာရော ဟုတ်ရဲ့လား"

"မဟုတ်ရင် ခုခံကာကွယ်လို့ရတာပဲ၊ အဲဒီလူက ဖေဖေ့သူငယ်ချင်း၊ အိမ်ကို အဝင်အထွက်ရှိတယ်၊ အဘွားတို့ ဖေဖေတို့ရှေ့မှာ တော မေမေ့အပေါ် ဂရုစိုက်ကြင်နာမှုရှိတယ်၊ နောက်ပိုင်း အဲဒီလူနဲ့ အပြင်မှ ခဏခဏ ချိန်းတွေ့တယ်"

"အပြင်မှာ သွားရင်းလာရင်း မိတ်ဆွေတစ်ယောက်လို တွေ့ဆ လည်း ဖြစ်နိုင်တာပဲ၊ တမင်သက်သက် စွပ်စွဲတာမျိုးရော"

"အဲဒီလူကိုယ်တိုင်က မေမေနဲ့ အဲလိုဖြစ်နေပါတယ်လို့ ဝန် တာ"

"ဘာ"

နွေသစ် တုန်အက်စွာအပြောမှာ ငွေစင် မျက်လုံးလေး ပြူ လောက်အောင် လန့်ဖျပ်သွားရသည်။ ဒါပေမဲ့ ဣန္ဒြေကြီးစွာ တည်ငြိ ရင့်ကျက်မှုရှိသော ဒေါ်မြတ်ကေသွယ်က ဒီလိုအိမ်ထောင်ရေး ဖောက်ပြ လိမ့်မည်ဟု မယုံကြည်နိုင်သေးပေ။

"ဒီကိစ္စ နင့်အမေ့ကို သေချာမေးကြည့်ဖူးလား နွေသစ်"

"မေမေကတော့ အခုချိန်ထိ ငြင်းပါတယ်၊ သူ့ကိုယ်သူ လိပ်ပြ သန့်တယ်တဲ့"

"ဒါဆို ဒီကိစ္စ ဘာကြောင့် ဒီလိုဖြစ်သွားရတယ်ဆိုတာ အကြောင်းအရင်းတော့ ရှိရလိမ့်မယ်၊ နင့်အမေရဲ့ကိုယ်ကျင့်တရား နင် မယုံဘူးလား နွေသစ်"





"ဘာတွေဖြစ်နေနေ ဖေဖေကတော့ သေသွားခဲ့ရပြီလေ"

"အဲဒီအတွက် နင် နာကြည်းနေတာလား၊ နင့်အမေရဲ့ ကိုယ်ကျင့်သိက္ခာကို အဖတ်ဆယ်ပေးဖို့အတွက် အမှန်တရားကို မရှာဖွေတော့ဘူးလားဟင် နွေသစ်"

"အဘွားတို့ရှေ့မှာ မေမေ့ကို မဟုတ်ပါဘူးလို့ ငြင်းခိုင်းရမှာလား။ သားတစ်ယောက်လုံး ဆုံးရှုံးသွားရတဲ့ အဘွားက ဘယ်လိုပုံစံမျိုးနဲ့ ခွင့်လွှတ်ပေးရမှာလဲ၊ အစကတည်းက အဲဒီလူကြီးကို မေမေ မပတ်သက်ဘဲ နေခဲ့ရမှာ"

"အမှန်တရားကို မရှာဖွေဘဲနဲ့ နင့်အမေကို သေတဲ့အထိ ပြစ်ဒဏ်ခတ်မှာဆိုရင်တော့ နင်ရော, နင့်အဘွားရော မတရားဘူး နွေသစ်"

"ငွေစင် ဟို"

"တော်ပြီ၊ နင် ဘာမှမပြောနဲ့တော့ မကြားချင်တော့ဘူးဟာ၊ အိမ်ပြန်ဖို့ အရမ်းနောက်ကျနေပြီ၊ မောင်းတော့"

နောက်ကိုမှီကာ မျက်လုံးကိုစုံမှိတ်ချ၍ နားကိုပါ ပိတ်ထားလိုက်သည်။ မျက်လုံးထဲမှာ တည်ငြိမ်ရင့်ကျက်မှုများဖြင့် ကျက်သရေရှိလှသော ဒေါ်မြတ်ကေသွယ်ရဲ့အလှကိုပဲ မြင်ယောင်နေသည်။

လောလီဖောက်ပြန်တတ်သည့် မိန်းမတစ်ယောက်က ချို့တဲ့ဆင်းရဲသောဘဝမှာ တစ်ယောက်တည်း နေပါ့မလား။

ပြည့်စုံချမ်းသာသောယောကျ်ားတစ်ယောက်ယောက်နှင့် ... သော်မှာ စံနေလောက်ရောပေါ့။ နောက်အိမ်ထောင်နှင့်ရသည့် ...သမီး



www.burmeseclassic.com

www.burmeseclassic.com



တွေနှင့် ဓိသားစုဘဝမှာလည်း ပျော်ရွှင်နေပေလိမ့်မည်။

အစုတော့ –

✿ ✿ ✿





## အခန်း (၂၀)

"အခုတစ်လော မြေမျက်နှာလည်း မကောင်းပါလား။ လုပ်ငန်းတာ အဆင်မပြေဘူးလား"

"အလုပ်က အဆင်ပြေပါတယ် အဘွား။ အင်တာနက်တင်ထားတဲ့ အဆောက်အအုံသုံးခုလုံး လုပ်ငန်းရှင်တွေအားလုံး စိတ်ဝင်စားကြတယ်၊ နိုင်ငံခြားသားနှစ်ယောက် ဒီနေ့ အလုပ်လာအပ်မှာ၊ ဟိုတယ်လုပ်ငန်းရှင်တစ်ယောက်ကတော့ သားရဲ့ဒီဇိုင်းတွေကို သူတစ်ယောက်တည်း သုံးချင်တယ်လို့ပြောတယ်"

"ဒါဆို မြေးက အချိန်တိုတိုနဲ့ အောင်မြင်နေပြီပေါ့၊ အဘွားမြေးကြီးက တော်လိုက်တာကွယ်"

ချိုးကျူးရင်းနှင့် နဖူးကိုနမ်းတော့ ဖုန်းသက်ပိုင်တို့ သားအဖ



www.burmeseclassic.com

www.burmeseclassic.com



နှာခေါင်းရှုံ့ မျက်မှောင်ကြုတ်သွားကြသည်။ ကိုယ်တွေ ဘယ်လောက် အောင်မြင်အောင်လုပ်လုပ် ထိုသို့ ချီးကျူးဂုဏ်ပြုတာမျိုး မခံရဖူးပါ။

"အဘွား"

"ဟင် မြေးလေး၊ ဘာပြောမလို့လဲ ပြော"

"မနက်ဖြန် ငွေစင်ကို အိမ်လည်ခေါ်ရမှာဆို"

"အင်းလေ မြေးရဲ့၊ မနက်ဖြန် ဆန်းဒေးဆိုတော့ အိမ်မှာ လူစုံမယ်မဟုတ်လား၊ ငွေစင်က ပညာလည်းတတ်, ပစ္စည်းဥစ္စာလည်း ပြည့်စုံတယ်ဆိုပေမယ့် အိမ်ထောင်မှုရေး ထိန်းသိမ်းနိုင်ရဲ့လားဆိုတာ အဘွားက အကဲခတ်ချင်လို့ပါ၊ အစစအရာရာ အဆင်ပြေမယ်ဆိုရင် မြေးလေး ဟောက်(စ်)ဆင်းပြီးတာနဲ့ အဘွားက စေ့စပ်ပေးထားမှာ"

"ဟာ အဘွား၊ သားက နိုင်ငံခြားကို ဘွဲ့လွန်သွားတက်ဦးမှာ"

"အဲဒီက ပြန်လာမှ လက်ထပ်ကြပေါ့ကွယ်၊ စေ့စပ်ထားတော့ ဒီကြားထဲမှာ အထိန်းအကွပ်ဖြစ်သွားတာပေါ့၊ ဒါပေမဲ့ ငွေစင်ကို အဘွား စိတ်တိုင်းကျ အကဲခတ်ဦးမှာနော်"

ထိုစကားကို ဦးအောင်ဖုန်းကျော် မကျေမနပ်ဖြစ်သွားကာ-

"သားအလုည့်ထိ မေမေ ချုပ်ကိုင်မလို့လား"

"မင်း ဘာပြောလိုက်တာလဲကွဲ့ အောင်ဖုန်းကျော်"

"ကျွန်တော့်တုန်းကလည်း ချစ်သူရှိတယ်ဆိုတော့ ရင်း ရှိအောင် လေ့လာအကဲခတ်လို့ရအောင်ဆိုပြီး အိမ်ကိုခေါ်လာခိုင်းတယ် သုံးခါမြောက်လည်း လာပြီးရော သဘောမတူနိုင်ဘူးဖြစ်သွားတာလေ"

"မေမေ့စိန်လည်ဆွဲကို ခိုးတဲ့သူခိုးမနဲ့ မေမေ သဘောမတူတာ





တွေမှားနေလို့လဲသား၊ ကိုယ့်သားနဲ့ယူမယ့်မိန်းကလေးကို အိမ်ထောင် ထိန်းသိမ်းနိုင်လား, စည်းစနစ်ရှိလား အကဲခတ်ရတာ မိဘဝတ္တရားပါ၊ ကြိမ်မြောက် သူလာတဲ့အခါမှာ မေမေ စိန်လည်ဆွဲပျောက်ခဲ့တယ်"

"အဲဒါက သူ့ရဲ့စိတ်ကို စမ်းကြည့်မယ်ဆိုပြီး မေမေ အလွယ် ကူ သူမြင်မယ့်နေရာမှာ ထားခဲ့တာမဟုတ်လား၊ ဘယ်သူမဆို ကောက် တွေ့တဲ့ပစ္စည်းကို ယူသွားကြမှာပဲ၊ ကျွန်တော်လည်း အဲလိုအလွယ်တွေ့ရင် ဖြစ်မှာပဲ မေမေ"

"အောင်ဖုန်းကျော်"

ဒေါ်တင်မျိုးမွယ် အံ့ဩသလို အာမေဋိတ်သံနှင့် ခေါ်လိုက်ရင်း-

"မင်းမှာ အဲလို အချောင်စိတ်ရှိတာ ငါမသိခဲ့ပါလား၊ ငါ့သား တော်တော်အထင်ကြီးခဲ့မိတာ"

"သဘောပြောတာပါ မေမေ၊ ကိုယ့်တာသာ ထောင်ချောက်ဆင် ပြီးမှ သူခိုးစွပ်စွဲ အပြစ်ပေးတာ မေမေ တရားသလား"

"ဩော် မင်းက ဒါကို မကျေမနပ်ဖြစ်နေတာပေါ့၊ အဲဒီအချိန် တည်းက အဲဒီကောင်မဘက်က ရပ်တည်ပြီး ကိုယ့်လမ်းကိုယ်လျှောက် လား၊ ဘာလို့ မေမေသဘောတူတဲ့သူနဲ့ပဲ ယူပါ့မယ်လို့ ပြောခဲ့တာလဲ"

"သူ့လက်ထဲမှာ မေမေ့စိန်လည်ဆွဲ အထုပ်အထည်နဲ့မိတော့ တော်လည်း လန့်သွားခဲ့တာပေါ့ မေမေ၊ ဒါပေမဲ့ နောက်မှ သေသေ ချာ တွေးမိတယ်၊ မေမေသာ သူ့ကိုယ်ကျင့်တရားကို စမ်းသပ်ဖို့ဆိုပြီး ပစ္စည်းကို အလွယ်မထားခဲ့ရင် သူလည်း ယူဖြစ်မှာမဟုတ်ဘူး၊ တော်နဲ့လည်း ခွဲရမှာမဟုတ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com

"ငါပဲမှားခဲ့တာပေါ့၊ ဟုတ်လား အောင်ဖုန်းကျော်"

"မဟုတ်ပါဘူး။ ကျွန်တော့်သားကိုတော့ သူ့စိတ်တိုင်းကျ ထောင်ဖက် ရွေးခွင့်ပေးလိုက်ပါ။ သားချစ်လို့ ရွေးချယ်ထားတဲ့ ငွေစ ကောင်းသည်ဖြစ်စေ, ဆိုးသည်ဖြစ်စေ မေမေ လက်ခံပေးစေချင်တ

အောင်ဖုန်းကျော်ပြောသမျှတွေ နားထောင်ပြီး ခေါ်တင်မျိုး ရင်ထုမနာ ခံစားလိုက်ရသည်။ သားတစ်ယောက်က မိခင်မေတ္တ နားမလည်တာ ရင်နာဖို့ ကောင်းလှသည်။

"ကောင်းပြီလေ အောင်ဖုန်းကျော်၊ ငါ့စေတနာကို နားမ တော့လည်း ဘယ်တတ်နိုင်ပါ့မလဲ၊ ငွေစင်ဆိုတာလည်း ခေါ်မတွေ့ ဘူး၊ မင်းတို့လုပ်ချင်ရာလုပ်ကြ"

"ဟာ အဘွား။ အဲလိုမဟုတ်ပါဘူး၊ ဖေဖေရော ဘာတွေ နေမှန်းမသိဘူး။ အဘွားစိမံတာကို သား နာခံမှာပါ၊ အဘွားစိတ်တိုင် သားနေမှာ၊ အဘွား စိတ်မကောင်းမဖြစ်နဲ့နော်၊ ငွေစင်ကို အ လေ့လာပါ၊ အကဲခတ်ပါ၊ အဘွားစိတ်တိုင်းကျရင် သားလက်ထပ် အဘွားလက်မခံနိုင်ရင် သား မေ့ပစ်လိုက်မယ်နော် အဘွား"

ဖုန်းသက်ပိုင် ပျာပျာသလဲ လျှောချသွားတာကြောင့် ဦးအေ ဖုန်းကျော် မကျေမချမ်း ထထွက်သွားသည်။ နေ့သစ်ကတော့ ဝင်မပြောဘဲ ငြိမ်ငြိမ်သက်သက်။

"မြေးငယ်၊ မင်းအဖေက ဘာထဖြစ်တာလဲ၊ တစ်သက်လုံ ပြန်ခံမပြောဖူးတဲ့ မအေကို ပမာမခန့်နဲ့"

"ဘာမှမဟုတ်ပါဘူး အဘွားရယ်၊ အခုတစ်လော ရွေ





အတက်အကျ မငြိမ်တော့ စိတ်တွေလည်း တည်တည်ငြိမ်ငြိမ် မရှိတော့ တာနေမှာပါ"

"မဟုတ်ဘူး။ သူ အဲဒီကိစ္စနဲ့ပတ်သက်ပြီး အဘွားကို အစ ကြေလို့ ပေါက်ကွဲတာပေါ့၊ သူ့သားနဲ့ပတ်သက်တော့ အဘွားကို မစွက် က်စေချင်တဲ့သဘောပဲ"

"အဘွားရယ် စိတ်ထဲ ဘာမှမထားပါနဲ့၊ ခဏတစ်ဖြုတ် စိတ် လွတ်သွားတာကို နားလည်ပေးလိုက်ပါ၊ ကြော် မနက်ဖြန် ငွေစင်ကို ခေါ်လာခဲ့မယ်နော် အဘွား"

စိတ်ထဲ ကသိကအောက်ဖြစ်နေသော်လည်း မြေးငယ် စိတ် ကောင်းဖြစ်မှာစိုး၍ ခေါင်းညိတ်ပြလိုက်ရသည်။

ဘယ်လိုအကြောင်းကြောင့် အခုမှ အောင်ဖုန်းကျော် ပေါက်ကွဲ နေရတာလဲ။

သားနှစ်ယောက်ကို ရင်အုပ်မကွာ မေတ္တာတွေပေးချင်လို့ အိမ်ထောင်ဘက်တွေကို မိမိစိတ်တိုင်းကျ ရွေးချယ်ပေးချင်ခဲ့တာ ဘာတွေ မှားခဲ့လို့လဲ။ မိမိသွေးကို သန့်ကျင်ခဲ့သည့်သားကြီးဆိုရင် မြတ်ကေသွယ်လို အကျင့်စာရိတ္တမကောင်းသော မိန်းကလေးကို လက်ထပ်ခဲ့မိလို့ အသက် ကို စတေးခဲ့ရတာ။

မိတ္တသဘောတူတဲ့သူကို လက်ထပ်ပြီး အိမ်ထောင်ရေးသာယာခဲ့ သည့် အောင်ဖုန်းကျော်က ဘာတွေများ နာကြည်းနေပါလိမ့်။

ရင်တွေထဲ လေးလံလိုက်တာ။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၂)

"ရင်တွေတုန်လိုက်တာ မောင်ရယ်၊ ငွေစင် အခုလာရမှာလား

ဟင်"

"အချိန်တော့ ရပါသေးတယ်၊ အခုမှ အဘွားတို့ ဈေးသွား

တယ်၊ ပြန်လာမှ အတူတူချက်ပြုတ်စားသောက်ကြမှာလို့ ပြောတာ

ငွေစင် ဘယ်လောက်ထိ အိမ်ထောင်မှုထိန်းသိမ်းနိုင်လဲဆိုတာ အဘွား

အကဲခတ်မလို့ နေမှာပေါ့၊ ဘယ်လိုလဲ ငွေစင်၊ အဆင်ပြေပါ့မလား"

"မောင်နဲ့လက်ထပ်ခွင့်ရအောင် ငွေစင့်ကို စာမေးပွဲလာစစ်

နေတာလား မောင်၊ အရည်အချင်းမမီရင် ငွေစင့်ကို အရှုံးတွေနဲ့ ထား

မဟုတ်လား"

"အဲလိုတွေ မတွေးပါနဲ့ ငွေစင်၊ တစ်ခါပဲ တွေ့ရသေးတာပေ





အဘွားက ငွေစင်ကို အသိအမှတ်ပြုပြီးပါပြီ၊ အခုက မိသားစုဝင်ဖြစ်လာ

မယ့် ငွေစင်ကို နွေးနွေးထွေးထွေး ဆက်ဆံချင်တဲ့သဘောပါ၊ ဒါပဲနော်

ငွေစင်၊ မောင် အိမ်ကနေ စောင့်နေမယ်"

သူမ ဆုံးဖြတ်ချက်မချရသေးခင်မှာပင် ဖုန်းသက်ပိုင်က ဖုန်း

အရင်ချသွားလေသည်။ သူမစိတ်တွေ ညစ်ညူးနောက်ကျိကာ ဘာလုပ်

ရမှန်းမသိ ဖြစ်လို့နေသည်။ အခု မသွားဖြစ်လျှင် ဖုန်းသက်ပိုင်နှင့်ပတ်

သက်မှုက တစ်ခါတည်း အဆုံးသတ်သွားနိုင်သည် ထင်၏။

သူမ ဘာလုပ်ရမလဲ။

"သမီးရေ၊ မောင်နေသစ် လာတယ်ထင်တယ်၊ အိမ်ရှေ့

ထွက်ကြည့်လိုက်ပါဦး"

"ရှင် ဟုတ်ကဲ့ မေမေ"

ဘုရားဆွမ်းတော်တင်ဖို့ ပြင်နေရင်းက မေမေလှမ်းအော်တော့

အိမ်ခန်းထဲကနေ အပြေးထွက်လာခဲ့ရသည်။

နေသစ်က ကားတံခါးကို ဂျိမ်းခနဲပိတ်ကာ ခြံဝင်းထဲ ဝင်လာ

သည်။

"စောစောစီးစီး ဘာကိစ္စလဲ နေသစ်"

"အိမ်ပေါ်မှာ နှင့်အမေရှိတယ် မဟုတ်လား၊ ဒီမှာပဲ စကား

ပြောရအောင်၊ ဖြစ်တယ်မဟုတ်လား"

"ပတ်ဝန်းကျင်က မြင်ရင်"

"အဲဒါ ထည့်တွက်မနေနဲ့ဦး၊ အဘွားက ဒီနေ့ အိမ်ကိုလာဖို့

ပြောတာ သက်ပိုင် ဖုန်းဆက်တယ်မဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"အင်း၊ အခုပဲ ဖုန်းလာတာ"

"အဲဒါဆို အဘွားအတွက် ချိတ်လုံရည်သွားဝယ်ရအောင်လေ။ အဲဒါကြောင့် နင့်ကို လာခေါ်တာ"

"ငါ လာတောင် မလာချင်တော့ဘူး၊ လိမ်ညာနေရတာကို စိတ်ထဲမှာ မလုံဘူးဟာ၊ ယောကျ်ားတစ်ယောက်ရဖို့ မုသာဝါဒကံကို ကျူးလွန်ရတာ တန်ပါ့မလား"

"ငွေစင်ရယ်၊ ဘဝတစ်ခုလုံး ကောင်းစားဖို့အတွက်ပဲ၊ အထူးကု ဆရာဝန်ကြီးကတော်ဖြစ်မှာလေ၊ သာမန်မိန်းကလေးတစ်ယောက် မမျှော်မှန်းရဲတဲ့ အရာပေါ့၊ ပြီးတော့ နင်ချစ်တဲ့ယောကျ်ားအတွက် ဘယ်လိုပြစ်မှုမျိုးမဆို ကျူးလွန်ရဲ၊ စွန့်စားရဲရမှာပေါ့ဟာ၊ ငါပြောတာ ဟုတ်တယ် မဟုတ်လား"

"နင်တောင် ဒီလို အချစ်နဲ့ပတ်သက်တဲ့စကားတွေ ပြောတတ်လာပြီနော်"

"နင့်ကို ဖျောင်းဖျနားချဖို့အတွက် ငါသင်ထားတာ"

"ကောင်းစုတ်"

ငွေစင် မျက်စောင်းအထိုးမှာ သူ့ရင်က ဒိုင်းခနဲ ခေါင်းခုန်သွားသည်။ ဘာကြောင့် မြည့်ဆည်းမိုက် ပါလာရတာလဲ။

အချစ်အတွက် ဘယ်သူမဆို ပိုင်ဆိုင်ဖို့ ကြိုးစားချင်ကြမှာပဲ။

"သမီးရေ ဘာလုပ်နေတာလဲ၊ မောင်နေသစ်ကို အိမ်ပေါ်ခေါ်ခဲ့လေကွယ်"

"ဟုတ်ကဲ့ မေမေ"





အိမ်ပေါ်က မေမေ့အသံကြောင့် နေသစ်လက်မောင်းကို ဆွဲ…ဆိုလိုက်ကာ –

"တွေ့လား မေမေခေါ်နေပြီ၊ အိမ်ပေါ်လာပါဆိုမှ"

"အေးပါ"

အိမ်ပေါ်ရောက်မှ ငွေစင်အမေရဲ့အလိုမကျမှုကို မျက်ဝါးထင်…င် မြင်ရတော့။

"ထိုင် မောင်နေသစ်၊ မင်းကို အန်တီပြောစရာရှိတယ်"

"ဟုတ်ကဲ့"

"အန်တို့သမီးက ကျော်တော့လေ့လူကြီး ညားတော့လေ့ထိုးသား…တော့မယ်ထင်တယ်"

"ဗျာ"

"သမီးနဲ့ မောင်သက်ပိုင်ကြားမှာ မင်းကူညီနေတာ အန်တီ…တော့ သိပါတယ်၊ ဒါပေမဲ့ မင်းနဲ့ပဲ တယူးတွဲတွဲသွားလာနေတာကိုတော့ …ဝန်းကျင်က မေးငေါ့စရာ ဖြစ်နေတယ်ကွယ်"

"ဗျာ အန်တီ၊ အဲဒါက"

"မင်းရှင်းမပြလည်း အန်တီသိတယ်၊ ဒါပေမဲ့ ပတ်ဝန်းကျင် …မြင်ရှုင်းမိုလည်း လိုတယ်လို့ထင်တယ်၊ အန်တီပြောချင်တာက သမီးကို …ကြို မလုပ်ပါနဲ့၊ အပြင်မှာတွေ့မယ်ဆိုရင်လည်း မောင်သက်ပိုင် …ချင်တယ်၊ ဒါက မင်းကို မယုံကြည်လို့ပြောတဲ့စကား မဟုတ်ဘူးနော်၊ …ချိန်မှာ အန်တီ အမှန်အတိုင်းပြောရရင် မောင်သက်ပိုင်ထက် …တောင် ပိုပြီး ခင်တွယ်မိသလိုပဲ"



www.burmeseclassic.com

www.burmeseclassic.com



"မေမေ ဘာတွေပြောနေတာလဲ၊ နွေသစ်ကို အားနာရ...

ငွေစင်ပြောတာကို ဒေါ်မေသော် ဂရုမစိုက်ပါ။ ပြောမှုဖြစ်... မည်လို့ ဆုံးဖြတ်ချက်ချထားပြီးပုံရကာ –

"မေမေ နွေသစ်ကို အားမနာလို့ ပြောနေတာမဟုတ်ပါ... သူကူညီနေတာကိုလည်း ကျေးဇူးတင်တယ်၊ ဒါပေမဲ့ ရပ်ကွက်ထဲ... ပြောဆိုဝေဖန်နေတာတွေအတွက်တော့ ဆင်ခြင်သင့်တယ်လို့ ထင်တ...

"မေမေရယ် ဘာတွေပြောနေကြလို့လဲ"

"အရင်ရည်းစားက ပြတ်လား၊မပြတ်လား မသိဘူး။ နွေ... ရည်းစားက အိမ်မှာ ချောင်းပေါက်နေပြီတဲ့လေ၊ အဲလိုမဟုတ်ပါ... မောင်နွေသစ်က မောင်သက်ပိုင်ရဲ့အစ်ကိုပါ၊ သူက ကူညီနေတာ... မေမေ တစ်အိမ်တက်တစ်အိမ်ဆင်း လိုက်ရှင်းပြရမှာလား သမီး"

"ကျွန်တော် နားလည်ပါပြီ အန်တီ၊ ကျွန်တော် ဆင်ခြင်ပါ... ငွေစင် ငါပြန်တော့မယ်၊ အဘွားအတွက် လက်ဆောင်ကို ငါရုံးခ... ဝင်ယူလိုက်ပါ"

"နွေသစ်"

နွေသစ် ကပျာကသီ ထပြန်သွားတာမို့ ငွေစင် စိတ်မကော... ဖြစ်သွားသည်။ ရင်ထဲ ထိရှသို့နင့်သွားတာ ဒါ ပထမဆုံးအကြိမ်ပဲဖြစ်... ထင်၏။

"နွေသစ် ခဏနေဦး"

မေမေ့ကို ဘာမှပြောမနေဘဲ ကားစက်နှိုးနေပြီဖြစ်သည့်... သစ်ဆီကို အပြေးအလွှားရောက်အောင် လာခဲ့သည်။





"ဘာလဲ ငွေစင်"

"ငါလည်းလိုက်မယ်"

"ဟာ ပြီးမှ လာခဲ့လိုက်လေ၊ အဘွားအတွက် ငါ ကုန်တိုက်ကို သွားဝယ်ဦးမှာ၊ ပြီးတော့ နင့်အမေ"

"မသိဘူးဟာ၊ ငါလိုက်မှာပဲ"

ကားတံခါးကို ဆွဲဖွင့်ကာ တက်ထိုင်နေပြီမို့ နွေသစ် မောင်းထွက်လာခဲ့ရသည်။ စိတ်ထဲမှာ ဘာကြောင့်ရယ်မသိဘဲ ငွေစင်လိုက်လာတာကို ပျော်သလိုလို ဖြစ်နေမိသည်။

ငွေစင်မျက်နှာလေးကလည်း ပြုံးမလို တည်မလို စပ်ဖြဖြနှင့်။

"နင့်အမေဆူနေတာကို ဘာလို့ တန်းခနဲလိုက်လာတာလဲ"

"နင်ပြန်သွားတာကို စိတ်မကောင်းလို့ပေါ့၊ တကယ်ဆို နင်က ကူညီနေတာ၊ ဘာလို့ အပြောအဆိုခံရမှာလဲ"

"နင့်အမေက နင့်အတွက် စိတ်ပူလို့ပေါ့ဟာ၊ မိဘမေတ္တာကလည်း သူများနဲ့ယှဉ်ရင်တော့ နည်းနည်း အတ္တကြီးတတ်တာပဲ"

"မိဘမေတ္တာအကြောင်း အဲလောက်နားလည်နေရင် နင်လည်း နင့်အမေကို ဥပေက္ခာပြုမထားသင့်ဘူး"

"မေမေ့စားဝတ်နေရေးအတွက် အဘွားမသိအောင် လစဉ် ထောက်ပံ့ဖို့ စဉ်းစားထားပါတယ်"

"ငွေကြေးထောက်ပံ့ပေးရုံနဲ့တော့ သားသမီးဝတ္တရား ကျေ(ပြ)တာ မဟုတ်ဘူး နွေသစ်၊ အရိပ်ကြည့်ပြီး ပြုစုစောင့်ရှောက်ပေးဖို့လည်း ကြိုး စားပါဦး။ ပြီးတော့ နင့်အမေကို အိမ်ထောင်ရေးဖောက်ပြန်တယ်လို့



www.burmeseclassic.com

www.burmeseclassic.com



ခွပ်ခွဲခံရတာ, နင့်အဖေ သေရတာ, အိမ်ပေါ်ကနေ နင့်အမေ ဆွဲထုတ်ခံရတာ အားလုံးက အကြောင်းတစ်ခုခု ရှိနေလိမ့်မယ်လို့ထင်တယ်"

"အဘွားကို မတရားဘူးလို့ ပြောချင်တာလား"

"အိမ်မှာနေတဲ့ နင့်အဘွားက အလကားနေရင်း ပြဿနာရှာနေတာတော့ မဖြစ်နိုင်ပါဘူး"

"ဒါဆို သက်ပိုင်နဲ့ သူ့အဖေ"

အတွေးတစ်ချက်ဝင်သွားပေမယ့် စကားကို ဆုံးအောင်တော့ မပြောမိပေ။ သက်ပိုင်တို့သားအဖက ငွေစင်နှင့် ပတ်သက်ရမည့်သူတွေ မဟုတ်လား။

ကိုယ်ပြောလိုက်သည့် စကားတစ်ခွန်းကြောင့် သူမတို့ နှစ်ယောက် ဘယ်တော့မှ ပဋိပက္ခ မဖြစ်စေချင်ပါ။

ငါ နင့်ကို အဲလောက်ထိ တန်ဖိုးထားမိနေတာပါ ငွေစင်ရယ်။

✿ ✿ ✿



အခန်း (၂၃)

"ငွေစင်လာတယ် အဘွား"

ဖုန်းသက်ပိုင်အသံကြားလို့ အိမ်ရှေ့ကို လှမ်းမျှော်ကြည့်မိစဉ်မှာ အကျွမ်းဝင်ကားလေး လှည့်ပြန်သွားတာကို တွေ့လိုက်ရသည်။ ပြည့်စုံချမ်းသာသည့်အသိုင်းအဝန်းကဆိုပြီး ဘာကြောင့် တက္ကစီကားနဲ့ လာရတာလဲ။ အကယ်ဆို ကားကို ကိုယ်တိုင်မောင်းလာတာပဲဖြစ်ဖြစ်၊ ဒရိုင်ဘာက မောင်းပြီး လိုက်ပို့တာပဲဖြစ်ဖြစ်။

"အဘွား"

"ကြော် ငွေစင်၊ လာ ထိုင်ကွဲ့၊ စောစောရောက်မယ်တောင် ထင်နေတာ"

"မေမေ့ကို ခေါ်ခေါ်နေနေး လိုက်ပို့နေလို့ပါ အဘွား။ ဒီမှာ အဘွား



www.burmeseclassic.com

www.burmeseclassic.com



အတွက် ချိတ်လုံချည်ပါလာတယ်၊ အရောင်ကြိုက်ပဲ့မလား မသိဘူး"

"မှန်း ပြစမ်းပါဦး"

အဝါနှင့်အနက်ဖောက်ထားသော ကြိုးကြိုးချိတ်က ပွဲတက်

အဆင်ပြေဆုံးဖြစ်ပေလိမ့်မည်။

"လူငယ်ဆင်ကျမနေဘူးလားကွယ်၊ အဘွား အသက်အရွယ်

ကလက်နေမလားဘဲ"

"အဘွားက အရွယ်တင်ပါတယ်၊ ဒါလေးဝတ်လိုက်ရင် ပို

နုပျိုသွားမှာ"

"ဟုတ်လား၊ ဒါဆိုရင်တော့ ငွေစင့်လက်ဆောင်အတွက် ကျေ

ဇူးပါပဲကွယ်၊ အဘွားက ငွေစင့်ဆိုင်ကိုလာတဲ့နေ့မှ ကြိုက်တာရွေးမယ်

စဉ်းစားထားတာ"

"အဘွား တော်တော်နဲ့ ရောက်ဖြစ်ဦးမယ်မထင်လို့ ငွေ

ယူလာတာပါ၊ ဟို အဘွားမကြိုက်ရင် ငွေစင် တခြားဟာလဲပေးပဲ့မယ်

"နေပါစေကွယ်၊ ငွေစင် ဝတ်စေချင်တာ အဘွားဝတ်ပဲ့မယ်

ဪ မြေးသက်ပိုင်၊ မြေးလေးအဖေကို သွားခေါ်ချေဦးလေ၊ ငွေ

ရောက်နေတယ်၊ သူ တစ်ခါမှ မတွေ့ဖူးသေးဘူး မဟုတ်လား"

"ဟုတ်ကဲ့အဘွား"

"နေ့သစ်ဆီလည်း ဖုန်းဆက်ပါကွယ်၊ မနက်တည်းက ထွ

သွားတာ အခုထိ ပြန်မရောက်သေးဘူး၊ ဒီနေ့ ရုံးခန်းပိတ်တယ်ဆို

ဘယ်တွေသွားနေပါလိမ့်"

"သူ့အမေဆီရောက်ချင် ရောက်နေမှာပေါ့၊ ရုံးခန်းဖွင့်တဲ့





တောင် ဟိုနေ့က သူ့ဆီရောက်တော့ ရုံးခန်းမှာ ဒီကောင်မရှိဘူး၊ ကိုမြင့်ဆွေကိုမေးတော့ သူ့အမေ ဖုန်းဆက်လို့ အဲဒီကိုသွားတယ်ထင်တယ်တဲ့လေ"

"ဘာ သူ့အမေနဲ့ အဲလိုတွေ အဆက်အသွယ်ရှိနေတာလား"

ဖုန်းသက်ပိုင် သွေးထိုးစကားကြောင့် အဘွား ဒေါသထွက်သွားဟန်တူသည်။ တကယ်ဟုတ်ခဲ့ရင်တောင် အဘွား မကြိုက်မှန်းသိလျှင် ဖုန်းသက်ပိုင် ဒီလိုမပြောသင့်။

သူမနှင့်ကိစ္စကို နေ့သစ် ကူညီနေခဲ့တာမဟုတ်ပါလား။ နေ့သစ်ကွယ်ရာမှာ ဖုန်းသက်ပိုင် ချွန်တွန်းလုပ် သွေးထိုးမြှောက်ပင့်သူပါလား။

နေ့သစ်က သူ့အမေဆီသွားတာ မဟုတ်ပါဘူး၊ အဘွားအတွက် လုံချည်လိုက်ဝယ်ပေးနေတာပါလို့ ပြောလို့လည်းမဖြစ်နှင့် နေ့သစ် အပြစ်ကင်းအောင် မကူညီနိုင်တာ ရင်ထဲမကောင်းလှပေ။

"အဘွားကို ဖုန်းပေးစမ်း၊ မင်းက အောင်ဖုန်းကျော်ကို သွားခေါ်"

ဖုန်းသက်ပိုင်ဆီက ဖုန်းတောင်းပြီး နေ့သစ်ဆီ အဘွား ဖုန်းဆက်နေသည်။

"နေ့သစ်၊ မင်း ဘယ်ရောက်နေလဲ"

"--------------"

"ဘာ ဟုတ်လား၊ အဲဒါဆို မြန်မြန်ပြန်လာခဲ့၊ ဪ အေးအေး"

ဖုန်းပြောပြီးမှ အဘွားမျက်နှာ ပြုံးယောင်သမ်းလာသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘာတဲ့လဲအဘွား"

"ကုန်တိုက်မှာ အသီးအနှံတွေ ဝင်ဝယ်နေတာတဲ့၊ မနက်က သူငယ်ချင်းတစ်ယောက်ကို ကားဂိတ်သွားပို့တာတဲ့လေ၊ အခု ကုန်တိုက်ထဲက ထွက်လာနေပြီတဲ့၊ ငွေစင်က ပန်းသစ်တော်ကြိုက်တယ်ဆို"

"ရှင် ဟုတ်ကဲ့အဘွား"

"အေး သူငယ်ချင်းအကြိုက်လည်း သူသိတယ်၊ အဘွားကြိုက်တဲ့ ဒူးရင်းသီးလည်းပါတယ်တဲ့၊ နွေသစ်ကလေ ငယ်ငယ်ကတည်းက အရမ်းကို အလိုက်သိတတ်တာ၊ ဘယ်သူ့အပေါ်မဆို အနစ်နာခံတဲ့စိတ်လည်း ရှိတယ်၊ သူ့အမေနဲ့ အကျင့်စရိုက်မတူအောင် ပိုးမွေးသလို မွေးခဲ့ရတာလေ"

"ဪ သူ့အမေက ဘယ်လိုစရိုက်ဆိုးတာလဲဟင် အဘွား"

စပ်စုတယ်လို့ ထင်သွားလည်း မတတ်နိုင်။ အကြောင်းရင်းတစ်ခုခုတော့ သူမ သိချင်နေသည်။ ဒါမှ နွေသစ်ကို ပြန်ကူညီနိုင်မှာမို့ပါ။

အဘွားကလည်း ပြောပြချင်နေပုံရကာ –

"အဘွားကတော့ သားကြီး ဘယ်လိုမိန်းကလေးနဲ့ ချစ်သူရည်းစားဖြစ်နေတယ်ဆိုတာ မသိပါဘူး။ အဘွားသဘောတူတဲ့သူနဲ့ ပေးစားဖို့လုပ်မှ သူ့မှာ ချစ်သူရှိလို့ လက်မထပ်နိုင်ဘူးဆိုတာ ပြောတယ်၊ အဲဒါနဲ့ သားငယ်ကိုစုံစမ်းခိုင်းတော့ မအေက နောက်အိမ်ထောင်နဲ့ ညီမကလည်း သူများအငယ်အနှောင်းလို့ ပြောတယ်၊ အဲလို အသိုင်းအဝိုင်းက မိန်းကလေးကို အဘွား ဘယ်လိုလုပ် သဘောတူနိုင်မှာလဲ"





"ဒါပေမဲ့ လက်ထပ်ဖြစ်သွားတယ်နော်"

"ကိုယ်ဝန်ရှိနေလို့ မယူမဖြစ်တော့ဘူးဆိုတော့လည်း လက်ခံရတော့တာပေါ့ကွယ်၊ သက်ပိုင်အဖေကိုတော့ အဘွားက အဲလိုအဖြစ်မခံတော့ဘူး။ အဘွားသဘောတူတဲ့မိန်းကလေးနဲ့ပဲ ဖွတ်ပေးစားလိုက်တယ်"

"ဘယ်ကျေနပ်ပါ့မလဲနော်၊ သူကျတော့ ချစ်တဲ့သူနဲ့ လက်မထပ်ရဘူးဆိုပြီး"

"အင်း အခုနောက်ပိုင်း အဲဒီကိစ္စ မကျေနပ်တဲ့အကြောင်း ခဏ ခဏ ပြောတယ်၊ ဘယ်တတ်နိုင်ပါ့မလဲကွယ်၊ ကိုယ့်သားတွေကို ကိုယ်ကျင့်တရားကောင်းပြီး ပြည့်စုံချမ်းသာတဲ့အသိုက်အဝိုင်းက မိန်းကလေးတွေနဲ့ပဲ လက်ထပ်စေချင်တာကိုး"

မိခင်တစ်ယောက်ရဲ့မေတ္တာက အပြစ်မဆိုသာပေ။ ဒါဆို ဘယ်သူ့မှာ အပြစ်ရှိနေတာလဲ။

"အဘွား"

"ဪ မြေးလေး။ သားရောထိုင်လေ၊ ဒါ မြေးလေးရဲ့ချစ်သူ ငွေစင်"

"ဟုတ်ကဲ့ သားလည်းချစ်တယ်၊ မေမေကလည်း သဘောတူတယ်ဆိုရင်တော့ မဆိုးပါဘူး"

ဦးအောင်ဖုန်းကျော်က ငွေစင်ကို စေ့စေ့မကြည့်ဘဲ ဝင်ထိုင်ရင်းနှင့် ပြောသည်။ တစ်ခုခု ဘာကို အလိုမကျတာလဲဆိုတာတော့ မသိပါ။

ရင်းနှီးချင်ပုံ မရတာလည်း အကြောင်းရှိနေမည်ဆိုတာတော့။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၄)

မိသားစုထမင်းဝိုင်းအတွက် ပြင်ဆင်ပေးရခြင်းက ရင်းနှီးမှု ပိုစေချင်လို့ ဖြစ်ဟန်တူသော်လည်း သူမအနေနှင့်တော့ စိတ်တွေ မွန်း ကျပ်နေမိသည်။ ဖုန်းသက်ပိုင်က သူ့အဘွားနှင့်အဖေရှေ့မှာ သူမကို အရေးတယူ ဂရုစိုက်တာမျိုး မရှိပေ။

ဦးစားပေးသည်၊ လိုက်လျောမှုရှိသည်ဟု အထင်ခံရမှာစိုး၍ပဲ လားမသိဘဲ နွေးထွေးမှုမရှိ၊ ဖော်ရွေမှုမရှိ၊ တည်တည်ငြိမ်ငြိမ် ဣန္ဒြေ ရလွန်းနေ၏။

"ဟာ ထမင်းပွဲတောင် ပြင်နေပြီလား။ မီးဖို့ငိုမီလို့ နောက်ကျ သွားတယ် အဘွားရေ"

နွေသစ်ရဲ့ ကျယ်ကျယ်လောင်လောင်အသံကြားရမှ သူမ





...အားရှိသလို ဖြစ်သွား၏။ အဘွားမျက်နှာလည်း ပြုံးလို့နေသည်။

"မြေပြန့်ရောက်တာနဲ့ အဆင်သင့်ဖြစ်အောင် ငွေစင်ကို ပြင် ဆင်ခိုင်းနေတာပါကွယ်၊ ဘယ်သူမှ မစားသေးဘဲနဲ့ကို စောင့်နေတာ၊ ...မြီးကြီး ဝင်ထိုင်၊ လာ"

"အိုကေ၊ ဗိုက်ဆာနေတာနဲ့ အတော်ပဲ၊ အောင်မာ ဒီနေ့ ...ထမင်းဝိုင်းက လှလှပပဖြစ်နေတာ ငွေစင့်အစွမ်းအစပေါ့လေ၊ ဘယ်လို ...ထဲအဘွား၊ မြေးချွေးမတော်ဖို့ ငွေစင် အရည်အချင်းမီတယ် မဟုတ်လား"

"အင်း မီပါတယ်တော်၊ လုပ်တာကိုင်တာ မြန်ဆန်တယ်၊ ...ည်းစနစ်ရှိပါတယ်၊ ဒီလောက်ဆိုရင်ပဲ မြေးသက်ပိုင်အတွက် စိတ်ချရ ...ပြီ"

"သက်ပိုင်၊ အဘွားပြောတာကြားတယ် မဟုတ်လား။ မင်းတော့ ...ကံကောင်းပြီ"

နွေသစ် အားတက်သရောပြောနေပေမယ့် ဖုန်းသက်ပိုင် ဝမ်း ...သာအားရပုံစံမျိုးမရှိဘဲ ဖွန်းခက်ရင်းကိုင်၍ ဟင်းတုံးတွေ၊ ထမင်း ...န်းကန်ထဲထည့်ကာ စားနေသည်။ ငွေစင်က အဘွားပန်းကန်ထဲ ဟင်း ...အောင်ဦးချပြီးမှ –

"နွေသစ်၊ နင်က ကြက်အမြစ်ကြိုက်တာမဟုတ်လား၊ ရော့ ...ား"

"ဟာ ငါ့ထဲကို နှစ်တုံးမထည့်နဲ့လေ၊ နင်လည်းကြိုက်တယ် ...ဟုတ်လား၊ ရော့ တစ်တုံးယူ၊ အဘွားက အသားပဲကြိုက်တာ၊ သား ...ည့်ပေးမယ်နော် အဘွား"



www.burmeseclassic.com

www.burmeseclassic.com



နွေသစ်က အဘွားထဲထည့်လိုက်၊ ငွေစင်ထဲထည့်လိုက်
သွက်လက်တက်ကြွ ပျာယာခတ်နေသည်။ ဒါကို ဦးအောင်ဖုန်းကျော်
ဖုန်းသက်ပိုင် အလိုမကျ အမြင်မကြည်ဖြစ်နေကြသည်။ ငွေစင့်မျက်
လေးကလည်း နွေသစ်ရောက်လာမှ ကြည်ကြည်လင်လင် ပြုံးပျော်နေ
ကြောင့်ပါ။

အားလုံး စားသောက်ပြီးသွားတော့ ငွေစင်က နွေသစ်ယ
သည့် သစ်သီးတွေကို လှလှပပလေးဖြစ်အောင် အခွံသင်တာ၊ စိတ်တာ
လုပ်ပြီး ညှော်ခန်းထဲယူလာသည်။

"ငွေစင်က ဘာလုပ်လုပ် သေသေသပ်သပ်နဲ့ မိန်းမကော
ပီသပါပေတယ်၊ အဘွားကတော့ မြေးသက်ပိုင်နဲ့ အခုပဲ လက်ထပ်
ချင်နေပြီကွယ်၊ ငွေစင့်အမေကို ပြောလို့ အဆင်ပြေပါ့မလား"

"ဟာ အဘွား၊ သားက နိုင်ငံခြားကို ဘွဲ့လွန်သွားတက်ဦး
အခု လက်မထပ်ချင်သေးဘူး"

ဖုန်းသက်ပိုင် ပျာပျာသလဲ ငြင်းဆန်တာကြောင့် ငွေစင်
နာလေး တည်တင်းအေးစက်သွားသည်။ အဘွားက ငွေစင်ကို အာ
သွားကာ –

"ဘာဖြစ်လဲ မြေးရယ်၊ လက်ထပ်ပြီးမှသွားလည်း ရတာ
မင်္ဂလာကိစ္စဆိုတာ အချိန်အခါရှိတုန်း လုပ်ရတယ်ကွဲ့"

"ငွေစင်လည်း လက်မထပ်ချင်သေးပါဘူး အဘွား၊ သူ
နောက်ဆံတင်းပြီး ချန်ထားခဲ့ရတာမျိုး မဖြစ်စေချင်လို့ပါ"

"နှစ်ယောက်က အတိုင်အဖောက်ညီနေတယ်ဆိုလည်း အ





တတ်နိုင်မှာလဲကွယ်၊ ဒါပေမဲ့ ဈေးပိတ်တဲ့အချိန်တိုင်း အဘွားအိမ်ကို
လာရမယ်နော်၊ ငွေစင့်ဆိုင်ကိုလည်း အဘွား ခဏခဏလာမှာပေါ့၊
အဘွားမှာလည်း မိန်းမသားတစ်ယောက်တည်းဆိုတော့ စကားပြောဖော်
လိုတယ်ကွဲ့"

"ဟုတ် ဟုတ်ကဲ့အဘွား"

ငွေစင် မဝံ့မရဲ၊ မလုံမလဲဖြစ်သွားတာကို နွေသစ် သတိထား
လိုက်မိသည်။ အဘွားနှင့် ရင်းနှီးမှုရှိလေ၊ ငွေစင့်အတွက် အခက်အခဲ
ဖြစ်ဖို့တွေက သေချာနေ၏။

သက်ပိုင် ဖေးဖေးမမ,ရှိမှ ငွေစင် စိတ်သက်သာတော့မှာ။

"သက်ပိုင်၊ ငွေစင်ကို မင်းအခန်းလေး ဘာလေး လိုက်ပြလိုက်
ပါလား၊ ခြံထဲမှာဖြစ်ဖြစ် အေးအေးဆေးဆေး စကားသွားပြောချင်
သွားပြောကြလေ"

"ဟို မကြည့်တော့ပါဘူး။ ငွေစင်ပြန်မှ ဖြစ်တော့မယ်၊ မေမေ့ကို
သိပ်နောက်မကျပါဘူးလို့ ပြောခဲ့လို့ပါ"

"ဟုတ်လား။ အဲဒါဆို သက်ပိုင် မင်း ပြန်လိုက်ပို့လိုက်လေ၊
ငွေစင် ကားပါမလာဘူး မဟုတ်လား"

"မင်းအားနေရင် မင်းလိုက်ပို့လိုက်ပါ၊ ငါ ဆရာတစ်ယောက်နဲ့
ကွန်တက်ရရင် သွားတွေ့စရာရှိလို့"

"ဪ၊ အေး အဲဒါဆိုလည်း ပြီးရောလေ၊ ငွေစင် ခဏနေ
ငါလိုက်ပို့မယ်နော်"

နွေသစ်တို့သုံးယောက်ရဲ့ ဆက်ဆံရေးက ဘာတွေ ဘာလို



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်နေလဲဆိုတာ ဒေါ်တင်မျိုးနွယ် တွေးလို့မရအောင် ဖြစ်နေသည်။ ငွေစင်က နွေသစ်နှင့်ပိုရင်းနှီးပြီး သက်ပိုင်နှင့်က ချစ်သူတစ်ယောက်လို မဟုတ်တဲ့ သာမန်မိတ်ဆွေအပေါင်းအသင်း ဆက်ဆံရေးမျှပင်။

ဘာက ဘယ်လိုတွေ မှားယွင်းနေတာလဲ။

✿ ✿ ✿



## အခန်း (၂၅)

"ငါ အရမ်းကို မှားသွားပြီ နွေသစ်"

"ဘာကို မှားတယ်ပြောတာလဲ"

"သက်ပိုင်အချစ်ကို ငါလက်ခံခဲ့မိတာ"

"နင် သူ့ကို ချစ်တယ်မဟုတ်လား"

"အချစ်တွေက မနွေးထွေးဘူး။ မလတ်ဆတ်ဘူး၊ တဖြည်းဖြည်း ဆိတ်သုဉ်းလာတယ်လို့ ခံစားရတယ်၊ ငါ့ကိုယ်ငါလည်း သူ့ကို တကယ်ချစ်ခဲ့တာမှ ဟုတ်ရဲ့လားလို့ သံသယဝင်မိတယ်၊ သူလည်း ငါ့ကို တကယ်ချစ်တယ်လို့ မခံစားရဘူး"

"ငွေစင်"

သူမအသံတွေ တုန်နေသလားလို့ လှည့်ကြည့်မိလိုက်ပဉ်မှာ



www.burmeseclassic.com

www.burmeseclassic.com



စတီရာရင်ကိုင်ထားသော လက်က ရှမ်းခါသွားသည်။ ငွေစင်က တ
ချက်လှည့်ကြည့်ပြီး –

"ငါ ဘာမှ မဖြစ်ပါဘူး၊ ရင်ထဲမှာ တနင့်တပိုး ခံစားနေရတ
မျိုးလည်း မရှိဘူး၊ ယောကျ်ားတစ်ယောက်က လက်မထပ်ချင်သေးဘူးလ
အငြင်းခံရတာတော့ နည်းနည်းနာကျင်မိသလိုပဲ"

"လက်ထပ်ပြီးမှ နင့်ကိုမထားခဲ့ချင်လို့ ဖြစ်မှာပါ"

"မနှစ်သိမ့်ပါနဲ့ နွေသစ်ရယ်၊ အခုချိန်မှာ နင့်ဆီက နှစ်သိမ့်
မလိုချင်ဘူး၊ သူ့ကို နာကြည်းပြီး မေ့ပစ်နိုင်အောင်ပဲ ကြိုးစားချင်တယ်"

"အခုချိန်ရောက်မှ နင် အဲလိုလုပ်လို့ ဘယ်ဖြစ်မှာလဲဟာ၊
သူ့ဘက်ကလည်း ငါနဲ့ပတ်သက်ပြီး သိပ်အစာမကြေတာမျိုးလည်း ဖြ
ချင်ဖြစ်နေနိုင်တာပဲ၊ အခု အရေးကြီးတာက အသွားစိတ်ပျက်သွားတာ
မျိုး မဖြစ်အောင် မင်္ဂလာဈေးမှာ ဆိုင်ခန်းဝယ်ဖို့ သွားစုံစမ်းရမယ်"

"နင့်မှာ ပိုက်ဆံမရှိသေးဘူးဆို၊ အဲဒီအတွက် စဉ်းစားမနေ
ဟာ၊ ဖြစ်လာရင်လည်း ရင်ဆိုင်ရုံပေါ့၊ သက်ပိုင်တောင်မှ တွေးပူတာ
မဟုတ်ဘဲ"

ငွေစင်ရဲ့ ဂဝ်ဆတ်ဆတ်အသံကြောင့် ကားလေးကို နွေသစ်
လမ်းဘေးတို့ ထိုးရပ်လိုက်သည်။

"နင် အရမ်းစိတ်ညစ်နေလည်း သည်းခံလိုက်ပါဟာ၊ နင့်အမေ
က နင့်ကို အထူးကုဆရာဝန်ကြီးကတော်ဖြစ်ဖို့ မျှော်လင့်ထားတယ်လေ
တခြား ဘာမှမတွေးနဲ့တော့ဟာ၊ ငါ ငွေရှာရလို့ အဆင်ပြေရင် မင်္ဂလာ
ဈေးမှာ ဆိုင်သွားကြည့်ဖို့ နင့်ကိုခေါ်မယ်၊ ဟုတ်ပြီလား၊ ကိုမြင့်ဆွေ





မ်းတာတော့ နှစ်ခန်းတောင်ရှိတယ်တဲ့၊ နော် ငွေစင်"

"အေးပါ၊ နင်လုပ်စေချင်သလို ငါလုပ်ပါ့မယ်၊ ဩော် နင်
ကို အိမ်အထိ လိုက်မပို့နဲ့တော့နော်၊ မေမေက နင့်ကို အပြစ်ပြောမှာ
ဆွ ငါမကြိုက်ဘူး"

"ငါက နင်နဲ့ပတ်သက်ပြီး အပြောခံရမှာကို စိတ်မညစ်တတ်
ဘူး၊ နင့်အတွက်ဆိုရင်လည်း ဘာပဲလုပ်ပေးရ လုပ်ပေးရပါ"

"နွေသစ်ရယ်"

ရင်ထဲက တိတ်တခိုး ညည်းညူမိခြင်းပါ။ ကိုယ့်အပေါ် ပေးဆပ်
သည့်ယောကျ်ားတစ်ယောက်နှင့် ဘာကြောင့်များ ချစ်သူဖြစ်ခွင့် မရ
ပါလိမ့်။

နင်သာ ငါ့ကို ထားခဲ့ပြီး ဟိုးအဝေးကြီးကို အကြာကြီး ထွက်
သွားခဲ့ဘူးဆိုရင် နင်နဲ့ငါ –

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၆)

"မပတ်သက်အောင်နေလို့ မရဘူး ဖေဖေ၊ ဒီကောင်က ကျွ
တော်နဲ့ငွေစင် အဆင်ပြေအောင် ကူညီနေတာ"

"မင်း ငွေစင်ကို တကယ်ချစ်တာမှ မဟုတ်တာ၊ ဘာလို့ကျွ
နိုင်းနေတာလဲ၊ တကယ် အတည်ဖြစ်လို့ မင်းမယူမဖြစ် ယူရတော့မ
ဆိုရင် ဘယ်လိုလုပ်မှာလဲ၊ အဘွားက ဖွတ်ဖြစ်နေပြီ၊ အဲဒါကို ထည့်
စဉ်းစား"

ဖေဖေသတိပေးမှ သက်ပိုင် ပိုပြီး စိုးရိမ်လာသည်။ ငွေ
ဆိုတာက ကိုယ့်အတွက် ဒီလောက်ထိ အရေးပါသူမဟုတ်။ အကြောင်း
လို့သာ ဒီအခြေအနေအထိ ပတ်သက်နေခဲ့တာ။

"ကျွန်တော် ဘာလုပ်ရမလဲ ဖေဖေ"





"မင်းဆုံးဖြတ်လေ၊ မင်းပြောတော့ ငွေစင်က အခြေအမြစ် မရှိတဲ့ မိန်းကလေးဆို၊ ဟိုကောင်က အရောင်တင်ပေးနေတာ ရိုးရိုးသားသားရော ဟုတ်ရဲ့လား။ မင်းတို့လက်ထပ်ပြီးမှ ဒီကောင်မလေး ဘာဆိုတာ မင်းအဘွားကို ဟိုကောင် ဖွင့်ချလိုက်ရင် မင်း ဘာမှ မရလိုက်ဘဲ သူ့အမေလို ကန်ချခံရမှာ"

"ဒီကောင် ဒီယုန်မြင်လို့ ဒီချုံထွင်တယ်လို့ ဖေဖေပြောချင်တာလား"

"စိတ်တူကိုယ်တူ ပေါင်းကြံတာမဟုတ်ရင်တော့ တော်သေးတာပေါ့ကွာ၊ သူတို့နှစ်ယောက်ဆက်ဆံရေးက မင်းထက်တောင် ပိုရင်းနှီးတယ်နော်၊ မင်းအဘွားကလည်း သတိထားမိပုံပေါ်တယ်"

"ဒါဆို ကျွန်တော် အကွက်ပြန်ရွှေ့ရမှာပေါ့"

"လုပ်စမ်းပါဦး၊ မင်း ဘာတွေစဉ်းစားထားလဲ"

"ကျွန်တော့်ဘက်ရောက်လာမယ့် ဓားဦးကို နေ့သစ်ဘက် ရွေ့သွားအောင် လုပ်ရမှာပေါ့ ဖေဖေ။ သားမည့်ဘူးဆိုတာ ဖေဖေ တစ်နေ့တော့ သိလာမှာပါ"

"မင်းကို ယုံကြည်နေပါ့မယ်၊ ဒါနဲ့ မြရွှေရည်က မင်းနဲ့ နိုင်ငံခြားကို လိုက်မှာလား"

ဖုန်းသက်ပိုင်မျက်နှာ ပြုံးရောင်သမ်းသွားပြီး –

"သားနဲ့ ထက်ကြပ်မကွာ သူလိုက်မှာပါ၊ ဟိုမှာ နှစ်ဦးသဘောတူ လက်ထပ်ခဲ့မယ်၊ သူ့ဘက်ကို မပြည့်စုံလို့ တစ်သက်လုံး သားတော်က်ပံ့လာခဲ့ရတာကို အဘွားမသိဖို့ အရေးကြီးတယ်၊ ပြန်လာမှဆိုင် သူရော



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်ရော ပညာတွေ ပြည့်စုံနေပြီဖြစ်တဲ့အတွက် အဘွားသဘော မတူစရာအကြောင်း မရှိတော့ဘူးမဟုတ်လား၊ ဖေဖေသာ ကျွန်တော့်ဘက် ရပ်ပေးရင်ရပြီ''

''သားဘက်က ဖေဖေရပ်တည်ပေးဖို့ အဆင်သင့်ပါ၊ ဖေဖေ့တုန်းက ချစ်တဲ့သူနဲ့ လက်ထပ်ခွင့်မရခဲ့တဲ့တွက် သားကိုတော့ ချစ်တဲ့သူနဲ့ လက်ထပ်ခွင့်ရအောင် ဖေဖေ အစွမ်းကုန်ကူညီမယ်၊ ဒါပေမဲ့ ငွေစင်ဆိုတဲ့ကောင်မလေးကို မချစ်ဘဲနဲ့ ဒီအခြေအနေထိရောက်အောင် ဖန်တီးတာ ဖေဖေ နားလည်လို့မရဘူး''

''ဟင်း ဟင်း''

ဖုန်းသက်ပိုင် ရယ်လိုက်မှ ဦးအောင်ဖုန်းကျော် ပိုပြီး နားမလည်နိုင်အောင် ဖြစ်ရသည်။ ဒီသားက တစ်ခုခုကြံစည်ပြီးဆို ဖအေအပေါ်မှာတောင် ပွင့်ပွင့်လင်းလင်း မရှိ။

''နေ့သစ်ဆိုတဲ့ကောင် ကျွန်တော်နဲ့ အပြစ်တူတူကျူးလွန်တာမျိုး ဖြစ်စေရမယ်ဖေဖေ၊ အဲဒီအခါကျရင် အဘွား ကျွန်တော့်ကို အပြစ်ပြောရဲ့ နှင်ချရဲမှာမဟုတ်တော့ဘူး''

''ဖေဖေ သဘောပေါက်ပြီ၊ ဒါဆိုရင် နေ့သစ်ဆိုတဲ့ကောင်ကို ခွင့်မလွှတ်နိုင်တဲ့အပြစ်တွေနဲ့ နှင်ချအောင်လုပ်ဖို့ သားမှာ အစီအစဉ်ရှိတယ်ပေါ့''

ဖုန်းသက်ပိုင် ခေါင်းညိတ်ပြလိုက်စဉ်မှာ ဦးအောင်ဖုန်းကျော်လည်း ပြုံးနိုင်သွားသည်။

ထိုအချိန်မှာ အပေါ်ထပ်တက်လာသည့် ခြေသံသဲ့သဲ့ကြားရတာ





မို့ ဦးအောင်ဖုန်းကျော်နှင့် ဖုန်းသက်ပိုင် မျက်စပစ်ရင်း အသံတိတ်သွားကြ၏။

ဖုန်းသက်ပိုင်က အခန်းအပြင်ကို အရင်ထွက်ကာ အခန်းတံခါးကို နောက်ပြန်ပိတ်ပစ်ခဲ့၏။ အပေါ်ထပ်လှေကားအထက်ကနေ လျှောက်လာသူက နေ့သစ်။

''ဖုန်းသက်ပိုင်''

''ဘာလဲ''

''ငါ မင်းကို လိုက်ရှာနေတာ''

''ဘာကိစ္စရှိလို့လဲ''

''ငွေစင်နဲ့ပတ်သက်ပြီး ပြောစရာရှိလို့''

''သိပ်အရေးမကြီးရင် နောက်နေ့မှ ငွေစင်ကို ငါမေးလိုက်မယ်''

''မဟုတ်ဘူး အရေးကြီးတယ်၊ ငွေစင်ကလည်း မင်းကို ဘာမှပြောမှာမဟုတ်ဘူး''

''အဲဒါဆို လသာဆောင်ဘက်သွားရအောင်''

နှစ်ယောက်သား လသာဆောင်ဘက် လျှောက်လာခဲ့ကြသည်။ ဖုန်းသက်ပိုင်က အလေးအနက် စိတ်ဝင်စားမှုမရှိသည့်ပုံစံနှင့် စတီးသက်ရန်းတွေကို သက်သောင့်သက်သာမှီပြီး ရပ်၏။

''အဘွားက မင်္ဂလာဈေးမှာရှိတယ်ဆိုတဲ့ ငွေစင်ဆိုင်ကို ရောက်အောင်သွားတော့မယ်၊ အဲဒီဆိုင်ခန်းဝယ်ဖို့ ငါ့လက်ထဲမှာ ငွေမရှိသေးဘူးဖြစ်နေတယ်၊ မင်းမှာရှိတယ်ဆိုရင် ဆိုင်ခန်းဝယ်ဖို့ ပေးပါလားကွာ၊ နောက်မှ ငါ့ဆီက ပြန်လှည့်သုံးချင်သုံးပါ''



www.burmeseclassic.com

www.burmeseclassic.com



"ငါ့မှာ ဘယ်လိုလုပ်ရှိမှာလဲ၊ မရှိဘူး"

"အာ မင်းကို ကျောင်းစရိတ်အပြင် အဘွားက ဘဏ်စာအုပ်ထဲ ထည့်ပေးထားတယ်မဟုတ်လား။ သိန်းတစ်ရာနှစ်ရာမကတော့ ရှိမှာပါ။ မင်းတို့နှစ်ယောက်အတွက်ပဲကွာ၊ ခဏတော့သုံးလိုက်ပါ"

"ငါ့မှာ တကယ်မရှိဘူး နေသစ်၊ အဘွားပေးတာနဲ့ မလောက်လို့ ဘဏ်စာအုပ်ထဲကနေ ထုတ်သုံးနေတာ"

"မင်းအဖေဆီရော"

ဖုန်းသက်ပိုင် နှာခေါင်းရှုံ့ပြီး ခေါင်းယမ်းကာ –

"ဖေဖေက မင်း ဘာအတွက်သုံးမှာလဲလို့ မေးရင် ငါ ဘယ်လိုဖြေရမှာလဲ၊ အကြောင်းစုံသိရင် ဖေဖေကပါ ငါ့ကို ငွေစင်နဲ့ သဘောတူမှာ မဟုတ်တော့ဘူး။ မင်းက ငါ့ကို ငွေစင်နဲ့ကွဲအောင်၊ အိမ်တွင်းရေးပြဿနာ တက်အောင်လို့ လုပ်ချင်နေတာလား"

"သက်ပိုင် မင်းကွာ၊ ငါ ဒီလောက်ကူညီနေတာတောင် အဲလို ထင်နေတုန်းလား။ တော်ပြီ တော်ပြီ၊ ငါ့ဘာသာ ကြည့်လုပ်တော့မယ်"

နေသစ် ဆံပင်တွေဆွဲဖွကုတ်ကာ စိတ်ပျက်လက်ပျက် လှည့်ထွက်သွားတော့ ဖုန်းသက်ပိုင် အားရပါးရ ပြုံးလိုက်မိသည်။ ငွေစင်နှင့် ပတ်သက်လျှင် နေသစ်ဆိုတဲ့ကောင် စိတ်ရောလူရော အပင်ပန်းခံနိုင်တာ အံ့ဩစရာတော့ ကောင်း၏။

မင်းစိတ်ထဲ ဘာတွေရှိနေတယ်ဆိုတာ ငါသိတယ် နေသစ်။ အဲဒါကြောင့်လည်း –

✿ ✿ ✿



## အခန်း (၂၅)

"ဘာကြောင့် မြေးက အဲလောက်ငွေတွေ လိုနေတာလဲ မြေးရယ်၊ မြေးပြောတော့ မြေးဖိသုကာဒီဇိုင်းလက်ရာတွေကို လုပ်ငန်းရှင်တွေ စိတ်ဝင်စားလို့ အလုပ်တောင် အပ်လို့ အဆင်ပြေနေပြီဆို"

"ဟုတ်ကဲ့၊ တခြားအလုပ်လေးတစ်ခုလုပ်ချင်လို့ပါ အဘွား။ အဘွားက သိန်းငါးဆယ်လောက်ကို သားကို မယုံဘူးလား"

"မယုံလို့ပြောတာ ဟုတ်ပါ့မလားကွယ်၊ မြေးလုပ်ငန်းအတွက် အရင်းအနှီးမယူလို့တောင် အဘွား စိတ်မကောင်းဖြစ်နေလို့ ပြောထားတယ် မဟုတ်လား။ ဒီငွေလောက်ကတော့ အဘွားက မြေးကို အလကားတောင် ပေးနိုင်ပါတယ်၊ ဘာလုပ်ငန်းလုပ်မယ်ဆိုတာတော့ အဘွားကို ပြောလို့ရတယ် မဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



နေ့သစ် ဘာပြောရမှန်းမသိ ဖြစ်သွားပြီး ခေါင်းကိုကုတ် မျက်နှာတွေပွတ်သပ်ဖြင့် မလုံမလဲ ဖြစ်နေမိသည်။ လိမ်ရညာရတာ အဘွားအပေါ် အပြစ်ရှိသလို ခံစားရလို့ပါ။ ဒါပေမဲ့ သက်ပိုင်နှင့်ငွေဝင် အတွက်ပဲဆိုပြီး သက်ပြင်းငွေ့ငွေ့ မှုတ်ထုတ်၍ စိတ်ကိုဖြေရသည်။

"အောင်မြင်ပြီး ဖြစ်ပြီဆိုမှ အဘွားကိုပြောပါ့မယ် အဘွားရယ် နော်၊ သား မဟုတ်တာ ဘာမှမလုပ်ပါဘူး"

"အဆင်မပြေဖြစ်နေတဲ့ မင်းအမေကို ထောက်ပံ့ဖို့တော့ မဟုတ် ဘူး မဟုတ်လား"

"အဘွား"

"မင်းအမေ လုံးဝအဆင်မပြေဘူး၊ စားဖို့သောက်ဖို့တောင် ခက်ခဲနေတယ်ဆိုတာ အဘွားသိတယ်၊ အခုနောက်ပိုင်း အဆင်ပြေသလို လို ဖြစ်လာတာလည်း"

အဘွားဆက်မပြောသော်လည်း သိပြီးသလောက်သိနေလို့ တာ နေ့သစ် သဘောပေါက်လိုက်သည်။ မေမေ့အကြောင်း တကူးတက စုံစမ်းမှာ မဟုတ်ပေမယ့် ဘာကြောင့်သိနေသလဲဆိုတာတော့ နေ့သစ် မစဉ်းစားတတ်ပေ။

"သားတစ်ယောက်အနေနဲ့ စားဝတ်နေရေးအတွက်တော့ အနည်းအကျဉ်း ထောက်ပံ့သင့်တယ် ထင်လို့ပါ အဘွားရယ်၊ သားက ဒီမှာ ပြည့်ပြည့်စုံစုံ အဆင့်အတန်းမြင့်မြင့်နေရပြီး မေမေက အိမ်ခန်း ငှားခလည်းမပေးနိုင်၊ ထမင်းလည်း နပ်မမှန်ဆိုတော့"

"အဲဒါ သူကျူးလွန်ခဲ့တဲ့အပြစ်တွေအတွက် ဒဏ်ခတ်ခံရတာ





လေ၊ အမှားတစ်ခုလုပ်ပြီးရင် အဲဒီအပြစ်ကြွေးတော့ ဆပ်ရမှာပဲ၊ အဘွား ကို ကိုယ်ချင်းစာမပေးတတ်ဘူးလို့ မင်း နာကြည်းနေတာ၊ သား တစ်ယောက်လုံး ဆုံးရှုံးသွားရတဲ့ မိခင်တစ်ယောက်ရင်ထဲမှာ"

"သားနားလည်ပါတယ် အဘွားရယ်၊ မေမေ့ကို အဲလိုပစ်ပယ် ထားလို့ အဘွားအပေါ် သား မနာကြည်းပါဘူး။ အဘွား ဒီလို မမှားဘူးလို့ သားရင်ထဲမှာ အမြဲတမ်း ထောက်ခံနေတာပါ၊ ဒါပေမဲ့ အဘွားရယ် အဘွားလိုပဲ မေမေ့ကိုမုန်းလို့ နာကြည်းလို့ရပေမယ့် ဒုက္ခရောက်နေတာ ကို သားတစ်ယောက်အနေနဲ့ ဘယ်လိုလုပ် မျက်နှာလွှဲရမလဲ၊ မေမေ့ဆီ ကို အဘွားမသွားနဲ့ဆို မသွားပါဘူး၊ မတွေ့နဲ့ဆို မတွေ့ပါဘူး"

"ထောက်ပံ့မှုပေးတာကိုတော့ မတားနဲ့လို့ ပြောချင်တာလား အခု ဒီငွေတွေက"

"မေမေ့အတွက် လုံးဝမဟုတ်ပါဘူး၊ အဘွားမယုံကြည်ရင် မပေးပါနဲ့၊ သားဘာသာပဲ တခြားကနေ"

ကျွတ်ခနဲ အသံပြုလျက် အဘွား ထရပ်လိုက်တာကြောင့် နေ့သစ် စကားဆုံးအောင်မပြောဖြစ်ပေ။ ဒီလောက်ထိ အဘွားဆီက အတိုက်အခံလုပ်ပြီး မတောင်းချင်တာမို့ သူလည်း ထရပ်လိုက်သည်။

"မင်းလိုသလောက်ငွေ မီးခံသေတ္တာထဲမှာ ယူသွား"

"ဗျာ"

"မင်းမတောင်းတောင် ငါ့မှာ အမွေပေးရမယ့်တာဝန်ဝတ္တရား ရှိပါတယ်၊ နောက်ထပ်လိုသေးရင်လည်း ဘာအတွက်ဖြစ်ဖြစ် ပြော"

"အဘွားရယ်၊ သားကို သူစိမ်းဆန်ဆန် ဝတ္တရားတစ်ခုလို



www.burmeseclassic.com

www.burmeseclassic.com



မပြောပါနဲ့၊ ဒီငွေကို သား မကြာခင် ပြန်ဆုပ်ပါ့မယ်၊ နောက်လည်း မတောင်းတော့ပါဘူး။ အဘွားပိုင်ဆိုင်သမျှ သား ဘာတစ်ခုမှ အလကား မမက်မောပါဘူး အဘွား၊ ဒီတစ်ကြိမ်က နောက်ဆုံးပါပဲ''

အသံတုန်တုန်လေးဖြင့် ပြောသွားပြီးမှ လှည့်ထွက်သွားတာကို ရင်မှာ နင့်နေအောင် ခံစားလိုက်ရ၏။ ဒီမြေးက ဘာအတွက်မှ ဒီလိုမျိုး တောင်းယိုမှုတယ်ဆိုတာ မရှိပေ။

အခုမှ မအေဆီကို သွားလာပေးကမ်းနေတယ်ဆိုတာ ဖုန်း သက်ပိုင်နှင့် အောင်ဖုန်းကျော်ပြောလို့ သိရတာ။ ဒီအဘွားကိုတောင် ဆန့်ကျင်နေပြီလားလို့ ရင်မှာ နာကျင်မှုတွေတောင် မပျောက်သေး။

အခု ငွေသိန်းငါးဆယ်တဲ့။ သူ့အမေကို ပြည့်ပြည့်စုံစုံထားချင်လို့ တစ်ဖက်လှည့်နှင့် အမွေတောင်းနေတာများလား။ အစကတည်းက သားရဲ့ မိန်းမဖြစ်ခဲ့ဖူးသော မြတ်ကေသွယ်ကို ထိုက်သင့်သလောက် ပေးရမည် လို့တော့ တွေးထားပြီးသားပါ။

ဒီငွေတွေကို သူ့အမေကို နေ့သစ် ပေး မပေးဆိုတာတော့

✿ ✿ ✿



အခန်း (၂၀)

''ခင်မေရေ ဈေးသွားရအောင်ဟေ့''

''ရှင် အဘွား၊ မနေ့ကမှ ကျွန်မ ဈေးသွားထားတာ၊ အိမ်မှာ ပြည့်အစုံ ရှိပါတယ်''

''မင်္ဂလာဈေးကိုသွားမှာဟဲ့''

''ဆေးသွားဝယ်မှာလား အဘွား''

''ဆေးက မြေးသက်ပိုင်ဝယ်မှာပါ၊ ဆရာဝန်ဆိုတော့ ဆေး ကြောင်း သူပဲနားလည်တာ၊ ဆေးကုမ္ပဏီတွေက အများကြီး။ ဆေး ခန်းသင်တူလည်း ဆေးအရောင်ရေတွေ ကွဲသေးတယ်၊ သူဝယ်လာပြီး တိုက်တာ သောက်ရတာပဲ ကောင်းတယ်''

''ဒါဆို မင်္ဂလာဈေးထိ ဘာသွားလုပ်မှာလဲ အဘွားရဲ့''



www.burmeseclassic.com

www.burmeseclassic.com



"လျှာရှည်လိုက်တာ ခင်မေရယ်၊ ငါ့မြေးသက်ပိုင်ရဲ့ရည်းစာ ငွေစင်ဆိုတဲ့ကောင်မလေးက အဲဒီမှာ အထည်ဆိုင်ကြီးဖွင့်ထားတယ် သူပေးထားတဲ့ ချိတ်လုံချည်အရောင်နဲ့လိုက်တဲ့ အင်္ကျီဝယ်ရင်း သူ့ဆိ လည်း ဝင်ရတာပေါ့အေ"

"ဩော် ဟုတ်ကဲ့အဘွား"

အခုမှ မခင်မေ ပျာပျာသလဲ ဈေးခြင်းသွားယူလေသည် ပြန်ထွက်လာတော့ အဘွားက ပိုက်ဆံအိတ်ချိုင်းကြားညှပ်ကာ အပြင် ရောက်နေပြီဖြစ်၏။ အိမ်ရှေ့မှာ ကားတစ်စီးမှ ရပ်ထားတာမရှိပေ။

"အဘွား ဖုန်းသက်ပိုင်တို့ နွေသစ်တို့ ကားလာကြိုဖို့ မှာထာ သေးလား"

"တက္ကစီနဲ့ပဲ သွားရအောင်ပါအေ၊ သူတို့လည်း သူတို့အလုပ် သူတို့ ရှုပ်နေကြမှာပါ"

မခင်မေ ဘာမှမပြောတော့ဘဲ လမ်းဘက်ထွက်ကာ တက္ကစ ငှားပြီး မင်္ဂလာဈေးကို လာခဲ့ကြသည်။ အခုမှ ဘယ်အထပ် အခန်းနံပါတ် ဘယ်လောက်ဆိုတာ ငွေစင်ကို မေးမထားရတာ သတိရ၏။ နွေသစ်ကို ဖုန်းဆက်မေးရမလား၊ ဖုန်းသက်ပိုင်ဆီ ဖုန်းဆက်မေးရမလား စဉ်းစာ နေဆဲမှာပင်။

"ဟင်"

နွေသစ်ဦးနှင့်ငွေစင်။

အထည်တန်းရဲ့ အစွန်းခန်းမှာ သူတို့နှစ်ယောက် ဘာရှေ့ လုပ်နေကြတာလဲ၊ ရယ်မောပြောဆိုနေကြတာ တရင်းတနှီး။





ငွေစင့်ဆိုင်က အဲဒီနားမှာလား။ နွေသစ်ကရော ငွေစင်ဆီကို ဘာလို့လာတာလဲ။ ဖုန်းသက်ပိုင်နှင့် ချစ်သူတွေဆိုပြီး ငွေစင်က နွေသစ် လောက် အနေရင်းနှီးပုံမပေါ်ပေ။

"ဟိုမှာ နွေသစ်တို့ပါလား အဘွား။ ငွေစင်ဆိုတဲ့ကောင်မလေး ည်း ရှိနေတာပဲ၊ သွားရအောင်လေ အဘွား"

"နေဦး၊ သူတို့ ပြန်ထွက်သွားပြီ တွေ့လား၊ ငွေစင်လည်း ိုက်သွားပြီ၊ သူ့ဆိုင်က အဲဒီနားမှာ မဟုတ်ဘူးထင်တယ်၊ တစ်ချက် သောက် လိုက်ကြည့်ရအောင်"

အပြင်ရောက်တဲ့အထိ နောက်ကလိုက်ကြည့်တော့ နွေသစ်ကား ဲ ငွေစင်ပါသွားသည်။

"ခုနက သူတို့နဲ့စကားပြောတဲ့လူတွေဆီ ပြန်သွားရအောင် ်ခုခုတော့ တစ်ခုခုပဲ"

ခပ်သုတ်သုတ် လျှောက်သွားသော ဒေါ်တင်မျိုးနွယ်နောက်က င်မေ လိုက်လာသည်။

"ဒီမှာကွဲ့၊ အဘွားမေးစရာလေးရှိလို့"

"ဗျာ ဟုတ်ကဲ့ အဘွားမေးပါ"

နွေသစ်နှင့် စကားပြောနေသော လူနှစ်ယောက်က ပိုက်ဆံတွေ ်ထဲထည့်နေရင်းဖြင့် တလေးတစား ပြန်ပြော၏။

"ခုနက ဒီကထွက်သွားတဲ့ နှစ်ယောက်ကွယ်၊ ကောင်လေးနဲ့ င်မလေးလေ"

"ဟုတ်ကဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ကောင်မလေးက ဒီဈေးထဲမှာ အထည်ဆိုင်ရှိတယ်ပြောတယ် အဲဒါ သူ့ဆိုင်က ဘယ်နားမှာလဲ သားတို့သိလား"

"ဗျား ဈေးထဲမှာ အထည်ဆိုင်မရှိပါဘူး။ အခုမှ အထည်ရောင်း မယ်ဆိုပြီး ဆိုင်လာဝယ်တာပါ၊ အခုပဲ ငွေချေသွားလို့ ကျွန်တော်တို့ ပိုက်ဆံသိမ်းနေတာ"

"ဘာကွဲ့ အခုမှ ဆိုင်ခန်းဝယ်ဖို့ ငွေချေသွားတာ၊ ဟုတ်ရဲ့လား မောင်ရင်ရယ်"

"ဟုတ်ပါတယ် ခင်ဗျ။ ကောင်မလေးနာမည်က ငွေစင်ဆိုလား ပဲ၊ သူ့နာမည်နဲ့ ဝယ်သွားတာ၊ သူ့ယောကျ်ားကလည်း သဘောကောင်း တယ်၊ ကောင်မလေးနာမည်နဲ့ပဲ ဝယ်ခိုင်းတာ"

"အဘွား"

ဒေါ်တင်မျိုးနွယ် မိုက်ခနဲမူးလဲမလိုဖြစ်သွားတာကြောင့် မခင် မေ အလန့်တကြား ထိန်းပွေ့ထားလိုက်ရသည်။

"အဘွားရရဲ့လား"

"ရ ရတယ်၊ ငါတို့ပြန်ရအောင် ခင်မေ၊ ကားငှားလိုက်ဦး"

"ဆေးခန်းဝင်မှဖြစ်မယ်ထင်တယ် အဘွား"

"မဝင်တော့ပါဘူး။ အိမ်ရောက်မှ ဆေးသောက်လိုက်ရင် အဆင် ပြေသွားမှာပါ"

ဒေါ်တင်မျိုးနွယ် စိတ်ထိခိုက်သွားတာမို့ သွေးတွေဆောင့်တ လာတာဖြစ်မည်။ ဘာကြောင့် ဘယ်လိုတွေဖြစ်သွားသည်ဆိုတာ တွေး ပင်မတွေးတတ်နိုင်။





ဘာကြောင့် အထည်ဆိုင်ပိုင်ရှင်လို့ ပြောခဲ့သည့်ငွေစင်က အခု ဆိုင်ဝယ်တာလဲ။ မိမိဆီက နေ့သစ်ယူသွားသည့် ငွေတွေကရော ငွေစင်ကို ဆိုင်ခန်းဝယ်ပေးဖို့လား။

ဖုန်းသက်ပိုင်နှင့်နေ့သစ်။

ငွေစင်ရဲ့ရည်းစားက ဘယ်သူလဲ။ ဒီအကြောင်းတွေ ဖုန်းသက် ပိုင် သိနေပြီသားလား။

မေးကိုမေးကြည့်မှ ဖြစ်တော့မည်။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၉)

အသွား သိပ်နေမကောင်းလို့ အိမ်ကိုအမြန်ပြန်လာပါလို့ ဖုန်းဆက်လာတာကြောင့် ပြန်လာခဲ့ရပေမယ့် အသွားက အခန်းထဲမှာ မဟုတ်ပေ။

ညည်ခန်းမှာ ကိုယ့်ကိုစောင့်နေဟန်တူတာကြောင့် အသွားနားမှာ ဝင်ထိုင်လိုက်ပြီး –

"အသွား နေမကောင်းဘူးဆို၊ အိပ်ရာထဲလှဲနေတာ မဟုတ်ဘူး"

"ဆေးသောက်ထားလို့ သက်သာသွားပါပြီ"

"သက်သာတယ်ဆိုလည်း သွေးပေါင်တော့တိုင်းကြည့်ရအောင်နော် အသွား"





"ပြီးမှ တိုင်းတာပေါ့ကွယ်၊ မြေးကို မေးစရာရှိလို့"

"ဟုတ်ကဲ့၊ မေးပါ အသွား"

"နွေသစ်နဲ့ ငွေစင်က ဘယ်လိုပတ်သက်တာလဲ"

"ဗျာ"

"ငွေစင်က မင်္ဂလာဈေးမှာ အထည်ဆိုင်ရှိတယ်ဆိုတာ မဟုတ်ဘူး မဟုတ်လား"

"အသွား"

"ငါ့ကို ကွယ်ဝှက်ထားတာရှိတယ် မဟုတ်လား။ အမှန်အတိုင်းပြောစမ်း ဖုန်းသက်ပိုင်၊ မင်းနဲ့ငွေစင်၊ နွေသစ်နဲ့ငွေစင် ပတ်သက်မှုက အစပေါ့"

ဖုန်းသက်ပိုင်မျက်နှာ မှင်သေသေလေးနှင့် ညှိုးမှိုင်းသွား၏။ အသွားကိုပြောရမှာ မဝံ့မရဲဖြစ်နေဟန်ဖြင့် –

"သား မှားသွားတာပါ အသွားရယ်"

"ဘာမှားတာလဲ၊ ဘာကိုမှားတယ်ပြောတာလဲ"

"နွေ နွေသစ်က"

"ဖုန်းသက်ပိုင် မင်း ဘာဖြစ်နေတာလဲ၊ ပြောစရာရှိတာ မြန်မြန်ပြော၊ နွေသစ်က ဘာဖြစ်လို့လဲ"

"သူ့ သားအပေါ် မကောင်းဘူး၊ ငွေစင်ကို သွေးဆောင်ဖြားယောင်းတယ်ပဲပြောရမလား၊ ငွေစင်က ရိုးရိုးသားသားလေးပါ၊ မျိုးရိုးလည်း သန့်ပါတယ်၊ ဒါပေမဲ့ နွေသစ်က ငွေကြေးအရှိန်အဝါနဲ့ သူ့ဘဝကိုမြှင့်တင်ပေးမယ်ဆိုပြီ"



www.burmeseclassic.com

www.burmeseclassic.com



"ငါ့ကို ရှင်းအောင်ပြော၊ ငွေစင်က အစတည်းက မပြ
တာလား"

"ဟုတ်ပါတယ်၊ သူ့ကို ရိုးသားတယ်ဆိုပြီး သား ချစ်ခဲ့တာ
အဘွားကိုလည်း ငွေစင့်အခြေအနေကို အမှန်တိုင်းပြောပြမယ်၊ အ
သဘောတူရင် လက်ထပ်မယ်၊ မတူရင်တော့ ရင်အနာခံပြီး နောက်
မယ်လို့ ရည်ရွယ်ထားတာ"

"ကြော် ဒီလိုတွေလား"

"ဒါပေမဲ့ အဘွားရယ်၊ နေ့သစ် နိုင်ငံခြားကပြန်ရောက်
ကတည်းက သားစိတ်ကူးတွေ မျှော်လင့်ချက်တွေအားလုံး ကပြေ
ကပြန် ပျက်စီးသွားရပြီ၊ ငွေစင်အလုပ်လုပ်တဲ့ ဂျာနယ်တိုက်အော
ထဲမှာ နေ့သစ်က ရုံးခန်းဖွင့်ပြီး"

"ဘာ"

အဘွားရဲ့ ဆောင့်ခနဲ ဘာသံက ကျယ်လောင်လှတာမို့
သက်ပိုင် လန့်ဖျပ်ကာ ပခုံးပါတွန့်သွားသည်။ နေ့သစ်အပေါ် အဘွာ
ဒေါသတွေ အထွတ်အထိပ်ရောက်နေပြီဆို ဖုန်းသက်ပိုင် သေချာသိ
ဒီထက်မက နားကြည်းမုန်းတီးသွားအောင်လုပ်ဖို့အတွက် ပြင်ဆင်ပြီးသ
မျက်နှာကို ဝိုး၍ ညှိုးငယ်ထားလိုက်ကာ –

"ငွေစင်နဲ့ နီးစပ်ချင်လို့ဆိုတာ အစကမသိပါဘူး။ အဘွ
အဆင်ပြေစေချင်လို့ ငွေစင်ကို သူဌေးသမီးပုံစံမျိုးဖြစ်အောင် အ
အစား, အသုံးအဆောင်တွေ ဝယ်ပေးဖြည့်ဆည်းပေးတယ်လို့ပဲ ထ
တာ၊ အခု မင်္ဂလာဈေးက ဆိုင်ခန်းအထိပါ ဝယ်ပေးလာပြီဆို





ငွေစင်လည်း သူ့အပေါ် စိတ်ယိုင်သွားပြီပေါ့ အဘွားရယ်"

"တောက် နေ့သစ် မိုက်ရိုင်းလိုက်တာ၊ ညီအစ်ကိုချင်းတောင်
သစ္စာဖောက်တယ်ပေါ့၊ မအေမျိုးရိုး, မအေသွေးပါလို့ ဒီကောင် ဒီလို
လုပ်ရဲတာ၊ ငွေစင်ဆိုတဲ့ကောင်မကိုလည်း မင်း အဆက်အသွယ်ဖြတ်လိုက်
ဖုန်းသက်ပိုင်၊ လက်မထပ်ခင်က ဒီလိုမက်လုံးပေးတဲ့သူရှိလို့ ခြစ်နှိတတ်ရင်
အိမ်ထောင်ကျတာနဲ့ နေ့သစ်အမေလို ဖြစ်မှာပဲ၊ အဲဒါဆိုရင် မင်းလည်း
ငါ့သားကြီးလို အသက်သေတဲ့အထိ ဒုက္ခရောက်လိမ့်မယ်"

"ဟုတ်ကဲ့ပါ အဘွား။ သားက အဘွားသဘောမတူရင် ဘယ်လို
မိန်းကလေးမှ လက်မထပ်ပါဘူး။ အဘွားဖြစ်စေချင်တာကိုပဲ တစ်သဝေ
မတိမ်း လိုက်နာမှာပါ"

အဘွားကြွေကျလောက်မည့်စကားလုံးများဖြင့် သိမ်းသွင်းပြီး
ဖုန်းသက်ပိုင် ကိုယ့်ဘာသာ ကျေနပ်နေသည်။ ငွေစင်ကိုရော နေ့သစ်ကို
ရော တစ်ချက်တည်းနှင့် အဆုံးသတ်နိုင်လိုက်သည့် အခွင့်အရေးပဲ
မဟုတ်ပါလား။

ဖေဖေသိရင်လည်း ဝမ်းသာနေမှာပါ။ အဘွားက သူ့မျက်နှာနှင့်
ဆံပင်တွေကို ကရုဏာသက်စွာ ဖွဖွပွတ်သတ်ပေးပြီး –

"ငါ့မြေးလေး လူယုံသတ်ခံရသလိုဖြစ်လို့ အရမ်းကို ခံစားနေရ
မှာပဲ၊ အစ်ကိုက စည်းမစောင့်၊ ရိုးသားတယ်လို့ထင်ခဲ့တဲ့ချစ်သူက
သစ္စာဖောက်နဲ့ မြေးလေးကို အဘွား သနားလိုက်တာကွယ်"

"ဟိုလေ အဘွား၊ နေ့သစ်ကို သားပြောလို့သိတဲ့ပုံမျိုးနဲ့
သားကိုမုန်းအောင်တော့ မပြောလိုက်ပါနဲ့နော်၊ အဘွားဘာ သိပြီး



www.burmeseclassic.com

www.burmeseclassic.com



လုပ်သင့်လုပ်ထိုက်တာ လုပ်တယ်လို့ပဲ သိပါစေ၊ ဒီအကြောင်းကို အစ မဖော်တဲ့ နှင်ချလိုက်တာမျိုးဆိုရင် သား အပြစ်လွတ်တာပေါ့ အဘွားရယ်၊ ညီအစ်ကို အမုန်းမခံချင်လို့ပါ''

''မြေးလေး အပြစ်မဖြစ်စေရပါဘူး၊ အဘွား ကြည့်ရှင်းပါ့မယ်၊ နေ့သစ်က ငါ့သားကိုသတ်တဲ့ မအေကိုလည်း မပစ်ပယ်နိုင်၊ ညီရဲ့ ချစ်သူကိုလည်း စည်းမစောင့်ဘဲ အယုံသွင်းနဲ့ ဒီအဘွားကို စော်ကားသလိုဖြစ်နေပြီ၊ ငါ့ဘက်က ပြတ်ပြတ်သားသားဆုံးဖြတ်ရုံပဲ ရှိတော့တာပေါ့၊ မြေးလေး သွားနားချည်ပါ၊ ဒီကောင်ပြန်လာတဲ့အချိန် အဘွား ရှင်းမယ်''

''ဟုတ်ကဲ့ပါ အဘွား''

ဖုန်းသက်ပိုင်တို့ ရိုကျိုးနာခံနေလိုက်တာ။ ဒီအဘွား စိတ်ညစ်နေတာသိလို့ ဒီနေ့ အလိုက်တသိ နေပေးနေတာပဲဖြစ်မှာပေါ့။

နေ့သစ် ပြန်အလာကို ဒေါသတွေဖြင့် စောင့်ရင်း။

✿ ✿ ✿



## အခန်း (၃၀)

''ဟာ အဘွား၊ ဒါ ဘာလုပ်တာလဲ''

အိမ်ထဲလှမ်းအဝင်မှာပင် အဝတ်အစားထည့်သည့် အိတ်တွေ ကိုယ့်ရှေ့တွန်းပို့လာတာမို့ အလန့်တကြား အဘွားကိုမေးလိုက်မိသည်။ အဘွားက မျက်နှာကြီးသုန်မှုန်တင်းမာလျက် မီးထောက်ကာ ရပ်နေပြီး

''မင်းဆန္ဒရှိတဲ့နေရာကို သွားတော့ နေ့သစ်''

''ဗျာ အ အဘွား ဘာပြောတာလဲ၊ ဘာဖြစ်လို့လဲ အဘွား''

''ငါ့ကို ရှင်းပြစေချင်သေးလို့လား၊ မင်းအပြစ် မင်းမသိဘူးလား နေ့သစ်''

''မဟုတ်ဘူးလေ အဘွားရယ်၊ သား ဘာအပြစ်တွေ လုပ်လို့လဲ၊ သား ဘာမှားလို့လဲ၊ နည်းနည်းတော့ ရှင်းပြသင့်တာပေါ့၊ အဘွား အဲလို



www.burmeseclassic.com

www.burmeseclassic.com



ပေါက်ကွဲတာ တစ်ခါမှ မမြင်ဖူးဘူး''

''အေး အခု မြင်ပြီမဟုတ်လား။ မင်းကျူးလွန်တဲ့အပြစ်ကြီး... ဆိုတာ မင်းသဘောပေါက်ပေါ့''

အဘွား ဘာကို မကျေချမ်းနိုင်ဖြစ်တာလဲ။ နားမလည်နိုင်... နေ့သစ် ခေါင်းကို ခါယမ်းလိုက်သည်။

''မေမေ့ကို ထောက်ပံ့ပေးမိလို့လား အဘွား။ သား အဲဒီကို... အဘွားကို ရှင်းပြထားတယ်လေ၊ အဘွားမကြိုက်ရင် မေမေ့ဆီ မသွ... လာဘဲ နေပါ့မယ်၊ ထောက်ပံ့မှုပေးတယ်ဆိုတာက မေမေ တကယ်... ဒုက္ခရောက်နေလို့ပါ''

''မင်းအပြစ်က ဒီတစ်ခုတည်းလို့ ထင်နေလား''

''ဗျာ''

''ငါ့ဆီကယူသွားတဲ့ သိန်းငါးဆယ် မင်း ဘယ်သူ့အတွ... ဘာတွေလုပ်လိုက်လဲ''

''သား လုပ်ငန်းတစ်ခု လုပ်ချင်လို့''

''အမှန်အတိုင်း ဘာလို့ ဝန်မခံတာလဲ နေ့သစ်ဦး။ ငါ... မင်းကိုချစ်လို့၊ လိုက်လျောလို့ အပြစ်မပေးနိုင်ဘူးဆိုပြီး အခွင့်အ... ယူတာလား။ မင်းစိတ်ဓာတ်, မင်းလုပ်ရပ် အရမ်းကို အောက်တန်း... လွန်းတယ်၊ မင်းနဲ့ လိုက်ဖက်ညီတဲ့ အသိုင်းအဝိုင်းထဲမှာပဲ မင်းသွားနေ...

''အဘွား''

''မင်းက မင်းအမေစိတ်ဓာတ်နဲ့ တစ်ထေရာတည်းပဲ၊ ... ဆိုတာ ဘယ်ဖြတ်လို့ ရပါ့မလဲ၊ ငါ ပုံသွင်းယူလို့ စိတ်ဓာတ်...





အဆင့်အတန်းရော ပြောင်းလဲမယ်လို့ ထင်ခဲ့တာ၊ မင်းကို မမြင်ချင်ဘူး။ မင်းလိုချင်တာ အကုန်လုံးယူပြီးသွားပါတော့''

ဘာကအပြစ်ဖြစ်မှန်းမသိဘဲ အဘွား နင့်နင့်သီးသီး နာကြည်း ခံစားနေတာ နေ့သစ် နားမလည်နိုင်အောင် ဖြစ်နေသည်။ အကြောင်း တစ်ခုခု ပြောလိုက်လျှင် သူဖြေသာဦးမှာပါ။ အခုတော့ –

''အဘွား သားကို မမြင်ချင်ဘူးဆိုရင် သွားပါမယ်၊ ဒါပေမဲ့ သားကို ဘာကြောင့် နှင်ထုတ်တယ်ဆိုတာတော့ သား သိပါရစေ''

''မင်း အရမ်းကိုသိချင်နေလား''

''ဟုတ်ကဲ့၊ သိရပြီးရင် ဘာကိုမှမယူဘဲ အဝတ်တစ်ထည် ကိုယ်တစ်ခုနဲ့ ဆင်းသွားပါ့မယ်''

''ဒီနေ့ ငါ မင်္ဂလာဈေးကိုရောက်ခဲ့တယ်၊ နေ့လယ်တစ်နာရီ လောက်က''

''ဗျာ''

''အဲဒီအချိန်မှာ မင်းနဲ့ငွေစင် ဘာလုပ်နေကြလဲ''

''ဗျာ အဘွား။ အဲ အဲဒါက''

''ရှင်းမပြနဲ့၊ မင်းသိချင်တယ်ဆိုလို့ အဲလောက်ပြောလိုက်တာ လုံလောက်တယ်မဟုတ်လား။ မင်းကျူးလွန်ခဲ့တဲ့အပြစ်နဲ့ ငါပေးတဲ့အပြစ် ဒဏ် ညီမျှတယ်မဟုတ်လား''

အကြောင်းစုံသိသွားလို့လား၊ ဘာကိုသိသွားလို့လဲ။ အဘွားရဲ့ ဥပေက္ခာမျက်လုံးများကို သူ ရင်မဆိုင်ရဲပါ။

''အဘွား သားကန်တော့ခဲ့ပါတယ်၊ သားမှာ ခွင့်မလွှတ်နိုင်တဲ့



www.burmeseclassic.com

www.burmeseclassic.com



အပြစ်တွေရှိတယ်ဆိုရင် ခွင့်မလွှတ်ပါနဲ့ သားကို နာကြည်းနေမှ ဖြစ်မယ်ဆိုရင်လည်း နာကြည်းနေပါ အဘွား။ ဒါပေမဲ့ သားအတွက် အဘွား စိတ်မထိခိုက်ပါနဲ့ မခံစားပါနဲ့ ကျန်းမာရေးကောင်းအောင်နေပါ အဘွားရယ်''

နေ့သစ်ရဲ့ ရှိုက်သံသဲ့သဲ့ကြောင့် ရင်မှာ နင့်နေအောင် ခံစားလိုက်ရ၏။ ဒီမြေးကို ဘယ်တုန်းကမှ မျက်ရည်အကျမခံခဲ့ဖူးပါ။ အမြဲတမ်း တွေးပိုက်ချော့မြှူပြီး အလိုလိုက် ဖြည့်ဆည်းခဲ့တာ။ မအေကို တွယ်ကပ်မနေအောင် မေတ္တာတွေ အပြည့်အဝပေးခဲ့တာ။

မြေးရယ်၊ ဘာဖြစ်လို့များ ဒီအမေရဲ့သွေးကို သွားတူရတာလဲ။ နေ့သစ် ဦးသုံးကြိမ်ချနေဆဲမှာ မိမိရဲ့မျက်ရည်တွေ အထိန်းသိမ်းမရှိ သွန်ကျလာခဲ့ပြီး နေ့သစ်မျက်နှာ ပြန်မော့လာချိန်မှာတော့ ချက်ချင်းပင် မျက်နှာကို လွှဲပစ်လိုက်၏။

''ငွေစင်ကိုပြောလိုက်၊ သူ့လို သစ္စာမရှိ ဖောက်ပြားတတ်တဲ့ မိန်းကလေးကို ဖုန်းသက်ပိုင်ရဲ့ ဇနီးမယားအဖြစ် ဘယ်တော့မှ လက်မခံဘူးလို့''

''အဘွား အဲ အဲလို မဟုတ်ဘူး''

''အဲလိုမိန်းကလေး မင်းနဲ့ပဲတန်တာ၊ ဖုန်းသက်ပိုင်ကို ငါ့သားလို ဘယ်တော့မှ အဖြစ်မခံဘူး။ အခုလို မလွှန်ကျူးခင် စောစောစီးစီး သိလိုက်ရတာ ငါ့မြေးလေးဖုန်းသက်ပိုင် ကံကောင်းပါတယ်၊ အခုချိန်ကစပြီး မင်းလည်း ငါ့မြေးမဟုတ်တော့ဘူး။ အမွေအနှစ်လိုချင်လို့ နောက်မှ လာပတ်သက်တာမျိုး မလုပ်ပါနဲ့ လိုချင်ရင် အခု တစ်ခါတည်းယူသွား။





ငါ မမြင်ချင်ယောင်ဆောင်ပေးမယ်၊ မင်းနိုင်သလောက် သယ်သွား နေ့သစ်''

''အဘွား''

လှည့်မကြည့်ဘဲ ထွက်သွားခဲ့ပြီး အခန်းတံခါးကို ဂျိန်းခနဲ ပိတ်လိုက်တာကြောင့် နေ့သစ် စိတ်လျှော့လိုက်ရ သည်။

ပေးဆပ်မှုတွေဖြင့် ရှင်သန်ခဲ့တာတောင် ကံကြမ္မာက မျက်နှာသာ မပေးပါလား။

ဘာကြောင့် ဒီလိုတွေ ဖြစ်ရသည်ဆိုတာတော့။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၁)

ကိုမြင့်ဆွေက နေသစ် ဘာဖြစ်နေမှန်းမသိဘူးဟု လာပြောတာကြောင့် သူမ နေမထိထိုင်မသာဖြစ်ရ အလုပ်လုပ်ရတာတောင် စိတ်မဖြောင့်ပေ။ နေသစ်ရှိသည့် မြေညီထပ်ကို အခုပင် အပြေးသွားလိုက်ချင်စိတ်တွေဖြင့် ဣန္ဒြေရရ ထိုင်နေချင်စိတ်ပင်မရှိ။

"ဟဲ့ ငွေစင်၊ မရိုးမရွနဲ့ ဘာဖြစ်နေတာလဲ၊ ကိုယ်ခန္ဓာကြီးက ကွန်ပျူတာရှေ့ ထိုင်နေပေမယ့် စိတ်က အောက်ဆုံးထပ်ကို ရောက်နေတယ်ထင်တယ်"

"အမေကျော် ဒွေးတော်လွမ်းနေရင်တော့ ကိုယ့်စိတ်ကိုယ်ပြန်ဆန်းစစ်ဦးနော်၊ အရင်ရည်းစားလည်း ချစ်တယ်၊ နောက်ရည်းစားလည်း ချစ်တယ်တော့မလုပ်နဲ့"





"အာ ဘာတွေပြောနေကြမှန်းမသိဘူး။ မချိုနဲ့တွေးတွေးနော်၊ ငွေစင်က ရိုးရိုးသားသား"

"ရိုးသားတဲ့ရုပ်ကြီးကလည်းဟယ်၊ ဖုန်းသက်ပိုင် ဖုန်းဆက်ခေါ်ချင်တောင် အဲလောက် မျာမျာသလဲ ဣန္ဒြေမရ မဖြစ်ဘဲနဲ့၊ တို့က ကိုယ်ချင်းစာပါတယ်နော်၊ သွားချင်သွား"

"ဟုတ်တယ်၊ အယ်ဒီတာကြီးလာရင် တို့ပြောပေးထားမယ်၊ အခု ကြွချင်လည်းကြွ"

"တ တကယ်ပြောပေးထားပါနော်၊ နောက်နေ့ သတင်းဦးသတင်းထူးလိုက်ပေးပါ့မယ်လို့"

"အောင်မယ်လေး၊ ဟန်တောင်မဆောင်နိုင်ဘူး။ အဖြစ်သည်းဆိုက်တာ မပြောနဲ့၊ ရည်းစားထက်တောင် ပိုနေရရောလား"

"နေသစ်က ဖုန်းသက်ပိုင်ထက် ကြင်နာတတ်တာကိုးဟဲ့"

အရယ်အရွှန်းနှင့် တွေးတွေးတို့ပြောတာ မှန်များမှန်နေလား။ နေသစ်က ဖုန်းသက်ပိုင်ထက် ကြင်နာတတ်သော နွေးထွေးလိုက်လျောမှုရှိတာ သူမ ခံစားလို့ရနေပါသည်။

ဖုန်းသက်ပိုင်ကတော့ သူမအပေါ် တင်တင်းစီးစီး ဆက်ဆံတတ်ပြီး အလေးအနက် ဂရုစိုက်တတ်တာမျိုး မရှိပေ။

"ဟာ ငွေစင်ရောက်လာပြီလား။ လာလေ"

ကိုမြင့်ဆွေအသံကြောင့် သူမ အတွေးစတွေ ပြတ်သွားခဲ့ပြီး အခန်းထဲ လှမ်းဝင်ခဲ့သည်။ နေသစ်က ကောင်တာနံမှာ ခေါင်းငိုက်စိုက်နှင့်

"နေသစ်"



www.burmeseclassic.com

www.burmeseclassic.com



"ဪ ငွေစင်"

"နင် ဘာဖြစ်နေတာလဲ၊ မနေ့က အိမ်မပြန်ဘဲ ရုံးခန်းမှာ အိပ်တာဆို"

"အင်း"

"နင် ဘယ်သူနဲ့အဆင်မပြေလို့လဲ နေ့သစ်၊ အဲလိုကြီး မ ဟာ၊ ငါ့ကိုပြောပါ"

"ငွေစင်"

"အေး ပြော"

"အဘွားက ငါ့ကို အိမ်ပေါ်နှင်ချလိုက်တာ"

"ဟယ် နေ့သစ်၊ ဘာ ဘာဖြစ်လို့လဲ"

နေ့သစ်အနားမှာ ခုံဆွဲထိုင်လိုက်ရင်း ငွေစင် အလန့်တ မေးလိုက်မိသည်။ နေ့သစ်က စိတ်ဓာတ်ကျသလို ခုံလည်ထိုင်နှ မှီထိုင်လိုက်ပြီး –

"ငါတို့ ဆိုင်ခန်းကိစ္စ မင်္ဂလာဈေးသွားတာ အဘွားသိ တယ်၊ နင် ဘယ်လိုအဆင့်အတန်းကအစ သိသွားတဲ့ပုံပဲ"

"ဟင်"

"ငါ့မြေး ဖုန်းသက်ပိုင်ရဲ့ဇနီးမယားအဖြစ် ဘယ်တော့မှ လ မှာ မဟုတ်တော့ဘူးတဲ့၊ ပြီး ပြီးတော့"

"ငါ့ကို အားမနာနဲ့၊ ဆက်ပြော နေ့သစ်"

"အဲဒီလိုမိန်းကလေးက မင်းနဲ့ပဲ တန်တာတဲ့လေ၊ နင့် မေမေနဲ့ နှိုင်းတယ်၊ ဖုန်းသက်ပိုင်ကို ဖေဖေ့လို မဖြစ်စေရဘူးတဲ့၊ အဘွ





ဘာကို ဘယ်လိုလက်ခံသွားတာလဲ ငါ နားမလည်နိုင်ဘူးဟာ၊ အဘွား ငါ့ကို အထင်လွဲပြီး မုန်းသွားတာ အရမ်းခံစားရတယ်"

"နေ့သစ်ရယ်"

စားပွဲပေါ် မျက်နှာမှောက်ချလိုက်သော နေ့သစ်အတွက် သူမလည်း ရင်နဲ့မဆံ့ ခံစားလိုက်ရပါသည်။ သူမကို ဖေးမကူညီခဲ့လို့ ဒီလိုဖြစ်ရတာ မဟုတ်ပါလား။

နေ့သစ်ပခုံးကို ငွေစင် ထူမတ်လိုက်ကာ –

"နင် ဒီလိုကြီး စိတ်ဓာတ်ကျ အားငယ်မသွားပါနဲ့ဟာ၊ ငါတို့ ဘာကြောင့် အဲဒီကိုသွားတယ်, ဘာလို့ ဒီလိုတွေလုပ်နေတယ်ဆိုတာ သက်ပိုင်သိနေတာပဲ၊ သူ့ကို ဖြေရှင်းခိုင်းလိုက်ရင် အဆင်ပြေသွားမှာပဲ"

"အဘွားက သူ့ကို အပြစ်ပြောမှာပေါ့၊ ပြီးတော့ နင့်ကိုလည်း မုန်းသွားလိမ့်မယ်"

"ငါ့ကို ဖုန်းသက်ပိုင်နဲ့ သဘောမတူလို့ လက်မခံတာ ငါ ခံမနည်းဘူးနေ့သစ်၊ ငါ့ဘက်က မားမားမတ်မတ် ရပ်တည်မပေးတဲ့ ဖုန်းသက်ပိုင်ကို လက်မထပ်ရလို့ ငါမလွမ်းဘူး။ ဒါပေမဲ့ အဘွား နင့်ကို ပယ်လိုက်မှာတော့ ငါ ကြောက်တယ်"

"ငွေစင်"

"ဖုန်းသက်ပိုင်ကို နင် ဘာကြောင့်ကူညီတယ်ဆိုတာ အဘွားကို ပြောခိုင်းမယ်၊ အဘွား အမှန်အတိုင်းသိသွားပြီး နင့်ကိုမမုန်းဖို့တဲ့ အရေး ကြီးတယ် နေ့သစ်"

"ဒီ ဒီလို ဖြစ်သွားတာ ငါ တကယ် စိတ်မကောင်းဘူးဟာ"

❦



www.burmeseclassic.com

www.burmeseclassic.com



"စိတ်မကောင်းမဖြစ်နဲ့ နွေသစ်၊ ဒီအလုပ်ကလည်း လစ် ထွက်စာတင်ရင်း ထွက်မယ်ဆိုပြီး ဘာမှမပြောရသေးဘူး၊ အဲဒီဆိုင်ခန်း ပြန်ရောင်းပြီး နင့်အဘွားပိုက်ဆံတွေ ပြန်ပေးလိုက်ပါ"

နွေသစ် ဘာပြောရမှန်းမသိအောင် ဖြစ်နေသည်။ ဖုန်းသက်ပိုင် နဲ့ လွဲရလို့ ငွေစင် ဘာမှမခံစားရတာကို နည်းနည်း ထူးဆန်းနေ စိတ်သက်သာသလို ဖြစ်မိပေမယ့် အားနာစိတ်လည်း ဝင်မိသည်။

ကိုယ်ကူညီလိုက်မှ ဖုန်းသက်ပိုင်နှင့်ကိစ္စ မဖြောင့်တန်းတော့ သလို ဖြစ်သွားရတာ မဟုတ်ပါလား။

"ငွေစင်ရာ ငါ အရမ်းအားနာပါတယ်"

"နင်က ဘာကိုအားနာရမှာလဲ၊ အစကတည်းက ဒီလိုအကျ အကြောင်းမျိုးရှိတယ်ဆိုရင် ဖုန်းသက်ပိုင် ငါ့ကိုမချစ်ဘဲ နေခဲ့မှာ ဒါမှမဟုတ် ငါ့ဘက်ကနေ ရပ်တည်ရင်ဆိုင်ပေးခဲ့ရမှာ၊ အခုတော့ လ ထပ်ဖို့ အချိန်ဆွဲပြင်းဆန်ခဲ့တဲ့ယောကျ်ားတစ်ယောက်ကို ငါလည်း မ လင့်ချင်တော့တာနဲ့ အတော်ပါပဲ၊ နင် ငါ့အတွက် လုံးဝ စိတ်မကောင်း မဖြစ်နဲ့ နွေသစ်၊ နင့်ကို အဘွား ရှုံ့မှုန်နာကြည်းသွားတာမျိုး မဖြစ်စေ ပါဘူး၊ ငါတာဝန်ယူပါတယ်"

ငွေစင်စကားကြောင့် နွေသစ် အားရှိသွားခဲ့တာတော့ အမှန် ဒါပေမဲ့ အဘွားရဲ့ပေါက်ကွဲမှုတွေ ကြားယောင်ပြီး ရင်ထဲ နင့်နေအောင် တော့ ခံစားနေရဆဲပါ။ ငွေစင်က ထရပ်လိုက်ပြီး –

"ဖုန်းသက်ပိုင်ဆီ ဖုန်းဆက်ချိန်းပြီး ငါ သွားတွေ့လိုက်ဦးမယ် နင်က ရုံးခန်းမှာ ဒီလိုပုံစံမျိုးဖြစ်နေမယ့်မအစား နင့်အမေဆီ စိတ်





သက်ပျောက် သွားနေပါလား"

"ဟင့်အင်း မသွားချင်ပါဘူးဟာ၊ မေမေ့တုန်းကလည်း နှင် ထုတ်ခံရတယ်၊ ငါ့ကိုလည်း ဒီလို နှင်ထုတ်ခံရတယ်ဆိုရင် မေမေ စိတ် မကောင်းဖြစ်နေလိမ့်မယ်၊ ငါ အဲ့ဘွားဆီက ဘာအမွေမှ မက်မောလို့ မဟုတ်ပါဘူး၊ ဒီအလုပ်နဲ့ပဲ ငါ့ကိုယ်ငါ ရပ်တည်နေနိုင်ပါတယ်၊ နင့်ကိုပဲ ဖုန်းသက်ပိုင်နဲ့အဆင်မပြေအောင် နင့်ဘဝကို မြှင့်တင်မပေးနိုင်တာကို ဘဲ စိတ်မကောင်းဖြစ်တာ"

"နင့်ရဲ့ အဲလိုစေတနာတွေအတွက် ငါ ကျေးဇူးတင်ပါတယ် နွေသစ် ရယ်၊ ဖုန်းသက်ပိုင် ငါ့ကို တကယ်ချစ်တယ်ဆိုရင် အဘွားကို သူ ဆန့်ကျင်ရဲပါလိမ့်မယ်၊ သူ့ရဲ့ဆုံးဖြတ်ချက်ကို ဒီနေ့ နားထောင်ပြီး ငါလည်း အပြတ်သားဆုံး ဆုံးဖြတ်မယ် နွေသစ်"

"ဟင်"

"နင်နဲ့တော့ မဝေးချင်ဘူး"

သူ မှင်တက်စွာ နားထောင်နေဆဲမှာပင် ငွေစင်က ရုံးခန်း အပြင်ကို ပြန်ထွက်သွားခဲ့သည်။ နင့်ရဲ့ မဝေးချင်ဘူးဆိုတဲ့စကားလေးကို ငါ တစ်သက်လုံး သိမ်းထားမယ် ငွေစင်။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၃၂)

"ငွေစင်၊ ပြောစရာရှိတာ မြန်မြန်ပြော၊ ငါ အချိန်သိပ်မရဘူး"

"မောင်ဆိုတဲ့နာမ်စားက ဘယ်အချိန်က ပျောက်သွားတာလဲ အဘွား ဖြစ်တောက်ခိုင်းတာကို နာခံလိုက်တဲ့သဘောလား"

"ငါက အဘွားကို မှီခိုနေရတာပါ၊ အဘွားသဘောဆန္ဒကို ဆန့်ကျင်လိုက်ရင် ပညာရေးတစ်ပိုင်းတစ်စနဲ့ မြောင်းထဲရောက်သွားမှာပေါ့"

"အဲဒီအကြောင်း အစွမ်းအစမရှိတာ ငါ အခုမှပဲသိရတော့တယ်လေ။ နင်နဲ့လမ်းခွဲရလို့ ငါဝမ်းမနည်းပါဘူး၊ ဒါပေမဲ့ နွေသစ်ရဲ့ ရိုးရိုးသားသား ကူညီမှုတွေကို အဘွားကိုရှင်းပြပေးပါ"

"ဘာ နွေသစ်က ရိုးရိုးသားသား ကူညီတာ၊ ဟား ဟား"





ဖုန်းသက်ပိုင် ဘာကြောင့် သရော်လှောင်ရယ်လိုက်မှန်း ငွေစင် ...မလည်ပေ။ အခုလိုတွေ့ဖို့ ဖုန်းအကြိမ်ကြိမ်ဆက်တာကို ငြင်းဆန်နေ...တည်းက ဖုန်းသက်ပိုင်စိတ်ကို ခန့်မှန်းမိပြီးသားပါ။

ဟောက်(စ်)ဆင်းနေသောဆေးရုံကို ငါလိုက်လာရမလားလို့ ...မ်းခြောက်မှ ဖုန်းသက်ပိုင် သူမကို လာတွေ့ခဲ့တာ။

"နင် ဘာရယ်တာလဲ ဖုန်းသက်ပိုင်"

"ဩော် နွေသစ်ကို ရိုးသားတယ်ဆိုလို့ပါ၊ ဒီကောင်က နင့်ကို ...ပိုင်သိမ်းပိုက်ချင်လို့ ကြိုးစည်နေခဲ့တာ"

"ဖုန်းသက်ပိုင်၊ နင် မဟုတ်တာတွေ မပြောနဲ့"

"သူငယ်ချင်းတစ်ယောက် ခင်မင်မှုမျိုးဆိုရင် ဒီလောက်ထိ ...နစ်နာခံစရာအကြောင်း မရှိဘူး ငွေစင်၊ ဒီကောင့်မျက်လုံးတွေ၊ အပြု...မူတွေ မရိုးသားဘူးဆိုတာ ယောကျ်ားချင်း ပိုသိတာပေါ့၊ အေး နင် ...ည်း မရိုးသားခဲ့ဘူးမဟုတ်လား ငွေစင်"

"ဘာ"

"ငါ့ကို အချိန်အကြာကြီး ငြင်းနေခဲ့တာ၊ ဒီကောင့်ကို မျှော်လင့် ...လို့ မဟုတ်လား။ ဒီကောင့်ဆီက ဘာအဆက်အသွယ်မှမရ၊ ဒီကောင် ...န်မလာတော့ဘူးထင်မှ နင် ငါ့ကို လက်ခံခဲ့တာ"

"အခုမှ ဘာလို့ ဒါတွေ လာပြောနေတာလဲ၊ နင်ရော ငါ့ကို ...လွယ်တကူ ဖြတ်တောက်နိုင်တယ်ဆိုရင် ဘာလို့ ချစ်နေသေးလဲ"

ဖုန်းသက်ပိုင် မထီတရီပြုံးလိုက်ကာ –

"နင့်ကို ဒီကောင်ပိုင်ဆိုင်ရတာမျိုး မဖြစ်စေချင်လို့ပေါ့ဟာ"



www.burmeseclassic.com

www.burmeseclassic.com



"ဖုန်းသက်ပိုင် နင်"

"ငါ နင့်အပေါ် အဲလောက်စိတ်ကလေးပဲ ရှိတာပါ၊ ငါ့ ငါချစ်တဲ့သူ၊ လက်ထပ်မယ့်သူ သတ်သတ်ရှိတယ်"

"တောက် မိုက်ရိုင်းလိုက်တာ"

"ဖြန်း"

"ဟာ နင်"

ဖုန်းသက်ပိုင်ပါးပြင်ပေါ် လက်က အလွယ်တကူပင် ဖြန်း ကျရောက်သွားခဲ့သည်။ ဖုန်းသက်ပိုင်က အံ့ဩတကြီးနှင့် ပါးကို ပွတ် ကာ -

"နင် ငါ့ကို ဘာလို့ရိုက်တာလဲ ငွေစင်"

"နင့်စိတ်ဓာတ် ယုတ်ညံ့လွန်းလို့ ငါ့လက်နဲ့ထိရတာတော မတန်ဘူး ဖုန်းသက်ပိုင်၊ နင် အခု နွေသစ်ကို အဘွားနှင့်ထုတ်အော သွေးထိုးယုတ်မာလိုက်တာ မဟုတ်လား"

ဖုန်းသက်ပိုင်ငြိမ်နေတော့ ပိုပြီးသေချာသွားကာ -

"နင် ယောကျာ်းမဟုတ်ဘူးနွေသစ်၊ မိန်းမထဘီဝတ်ထား ကောင်းတယ်"

"ဘာ"

"မနာပါနဲ့၊ မိန်းကလေးတစ်ယောက်အပေါ် အဲလိုစိတ်ထား တာ၊ စေတနာနဲ့ ကူညီပေးခဲ့တဲ့လူအပေါ် ယုတ်ညံ့တဲ့စိတ်မွေးတာ တ နေတော့ နင်ဒဏ်ခံရမှာပါ၊ အေး နွေသစ်ကိုစွ အဘွားကို နင် အ အတိုင်း ပြောမပေးဘူးဆိုရင် ငါကိုယ်တိုင် ပြောမယ်၊ နင်ထင်သလို





ငါ နင့်ကို တကယ်ချစ်ခဲ့တာ မဟုတ်ဘူး။ နွေသစ်ကိုပဲ မျှော်လင့်နေခဲ့တာ"

"ဟား"

"ဆတ်ဆတ်ခါသွားရင် လဲသေလိုက် ဖုန်းသက်ပိုင်။ နင့်လို စိတ်ဓာတ်အောက်တန်းစားကောင်နဲ့ မဆုံစည်းရတာ ငါ့ကိုယ်ငါ ဂုဏ်ယူတယ်၊ ငါနဲ့နွေသစ် မင်္ဂလာဆောင်တာကို နင် မြင်ကိုမြင်စေရမယ် ဖုန်းသက်ပိုင်၊ သိလား"

"တောက်"

ဖုန်းသက်ပိုင်ရဲ့ တက်ခေါက်သံကို မြေဖဝါးအောက်မှာ နင်းခြေပြီး ထွက်လာခဲ့၏။ ဖုန်းသက်ပိုင်နှင့်ချစ်ခဲ့သော အငွေ့အသက်တွေ နေရာမှာတင် ရှုံ့မှုန်းစွာ ချန်ထားခဲ့သည်။ မနက်ဖြန်ဆိုလျှင် ဖုန်းသက်ပိုင် နာမည်တောင် ရင်ထဲမှာ ကျန်တော့မှာမဟုတ်။

အဲဒါ နင့်ကို မချစ်ခဲ့ဘူးဆိုတာ သေချာလို့ပါ။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၃)

သေချာအောင် တံခါးခေါက်ကြည့်မှ အထဲကလှုပ်ရှားသံကို ကြားရသည်။ ညနေအချိန်ကြီးကို ဘာကြောင့်များ တံခါးတွေပိတ်၊ မီးတွေမှိတ်ထားရတာလဲ။

"အန်တီ၊ သမီးငွေစင်ပါ"

"လာ လာပြီ သမီးရေ"

ယိုင်နဲ့နဲ့တံခါးပေါက်လေး ကျွီခနဲ ပွင့်သွားခဲ့ပြီး ညှိုးနွမ်းနေသော ဒေါ်မြတ်ကေသွယ်ကို မြင်လိုက်ရသည်။

"အန်တီ နေမကောင်းဘူးလား"

"အင်း အန်တီ ဖျားလည်းဖျား၊ ခေါင်းတွေလည်း ထိုးကိုက်နေတာနဲ့ ဆေးသောက်ပြီး အိပ်ရာထဲလှဲနေတာ၊ တစ်ယောက်တည်းဆိုတော့





ကူဖော်လောင်ဖက်လည်း မရှိဘူး မဟုတ်လား၊ ဒါနဲ့ သမီးတစ်ယောက်တည်းလား၊ သားရော မပါဘူးလား"

"ဟုတ်ကဲ့ သူ ပါမလာတဲ့အကြောင်းလည်း ပြောပါမယ်၊ အန်တီ ထိုင်နေလို့မရရင် အိပ်ရာထဲ လှဲနေလေ"

"ရပါတယ်ကွယ်၊ ချွေးလေးနည်းနည်းထွက်တော့ သက်သာနေပြီ"

အိပ်ရာပြင်ထားသောနေရာမှာပင် နှစ်ယောက်သား ထိုင်လိုက်ကြသည်။

"အန်တီ"

"အင်း ပြော သမီး၊ သမီး အန်တီ့ကို ပြောစရာရှိလို့ လာတာ မဟုတ်လား"

"မဟုတ်ပါဘူး၊ မေးစရာရှိလို့ပါ အန်တီ၊ အန်တီ နှင်ထုတ်ခံရတုန်းက ဘယ်သူ့ဥပါဒါန်နဲ့လဲ"

"သမီးက အဲဒါကို သိချင်လို့လား၊ ဘာဖြစ်လို့လဲ"

"နေ့သစ်လည်း အန်တီ့လိုပဲ နှင်ထုတ်ခံရလို့ပါ အန်တီ"

"ဘယ်လိုကွဲ့၊ သား သားကို"

ဒေါ်မြတ်ကေသွယ် အဖျားရှိန်ကြောင့်လားမသိတဲ့ မျက်နှာလေး လျက် တုန်ခနဲပင် ဖြစ်လို့သွားသည်။ ငွေစင့်လက်ကလေးကိုလည်း ဆုပ်ကိုင်လိုက်ကာ –

"ဘာဖြစ်လို့လဲ၊ ဘာဖြစ်လို့ သားကို နှင်ထုတ်လိုက်တာလဲ၊ သားက ဘာလုပ်လို့လဲ ဟင်၊ အန်တီ့ကို မြန်မြန်ပြောစမ်းပါ သမီးရယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဖုန်းသက်ပိုင် ယုတ်မာလိုက်တာထင်တယ်"

"ဘာ"

"နေ့သစ်ရဲ့ကူညီမှုတွေကို အဘွား တလွဲတွေးသွားအောင် အပုပ်ချလိုက်တာလို့ထင်တယ်၊ ငွေစင်ရဲ့အခြေအနေအမှန်ကို အဘွား သိသွားတာလည်း သူ့ကြောင့်ပဲ ဖြစ်မှာ၊ အဲဒါကြောင့် အဘွားက ငွေစင့်ကို အန်တီနဲ့နှိုင်းပြီး ဖုန်းသက်ပိုင်ကို သူ့သားလို မဖြစ်ရဘူးလို့ ပြောတယ် နေမှာပြီး"

"ရပြီ၊ အန်တီ သဘောပေါက်သွားပြီ သမီး၊ ဖုန်းသက်ပိုင်တို့ လက်ချက်ပဲဆိုတာ သေချာတယ်၊ အန်တီတို့လင်မယား ပြဿနာတက်အောင်၊ အဘွားရဲ့ ငြိုငြင်မှုခံရအောင်လည်း သူတို့ပဲ လုပ်ခဲ့တာ၊ အဲဒါကို အန်တီ အစက မသိခဲ့ဘူး"

"ရှင် ဒါဆို"

"ဟိုနေ့ကမှ နိုင်ငံခြားက ပြန်ရောက်လာတဲ့ ကိုအောင်မင်းအ အကြောင်းစုံရှင်းပြတယ်"

"ကိုအောင်မင်းဆိုတာ"

"သားအဖေ စွပ်စွဲခဲ့တဲ့တစ်ယောက်ပေါ့"

"အဲဒီကိစ္စက တကယ်မဟုတ်ခဲ့ဘူးလား"

အံ့ကြိတ်ထားရင်းက ဒေါ်မြတ်ကေသွယ် ခေါင်းယမ်းပြသည်။

"အန်တီ အိမ်ထောင်ရေးမဖောက်ပြန်ခဲ့ပါဘူး၊ ကိုယ်ကျင့်တရား လည်း မပျက်ပြားခဲ့ပါဘူး၊ ဒါပေမဲ့ ပညာနည်းခဲ့တဲ့ အန်တီက ဆင်ခြင် တုံတရားတော့ မရှိခဲ့ဘူး၊ အဲဒါကြောင့် မဖြစ်သင့်တာတွေ ဖြစ်ခဲ့ရတာ"





"ဟုတ်ကဲ့၊ ငွေစင့်ကို ပြောပြပေးပါ အန်တီ"

"ဖုန်းသက်ပိုင်အဖေက သူက ချစ်တဲ့သူနဲ့ လက်မထပ်ရဘဲ အစ်ကိုက ချစ်တဲ့သူနဲ့ လက်ထပ်ခွင့်ရတယ်ဆိုပြီး မနာလိုခဲ့ဘူး၊ အဲဒါနဲ့ အန်တီက မျိုးရိုးမကောင်းဘူးလို့ အဘွားကို အတွန်းအတိုက်လုပ်တယ်၊ နောက်ကျတော့ အန်တို့ယောကျ်ားကပါ အန်တီ့ကို ငြိုငြင်အောင်၊ မကြည်ဖြူအောင် ဖောက်ပြန်တဲ့သူအဖြစ် ချောက်တွန်းတယ်"

"အန်တီက အဲဒါကိုမသိဘဲနဲ့"

"ဟုတ်တယ် မသိဘဲနဲ့ အန်တို့ယောကျ်ား အငယ်အနှောင်း ထားနေတယ်လို့ တစ်ဖက်လှည့်နဲ့ပြောတာကို ယုံခဲ့တယ်၊ အဲဒါနဲ့ အဲဒီ ကိုအောင်မင်းဆိုတဲ့လူနဲ့ ဟိုနေရာ ဒီနေရာချိန်းပြီး သားအဖေ့ကို လိုက် ချောင်းခဲ့တာ၊ သူ့မျက်နှာ တစ်ရှာထင်ပြီး ဘဝကိုပုံအပ်ခဲ့တဲ့ကိုယ့်ကို သစ္စာဖောက်ရမလားဆိုပြီးတော့လေ"

"အန်တီရယ်"

ဖုန်းသက်ပိုင်တို့သားအဖရဲ့ ယုတ်မာမှုကို တဖြည်းဖြည်း သိလာ ခဲ့ပြီး ရှုမှန်ကြီးဖြစ်လို့လာသည်။ ဒေါ်မြတ်ကေသွယ် နာကြည်းမှုတွေဖြင့် လေသံတွေပါ မာလာခဲ့ပြီး –

"အန်တီက ရိုးရိုးသားသားပဲဆိုတော့ သူတို့အကြံအစည်ကို မသိခဲ့ဘူး၊ နောက်တော့ သူတို့ ငွေပေးခိုင်းထားတဲ့ကိုအောင်မင်းက အန်တီနဲ့ ဖောက်ပြန်နေတာ မှန်ပါတယ်ဆိုပြီး သားအဖေနဲ့အဘွားရှေ့မှာ ဝန်ခံတယ်၊ အဲဒီတော့ သားအဖေက သူ့သူငယ်ချင်းနဲ့ ဖြစ်ရပါ့မလားဆို ပြီး ရှက်လွန်းလို့ ဆေးတွေသောက်ပြီး သေသွားတယ်၊ အန်တီ့ကိုတော့



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်ကျင့်တရား မကောင်းတဲ့ လူသတ်တဲ့လူအဖြစ်နဲ့ အိမ်ထဲက ခွဲထုတ် ခံခဲ့ရတယ်''

''အဲဒီအကြောင်းတွေ ဘာလို့ နေ့သစ်ကို ပြောမပြခဲ့တာလဲ အန်တီရယ်''

''အန်တီ အစက ဒီအကြောင်းတွေ ဂယနဏ မသိခဲ့လို့ပါ မအေကို ဒီလိုပုံစံမျိုးနဲ့ စွပ်စွဲပုတ်ခတ်ခံနေရတဲ့အချိန်မှာ ဖအေကလည်း အိမ်ထောင်ရေးဖောက်ပြန်တဲ့သူလို့ သိသွားပြီး သား အရှက်ရတာတွေ နာကြည်းတာတွေ သူ့ကိုယ်သူ သူ့အဖေလိုပဲ သတ်သေတာတွေ ဘာတွေ ဖြစ်မှာစိုးရိမ်လို့ အန်တီ ကြိတ်မှိတ်မျိုသိပ်ပြီး ထွက်သွားခဲ့တာပါ။ အခုတော့ သူ့အဖေက ဘာမှဖြစ်ခဲ့တာမဟုတ်ဘူး၊ ဘယ်သူနဲ့မှ ဖောက် ပြန်ခဲ့တာ, အငယ်အနှောင်းထားခဲ့တာ မဟုတ်ဘူးတဲ့''

ဒေါ်မြတ်ကေသွယ် မျက်ရည်ကျတော့ ရင်ထဲတောင် ဆို့နင့် နာကျင်သွားသည်။ ဘယ်လောက်တောင် ပူကျူးမရ ခံစားနေရလို့ ဒီလိုမျိုး အိပ်ရာထဲ လဲတဲ့အထိတောင် ဖြစ်သွားရတာလဲ။

''အန်တီ''

''သား သားအထိပါ သူတို့ ဒီလိုလုပ်ရက်တာတော့ အမွေ အနှစ်တွေ သူတို့ အပိုင်စီးချင်လို့ဆိုတာ သိသာနေပြီ၊ အန်ကို့ကို ဘယ် လိုလုပ်လုပ်၊ သားလေးချမ်းချမ်းသာသာနေရမယ်ဆိုရင် အန်တီ ခံနိုင်ရည် ရှိပါတယ်၊ ဒါပေမဲ့ သားကို ဒီလိုလုပ်လိုက်တော့တော့ အန်တီ မကျေနပ် နိုင်ဘူး၊ မခံစားနိုင်ဘူးကွယ်''

''အဘွားကိုအကြောင်းစုံသိအောင် ပြောပြချင်သလား အန်တီ''





''အမွေတွေမက်မောလို့ လုပ်ကြံလိုဝယ်ပြောတယ်လို့ အထင်ခံ ရမှာတော့ စိုးရိမ်တယ်၊ ပြီးတော့ ကိုအောင်မင်းက အန်တို့ယောက်ျား သေသွားတာကို စိတ်မကောင်းလွန်းလို့ ဒီအကြောင်းတွေ ဖွင့်ပြောရတာ တဲ့၊ ဖုန်းသက်ပိုင်အဖေက နိုင်ငံခြားမှာ ပြည့်ပြည့်စုံစုံနေလို့ရအောင် လုပ်ပေးထားလို့ ကျေးဇူးရှိတဲ့အတွက် မပြောစေချင်တော့ဘူးတဲ့လေ''

''ခံထားရတဲ့ အန်တို့တက်က တစ်သက်လုံး အရှုံးပေးလို့တော့ ဘယ်ဖြစ်မှာလဲ အန်တီ၊ တုံ့ပြန်ခွင့်ရှိမှ ညီမျှမှာပေါ့၊ နေ့သစ် ထိခိုက်ရတဲ့ အတွက် အန်တီ ခုခံကာကွယ်သင့်တယ်''

ငွေစင်ရဲ့ အားပေးမှုကြောင့် ဒေါ်မြတ်ကေသွယ် ပြုံးလိုက်ကာ

''သားဘက်က ရပ်တည်ပေးလို့ သမီးကို အန်တီ ကျေးဇူးတင် ပါတယ်ကွယ်၊ အန်တီကတော့ အာဃာတတွေ မထားချင်တော့ပါဘူး။ သားကိုပြောပြလို့ အန်တို့ကို သားလေးနားလည်ပေးရင်ပဲ အန်တီ ကျေနပ်ပါပြီ၊ သားနဲ့သာ အတူနေခွင့်ရမယ်ဆိုရင် ကျန်တာတွေ အန်တီ ဘာမှ မမျှော်လင့်တော့ဘူး သမီး''

''စိတ်ချပါအန်တီ၊ နေ့သစ်ကို ဒီအကြောင်းတွေအားလုံး ပြောပြ မှာပါ၊ ပြီးတော့ နေ့သစ်ကိုရော, အန်တို့ကိုရော, ငွေစင်ကိုရော သူများ အောက်တန်းကျပြောတဲ့စကားတွေယုံပြီး စော်ကားထားတဲ့ ဒေါ်တင်မျိုး နွယ်ကိုလည်း ပြောရမယ်၊ သူ့ အရမ်းကိုအထင်ကြီးတဲ့ သားနဲ့မြေးက ဘယ်လိုလူတန်းစားတွေဆိုတာကိုပေါ့''

''သမီး''

''အန်တီတို့သားအမိ ခွဲနေရတာ, အန်တို့ယောက်ျား သေရ



www.burmeseclassic.com

www.burmeseclassic.com



တာ, အထင်မြင်သေးပြီး နှင်ထုတ်ခံရတာတွေအတွက် သူတို့သားအေ
ပြန်ပြီးပေးဆပ်စေရမယ် အန်တီ''

ငွေစင်ရဲ့ ဆုံးဖြတ်မှု၊ အားပေးမှုအတွက် ဖေါ်မြတ်ကေသွယ် စိတ်သက်သာရာ ရသွားခဲ့သည်။ မိမိမှာတော့ ကိုအောင်မင်းလာပြောတာတောင် ဘယ်သူ့ကိုမှ ဖြေရှင်းဖို့အခွင့်အရေး မရှိတာမို့ မထွေးနိုင် မအန်နိုင် ခံစားနေခဲ့ရတာ။ မာန်မာနတွေဖြင့် ခုခံကာကွယ်ဖို့လည်း အခွင့်အရေးမှ မရှိခဲ့တာ။

ဘဝတစ်သက်တာလုံး ဘယ်လိုနေခဲ့ရလဲ။ လင်နှင့် သေကွဲကွဲပြီး သားနှင့် ရှင်ကွဲကွဲရသည့် ဘဝ။

အရင်ဘဝက အတိတ်ဝဋ်ကြွေးတွေဟု သဘောထားနေခဲ့ရသည့် မိမိဘဝမှာတော့ . . .

✿ ✿ ✿



## အခန်း (၃၄)

''အဘွားက တွေ့ခွင့်မပေးတဲ့အတွက် တံခါးဖွင့်ပေးလို့ မရပါဘူး။ း ပြန်ပါတော့ကွယ်''

မခင်မေစကားကြောင့် သံပန်းတံခါးကြီးကို ငွေစင် ဂျုံးခနဲ ဆောင် လှုပ်ပစ်လိုက်သည်။ မခင်မေက မျက်နှာမကောင်းစွာနှင့် ည့်ထွက်မိပြင်၏။

''မခင်မေ''

''ဟော''

''အခု ငွေစင်ပြောမယ့်စကားတွေကို နားမထောင်ရင် အဘွား သက်လုံး နောင်တရနေရမယ်လို့ သွားပြောပေးပါ''

''မိန်းကလေးရယ်၊ အဲလိုခြိမ်းခြောက်လည်း အဘွားက တုန်



www.burmeseclassic.com

www.burmeseclassic.com



လှူဂ်ကြောက်လန့်သွားမယ့်လူမဟုတ်ဘူး၊ နေ့သစ်ကို နှင်ထုတ်ပြီး တည်းက စိတ်ထိခိုက်လို့ ဖုန်းသက်ပိုင်လေး ဂရုတစိုက်နဲ့ ဆေးကု နေရတာ''

''အခု နေမကောင်းတာ နေ့သစ်ကြောင့် မဟုတ်ဘူး၊ သက်ပိုင်တို့ သားအဖကြောင့်ပဲ မခင်မေ၊ အဲဒီအကြောင်းတွေ အဘွား သိရမှ ဖြစ်မယ်၊ အဘွားကိုမပြောလို့ မဖြစ်လို့ပါ''

''ခင်မေ၊ ဘယ်သူနဲ့ အဲလောက်အကြာကြီး စကားရပ်ပြော တာလဲ၊ ကိုယ့်အလုပ် ကိုယ်သွားလုပ်စမ်း''

''ရှင် ဟုတ် ဟုတ်ကဲ့''

ဦးအောင်ဖုန်းကျော်အသံကြောင့် မခင်မေ သုတ်သုတ်ပျာ အိမ်ထဲပြေးဝင်သွားသည်။ ငွေစင်ရောက်နေတယ်လို့ အဘွားကို မခင် လာပြောသံကြားလို့ ဦးအောင်ဖုန်းကျော် ထွက်လာခဲ့တာ။

ဒီမိန်းကလေးက ကိုယ့်သားအဖအကြောင်းတွေ အဘွား ပြောမလို့ဆိုပါလား။ ဘယ်နေရာက ဘာတွေသိလာလို့ ဒီလောက်တော အတင့်ရဲရတာလဲ။

ဂျိုးခနဲ တံခါးကိုဖွင့်ကာ ထွက်ကြည့်လိုက်တော့ ငွေစင် စူးစူးရဲရဲ မျက်လုံးများဖြင့် ရင်ဆိုင်လိုက်ရ၏။

''မင်း ဒီမှာ ဘာလာလုပ်နေတာလဲ၊ ထွက်သွားစမ်း''

''အဘွားနဲ့တွေ့ပြီးမှ, ပြောစရာရှိတာပြောပြီးမှ ကျွန်မပြန် ပါ''

''ဘာမှ ပြောစရာမလိုဘူး၊ တွေ့စရာလည်း မလိုဘူး။





သားစုက မင်းလိုမိန်းကလေးနဲ့ ပတ်သက်စရာအကြောင်း မရှိဘူး။ သွားတော့''

''ကျွန်မကလည်း အန်ကယ်တို့သားအဖနဲ့ မပတ်သက်ချင်ပါ နေ့သစ်ကို အပြစ်ရှာနှင်ထုတ်လိုက်တဲ့အတွက် ဖြေရှင်းဖို့လာတာ၊ န်ကယ်တို့သားအဖ ဘာတွေ လုပ်ကြံခဲ့တယ်ဆိုတာ အဘွားသိဖို့လို ယ်''

''ဘာ၊ မင်း မင်း ထွက်သွားစမ်း၊ မင်းက ဘာတွေသိလို့ တွေလာပြောနေတာလဲ၊ မင်းလို မလောက်လေး မလောက်စားက တင့်ရဲလိုက်တာ၊ သွားစမ်း၊ အေး မင်းမသွားရင် ဝတ္တုရားနှောင့်ယှက် ပိုင်နက်ကျူးလွန်မှု, အသရေဖျက်မှုနဲ့ ရဲတိုင်လိုက်မယ်''

''ဘာ''

''မင်း မယုံရင် ဒီမှာဆက်နေကြည့်လိုက်၊ မင်းလိုအတန်းအစား ငါတို့ကို စွပ်စွဲပုတ်ခတ်တာ ဘယ်သူက ယုံမှာလဲ၊ ငါ့သားကိုမရလို့ ရတဲ့အမဲ သဲနဲ့ပက်ဖို့ မကြံနဲ့၊ အမျိုးပါ တုံးသွားမယ်၊ နားလည်လား''

အဆင့်အတန်းနဲ့မလိုက် ခြိမ်းခြောက်မှုက ကြမ်းတမ်းလွန်းပါ ည်။ ဒီလူကြီးနဲ့ အတိုက်အခံလုပ် ပြောနေလို့ကတော့ ပြဿနာကြီးရုံပဲ တာ့မည် ထင်သည်။

ကြောက်ရွံ့လို့ မဟုတ်ပေမယ့် အကြည့်စူးစူးနှင့် တစ်ချက် ကြည့်ခဲ့ပြီး လှည့်ထွက်လာခဲ့သည်။

ဒီအကြောင်းတွေ ဒေါ်တင်မျိုးနွယ်သိအောင် တစ်နည်းနည်းနဲ့ ခြောက်အောင် လုပ်ရဦးမှာပါ။ ဖုန်းသက်ပိုင်တို့သားအဖတက်ကလည်း



www.burmeseclassic.com

www.burmeseclassic.com



အတင်းအကျပ် တားဆီးဖို့ ကြိုတင်ပြင်ဆင်ထားမှာ သေချာနေ၏။

ဒါဆို နွေသစ်ကို သွားပြောထားရမလား။ ယောကျ်ားလေးချင်း ဆိုလျှင် ပြဿနာတွေ ကြီးထွားမှာစိုးလို့ သူမ ထိန်းချုပ်နေခဲ့တာ။ ဒီနေ့ နွေသစ်ဆီရောင်အောင်သွားလည်း ဒီကိစ္စတော့ မပြောချင်သေးပေ။

"နွေသစ်"

"ဪ ငွေစင်၊ နင် ရုံးမတက်ဘူးလား"

"အေး ငါ ဒီနေ့ ခွင့်ယူထားတာ၊ နင်နဲ့ တစ်နေရာရာ လျှောက်သွားမလို့"

အပေါ်တက် ခွင့်ယူပြီးမှ နွေသစ်ဆီရောက်လာခဲ့ခြင်း ဖြစ်သည်။ နွေသစ်က မတုန်မလှုပ်နှင့် ခေါင်းယမ်းပြီး –

"ငါ ဘယ်မှမသွားချင်ပါဘူးဟာ မင်္ဂလာဈေးကဆိုင်ခန်းကို ရောင်းဖို့တောင် ကိုမြင့်ဆွေနဲ့ လွှဲထားတယ်၊ ငွေရတာနဲ့ အဘွားဆွေကို သွားပေးမယ်"

"အေးပါ၊ အဲဒါ နောက်ကိစ္စ၊ အခု နင် စိတ်ပြေလက်ပျောက် ဖြစ်အောင် ရုပ်ရှင်ဖြစ်ဖြစ် သွားကြည့်ရအောင်၊ ဒါမှမဟုတ် နင့်အမေ အိမ်သွားပြီး ငါတို့ ချက်ပြုတ်စားကြမယ်လေ"

"ငွေစင်"

"အခုချိန်မှာ အဘွားကို သတိရတာကလွဲရင် ငါ ဘာမှ မလုပ်ချင်ဘူး"

"နင့်အမေကိုရော နင် သတိမရဘူးလား"

"အဘွားမကြိုက်တာကို ကွယ်ရာမှာတောင် မလုပ်ချင်လို့ပါ"





"နင့်အမေကို မိခင်တစ်ယောက်လို့ရော သဘောထားရဲ့လား"

"မေမေ့ကို ငါမမုန်းဘူးလို့ ပြောထားတာပဲ၊ ဒါပေမဲ့"

"နင့်အမေက နင်တို့ခွဲခွာခဲ့ထားတဲ့အပြစ်တွေ အများတွေ မလုပ်ခဲ့ဘူး ဆိုရင်ရော"

"ဘာ အဲဒါက"

"လုံး၀ မမှားခဲ့ဘူး၊ တစ်ဦးတစ်ယောက်ရဲ့ လုပ်ကြံစွပ်စွဲမှုကြောင့် ဒီလိုတွေဖြစ်ခဲ့တာဆိုရင် နင့်အမေကို ဒီလိုမျိုး ဥပေက္ခာပြု သုစိမ်းဆန်နေဦးမှာလား"

ထိုင်ခုံမှာဝင်ထိုင်ရင်း ပြောနေသည့် ငွေစင်ရဲ့စကားတွေကြောင့် နွေသစ် မျက်ခုံးပင့်သွား၏။

"နင် ဘာပြောချင်တာလဲ ငွေစင်၊ ဒီကိစ္စတွေက ဖြစ်ခဲ့ပြီးပြီ၊ အခုမှ မဖြစ်ဘူးပါဘူးလို့ သဘောထားလို့ရမလား"

"ဒီအမှားတွေက ကိုယ်တိုင်ကျူးလွန်တာ မဟုတ်ဘဲ ချောက်တွန်းခံရတာမျိုးလည်း ရှိနိုင်တာပဲ"

"နင် ဘာတွေသိထားလို့လဲ ငွေစင်"

"နင့်အမေကို ဦးအောင်မင်းဆိုတဲ့လူ နိုင်ငံခြားကနေ ပြန်လာပြီး လာတွေ့တယ်"

"ဘာ ဒီလူက နိုင်ငံခြားကပြန်လာတာ ဘာလို့ မေမေ့ကို လာတွေ့"

"ဒါသာမဖြစ်နိုင်ဦး၊ သူပြောလို့ နင့်အမေမှာ အပြစ်မရှိတာကို သိရတာ"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ် ဘယ်လိုလဲ"

"သူနဲ့နှင့်အမေ ဖောက်ပြန်တယ်လို့ အဘွားတို့ရှေ့မှာ ဝန်ခံထ

တခြားတစ်ယောက်က ငွေပေးပြီးခိုင်းတာတဲ့"

"ဘာ၊ ငွေပေးခိုင်းတာ၊ ဘယ်သူကလဲ"

နွေသစ် စိတ်လှုပ်ရှားကာ သွေးပင်ဆူလာ၏။ တစ်ခွန်းချ

ပြောနေသော ငွေစင်ကိုပင် စိတ်မရှည်သလိုဖြစ်နေကာ –

"ပြောစမ်းပါဟာ"

"နွေသစ် နှင် စိတ်ကို ငြိမ်ငြိမ်ထား၊ နှင် အဲလို သွေးဆူမှာ

မပြောချင်တာ၊ နှင် စိတ်မထိန်းရင် နှင်ပဲ ဒုက္ခရောက်မှာ နွေသစ်"

"ငါ့အမေကို အဲလိုဖြစ်အောင်လုပ်တဲ့သူတွေကို ငါ ခွင့်လွှ

နိုင်ပါ့မလား။ ငွေပေးခိုင်းတဲ့သူတွေက ဘယ်သူတွေလဲ၊ အဲဒီလူကြီး

ဘယ်မှာနေတာလဲ"

နွေသစ် ဒေါသအရှိန်တက်နေပြီမို့ ဖုန်းသက်ပိုင်တို့သားအ

နာမည် ယောင်လို့တောင် ပြောလို့မရတော့ဘူးဆိုတာ သူမ သိလိုက်

နွေသစ် စိတ်လိုက်မာန်ပါ ပေါက်ကွဲလျှင် ပြဿနာအကြီးအကျယ် တ

တော့မှာ။

"နွေသစ်"

"ဆက်အား မပြော"

"ဦးအောင်မင်းက နှင့်အဖေသေရတာ၊ နှင့်အမေ နှင်ထုတ်

လို့ ဒီလိုမျိုး ဆင်းရဲချို့တဲ့တဲ့ဘဝမှာ နေရတာကို စိတ်မကောင်းဖြစ်

ဝန်ခံတာပဲရှိတယ်၊ ဘယ်သူကခိုင်းတယ်ဆိုတာတော့ မပြောဘူး။ သူ





လည်း သူ့ကို ငွေပေးခိုင်းတဲ့လူအပေါ် သစ္စာရှိရမယ်လေ၊ အဲဒီတော့ နှင့်အမေမှာ အပြစ်မရှိဘူး။ လော်လီဖောက်ပြားခဲ့တာ မဟုတ်ဘူးဆိုတာ သိရင် နှင့်အမေနဲ့ အတူတူသွားနေပါလား"

"ငါ့ကို မေမေနဲ့သွားနေစေချင်လို့ နှင် လျှောက်ပြောနေတာ သား ငွေစင်"

"ငါက ယုတ္တိမရှိတာကို လုပ်ကြံပြောတတ်တဲ့သူလား နွေသစ် ရယ်၊ နှင့်မိဘနဲ့နှင် ကြည်ဖြူဖို့အတွက် ငါက ကြားထဲက အမုန်းခံ ထိုက်တွန်းစရာ ဘာအကြောင်းရှိလဲ"

"အဲဒါတော့ ဟုတ်ပါတယ်၊ ငါ နှင့်ကို အထင်မလွဲသင့်ပါဘူး။ ဒါပေမဲ့ အဲဒီလိုမျိုး အဲဒီလူ လာဝန်ခံတယ်ဆိုရုံနဲ့ မေမေ့အပြစ်ကို ပြည် ဖုံးကားချလိုက်လို့ ရမလား။ တရားခံက ဝန်ခံမှ၊ ပြီးတော့ အဲဒီလူနဲ့ တွဲသွားတွဲလာလုပ်၊ ဖုန်းဆက် အပြင်မှာချိန်းတွေ့ခဲ့တာတွေက ငါ့ ယက်တွေ့"

"နှင့်အဖေ မယားငယ်ထားတာကို အမိဖမ်းရအောင်ဆိုပြီး အဲဒီလူက ခေါ်ထုတ်ခဲ့တာတဲ့"

"ဘာ ဖေဖေက"

"အဲဒါလည်း နှင့်အဖေ တကယ် မယားငယ်ထားခဲ့တာ မဟုတ် ပါဘူး။ သူတို့လုပ်ကြံဇာတ်ထဲမှာ နှင့်အဖေရော အမေရော နာမည်ပျက်၊ သိက္ခာအချခံခဲ့ရတာ၊ ဒါပေမဲ့ နှင့်အဖေ မယားငယ်ထားလို့ လိုက်ချောင်း တာပါလို့ နှင့်အမေမပြောခဲ့တာက နှင့်အဖေကို နှင် အထင်လွဲပြီး အရှက် ထည်းရမှာစိုးလို့တဲ့လေ"



www.burmeseclassic.com

www.burmeseclassic.com



"ငါ ငါမှားခဲ့တာလား ငွေစင်"

နေသစ်အသံရော လူရော ကတုန်ကယင် ဖြစ်သွား

မျက်ရည်တွေပါ ရစ်ဝိုင်းလာသည်။

ငွေစင်က စိတ်မကောင်းစွာဖြင့် နေသစ်လက်ကလေးကို

ကိုင်လိုက်ပြီး –

"နင်မှားခဲ့တာ မဟုတ်ဘူး။ ကံကြမ္မာကြောင့် မဟုတ်ဘူး

တစ်ခုကြောင့် နင်တို့မိသားစုတွေ ဒီလိုဖြစ်ရတာ၊ နင့်အမေက

သနားစရာအကောင်းဆုံးပေါ့။ လင်ကွဲ သားကွဲ ဆင်းရဲချို့တဲ့ၿပီး သား

မုန်းတီးနာကြည်း ဥပေက္ခာပြုတာ"

"တော်ပါတော့ဟာ၊ အမှန်တွေသာသိရရင် ငါ ဒီလိုနေ

မလား။ အရင်တည်းက မေမေနဲ့ တရင်းတနှီးမနေခဲ့ရလို့ မေ

သနားနေခဲ့တာပါ။ နောက်ပိုင်း အဲဒီကိစ္စတွေဖြစ်လို့ မေမေကို နာသွ

တာ"

"အခု သိသွားပြီဆိုတော့"

"မေမေ့ဆီကို ငါသွားမှာပါ၊ ငါမှားခဲ့တာတွေအတွက် ငါ တော

ပန်မယ်၊ အသွားကို ပိုက်ဆံသွားပေးပြီးရင် မေမေနဲ့ငါ အတူတူနေမယ်

"ဝမ်းသာလိုက်တာ နေသစ်ရယ်၊ နင့်အမေလည်း အရမ်း

နေမှာပါ၊ သူ့ဘဝမှာလည်း အဲဒီတစ်ခုပဲ မျှော်လင့်ထားခဲ့တာ၊ ကျန်

တွေ ဘာမှ မလိုဘူးတဲ့လေ"

"ငွေစင်ရယ်၊ ငါလည်း မေမေနဲ့ ဒီလိုပြေလည်အောင် လုပ်

တဲ့အတွက် ကျေးဇူးတင်ပါတယ်၊ ဟိုလေ ဒီအကြောင်းတွေ အသွား





ပြောပြရင် မေမေ့ကို အသွားခွင့်လွှတ်နားလည်သွားလိမ့်မယ် ထင်တယ် နော်"

"သူ့အလိုလိုသိပြီး နားလည်သွားတာ ကောင်းပါတယ်၊ အခု နင်သွားပြောရင် ငါနဲ့ပတ်သက်တဲ့အပြစ်ကိုတော့ နင့်ကို ခွင့်လွှတ်ပါ့ မလား။ သိပ်မကြာခင်အချိန်မှာ နင့်အသွားလည်း သိသင့်တာတွေ သိသွားမှာပါ၊ အခုတော့ နင်စိတ်ချမ်းသာအောင် ပျော်အောင်နေပါဟ်"

သူမ‚ပြောသမျှကို ကလေးတစ်ယောက်လိုပင် နေသစ် ခေါင်းလေးညိတ်၍ နာခံနေသည်။ သူမလက်ကလေးကို ပြန်လည်ဆုပ်ညှစ်ထားတာလည်း မလွှတ်ပေ။

ဒီလို အထိအတွေ့က သူမကို တိမ်းမူးယိမ်းညွတ်လာအောင် သိမ်းသွင်းနေသလိုရှိကာ နေသစ်သတိထားမိပုံမှ ပေါ်ပါရဲ့လား။ သူမကို ပြုံးကြည့်နေလိုက်တာ ရင်တွေတောင် တလှပ်လှပ်ခုန်လို့။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၅)

"ဟိုကောင်မလေးက ငါနဲ့ ဘာလို့တွေ့ချင်တာတဲ့လဲ ခင်မေ"

"ဖုန်းသက်ပိုင်တို့သားအဖအကြောင်း ပြောချင်လို့တဲ့၊ ပြောရမှ ဖြစ်မယ်လို့လည်း ပြောတယ်၊ အဘွား သိကိုသိရမှတဲ့"

"ဘာ သူကများ ဘာတွေပြောချင်လို့လဲ၊ နွေသစ်ကို နှင်ထုတ်လိုက်တာ မကျေနပ်လို့ လျှောက်ပြောချင်နေတာနေမှာပေါ့"

"အဲလိုတော့ မဟုတ်ဘူးထင်တယ် အဘွားရဲ့၊ သူပြောတာ နားမထောင်ရင် အဘွားတစ်သက်လုံး နောင်တရနေရမယ်တဲ့"

"ဟင်"

ဒေါ်တင်မျိုးနွယ် မျက်လုံးပင် ပြူးသွားသည်။ ဒီကလေး ဒီလိုပြောရဲတာ ဘာအကြောင်းမို့ပါလဲ။





"ခင်မေ ခုနက အောင်ဖုန်းကျော်ထွက်တွေ့တော့ သူတို့ ဘာပြောနေကြလဲ၊ နင်ကြားခဲ့သေးလား"

"ဟုတ်ကဲ့၊ နောက်ပြန်လှည့်နားထောင်တာ နည်းနည်းတော့ ကြားခဲ့ပါတယ်၊ လေးလေးကြီးကလေ ငွေစင်ကို ရဝိုင်မယ် ဘာတိုင်မယ်နဲ့ ခြိမ်းခြောက်လိုက်တယ်၊ ငွေစင်ကလည်း အလျှော့တော့ ပေးချင်တာ မဟုတ်ဘူးနော်၊ အန်ကယ်တို့သားအဖ ဘာတွေလုပ်ခဲ့တယ်ဆိုတာ အဘွားသိဖို့လိုတယ်လို့ စိန်ခေါ်သေးတာပဲ"

"ဘာတွေများ ဖြစ်နေကြတာလဲ"

ဒေါ်တင်မျိုးနွယ် ဘာမှ မတွေးတတ်အောင် စိတ်တွေရှုပ်ထွေးသွားခဲ့သည်။ ဘယ်လိုအကြောင်းအရာတွေကြောင့် ငွေစင် အတင့်ရဲစွာ ရောက်လာရတာလဲ။

အောင်ဖုန်းကျော်ကရော ငွေစင်ဆိုတဲ့အသံကြားတာနဲ့ ဘာကြောင့် ပျာပျာသလဲထွက်သွားပြီး တားဆီးရတာလဲ။ နွေသစ်နှင့် ပတ်သက်မှုအခြေအနေကလည်း ရိုးသားမှုမရှိလောက်ဘူးဆိုတာ မျက်မြင်ကိုယ်တွေ့လို ဖြစ်နေခဲ့သည်။

ဒါကတော့ နွေသစ်ရုံးခန်းကို အမြဲလို ချောင်းမြောင်းကြည့်နေမိတာကြောင့်ပါ။ အချစ်ဆုံးမြေးကို နာကြည်းစွာ နှင်ထုတ်ပြီးမှ မခွဲနိုင်အောင် ဖြစ်နေခဲ့တာကြောင့်ပင်၊ ငွေစင်က ပြောစရာရှိတယ်ဆို နွေသစ်မှာရော ပြောစရာ ရှိနေမလား။

"မေမေ ဘယ်ကိုသွားမလို့လဲ"

"ပြော် အောင်ဖုန်းကျော်"



www.burmeseclassic.com

www.burmeseclassic.com



ခင်မေနှင့်စကားပြောနေရင်းက ရုတ်တရက် ထရပ်လိုက်သော ဒေါ်တင်မျိုးနွယ်အနား ဦးအောင်ဖုန်းကျော် မျက်စိမျက်မျက်နှာပျက်နှင့် ရောက်လာပြီးမေးသည်။

ရှေ့ကနေ ပိတ်ကာရပ်ထားသလို ဖြစ်နေတာမို့။

"မေမေ အပြင်ခဏ သွားစရာရှိလို့ပါ သား"

"အမေ ဘယ်သွားချင်လဲ၊ ကျွန်တော်လိုက်ပို့ပါ့မယ်"

"နေပါစေ၊ မင်းက ဆိုင်ကိုသွားမှာမဟုတ်လား၊ မေမေ သွား စရာရှိတာကို ကားငှားသွားလိုက်ပါ့မယ်"

"မဟုတ်သေးဘူး။ အခုတစ်လော မေမေ ကျန်းမာရေး သိ ကောင်းတာမှ မဟုတ်တာ၊ အပြင်ထွက်ရင် အိမ်က တစ်ယောက်ယော ပါမှ ဖြစ်မှာပါ"

"မေမေ ခင်မေကို ခေါ်သွားမှာပါ"

"ခင်မေက မိသားစုဝင်မှ မဟုတ်ဘဲ မေမေ၊ မေမေ့ကို ဘယ် လောက်ထိ ဂရုစိုက်တတ်မှာမို့လဲ၊ ကျွန်တော်နဲ့သွားရင်သွား၊ အဲ မဟုတ်ရင် သားပြန်လာမှ မေမေသွားချင်တဲ့နေရာ ခေါ်သွားပါ"

အပြင်ထွက်ခွင့်မပေးချင်သလို အတင်းအကျပ်ကို ဖြစ်နေတာ ဒေါ်တင်မျိုးနွယ် ဆိုဖာခုံမှာ ပြန်ထိုင်ချလိုက်ရသည်။ မိမိကို တကယ် အစိုးရိမ်ကြီးနေတာလား။ ငွေစင်ရောက်လာပြီးမှ ပိုဂရုစိုက်ပြသလိုဖြစ် တာတော့ စိတ်ထဲ ဘယ်လိုတွေးရမှန်းမသိအောင် တစ်မျိုးကြီးပင်။

"မေမေ ကိုယ့်ကျန်းမာရေး ကိုယ်သိပါတယ်၊ သွားရင်းလာရင်း ပစ်လဲလောက်အောင် ဆိုးဆိုးဝါးဝါး မဖြစ်နိုင်ပါဘူး၊ မေမေ ခင်မေနဲ့





သွားလိုက်မယ်"

"မဖြစ်လို့ပါ မေမေ၊ ကျွန်တော် စိတ်မချလို့ သွားခွင့်မပြုနိုင် ပါဘူး"

"အောင်ဖုန်းကျော်"

"ဒီအတိုင်းပဲ သိထားပါ၊ ခင်မေ ဝင်းတံခါးသော့ ငါ့ကိုပေးစမ်း၊ င်လည်း မလိုအပ်ဘဲ အပြင်တစ်ယောက်တည်း မသွားနဲ့၊ ကြားလား"

"ဟုတ်ကဲ့"

အကြောင်းရင်းမရှိဘဲ အကျဉ်းချထားလိုက်သလိုပါပဲလား။ ဒေါ် တင်မျိုးနွယ် ဘာမှကို ပြောချင်စိတ်မရှိတော့ဘဲ အပေါ်ထပ်အခန်းကိုသာ တက်လာခဲ့သည်။

ရင်ထဲမှာ ငွေစင်ကို ထွက်မတွေ့မိတာ နောင်တရမိသလိုလိုပင်။ ဘယ်လိုတွေဖြစ်ပြီး ဘာက မှားယွင်းနေတာလဲ။

မြေး နေ့သစ်ရယ် –

အဘွားနားမှာ မြေးရှိနေရင် သိပ်ကောင်းမှာပဲ။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၅)

"မကောင်းဘူး၊ အခြေအနေမကောင်းတော့ဘူးသား။ ငွေစင်က တစ်ခုခုကို သေချာသိပြီး အိမ်ကိုရောက်လာခဲ့တာ၊ အောင်မင်း နိုင်ငံခြားက ပြန်ရောက်လာပြီး သစ္စာဖောက်လိုက်ပြီထင်တယ်"

"ဒါဆို ဘယ်လိုလုပ်မှာလဲ ဖေဖေ"

"အဘွားကို ငွေစင်နဲ့နွေသစ်မတွေ့အောင် ဒီလိုပဲ ထိန်းချုပ်ထားရတော့မှာပေါ့"

"နွေသစ်သိသွားရင် ဒီအတိုင်းငြိမ်နေပါ့မလား။ ငွေစင် တစ်ယောက်တည်း သိတာရော မဖြစ်နိုင်ဘူးလား ဖေဖေ"

"အောင်မင်းက မြွတ်ကေသွယ်ဆီရောက်လို့ မြွတ်ကေသွယ်က တစ်ဆင့် ငွေစင်သိသွားတာဖြစ်လိမ့်မယ်၊ ငွေစင်က အောင်မင်းနဲ့ သီး





သန့်ပတ်သက်စရာ မရှိဘူးမဟုတ်လား"

ပြောရင်းနှင့် ဦးအောင်ဖုန်းကျော် အသက်ပင် ဝဝမရှူနိုင်။ ဖုန်းသက်ပိုင်လည်း မျက်ကလူးဆန်ပျာ စိုးရိမ်တကြီးဖြစ်နေပြီး –

"အဘွားသိသွားရင် ဘယ်လိုဖြစ်သွားမှာလဲ ဖေဖေ"

"သူတို့သားအမိကို အိမ်ပေါ်ခေါ်တင်, အမွေပေးပြီး ဖေဖေတို့သားအဖကို အိမ်ပေါ်က နှင်ချ, အမွေဖြတ်ပစ်လိုက်မှာပေါ့ သားရယ်၊ မေမေသိပ်ချစ်တဲ့ သားကြီးတစ်ယောက်လုံး အသက်ဆုံးရှုံးပြီး သူသိပ်ချစ်တဲ့ နွေသစ်ကိုလည်း နာနာကြည်းကြည်း နှင်ထုတ်ပစ်ခဲ့မိတယ်လေ"

"နွေသစ်ကို အဘွားမမုန်းဘူး၊ နေ့တိုင်း ဒီကောင့်ရုံးခန်းကို သွားချောင်းကြည့်ပြီး ငိုနေတာ သားသိတယ်၊ အဲဒါကြောင့် သွေးတွေတိုးပြီး ကျန်းမာရေး သိပ်မကောင်းဖြစ်နေတာ"

"သားက အခုချိန်မှာ ပိုပြီးဂရုစိုက်ပေးလိုက်ပါ၊ အခုချိန်မှာ သေချာပြုစုစောင့်ရှောက်ပေးရင် တကယ်လို့ ဖေဖေတို့အပြစ်ကို သိသွားခဲ့ရင်တောင် အမွေဖြတ် နှင်ချတဲ့အထိ ဆိုးဆိုးဝါးဝါး လုပ်ချင်မှလုပ်မှာပါ"

ဖေဖေက ယုံကြည်မှုနဲ့ ပြောနေသလား မသိပေမယ့် အဘွား စိတ်လျှော့နားလည်ပေးလိမ့်မည်ဟု ဖုန်းသက်ပိုင် မထင်မိပေ၊ အဘွားက သိပ်ချစ်လှပါသည်ဆိုသော နွေသစ်ကိုတောင် အပြစ်ရှိတာနဲ့ ရက်ရက်စက်စက် မောင်းထုတ်ခဲ့သေးတာပဲ မဟုတ်လား။ အခုလည်း နွေသစ်ကို လွမ်းလို့ မျက်နှာလေးသွားသွားကြည့်နေပေမယ့် မာန်မာနကိုလျှော့ပြီး တစ်ချက်ကလေးတောင် ပြန်ခေါ်ခဲ့တာမျိုး မဟုတ်ပေ။



www.burmeseclassic.com

www.burmeseclassic.com



"သား"

"ဟုတ်ကဲ့ ပြောပါ မေမေ၊ သားနဲ့မေမေ အဘွားကို တစ်လှည့်စီ စောင့်ကြပ်ကြည့်ပြီး ဒီကိစ္စတွေ မပေါ်အောင် ထိန်းထိန်းသိမ်းသိမ်း နေရမယ်၊ ငွေစင်ဆိုတဲ့ကောင်မလေး နောက်တစ်ခေါက် ပြန်မလာဘူးလို့ မပြောနိုင်ဘူး။ နောက်ဆို နွေသစ်လည်း သိချင်သိသွားနိုင်တယ်၊ အောင်မင်းကို မေမေလိုက်ရှာပြီး သက်သေဖျောက်နိုင်ရင် သူတို့တွေပြောတဲ့ စကားတွေက အဓိပ္ပာယ်မရှိဘူး။ လုပ်ကြံလိုဆေယ်ပြီး လျှောက်ပြောတယ်လို့ မေမေထင်သွားလိမ့်မယ်"

"ဒါဆို ဦးအောင်မင်းကို မတွေ့မချင်း အဘွားကို ထိန်းထား နိုင်ရင် ဖြစ်ပြီပေါ့၊ အဘွားက သားတို့အလစ်မှာ အပြင်ထွက်ပြီး ဒီကိစ္စကို စုံစမ်းလိုက်ရင် ဘာမှ ပြင်ဆင်ချိန်မရဘဲ ဂွမ်းပြီ"

"ကျွတ် စိတ်တွေရှုပ်လိုက်တာ၊ မေမေ့ကို ဘယ်မှသွားလို့လာလို့ မရအောင် ဒီအချိန်မှာ နေမကောင်းဖြစ်ပါစေလို့ ဆုတောင်းရတော့မှာ လား မသိပါဘူး၊ မေမေသိရင် ဘယ်လိုတွေဖြစ်သွားမလဲ၊ တုန်လှုပ် ချောက်ချားမိတယ် သားရယ်"

ဖေဖေ ဒီလောက်ထိ သွေးလန့်တုန်လှုပ်နေတာ ဖုန်းသက်ပိုင် စိတ်မကောင်းပေ။ ကိုယ်လည်း ရူးချင်လောက်အောင် သွေးပျက်နေမိတာ ပါ။ အဘွားရဲ့ အချစ်တွေနဲ့အတူတူ တန်ဖိုးကြီးအရာမှန်သမျှ နွေသစ် ပိုင်ဆိုင်သွားရင် ကိုယ်က ဘယ်နေရာမှာ ဘာသွားလုပ်နေရမှာလဲ။

ငယ်ငယ်ကတည်းက အဘွားရင်ခွင်ထဲမှာပဲ ရှိနေခဲ့သော၊ အဘွားရဲ့ အလိုလိုက် ဖြည့်ဆည်းမှုတွေဖြင့် ပျော်မွေ့နေသော နွေသစ်ကို





ရာလိုခဲ့တာ။ အခု အမွေတွေအားလုံး ဒီကောင်တစ်ယောက်တည်း တော့မည်ဆိုလျှင်။

နွေသစ် -

မင်းနဲ့ငါ အသက်ချင်းလဲမယ်။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com



...အလဲ မသိပေ။ သူမလက်က အားတွေက သူ့တစ်ကိုယ်လုံး စီးဆင်း ...သွားလျက် စိတ်တွေပါ ပျော့ပါးလန်းဆန်းသွားသလိုပါ။

"သား"

"မေ မေမေ"

မေမေက ဝမ်းသာအားရ လက်ကမ်းနေပေမယ့် ငွေစင့်လက်ကို မလွှတ်မိသေးတာမို့ ငွေစင်က ဆွဲဖြုတ်ပြီး မေမေ့ဆီကို တွန်းပို့သည်။

"သားရယ်၊ မေမေသားရယ်"

"ကျွ ကျွန်တော် မေမေ့အပေါ် အထင်လွဲခဲ့မိပါတယ်၊ အဲဒီအတွက် တောင်းပန်ပါတယ် မေမေ"

"မသိလို့မှားတာ သွေးခွဲတဲ့သူရှိလို့ သားနာကြည်းခဲ့တာ မေမေနားလည်ပါတယ် သား။ သားကို အမြဲတမ်း မေမေ ခွင့်လွှတ်နေခဲ့တာပါ"

"ကျွန်တော်တို့ သူစိမ်းလိုနေခဲ့ရတယ်နော်၊ မေမေက အရမ်းနာကျင်နေခဲ့မှာပဲ၊ အဲဒီအချိန်ကတည်းက မေမေ ကျွန်တော့်ကိုခေါ်သွားခဲ့ရမှာ"

"သားလေးကို ပြည့်စုံချမ်းသာတဲ့နေရာမှာ ထားချင်လို့ပါ၊ ဆင်းရဲရတဲ့ မေမေ့ဘဝထဲမှာ သားကို မနစ်မွန်းစေချင်လို့ပါသားရယ်၊ မေမေ့ဘဝက အခြေအမြစ်မရှိ"

"အခု အဲဒါတွေမပြောပါနဲ့တော့ မေမေ၊ အဘွားပိုက်ဆံတွေ နောက်ဖြစ် သွားပေးပြီးရင် မေမေနဲ့ကျွန်တော် အတူတူနေရအောင်နော်၊ ကျွန်တော် မေမေ့ကို ပြည့်စုံတင့်တယ်အောင် ထားနိုင်ပါတယ်၊ နော် မေမေ"



## အခန်း (၃၇)

မေမေ့အိမ်ထဲကိုဝင်ဖို့ မေမေ့မျက်နှာကိုကြည့်ဖို့ နေ့သစ် မဲ့... ဖြစ်နေမိသည်။ ကိုယ်က ယုံမှားသံသယတွေဖြင့် အပြစ်ရှိသူတစ်ယော... လို ဖြစ်နေမိခဲ့သည် မဟုတ်ပါလား။ မေမေက ဘာအပြစ်မှ မကျူး... ဘဲ ဖြုစင်ရှိုးသားခဲ့တဲ့သူ။

"နေ့သစ် ဝင်လေ၊ နင့်အမေကို နင်လာလိမ့်မယ်ဆိုပြီး ... ကြိုပြောထားလို့ စောင့်နေမှာ"

"အေးပါ၊ နင် ရှေ့ကသွား"

"အောင်မယ်လေ။ အခြောက်ကျနေတာပဲ၊ သတ္တိကလည်း... နည်းလိုက်တာ၊ လာ ငါ့လက်ကိုတွဲ"

ဘာကြောင့် ငွေစင်စကားကိုနာခံပြီး လက်ကိုတွဲဆုပ်မိလိုက်...



www.burmeseclassic.com

www.burmeseclassic.com



"သားလေးရယ်"

ဒေါ်မြတ်ကေသွယ် သားကိုဖက်ကာ မျက်ရည်မဆည်နိုင်... ဒီလိုမျိုး သားနားလည်လာဖို့ သားနဲ့အတူနေဖို့ တစ်သက်လုံး မမျှော်မှ... ရခဲ့တာ။

"အန်တီ ကျန်းမာရေးတော့ ကောင်းသွားပြီမဟုတ်လား"

"ဪ ငွေစင်၊ သမီးလေး။ အန်တီကောင်းသွားပါပြီ၊ သား... လာမယ်ဆိုလို့ အန်တီ ထမင်းဟင်းတွေ ချက်ထားတယ်၊ လာထိုင်ပါ... သမီးလေး"

အခုမှ ငွေစင်ကို သတိရသွားဟန်ဖြင့် နေရာမှာထိုင်ခိုင်း... သည်။ နေ့သစ်မျက်နှာက တောင့်တမှုတွေပြည့်စုံသွားသလို ပြုံးပျော်...

"မှိုရတာကျနေတာပဲ၊ မျက်နှာက စပ်ဖြဲဖြဲနဲ့"

"နင့်ရဲ့ကောင်းမှုကြောင့် မေမေနဲ့အတူတူ နေခွင့်ရတော့... နင့်ကို တကယ် ကျေးဇူးတင်ပါတယ် ငွေစင်"

"ငွေစင့်ကို ကျေးဇူးတင်ရင် ငွေစင်လေးကို မေမေတို့နဲ့အတူ... ခေါ်ထားလိုက်ပါလား သားရဲ့"

"ဗျာ"

"ဒီလောက် စိတ်ရင်းစေတနာကောင်းတဲ့ သမီးလေးကို မေ... ချွေးမ,တော်ချင်လို့ပါ"

"အန်တီကလည်း"

"နင်ကလည်း ရှက်မနေပါနဲ့၊ မေမေ့ဆန္ဒကို ဖြည့်ဆည်း... လိုက်စမ်းပါ"





"ကောင်စုတ်"

နေ့သစ်နောက်ကျော ဘုန်းခနဲ မြည်သွားသည်။ ဒေါ်မြတ်... ကေသွယ် ကြည်နူးစွာ ပြုံးလို့ပါ။

"သမီးတို့နှစ်ယောက်က အကြောင်းရေစက်ပါပြီးသားပါကွယ်၊ အနစ်နာခံနေကြတာ တစ်ယောက်ဒုက္ခရောက်ရင် တစ်ယောက်က ...အယ်တင်ချင်တာ မသိစိတ်က ချစ်နေကြလို့ပေါ့၊ ဟုတ်တယ် မဟုတ်... သား။ သားတို့ရင်ထဲမှာ တစ်ခုခုတော့ ရှိနေကြမှာပါ၊ မေမေကို မှန်မှန်... ပြောစမ်း၊ သား၊ ငွေစင့်ကို အားနာပြီးလည်းမဖြေနဲ့"

ငွေစင့်မျက်နှာလေးကို တစ်ချက်လှည့်ကြည့်လိုက်တော့ ငွေစင်... ...ာ မျက်နှာလေးနီမြန်းလျက် ခေါင်းကိုငုံ့ထားသည်။ ရင်ထဲကဆန္ဒအမှန်... ...ကို သူတကယ်ရော ပြောလို့ရရဲ့လား။

"ငွေစင်"

"ဘာလဲဟ"

"ငါပြောရမှာလား"

"မသိဘူး"

"သားရယ်၊ မိန်းကလေးတစ်ယောက်ကို အဲလိုမေးပြီးမှ ပြောရ... ...ား။ မေမေ့ရှေ့မှာ ရှက်နေမှာပေါ့၊ ကဲ သားတို့စားဖို့ မေမေ ထမင်း... ...ူးခူးလိုက်မယ်၊ သားက ငွေစင်ကို မေမေ့ချွေးမ,လုပ်မှာလားလို့... ...ချောမေးနော်"

"ဟုတ်ကဲ့"

နေ့သစ်တို့ နားခံတတ်နေလိုက်တာ။ ဒေါ်မြတ်ကေသွယ် မီးဖို...



www.burmeseclassic.com

www.burmeseclassic.com



ချောင်ဘက် ဝင်သွားသည်နှင့် ငွေစင်ဘက် တည့်တည့်လှည့်ထိုင်ပြီ
ငွေစင့်မေးဖျားလေးကိုပင့်မော့ကာ –

"မေမေ့ချွေးမ လုပ်မှာလားဟင်"

"ဟင့်အင်း"

"ဘာ၊ ဖုန်းသက်ပိုင်ကို မျှော်လင့်နေသေးလို့လား"

"အဲဒီကောင်အကြောင်းမပြောနဲ့၊ စိတ်နာလွန်းလို့"

"ဒါဆို ဘာလို့"

"နင်က အဆင့်တွေကျော်မေးနေတာကို"

"ပြော် မေမေ့ချွေးမ လုပ်မှာလားလို့ မေးတာကိုလေ"

"ဟုတ်တယ်၊ နင်က ငါ့ကိုချစ်တယ်မပြောဘဲနဲ့ ငါက ဘယ်
လုပ်ပြီး နင့်အမေချွေးမ လာလုပ်လို့ရမလား"

"ဟာ ဟုတ်တယ်၊ ဆောရီးပဲ ငွေစင်ရာ၊ မေမေကလည်း ဖို
အဲဒါအရင်ပြောရမယ်လို့ သင်ပေးသွားတာ မဟုတ်ဘူး။ ငါ လေး
နက်နက် ပြောတော့မယ်ငွေစင်ရာ၊ ငါ့ရင်ထဲမှာလေ အရင်တည်း
နင်ရှိနေခဲ့တာပါ။ ငါ နိုင်ငံခြားကပြန်လာတာ အဲဒီမျှော်လင့်ချက်တွေလည်း
ပါတယ်၊ ဒါပေမဲ့ နင်က သက်ပိုင်နဲ့ ချစ်သူတွေ ဖြစ်နေပြီ"

"အဲဒီတော့"

"ငါ့ရင်ထဲ မီးတွေလောင်နေတာပေါ့၊ နင်ကတော့ မသိခဲ့
မဟုတ်လား"

မသိချင်ယောင်ဆောင်ခဲ့တာဟု ငွေစင် တိုးတိုးလေး ဝန်ခံ
နွေသစ် မချင့်မရဲဖြစ်ကာ ငွေစင့်လက်ကလေးကို အား





ဆုပ်ညှစ်ဆုပ်ကိုင်ထားပြီး –

"ငါကတော့ ငါ့ကိုယ်ငါ လောင်ကျွမ်းလို့ ခံစားနေရတဲ့ ဝေဒနာ
ထက် နင့်အတွက်ပဲ စိုးရိမ်ခဲ့တာ၊ နင်ချစ်တဲ့သူနဲ့ လက်ထပ်ပြီး ပျော်နေ
စေချင်တယ်၊ အဲဒါကြောင့် အဘွားလက်ခံအောင်, ကြည်ဖြူအောင်
နင့်ဘဝကို မြှင့်တင်ပေးဖို့ ကြိုးစားခဲ့တာ"

"နင့်ရဲ့စိတ်ကို အဲဒါကြောင့် လေးစားခဲ့တာပါ၊ နင့်အချစ်တွေကို
မျိုသိပ်ပြီး စေတနာသန့်သန့်နဲ့ ကူညီခဲ့တာ ငါနားလည်တယ်၊ တကယ်ဆို
ဒါလည်း ဖုန်းသက်ပိုင်ရဲ့ အေးစက်တဲ့အချစ်တွေထက် နင့်ရဲ့နွေးထွေးတဲ့
ကြင်နာမှုတွေကို သာယာခဲ့မိပါတယ် နွေသစ်၊ ငါ အရိုးသားဆုံး ဝန်ခံ
တာပါ"

"အဲဒါ အဖြေပေးတာလား"

"မသိတော့ဘူး။ ကြိုက်သလိုသာ ယူဆလိုက်တော့"

"ဈေးပေါလိုက်တာ"

"ဘာ"

"ဟဲ ဟဲ၊ ခံစားလို့ကောင်းအောင် ချစ်တယ်လို့ပြောစေချင်တာ"

"ကတ်ကတ်သတ်သတ် လုပ်မနေနဲ့ သိပ် စိတ်မရှည်တော့ဘူး
ပြန်လိုက်တော့မှာ"

"မေမေရေ၊ ဟောဒီမှာ ငွေစင်က ပြန်တော့မလို့တဲ့၊ မေမေ့
ချွေးမကို လာတားပါဦး"

"ကောင်စုတ်"

အူမြူးနေသောနွေသစ်ရင်ဘတ်ကို မျက်စောင်းရွယ်ရင်း တဝုန်း



www.burmeseclassic.com

www.burmeseclassic.com



ဝုန်း ထုပစ်လိုက်သည်။ နေ့သစ်က မျက်နှာပြောင်စွာ သူမလက်ကို ဖမ်းဆုပ်ကိုင်၍ တရှုပ်ရှုပ်နမ်းလို့မဆုံးပေ။

"ကဲ ဖယ်စမ်းပါ၊ ဘာဖြစ်နေမှန်းမသိဘူး။ အနိတီတွက်လာ... မကောင်းဘူး"

"မမေက သဘောတူပြီးသားပါ"

"မရှိမသေတော့ မလုပ်နဲ့ပေါ့ဟ၊ ဒါနဲ့ နေ့သစ်၊ နင့်အဘွား... သဘောမတူရင်ရော နင်ငါ့ကို လက်ထပ်မှာလား"

"အဘွားက ငါ့ကို စွန့်လွှတ်ပြီးသားပဲဟာ၊ ဒါပေမဲ့ နင့်... ရိုးသားမှုတွေကို အဘွားကို ငါပြောပြမှာပါ၊ ဖုန်းသက်ပိုင်က မတူမ... ဖြတ်တောက်လိုက်တာတွေရောပေါ့"

"နင် မနက်ဖြန် ပိုက်ဆံတွေသွားပေးရင် အဘွားက နင့်ကို အတွေ့ခံပါ့မလား"

"ပိုက်ဆံပေးပြီး ပြန်လာမှာပဲဟာ၊ အဘွားမျက်နှာကို တ... ကြီး ကြည့်ခဲ့မယ်၊ ငါ့အိပ်မက်မက်တာ အဘွားကျန်းမာရေး မကောင်း... ဘူးဟ၊ အဘွားလည်း ငါ့ကိုသတိရနေတယ် ထင်တယ်"

"နင့်အဘွားက နင့်ကို ချစ်လျက်နဲ့ ဘာလို့ ရက်ရက်စက်စက်... နင်ထုတ်ရတာလဲမသိဘူးနော်"

"ဖုန်းသက်ပိုင်ချစ်သူကို ငါက ကြာကူလိုက်ပြီး ကျည်းသိမ်း... တယ်လို့ ထင်သွားမှာပေါ့၊ နင့်အခြေအနေမှန်ကိုလည်း ဖုံးကွယ်ပေး... တယ်လေ"

"ဖုန်းသက်ပိုင်သာ ငါ့ဘက်က ရပ်တည်ပေးခဲ့ရင် ဒီလိုကိစ္စ...





ဖြစ်ခဲ့မှာမဟုတ်ဘူး။ ဒီကောင် အရမ်းယုတ်မာတယ်၊ ငါ့ကိုချစ်ခဲ့တာ မဟုတ်ဘဲ နင်ပိုင်ဆိုင်သွားမှာ စိုးလို့ အောက်တန်းကျခဲ့တာ၊ တကယ်လို့ ဖုန်းသက်ပိုင်တို့နဲ့ဆိုရင် နင် ဒေါသထွက်မှာလားဟင်"

စိုးရိမ်တကြီးမေးနေပုံရသောငွေစင်ကို နေ့သစ် ပြုံးပြလိုက်သည်။

"နင့်ကို ပိုင်ဆိုင်ခွင့်ပေးလို့ အဲဒီအတွက်တော့ ဒေါသဖြစ်တော့မှာ မဟုတ်ပါဘူး။ နင့်ကို ဘယ်လိုပုံစံမျိုးနဲ့ စွန့်ပစ်လိုက်သည်ဖြစ်စေ ဥစ္စာရင်းမှန်လို့ ပြန်ရတယ်လို့ သဘောထားတယ်၊ နင်လည်း သူ့ကို တကယ်ချစ်ခဲ့တာမဟုတ်လို့ အရမ်းမခံစားရဘူး မဟုတ်လား၊ အဲဒါဆို ငါ ကျေနပ်နိုင်တယ်"

"တကယ်လို့ ငါ ခံစားရတယ်ဆိုရင်ရော"

"နင့်ကိုနာကျင်အောင်လုပ်လိုက်တာဆိုရင် ငါ ဒီကောင့်ကို ခွင့်မလွှတ်ဘူး။ နင် ထိခိုက်နစ်နာအောင် လုပ်တာနဲ့ သွားသတ်မှာ"

"သူ့ရဲ့ကောင်းကြီးပေါ့"

မျက်နှံယင့်ကာ မေးပုံက အသည်းယားစရာ။ သူ သိမ်းကျုံးကာ ဖက်ပြုပြင်နေဆဲမှာ မေမေ ချောင်းဟန့်သံကြောင့် ကိုယ်ရှိန်သတ်လိုက်ရပြီး

"သွားနဲ့သမီး ထမင်းစားကြမယ်"

"ဟုတ်ကဲ့"

နေ့သစ်အရင် ငွေစင် ထပြေးလာခဲ့သည်။ ရင်တွေထဲမှာ ပျော်နေပေမယ့် နေ့သစ် မနက်ဖြန် သူ့အဘွားဆီသွားမှာကိုတော့ စိုးရိမ်စိတ်တွေ ဝင်နေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



နေ့သစ်ကိုရော သူတို့လက်ခံပါ့မလား။ သူမလိုပဲ နှင်ထုတ်ကြဦးမလား။

အဘွားနှင့် တွေ့ခွင့်မရလျှင် အကြောင်းရေစက်တွေ ဆိုးနေဦးမှာပင်။

✿ ✿ ✿



## အခန်း (၃၈)

လူခေါ်ဘဲ(လ်)ကို ဘယ်လောက်နှိပ်နှိပ် အသံက ထွက်မလာ။ ပျက်နေလို့များလား။

သူရှိနေတုန်းက အဲလို လူခေါ်ဘဲ(လ်)ပျက်လျှင် မိနစ်မဆိုင်း၊ နာရီမဆိုင်း ချက်ချင်းပြင်ခဲ့တာ။

"ဟား ဘယ်လိုလုပ်ရမလဲ"

သံပန်းတံခါးကြီးကို တဒုန်းဒုန်းထုလည်း ဘာမှ ထူးခြားမလာတာမို့ တော်တော်လေး စိတ်ပျက်နေမိသည်။ ဒီအချိန်ဆို အဘွား အိမ်မှာ ရှိနေမှာပါ။

မခင်မေလည်း ရှေ့ပြန်ရှိန်ဖြစ်နေလောက်ပါလျက် ဘာကြောင့်များ လူသံ သူသံ မကြားလောက်အောင် အိမ်ကြီးက တိတ်ဆိတ်နေရ



www.burmeseclassic.com

www.burmeseclassic.com



တာလဲ။ အတွင်းကနေ သော့ခတ်ထားတာမို့ နောက်ဆုံး အုတ်တံတိုင်း သံတံခါးကနေ ခြံဝင်းထဲ ကျော်ဝင်ဖို့ စဉ်းစားလိုက်ရသည်။

"ဟာ မင်း မင်း ဒါ ဘာလုပ်တာလဲ၊ ပိုင်နက်ကျူးလွန်မှုပဲ မင်း သူခိုး သူခိုး"

ကသုတ်ကရိုက် ပြေးထွက်လာပြီး ဖုန်းသက်ပိုင် ထိတ်ထိတ် ပျာပျာအော်လိုက်တာမို့ အပေါ်မှာ တိုးလိုးတန်းလန်း တွဲဆိုင်းသွားပေမယ့် သူ ရဲတင်းစွာပင် ခြံဝင်းထဲ ခုန်ချလိုက်သည်။

"ငါ့အဘွားအိမ်ထဲ ငါဝင်တာ မင်းက ဘာသူခိုးထအော်နေ တာလဲ၊ မင်း အစကတည်းက ဒီနားမှာရှိနေရင် ငါ တခုန်းခုန်းတံခါးကို ထုနေကတည်းက လာဖွင့်ပေးပါလား"

"မင်းနဲ့ ဒီအိမ်နဲ့ ဘာဆိုင်တော့လို့ တံခါးလာဖွင့်ပေးရမှာလဲ မင်း အခုချက်ချင်း ပြန်ထွက်သွား"

"ဟိတ်ကောင် မင်း ဖွတ်တားနေတောင် ငါမနေဘူး။ အဘွား ကို ပိုက်ဆံပေးပြီးရင် ငါပြန်မှာ"

"မင်း အဘွားကို တွေ့စရာ မလိုဘူး။ ပေးစရာရှိရင် ငါ့ကို ပေးပြီးပြန်"

"အဘွားကို တွေ့ချင်လို့ ငါလာခဲ့တာ၊ မင်းကိုပေးခဲ့ပြီး ငါက ပြန်စရာလား၊ ဖယ်စမ်းကွာ"

"ဟိတ်ကောင်"

ဖုန်းသက်ပိုင်က အိမ်ထဲကို ဝင်ခွင့်မပေးဘဲ တွန်းထိုးထား၍ နေ့သစ် အနည်းငယ် ဒေါသဖြစ်သွားသည်။ အိမ်အဝင် သံဘာဂျာတံခါး





တလည်း သော့ခတ်လျက်၊ သူလာမှာ ကြိုသိနေ၍ အဆင့်ဆင့် သော့ခတ် ထားခြင်းလား။

အဘွားက သူ့ကိုမတွေ့ချင်လို့ ဒီလိုလုပ်ခိုင်းထားခြင်းလား။ သူ့ကို ဒီလောက်တောင် စိတ်နာနေတာလားဟု အဘွားကိုတွေ့ကာ မေးကြည့်ချင်လှသည်။

"အဲဒါ ဘာဖြစ်နေကြတာလဲ"

သူ ရှန်းကန်နေဆဲမှာပင် ဦးအောင်ဖုန်းကျော် ရောက်လာပြီး ကျားဟိန်းသံကဲ့သို့ အော်လိုက်၏။ ဖုန်းသက်ပိုင်လက်တွေကို သူ ဆွဲဖြုတ် လိုက်ကာ –

"ကျွန်တော် အဘွားနဲ့တွေ့မလို့ လေးလေး၊ အဘွားကို ငွေပေး ပြီးတာနဲ့ ကျွန်တော်ပြန်မှာ။ အဲဒါကို ဒီကောင်"

"ငွေထားချင်လည်း ထားခဲ့၊ မထားချင်လည်း ပြန်ယူသွား၊ မေမေနဲ့တွေ့ဖို့ မလိုဘူး၊ ဟိတ်ကောင်တွေ တံခါးဖွင့်ပေးလိုက်"

ဘယ်ကထွက်လာမှန်းမသိသော လူနှစ်ယောက်က ခြံဝင်းတံခါး သော့ကို လာဖွင့်၏။ မထွက်လျှင် သူ့ကိုဆွဲထုတ်တော့မှာ သေချာသည်။

ဆွေမျိုးသားချင်း သွေးသားအရင်းတွေကို ဘာကြောင့် ကြမ်း တမ်းစွာ ဆက်ဆံနေကြတာလဲ။

"လေးလေး"

"ဘာလဲ"

"ဘာလို့ ကျွန်တော့်ကို အဘွားနဲ့ တွေ့ခွင့်မပေးတာလဲ၊ ကျွန်တော် ဒီကို နေဖို့ပြန်လာတာ မဟုတ်ဘူး။ ကျွန်တော့်ကို ဘာကြောင့်



www.burmeseclassic.com

www.burmeseclassic.com



ဒီလို ဆက်ဆံကြတာလဲ ပြောပါဦး"

"မင်းကို မေမေက ဒီအိမ်က နှင်ချထားပြီးပြီလေ၊ ဘာလို့ အရှက်မရှိ ပြန်ဝင်လာတာလဲ၊ မင်း ဘာလိုချင်လို့လဲ၊ ငါ့ကိုပြော"

"ကျွန်တော် ဒီအိမ်ကနေ မြေတစ်မှုန်တောင် မယူဘူး၊ မက်လည်း မမက်မောဘူး။ ကျွန်တော် ကိုယ့်အားကိုယ်ကိုးတယ်၊ ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်နိုင်တယ်၊ ဒါပေမဲ့ လေးလေးတို့နဲ့ ကျွန်တော်က သူစိမ်းလား။ ဘာလို့ ကြမ်းကြမ်းတမ်းတမ်း ဆက်ဆံနေကြတာလဲ ကျွန်တော့်ကို အဘွားနဲ့တွေ့ခွင့်ပေး၊ အဘွားက မကြည့်ချင်ဘူးလို့ အဲဒီ အပေါက်က အော်ရင် ကျွန်တော် သာသာလေး လှည့်ပြန်သွားမယ်"

"မင်း တော်တော် လျှာရှည်တဲ့ကောင်ပဲကွာ၊ ဟိတ်ကောင်တွေ ဆွဲထုတ်လိုက်"

"မလုပ်နဲ့"

သူ အားနှင့်ရုန်းကန်၍ အိမ်ဘက်ကို ကြည့်လိုက်စဉ်မှာ–

"မြေး နေ့သစ်၊ မြေးကြီး"

"အဘွား"

သံဘာဂျာတံခါးအတွင်းက အဘွားရဲ့ခေါ်သံကြောင့် နေ့သစ် သွေးတွေ ဆူဝေတုန်လှုပ်သွားရသည်။ အဘွား၊ သူ့ကို အားကိုးတကြီး ခေါ်လိုက်တာလား။

ဝမ်းနည်းဆို့နင့်နေသည့် အနေအထားမှ အဘွားနားကို ပြေးသွားဖို့ သူ ရုန်းထွက်လိုက်သည်။

"အာ"





"ခွပ် ဖုန်း"

"ချကွာ"

"မလုပ်ကြပါနဲ့၊ ငါ့မြေးကို မလုပ်ကြပါနဲ့၊ အောင်မယ်လေး ငါ့မြေးသေပါပြီ၊ အောင်ဖုန်းကျော် ဖုန်းသက်ပိုင် နင်တို့ လူတွေမဟုတ်ရဲ့လား၊ ငါ့ကို သော့ပိတ်ထားတာ နင်တို့ ငါ့ကို သေကြောင်းကြံနေကြတာ မဟုတ်လား၊ မြေးနေ့သစ် အဘွားကို ကယ်ပါဦး"

"အဘွား"

သူ တတ်နိုင်သလောက် ခုခံကာကွယ်ပေမယ့် အင်အားချင်းက မမျှတာမို့ သူ့မျက်နှာမှာ သွေးအလိမ်းလိမ်း ဖြစ်နေရသည်။ အဘွားကို အကျဉ်းချထားကြတာ ရင်နာလို့မဆုံး။

"ဆွဲထုတ်၊ အပြင်ကိုဆွဲထုတ်"

"အဘွား အဘွား"

"မြေးရေ၊ နေ့သစ် မြေး"

"ဝုန်း ဂျုံး"

သူ အပြင်ရောက်သွားသည်နှင့် တံခါးကို ဆွဲပိတ်သော့ခတ်လိုက်ကြသည်။ ဘာသဘောလဲ၊ ဒါ ဘာလုပ်ကြတာလဲ။ အဘွားကို အိမ်ထဲမှာ သော့ခတ်ပိတ်ပြီး –

"အား"

သူ မခံစားနိုင်လွန်းစွာ မြေပြင်ကို လက်သီးနှင့်ထိုး၍ ကုန်းအော်လိုက်မိသည်။ ဖြစ်ပျက်နေသမျှတွေကို တကယ်ကို ဘာမှ နားမလည်နိုင်ပါ။



www.burmeseclassic.com

www.burmeseclassic.com



မှားယွင်းနေတာ သိသိကြီးနဲ့ ဘာကြောင့်ဆိုတာ သူ တွေးလို့မ ဖြစ်နေတာ။

လေးလေးနှင့် ဖုန်းသက်ပိုင် ဘာကြောင့် ဒီလိုလုပ်တယ်ဆိုတာ သိကိုသိရမှဖြစ်မည်။

✿ ✿ ✿



## အခန်း (၃၉)

"သိတယ် ဟုတ်လား။ သိရဲသားနဲ့ ငါ့ကို ဘာလို့မပြောကြတာ လဲ။ မေမေ့ရာ ကျွန်တော်ကို ဘာလို့မပြောတာလဲဗျာ"

"သားရယ် မျက်နှာက ဒဏ်ရာတွေ အရင်ဆေးထည့်ရအောင် နော်၊ ပြီးရင် မေမေပြောပြပါ့မယ်"

ပါးကို ပွတ်သတ်ကိုင်တွယ်လာသော မေမေ့လက်တွေကို သူ ဖယ်ချလိုက်သည်။ ငွေစင်က မျက်နှာငယ်လေးဖြင့် –

"ငါတို့က နင်ဒုက္ခရောက်မှာစိုးလို့ မပြောသင့် ပြောသင့် ချင့်ချိန်နေကြတာပါ၊ ပြီးတော့ ဖုန်းသက်ပိုင်တို့ အဘွားကိုပါ ဒီလိုလုပ်ထားမယ် မထင်လို့ပေါ့ဟာ"

"ဟုတ်ပါတယ်သားရယ်၊ ကိုယ့်အဘွား၊ ကိုယ့်အမေကို ဒီလိုပုံစံ



www.burmeseclassic.com

www.burmeseclassic.com



လုပ်မယ် ဘယ်ထင့်ပါမလဲ၊ အဘွားက မတွေ့ချင်လို့ တွေ့ခွင့်မပေး
သူတို့နှင်ထုတ်လိုက်တယ်လို့ သမီးကပြောတာ''

''ဒါ ပြစ်မှုမြောက်တဲ့အလုပ် မေမေ၊ အခု ရဲကိုတိုင်ပြီး သူတို့
ဖမ်းချုပ်ပစ်လိုက်လို့ရတယ်''

''အခုတော့ အဲလိုလုပ်ရုံပဲ ရှိတော့တာပေါ့၊ ဒါပေမဲ့ သူတို့
အဘွားကျန်းမာရေးကြောင့် တခြားသူတွေနဲ့ အတွေ့မခံတာပါဆို
မေမေတို့ ဘာမှလုပ်လို့ မရဘူး''

''အဘွား သနားစရာ အကူအညီတောင်းနေတာ၊ ကျွန်တေ
အခုထိ နားထဲကမထွက်ဘူး မေမေ၊ အဘွား စိတ်ဆန္ဒအရ ကျွန်တေ
ကို မတွေ့ချင်လို့ ဒီလိုနေနေတာမဟုတ်ဘူးဆိုတာ ကျွန်တော်သိတ
အခု မေမေတို့ပြောသလိုဆိုရင် ဖေဖေသေရတာလည်း သူတို့ကြော
မေမေ့ကို နာမည်ပျက်နဲ့ နှင်ထုတ်တယ်၊ ကျွန်တော့်ကိုလည်း နာမည်
နဲ့ နှင်ထုတ်တယ်၊ သူတို့က အဘွားဆီက''

''ဟုတ်တယ်၊ အမွေတွေအားလုံး သူတို့ချည်းပိုင်ဆိုင်ချင်
အခု ကိုအောင်မင်းကို သက်သေအဖြစ် မေမေတို့ သွားရှာရမယ်၊ သူ
ရဲစခန်းမှာတိုင်ချက်ဖွင့်တာ တရားဝင်မှာ''

နွေသစ် စားပွဲခုံကို လက်သီးနှင့်ထိုး၍ ခုန်ထလိုက်သ
ဒီရင်ထဲမှာ ဒီတစ်ခါလောက် အသည်းဆတ်ဆတ်ခါအောင် နာ
မရှိ။

''လေးလေးတို့သားအဖ လုပ်ရက်တယ်ဗျာ၊ အဘွားရော
လောက်တောင် နာကျင်သွားလိုက်မလဲ၊ သူ ယုံကြည်တဲ့သူ





ဒီလိုလုပ်ရက်လေခြင်းဆိုပြီး ရောဂါတွေတောင် တိုးနေမလားမသိဘူး
ကျွန်တော် ခုချက်ချင်း သွားရှင်းမယ် မေမေ''

''စိတ်လိုက်မာန်ပါ တစ်ခွတ်ထိုးမလုပ်ပါနဲ့သားရယ်၊ သူတို့မှာ
လူစိတ်မရှိတော့လို့ ဒီလိုလုပ်လွှတ်ကြတာ၊ ဦးအောင်မင်းကို သွားတွေ့ပြီး
ရဲတွေခေါ်ပြီးမှ မေမေတို့ သွားကြတာပေါ့ကွယ် နော်''

''ဦးအောင်မင်း ဘယ်မှာနေတယ်ဆိုတာ မေမေသိလို့လား''

''နိုင်ငံခြားကပြန်ရောက်မှ လိပ်စာအတိအကျပေးထားတာတော့
မရှိပါဘူး။ အရင်ကရောက်ဖူးတဲ့ သူ့အမေအိမ်ကိုပဲ သွားကြည့်ရမှာပေါ့
ကွယ်''

''ဒါဆို အခုပဲ သွားရအောင်မေမေ''

''အေးပါကွယ်''

အဘွားအတွက် စိုးရိမ်စိတ်ကြီးနေသော နွေသစ်ဆန္ဒအတိုင်း
ခေါ်မြွတ်ကေသွယ်နှင့်ငွေစင် ကသုတ်ကယက် ထလိုက်ခဲ့ရသည်။

ဦးအောင်မင်းဆိုတဲ့လူကို တွေ့မှဖြစ်မှာ။ ဒီပြဿနာတွေရဲ့
သက်သေက ဦးအောင်မင်း။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄၀)

"ကိုအောင်မင်း ဘယ်မှာရှိတယ်ဆိုတာ စုံစမ်းလို့ရပြီ သာ
ဖေဖေ သူ့ကို သွားတွေ့လိုက်မယ်၊ သားက သားအသွားကို ဂရုစိုက်
လိုက်ပါ၊ အသွား တော်တော်စိတ်ထိခိုက်သွားပြီ"

"ဟုတ်ကဲ့၊ စိတ်ချပါ ဖေဖေ၊ ဖေဖေသာ အဆင်ပြေအော
နွတ်ပိတ်ခဲ့ပါ၊ အသွားကို သား ဆေးတိုက်ထားလိုက်ပါ့မယ်"

"အေး ဖေဖေသွားပြီသား"

ဦးအောင်မှန်းကျော် ထွက်သာလာခဲ့ရပေမယ့် စိတ်တွေ လေ
နေသည်။ မေမေ အထင်လွဲစိတ်ထိခိုက်သွားအောင် လုပ်မိလိုက်
ကြောင့်ပါ။

ဒီရက်ပိုင်းမှာ အောင်မင်း သူ့အမေအိမ် ရောက်နေသည်





သောသတင်းကြောင့် သာကေတဘက်ကို ကားဦးလှည့်လိုက်၏။
အောင်မင်း ဘာတွေမကျေနပ်လို့ ပြဿနာရှာတွေ ဆွဲဖွလိုက်သည် မသိပေ။
ါပေမဲ့ ဒီလိုကောင်မျိုးတွေက ငွေနှင့်ပိတ်ဆို့လို့ လွယ်ပါသည်။

ဒီပြဿနာတွေရဲ့အဓိကသက်သေဖြစ်သော အောင်မင်းကိုသာ
ပါးစပ်ပေါက်ပိတ်ထားနိုင်လျှင် မေမေ့ကို ကျန်းမာရေးထိခိုက်မှာစိုးလို့ပါ၊
ရှိုလျှင် ငွေသစ်ကို ခေါ်ပေးပါမည်ဟု ပြောလိုက်ပါက ပြဿနာတွေ
အေးဆေးစွာ အဆုံးသတ်သွားပေလိမ့်မည်။

"အောင်မင်း"

"ဟာ ကိုကျော်"

အိမ်ရှေ့မှာ ကားထိုးရပ်ပြီး အိမ်ထဲ လှစ်ခနဲဝင်လိုက်၍ အောင်
င်း ဘယ်မှ ပြေးချိန်မရလိုက်။

"မင်းက ငါ့ကိုမြင်တာနဲ့ ဘာကိုကြောက်လန့်သွားတာလဲ၊ မင်း
ပင်ခြားကပြန်လာတာ ငါ့ကို လာမနှုတ်ဆက်လို့ ငါလာတွေ့တာပါကွ"

"ဟုတ် ဟုတ်ကဲ့ ထိုင်ပါကိုကျော်၊ အပူလား၊ အအေးလား။
မေ့မရှိတော့ ကျွန်တော်ကိုယ်တိုင် လုပ်ပေးပါ့မယ်"

"အဲဒါတွေ ငါမသောက်ချင်ပါဘူး၊ မင်းနဲ့စကားပြောချင်တာ
တော့ မင်း ဒီမှာပဲ ထိုင်နေပါ"

အိမ်ခရှုနံ့တန်းလျားမှာပဲ ထိုင်နိုင်းတာမို့ အောင်မင်း မပြေးသာ
ဘူပ်သာ။ ဒီလောက် သွေးပျက်တုန်လှုပ်နေပုံနှင့်ဆိုလျှင် အောင်မင်း
ုတ်တာလုပ်ထားတာ သေချာနေသည်။

"အောင်မင်း"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ ပြောပါကိုကျော်"

"ကိုမော်မိန်းမ မြတ်ကေသွယ်နဲ့တွေ့သေးလား"

"ဗျာ မ မတွေ့ပါဘူး"

"အေး၊ မင်း နိုင်ငံခြား ဘယ်ချိန်ပြန်သွားမှာလဲ"

"ကျ ကျွန်တော်"

"မင်းမိသားစုက နိုင်ငံခြားမှာ မဟုတ်လား၊ အလုပ်တွေ ကိုယ်စီနဲ့ အဆင်ပြေမှာပေါ့၊ ဒီကို ဘာလို့ ပြန်လာတာလဲ"

"အ အမေ နေမကောင်းဘူးဆိုလို့ပါ၊ အခု အမေက သူ့ရေ ကောင်းမှ ပြန်စေချင်နေတာ"

"မင်း ဒီရက်ထဲမှာ အမြန်ဆုံးပြန်လိုက်ပါ"

"ဗျာ"

"လက်မှတ်နဲ့ မင်းသုံးဖို့ လုံလုံလောက်လောက်ပေးလိုက်မယ်"

"ကိုကျော်ရယ်၊ အမေ့ကျန်းမာရေးက နေ့လားညလားမသိဘူး အခုလည်း ဆေးခန်းသွားရင်းနဲ့ ဆေးရုံတက်ရမယ်ထင်တယ်"

"အောင်မင်း"

ဦးအောင်ဖုန်းကျော် စားပွဲခုံကို ဘုန်းခနဲ ပုတ်၍ ဆောင့်အော် လိုက်၍ ဦးအောင်မင်း တုန်တက်သွားသည်။

"မင်းကို ငါ နှစ်ရက်ပဲ အချိန်ပေးမယ်၊ မင်း ဟိုကိုပြန်လို့ မရသေးဘူးဆိုရင်တောင် တခြားမှာ သွားနေ၊ ဒီကြားထဲမှာ ဘယ်သူနဲ့ မတွေ့နဲ့၊ ငါပြောတာ နားမထောင်ရင် မင်းကိုပေးခဲ့တဲ့ငွေတွေ ငါ့ကို ပြန်ပေးရမယ်လို့ ပြောပြီးသားနော်၊ အခု မင်းအမေနေတဲ့အိမ်က ငါ





တဲ့ပိုက်ဆံတွေနဲ့ ရွေးယူထားတာ မဟုတ်လား၊ အိမ်ဂရန် ငါယူသွား မယ်"

"ကို ကိုကျော် မလုပ်ပါနဲ့ဗျာ၊ အမေ့မှာ ဒီအိမ်လေးပဲ နောက် ဆုံး မှီခိုစရာရှိပါတယ်၊ အမေ့ကို သေအောင်သတ်သလို မဖြစ်ပါရစေနဲ့၊ ကျွန်တော်မိုက်ခဲ့တာတွေအတွက် ဒီတစ်ခုပဲ ပြန်ပေးဆပ်နိုင်သေးတာပါ"

"အဲဒီလိုအိမ်မျိုး နှစ်လုံး ကျွန်တော်ပြန်ဝယ်ပေးမယ်"

"ဟင် နွေသစ်"

"ဟာ မကေသွယ်"

ဦးအောင်မင်းနှင့် ဦးအောင်ဖုန်းကျော် နှစ်ယောက်လုံး မျက် လုံးဆန်ပျာ ထိတ်လန့်သွားကြသည်။ ငွေစင်က ရဲစခန်းကို သွား အကြောင်းကြားနေ၍ ရောက်မလာသေးပေ။

"မင်းတို့ ဘာကိစ္စ ဒီကိုလာကြတာလဲ"

ဦးအောင်ဖုန်းကျော် မျက်လုံးကြီးပြူးလျက် ဖြုန်းခနဲ ထကာ မေးတော့ နွေသစ် ခနိုးခနဲ့ပြုံးလိုက်သည်။

"လေးလေးလိုပဲ ဦးအောင်မင်းဆီကို ကျွန်တော်တို့ ကိစ္စရှိလို့ လာတာပါ"

"မင်း"

"ရှင် ဘာလို့ အဲလောက်တောင် သွေးပျက်နေတာလဲ ကိုဖုန်း ကျော်၊ ကျွန်မတို့မိသားစု ဘဝပျက်အောင်လုပ်နိုင်းတာ ရှင် မဟုတ်လား၊ အဲဒါကို သက်သေခံနိုင်းဖို့ ဦးအောင်မင်းကို လာခေါ်တာပါ"

"နင်တို့ ထွက်သွားစမ်း၊ အောင်မင်း မင်းလည်း သွားတော့"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လဲ၊ အခုပဲ ရဲတွေရောက်လာတော့မှာ ပြေးလို့မလွတ်ပါဘူး ဦးအောင်မင်း။ လေးလေးလည်း ကိုယ်လွတ်ရုန်းထွက်ဖို့ မစဉ်းစားပါနဲ့"

"ဘာကွ၊ ငါ့ကို ခြိမ်းခြောက်နေတာလား။ ငါ ဥပဒေမဲ့ ဘာမှလုပ်ထားတာမရှိဘူး။ ငါ့ကိုဖမ်းလို့မရဘူး"

"အဲဒါ ရဲစခန်းရောက်မှရှင်းပါ"

"ဟာ ရဲတွေ"

ငွေစင်နှင့်ရဲတွေ အချိန်မီရောက်လာ၍ ဦးအောင်မင်းနှင့် ဦးအောင်ဖုန်းကျော် ဘာမှ လှုပ်ရှားချိန်မရဘဲ ပြေးပေါက်ပိတ်သွားသေသည်။

"ဘာလုပ်တာလဲ၊ မင်းတို့ ဘာလုပ်ကြတာလဲ"

"ကိုယ်လုပ်ခဲ့တာတွေ ပြန်စဉ်းစားကြည့်ရင် ဒီလိုဖြစ်သွားတာမဆန်းပါဘူး။ စိတ်ကိုလျှော့ပြီး ငြိမ်ငြိမ်လေး လိုက်ခဲ့ပါ"

"မလိုက်ဘူး။ ဘာလို့လိုက်ရမှာလဲ၊ ငါ့သားနဲ့ ငါ့အမေအိမ်မှာပဲနေမှာ၊ အမွေတွေလည်း ဘယ်သူမှ မပေးဘူး"

"လေးလေးလိုချင်တဲ့အမွေတွေ ထောင်ကထွက်လာမှ ခံစားပါတော့၊ ရဲအရာရှိမင်းတွေ တာဝန်အတိုင်း ဆောင်ရွက်ပါ၊ ပြီးရင် ကျွန်တော်တို့ တစ်အိမ်ဝင်စရာရှိပါသေးတယ်"

လေးလေးကိုလက်ထိပ်ခတ်လိုက်တော့ ရင်ထဲဆို့နင့်ကာ မျက်ရည်ဝဲမိသေး၏။ ဘာကြောင့်များ ဒီလိုအခြေအနေတွေ ဖြစ်သွားခဲ့ရတာပါလဲ။





လောဘရမ္မက်နှင့် မနာလိုဝန်တိုစိတ်က ကိုယ့်ကိုယ်ကိုယ် ပြန်ဒဏ်ခတ်စေတာ လေးလေးသိသွားပါစေ။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၅၁)

"မသိဘူး။ နင်တို့ ငါ့ကို ဘာလို့ ဒီလိုလုပ်ကြတာလဲ၊ ငါ့မြေး နွေသစ်ကို တိရစ္ဆာန်တစ်ကောင်လို ရိုက်ပုတ်ထုတ်လိုက်ကြတာလဲ"

"အဘွား နားကြည်းလို့ နှင်ထုတ်ထားတာ မဟုတ်လား။ သူ့ကိုမြင်ရင် အဘွားရောဂါတိုးပြီး စိတ်ဆင်းရဲမှာစိုးလို့ အဝင်မခံတာပါ အဘွားရယ်၊ အခုချိန်မှာ အဘွားကျန်းမာရေးကသာ အရေးကြီးတယ်လေ၊ မဟုတ်ဘူးလား အဘွား"

"မပြောနဲ့၊ နင်တို့သားအဖ မဟုတ်တာတွေ လုပ်, မဟုတ်တာတွေ ပြောနေကြတာ၊ နင်တို့ ငါ့ကို သော့ခတ်ပိတ်ပြီး ဘယ်မှသွားခွင့် မပေးဘူး။ ဘယ်သူနဲ့မှ တွေ့ခွင့်မပေးဘူး။ ငါ့မြေး ငါ့ကိုတွေ့ချင်လို့ လာတယ်၊ ငါကလည်း တွေ့ချင်လို့ ခေါ်တယ်၊ နင်တို့ ဘာလို့ ဆွဲထုတ်





တာလဲ၊ ငါ့ကို လှောင်ပိတ်ထားတာကရော ဘာသဘောလဲ၊ နင်တို့ သားအဖ ငါ့ကို တစ်လှည့်စီစောင့်ပြီး ဘာလုပ်ကြတာလဲ"

အဘွားဒေါ်သတကြီး အော်နေတာမို့ ဖုန်းသက်ပိုင် ဘာလုပ်လို့ ဘာပြောရမှန်း မသိတော့ပေ။

အဘွား ဒီလောက် ဒေါသဖြစ်နေလျှင် သူတို့သားအဖ အနေ ချောင်မှာမဟုတ်တော့။ နွေသစ်ကို နှိပ်စက်လွှတ်လိုက်သည့် အခြေအနေ ဆိုးကို မြင်သွားသည့်အတွက် အမွေဖြတ် နှင်ထုတ်တာတွေ ဖြစ်လာနိုင် သည်။

"အဘွား"

"မခေါ်နဲ့၊ နင်တို့ ငါ့ကို အဘွားတစ်ယောက်လိုရော သတ်မှတ် လို့လား။ နင်တို့ ငါ့ကိုရော နွေသစ်ကိုရော ဒီလိုလုပ်တာ မရိုးသားဘူး၊ ဘာအတွက်လဲ၊ ငါ့ကို မှန်မှန်ပြောစမ်း"

"ဘာအတွက်မှ မဟုတ်ပါဘူး အဘွားရယ်၊ စိတ်ကို အေးအေး ထားပါ၊ အဘွား သွေးတွေအရမ်းတိုးနေပြီ၊ ဆေးသောက်လိုက်ရအောင် နော် အဘွား"

"မသောက်ဘူး၊ နင်တို့ ငါ့ကို သေစေချင်နေကြတာ မဟုတ် လား၊ ငါ့ကို စိတ်ဆင်းရဲအောင်လုပ်ပြီး အခုမှ ဂရုစိုက်မပြနဲ့၊ ငါ့မြေးကို ငါတွေ့ချင်တယ်၊ အခု တံခါးတွေဖွင့်ပေး။ ငါ့မြေးကို ဖုန်းဆက်ပြီး အခုချက်ချင်း လာခိုင်းမယ်"

"အ အဘွား စိတ်တွေ အရမ်းလှုပ်ရှားနေတယ်၊ ခဏနေရင် နွေသစ်ကို သားကိုယ်တိုင် သွားခေါ်ပေးပါမယ် အဘွားရယ်နော်"



www.burmeseclassic.com

www.burmeseclassic.com



"မရဘူး ဖုန်းဆက်မယ်၊ ခင်မေ ငါ့ကို ဖုန်းယူပေးစမ်း"

"ဟုတ်ကဲ့ အဘွား"

စားပွဲပေါ်က ဖုန်းကို မခင်မေယူပေးလိုက်စဉ်မှာ ဖုန်းသက်ပိုင် လမ်းခုလတ်က ဆွဲယူထားလိုက်သည်။

"ဖုန်းသက်ပိုင်"

"နေပါဦးအဘွား။ အဘွားဆေးသောက်ပြီး စိတ်ငြိမ်သွားပြီဆိုမှ နေ့သစ်ဆီ ဖုန်းဆက်ပါ၊ မခင်မေ အိမ်တံခါးနဲ့ ဝင်းတံခါးတွေ သော့သွားဖွင့်ထားလိုက်ပါ၊ အဘွားဆေးသောက်ပြီးတာနဲ့ အေးအေးဆေးဆေး စိတ်တည်ငြိမ်သွားရင် နေ့သစ်ကို ဖုန်းဆက်ခေါ်လိုက်၊ သူ အဆင်သင့် ဝင်လာရုံပဲ"

မခင်မေလက်ထဲ သော့တွဲကြီးထည့်ပေးလိုက်မှ အဘွား အသက်ရှူသံ ပုံမှန်ဖြစ်သွား၏။

မခင်မေက အိမ်တံခါးနှင့် ဝင်းတံခါးကို သော့မြန်မြန်ဖွင့်ပြီး ပြန်ပြေးလာသည်။

"တံခါးတွေ ဖွင့်ပြီးပါပြီ အဘွား"

"မခင်မေ၊ ဒီဆေးလေး အဘွားကို တိုက်လိုက်ပါ"

ဖုန်းသက်ပိုင်ပေးသောဆေးကို အဘွားပါးစပ်ထဲထည့်၍ ရေယူကာ တိုက်လိုက်သည်။ အခုမှ အဘွား သက်ပြင်းတွေချပြီး ဆေးသောက်တော့၏။

"အ အား မြေး မြေးနေ့သစ်"

"ဟင် အ အဘွား ဘာဖြစ်တာလဲ၊ ဘာဖြစ်တာလဲ"





"ဘာမှမဖြစ်ပါဘူး၊ မခင်မေ အခန်းပြင်ထွက်ပြီး လုပ်စရာရှိတာတွေ သွားလုပ်တော့၊ ဆေးရှိန်တက်ပြီး အဘွား အိပ်ပျော်သွားလိမ့်မယ်"

ရွှေးစေးတွေပြန်၍ တွန့်လိမ်ကောက်ကွေးကာ ဝေဒနာခံစားနေသော အဘွားကို သွေးအေးစွာနှင့် ဘာမှမဖြစ်ဘူးပြောနေတာမို့ မခင်မေ ဘာလုပ်ရမှန်း မသိ၊ တုန်လှုပ်ချောက်ချားသွားသည်။

"မခင်မေ သွားလေ"

"ဟုတ် ဟုတ်ကဲ့"

မခင်မေ ပြူးပြူးပျာပျာ ပြေးထွက်သွားမှ အဘွားနားမှာ ဖုန်းသက်ပိုင် ဒူးထောက်ထိုင်ချလိုက်သည်။

ခွင့်လွှတ်ပါအဘွားရယ်။

ကိုယ့်ဘဝကို ကယ်တင်ဖို့အတွက် ဒီလိုမျိုးမလုပ်လို့ မဖြစ်လို့ လုပ်လိုက်ရတာပါ။

အဘွား သက်သက်သာသာနဲ့ ဘဝကူးပါ အဘွား။

"အဘွား အဘွား ဘာဖြစ်တာလဲ အဘွား"

"ဟင်"

နေ့သစ်နှင့်အတူ လူတွေရော ရဲတွေရော ဂရုန်းသုန်းကား အခန်းတွင်း ဝင်လာတာမို့ ဖုန်းသက်ပိုင် ထိတ်လန့်တုန်လှုပ်ချောက်ချားသွားသည်။

"သား"

"ဖေဖေ"



www.burmeseclassic.com

www.burmeseclassic.com



"အဘွားကို သား ဘာလုပ်လိုက်တာလဲ၊ ဘာလုပ်လိုက်တာလဲ သား"

"ဖေဖေ သားလေ အ အဘွားကို"

"သားရယ် မိုက်လိုက်တာ၊ ကိုယ့်အဘွားကို အဲလိုကြီး လုပ်ရ လိုလားကွာ၊ မေ မေမေ"

လက်ထိတ်ခတ်ခံထားလျက်မှ ဒေါ်တင်မျိုးနွယ်အနားမှာ ဦး အောင်ဖုန်းကျော် ဒူးထောက်ထိုင်ချကာ မျက်ရည်ကျနေသည်။

နေ့သစ်က အဘွားကိုဖက်တွယ်ထားလျက်မှ ဦးအောင်ဖုန်း ကျော်ကို တွန်းထိုးပစ်လိုက်၏။

"ခင် ခင်ဗျားတို့ လူမဆန်တဲ့သားအဖ၊ ကိုယ့်အမေ ကိုယ့် အဘွားကိုတောင် ရက်ရက်စက်စက် လုပ်ရက်ကြတဲ့လူတွေ၊ အ အဘွား သားရောက်လာပြီအဘွား။ သားကိုစကားပြောပါ၊ အဘွား ဘာပြောချင်လဲ ဘာတွေခံစားနေရလဲ ပြောပါ အဘွား"

"မြေး မြေး နေ့သစ်"

"ဟုတ် ဟုတ်ကဲ့ ပြောပါအဘွားရယ်"

"အ အဘွားနားမှာပဲနေ၊ ဒီအိမ်ကြီးမှာပဲနေ၊ မြေး မြေး အမေကိုပါ ခေါ်ပြီးနေ"

"အဘွား အဘွား အဘွား၊"

သူ့လက်ပေါ်မှာ အဘွားဇက်လေးလည်ကာ အသက်ထွက်သွား တာမို့ မချိမဆံ့ ခံစားသွားရကာ ကုန်းအော်ပစ်လိုက်သည်။ သွေးတိုးရောဂါ နှင့်မတည့်သောဆေးတွေကို ဖုန်းသက်ပိုင်တိုက်လိုက်၍ အဘွား ဒီလို





ဖြစ်သွားရတာနေမှာ။

"ဖုန်းသက်ပိုင် မင်း"

"သား သားမလုပ်နဲ့"

"နေ့သစ် နင်မပေါက်ကွဲပါနဲ့၊ သူ့ကို လက်ထိတ်ခတ်လိုက်ပြီ၊ သူတို့အပြစ် သူတို့ခံနေရပါပြီ၊ အဘွားအတွက်ပဲ အကောင်းဆုံးလုပ်ပေး ရအောင်ပါနော်"

"အား ရက်စက်လိုက်ကြတာ၊ ငါ့အဘွားကိုကွာ၊ အဘွားရယ် သားမရှိလို့ ဒီလိုဖြစ်သွားတာ၊ သူတို့ကို သား ခွင့်မလွှတ်ဘူး အဘွား"

အဘွားကို နေ့သစ်ဖက်တွယ်ပြီး ငိုနေသလို ဦးအောင်ဖုန်းကျော် နှင့် ဖုန်းသက်ပိုင်လည်း မျက်ရည်ကျနေကြသည်။ ဘယ်လိုမှ ဒီအမှားက ပြင်ဆင်လို့ မရတော့ပါ၊

"နေ့သစ်"

"သားလေး"

ဒေါ်မြတ်ကေသွယ်နှင့်ငွေစင်က တသိမ့်သိမ့်ရှိုက်ငိုနေသော နေ့ သစ်ကို ဆွဲထူ၍ ရဲတွေဆွဲခေါ်ရာ လက်ထိတ်တန်းလန်းနှင့် လိုက်ပါ သွားရသော ဖုန်းသက်ပိုင်တို့သားအဖကို ပြလိုက်သည်။

"မကောင်းတဲ့သူက မကောင်းတဲ့အပြစ်ဒဏ်ကို ခံရမှာပဲသား။ ဘယ်သူ့ကိုမှ နာကြည်းမနေဘဲ ကိုယ်က အပြစ်ကင်းအောင်နေပါ"

"အဘွားအတွက် ကုသိုလ်ကောင်းမှု ပြုလုပ်ပြီး အမျှအတန်း ပေးဝေလိုက်ရင် အဘွား သာဓုခေါ်ပြီး ကျေနပ်နေမှာပါနေ့သစ်ရယ်၊ နင် မျက်ရည်ကျပြီး ခံစားနေရင် အဘွား စိတ်မကောင်းဖြစ်လိမ့်မယ်၊



www.burmeseclassic.com

www.burmeseclassic.com



နှင့်စိတ်ကိုဖြေလိုက်ပါတော့နော်"

သူ ခေါင်းညိတ်၍ မေမေနှင့်ငွေစင်ကို ဖက်တွယ်ထားရင်း အဘွားရဲ့ ကြင်နာမှုများနှင့် အပြုံးများကို မြင်ယောင်နေမိသည်။

အဘွား ကောင်းရာသုဂတိ လားပါစေ။

လုံမ
၆၅/ခ နံ့သာဖြူလမ်း
(၁၄) ရပ်ကွက်၊ ပင်လုံဈေး
လှိုင်သာယာမြို့နယ်။
၀၉-၄၃၀၅၇၇၀၆၅

www.burmeseclassic.com